သုံးဆယ့်ရှစ်ဖြာ

မင်္ဂလာပေါင်းချုပ်

542

သာသနာရေး ဦးစီးဌာနသို့
အရှင်ကောဝိဒမှ
လှူဒါန်းပါသည်။

ဒုတိယတွဲ

ဟံသာဝတီ

ဘဂဝါအတုလ သုဂတဟု လူ့ဘမြတ်စွာ စိန္တေယျာသည်
များစွာ သောင်းသောင်း သတ္တဝါ အပေါင်းတို့၏
ကောင်းကျိုးချမ်းသာ မင်္ဂလာတရား ပွါးများကြစေ
ကရုဏာရေ မိုးသို့စွေ၍ သေချာဂန
ဟောပြဖေါ်ထုတ်
မင်္ဂလသုတ်ဟု သာမုက္ကံသိကာ ဓမ္မဒေသနာ
နက်နဲစွာကို ခွဲဖြာဝေခြမ်း ကျမ်းအတန်တန် ဝေဖန်ဆုံးဖြတ်
အရပ်ရပ်ကို တပ်အပ်သေချာ ပေါင်းရုံး၍ပြရာဖြစ်သော
မင်္ဂလတ္ထ ဂဏ္ဌကွန္ဒ မည်ရတွင်ဆန်း

သုံးဆဲ့ရှစ်ဖြာ
မင်္ဂလာပေါင်းချုပ်ကျမ်း

စီစဉ်ရေးသားသူ–ဦးသိန်းမောင်

တရားမဝန်ထောက်မင်း

ချောင်းဦးမြို့

☆

ရန်ကုန်မြို့

ဟံသာဝတီပိဋကတ်ပုံနှိပ်တိုက်

၁၉၅၃

H.217.A

နိဒါန်း

ဗုဒ္ဓဘာသာမြန်မာပြည်

ယခု ကျွန်ုပ်တို့ နေထိုင်လျက်ရှိသော ပြည်သည် ဗုဒ္ဓသာသနာ ထွန်းကားရာဖြစ်သော ဗုဒ္ဓဘာသာ မြန်မာပြည် ဖြစ်ပေ၏၊ ကျွန်ုပ်တို့လူမျိုး ရာခိုင်နှုန်း ကိုးဆယ်မှာလည်း ဗုဒ္ဓဘာသာ အယူကို ကိုးကွယ်လျက်ရှိပေ၏၊ ထိုဗုဒ္ဓဘာသာအယူနှင့် သက်ဆိုင်သော ကျမ်းအပေါင်းတွင် တဆဲ့နှစ်နှစ်ကကြို့တင်၍ ကောလာဟလဖြစ်ပွါးလျက် လူနတ်ဗြဟ္မာ သတ္တဝါအများတို့လည်း တဆဲ့နှစ်နှစ်တို့ ကာလပတ်လုံး ကြံဆ ပြောကြား အငြင်းပွါး ကြပြီးမှ ဗုဒ္ဓမြတ်စွာ ဟောကြားကာ ထားတော်မူခဲ့သော **သုံးဆဲ့ရှစ်ဖြာ မင်္ဂလာ**တရားတော်သည်လည်း ထင်ရှားစွာ ကျမ်းတဖြာ အဖြစ်ဖြင့်တည်ရှိပေ၏။

အခြေခံအုတ်မြစ်

ထိုသို့တည်ရှိပေသော မင်္ဂလသုတ်တရားတော်မှာ ဗုဒ္ဓဘာသာ မှန်သမျှတို့၏ မူလအုတ်မြစ်ချ အခြေခံ ကျောက်စင်စစ်ဖြစ်ပေသည်၊ သို့ဖြစ်သောကြောင့် အာစရိယပရံပရာဆရာစဉ်ဆက်ရှေးအထက် ကျော်ကာလကပင် ကလေးသူငယ် လူရွယ်များကို စာပေသင်ကြားရာ၌ သင်ပုန်းကြီးကုန်ပြီးက မင်္ဂလသုတ် ဒေသနာတရားကို ပဌမစတင် သင်ကြားကြသော ဥပဒေသမှ ယခုတိုင် ထင်ရှားလျက် ရှိပါကြောင်း။

နိဗ္ဗာန်တံခါး

ဤမင်္ဂလသုတ် တရားတော်မှာ နတ်လူတို့၏ စည်းစိမ်တွင်မက အမတသုခ၏ အရင်းအနှစ် နိဗ္ဗာန်ချမ်းသာစစ်သို့ ဝင်ရာတံခါး နိဗ္ဗာန်ချမ်းသာမြတ်သို့ တက်ရန် စောင်းတန်းနှင့်တူလတ်၍ အမိုးမပြတ်နိုင်ရှိလှပေ၏၊ ထိုသုံးဆဲ့ရှစ်ဖြာမင်္ဂလာတရားတော်၏ ဂုဏ်

ပုဒ်ဘို့ကို ထုတ်ဖေါ်ရေးသားခြင်း၌ မစွမ်းနိုင် လောက်အောင် ခြားခြောင်လှပေ၏။

နှစ်ပြားတန်မင်္ဂလာသုတ်

ထိုမျှလောက် အမိုးအနှဥ်ထိုက်တန်လှ၍ မြတ်စွာဘုရား ဓွန္လုတ်တော်မှ ထုတ်ဖေါ်ဟောကြားသည့် မင်္ဂလာသုတ်မှာ တိမ် မြုပ်လုနီးပါးမြန်မာတို့ လျစ်လျူရှုထားခဲ့ကြပေပြီ၊ ဤသည်ကြောင့် Independentဒေါ်စိန်းက ရန်ကုန်ရေဒီယို ထွေရာစိတ်ကူး အခန်းမှ ''ယခုအခါ မင်္ဂလာသုတ်မှာ နှစ်ပြားတန် မင်္ဂလာသုတ် ဖြစ်နေပြီ'' ဟူသော ဟောပြောချက်ကို ကြားလိုက် ရသော ကျွန်တော်မှာ စိတ်မသက်သာဖြစ်ရှိနေစဉ် သုခမ္မဝတီဦးပန်းမောင် က ရန်ကုန်တွင်တွေ့စဉ် ''ဦးသိန်းမောင်-ကျမ်းတစောင်လောက် ရေးစမ်းပါ''ဟူသောတိုက်တွန်းချက်ကို သတိပြန်လည် ရလာပြီး နှစ်ပြားတန် မင်္ဂလာသုတ်မဟုတ်စေဘဲ နှစ်သိန်းတန် နှစ်သန်းတန် မက အမိုးအနှဥ် ထိုက်တန်သော မင်္ဂလာသုတ် ဖြစ်ကြောင်း ပြည်သူအပေါင်း ကောင်းကောင်းကြီး သိစေရမည် ဟူ၍ အဓိ ဋ္ဌာန်ပြုလျက် ဤ''**သုံးဆဲ့ရှစ်ဖြာမင်္ဂလာပေါင်းချုပ်ကျမ်း**'' ကိုတခမ်းတနား ရာဇသတ် ဋီကာ, ပုံပမာ, အဖြာဖြာသောကျမ်း ကြီးကျမ်းငယ်, အသွယ်သွယ်သော မှတ်စုမှတ်ရာတို့မှ ပဌမတန်း အဆိအနှစ်တို့ကို ထုတ်နှုတ် စုပေါင်း၍ ကောင်းသည့်ထက် ကောင်းအောင် ရေးသားစီစဉ်လိုက်ခြင်းဖြစ်ပါသည်။

ပတ္တမြားကုန်သည်

ဤကျမ်းစီစဉ်ပုံမှာ ပတ္တမြားကုန်သည်သည် (၁) ပုလဲ (၂) သန္တာ (၃) နီလာ (၄) စိန် (၅) ကြောင် (၆) မြ (၇) ဥဿဖယား (၈) ပတ္တမြား (၉) ဂေါမုတ်ဟူသော နဝရတ်ကိုးပါး တို့နှင့်တကွ ဓာတုဗေဒစိန် အရှိန်တောက်ပသည့် ပြင်သစ်ကျောက် အလှတို့ ကို ရသမျှရဆောင်း ကောင်းသမျှရှာဖွေ၍ အများသူတကာတို့ လိုချင်ရာရနိုင်ရန် ခင်းကျင်းပြသ ဘိသကဲ့သို့ ပရိတ်ကြီးဋီကာ,

နိဿယ, ဂဏ္ဌိနှင့် မင်္ဂလာသုတ်မှစ၍ ကျမ်းပေါင်း (၂၄) အုပ်မှ ကောင်းနိုးရာရာနှင့် ငယ်စဉ်အခါကစ၍ နှစ်ပေါင်းသုံးဆယ်ကျော် ရှုဆောင်းခဲ့သော ဗဟုသုတတို့ပါမကျန် အခြားကျမ်းဂန်ပေါင်း မြောက်မြားစွာတို့မှ ထုတ်နုတ်ချက် အဖြာဖြာတို့ကို စာဖတ်သူ လူထုကြိုက်နှစ်သက်ရာ ရွေးချယ်အသုံးပြုနိုင်စိမ့်သော၄ါ စုပေါင်း စီစဉ်စက်တင်ပုံနှိပ်ရခြင်းဖြစ်ပါသည်။

စားတော်ကဲ

တနည်း ပုံဆိုရသော်- စားတော်ကဲသည် အသားဟင်း, ငါးဟင်း, အသီးဟင်း, အရွက်ဟင်း, အပွင့်ဟင်း, အဥဟင်းအမျိုးမျိုးနှင့်တကွ အပြုတ်, အဖုတ်, အသုပ်, အကြော်, အလှော်, အဖျော်, အထောင်း, အပေါင်း, အကင်, အထု, အနှပ်နည်းအမျိုးမျိုးတို့ဖြင့် ပြုလုပ်ထားသည့်အချို, အချဉ်, အစပ်, အခါး, အငန်, အဖန်, အဆိမ့်စသည့်ရသာတို့ဖြင့် မွှေးကြိုင်သင်းပျံ့စွာခင်းဖြန့်ထားသည့် အလား ဤစာအုပ်တွင် စကားပြေ, သံပေါက်, ပျို့, လင်္ကာ, ကဗျာ, တေးထပ်နှင့် ဝတ္ထုများပါ မြိုင်မြိုင်ဆိုင်ဆိုင် ခမ်းခမ်းနားနားကြီး စီစဉ်ထားရာ အစပ်, အခါးမစားနိုင်သော ကလေးကို အဖုတ်, အကင်, အကြော်စသည်တို့နှင့် ကျွေးသည့်အလား ပါဠိဘာသာနှင့် ပျို့, ကဗျာမနိုင်သေးသော သူများအတွက် စကားပြေသက်သက် နှင့် သံပေါက်များကို သင်ကြားမှတ်သား လွယ်ကူနိုင်ရန်နှင့် အချို, အဆိမ့်များမလိုလားသူတို့အတွက် အပြုတ်, အသုပ်တို့ကို သုံးစားနိုင်သည့်အလား မိမိတို့နှစ်ခြိုက်ရာ ပျို့, လင်္ကာ, ကဗျာအသွယ် သွယ်တို့ကို ရွေးချယ်သုံးစွဲရန်နှင့် အထက်တန်းစား ပုဂ္ဂိုလ်များ အဖို့ ပါဠိအကိုးအကားနှင့် တမျိုးလေးစားစွာ အသုံးပြုနိုင်ရန် ဖြစ်ပါသည်။

သုံးပိုင်းခွဲကာ

ဤစာအုပ်မှာ လူကြီး, လူငယ်, လူရွယ်, လူလတ်, ကျောင်းသား သူငယ်ကအစ သာမဏေ, ရဟန်းအထိ ကြည့်ရန်, မှတ်ရန်, သင်

ရန်, ဖတ်ရန်ဖြစ်သည့်အတွက် သုံးပိုင်း ပိုင်းထားရာ ပဌမပိုင်းမှာ ပညာနုနယ် ငယ်ရွယ်သူတို့အဖို့ ဖြစ်၍ ဒုတိယပိုင်းမှာ ပညာရင့်သန်သော ပုဂ္ဂိုလ်များနှင့် ဗဟုသုတလိုလား လိုက်စားသူများအတွက် ဖြစ်ပေ၏၊ တတိယပိုင်းမှာမူ ကျမ်းအလာကို နှစ်နှစ်ကာကာ သေသေချာချာ စုံစုံလင်လင် ခိုင်ခိုင်မြဲမြဲ ကတ်ကတ်သတ်သတ် လိုက်စားလိုသော ပုဂ္ဂိုလ်များ အလို့ငှါ စီစဉ်ထားပါသည်။

တောင်းပန်စကား

ကာရန်, ဝါကျ,သတ်ပုံ, သတ်ညွှန်းနှင့်တကွ အသုံးအနှုန်းတို့မှာ မူလကျမ်းရင်းများအတိုင်းဖြစ်၍ သဘောချင်းမတူက လျစ်လျူရှုကြပါကုန်။

တနှစ်အတွင်း ငြိမ်းချမ်းရေး အဓိ တက်သုတ်ရိုက် စီစဉ်ကာ ထုတ်ဝေရခြင်း ဖြစ်၍ အနည်းငယ် အချွတ် အတိမ်း အယိမ်း အမှားများတွေ့ကြလျှင်လည်း သည်းခံကြ စေလိုပါကြောင်း။

ကျေးဇူးတင်စကား

ဤကျမ်းရေးသားစီစဉ်ရာတွင် အမျိုးမျိုးပါဝင်ကူညီ ဆောင်ရွက်ကြသော လူ, ရှင်, ရဟန်းတို့အား ကျေးဇူးတင်ပါ၏။

စစ်ဆေးခြင်း, ဝေဖန်ခြင်း, ပြုပြင်ခြင်းတို့ကို စိတ်ရောကိုယ်ပါ ကူညီ ဆောင်ရွက်တော်မူပေသော ရေနံချောင်းမြို့ သာသနာ့တံခွန်တိုက် **“အဂ္ဂမဟာပဏ္ဍိတ ဦးပညာဝံသာဘိကဝိဓဇ ဆရာတော်”** ဘုရားနှင့် ရွှေတောင်တိုက် **“သာသနဓဇ သီရိပဝရဓမ္မာစရိယ တံဆိပ်တော်ရ ဦးဝဏ္ဏဆရာတော်”**ဘုရား၊ ငှင်းပြင် ချောင်းဦးမြို့ ကန်ကြီးတိုက် **“ဆရာတော် ဦးကောသလ္လ”**နှင့် စလင်းမြို့ အနောက်ကန်စွယ်တိုက် ကန်ဦးကျောင်း **“ဆရာတော်ဦးပညာဝံသ”** တို့အား အထူးကျေးဇူးတင်ပါ၏။

မိတ္တူများ အကြမ်းအနု ရေးကူးခြင်း,ပြင်ဆင်ခြင်း, စီစဉ်ခြင်း တို့တွင် လက်ရေးလက်သား ကောင်းမွန်စွာနှင့် ပါဝင် ကူညီ ဆောင်ရွက်ပေသော သမီးဖြစ်သူ **"ညောင်လေးပင်မေ"** ဘွဲ့ခံ **ခင်လှသီ** အားလည်း အများကြီး ကျေးဇူးတင်ပါ၏။

ပူဇော်ပါ၏

ဤကျမ်းရေးသားရာတွင် အားကိုး အားထား ပြုရသော ပရိတ်ကြီး ဋီကာနှင့် မင်္ဂလသုတ်ဝိနိစ္ဆယကျမ်း နိဿယ ဂဏ္ဌိအမျိုးမျိုး တို့ကို ရေးသားစီရင်တော်မူသော ရဟန်းပုဂ္ဂိုလ် လူပုဂ္ဂိုလ် ထိုထိုနှင့်တကွ မွေးသည့်မိခင်, ဘခင်, ဆရာသခင် အရှင်သူမြတ်တို့ အား ရှိခိုးပါ၏၊ ဤကျမ်းဖြင့်ပူဇော်ပါ၏။

ဥဒါန်း

နှစ်ပြားတန် မဟုတ်တဲ့ နှစ်သိန်းနှစ်သန်းမက အဖိုး မပြတ်နိုင်သော ဤ **"သုံးဆဲ့ရှစ်ဖြာ မင်္ဂလာ ပေါင်းချုပ်ကျမ်း"** ကို ပရိသတ်လေးပါး လူရှင်အများနှင့် နောင်လာနောက်သားတို့အပြစ် ခပ်သိမ်း တို့မှ ကင်းငြိမ်းပပျောက်လျက် ရှေးအစဉ်အဆက် ထုံးတမ်းစဉ်လာအတိုင်း နှစ်ဖြာသောလောကဝတ် ဓမ္မဝတ်တို့၌ လိမ္မာယဉ်ကျေးသဖြင့် လောကီလောကုတ္တရာ ချမ်းသာများကို ရကြစေရန် ရေးသားအောင်မြင်သည့် အတွက် နှစ်သက်ခြင်း ပီတိ စိမ့်အိနှံ့စေ၍ အပေါ်ရေချဉ်းနင်း ဇတွင်းရေဖြတ်ချိုး အရိုးကို ဖေါက်သိ ခြင်ဆီသို့သွင်းလျက် ကိုယ်တွင်းပီတိ ဖြန့်သျှိရစ်ထုံး နှလုံးချမ်းမြေ့ကြောင်း ဥဒါန်းစကား ကျူးရင့်ရေးသား လိုက်ရပေ သတည်း။

ဦးသိန်းမောင်

တရားမဝန်ထောက်မင်း

ချောင်းဦးမြို့။

မာတိကာ

အကြောင်းအရာ		စာမျက်နှာ
၁၈—အာရတီပါပါ		
ဤမင်္ဂလာ၏အဓိပ္ပါယ်များ	......	၁
ပွါးများနည်း	......	၅
မင်္ဂလာမည်ပုံ	......	၆
အာရတီမင်္ဂလာသံပေါက်များ	......	၇
မင်္ဂလာပျို	......	၇
သီဟိုဠ်ကျွန်း၊ ဇဂ္ဂနသီတင်းသည့်ဝတ္ထု	......	၈
၁၉—ဝိရတီပါပါ		
ဤမင်္ဂလာ၏အဓိပ္ပါယ်များ	......	၉
ဝိရတီသုံးပါး	......	၁၂
ကံလေးပါးကိုသာယူအပ်၏	......	၁၃
ကံလေးပါး၏အပြစ်များ	......	၁၃
ကံလေးပါးကိုရှောင်ရှားခြင်း၏အကျိုးများ	......	၁၄
မင်္ဂလာမည်ပုံ	......	၁၅
ဝိရတီသံပေါက်	......	၁၆
မင်္ဂလာပျို	......	၁၆
ဝတ္ထုသက်သေသာဓကများ	......	၁၇
ပါဏာတိပါတကံနှင့် သက်ဆိုင်သောဝတ္ထုများ	......	၁၈
အဒိန္နာဒါနကံနှင့်သက်ဆိုင်သောဝတ္ထုများ	......	၁၈
ကာမေသုမိစ္ဆာစာရကံနှင့်သက်ဆိုင်သောဝတ္ထုများ		၁၈
မုသာဝါဒကံနှင့်သက်ဆိုင်သောဝတ္ထုများ	......	၁၈
၂၀—မဇ္ဇပါနာစသံယမော		
“မဇ္ဇ”အဓိပ္ပါယ်	......	၂၁
ဤမင်္ဂလာ၏အဓိပ္ပါယ်များ	......	၂၂

(ည)

မာတိကာ

အကြောင်းအရာ		စာမျက်နှာ
သုရာငါးပါး	......	၂၄
သုရာငါးပါးသံပေါက်	......	၂၄
မေရယငါးပါး	......	၂၄
မေရယငါးပါးသံပေါက်	......	၂၄
လို့လမပြုရာသည်-သုံးပါး	......	၂၅
ကံငါးပါးတွင် အပြစ်အကြီးဆုံး	......	၂၅
သုရာပါနမှာ၊အညွှာသာပင်	......	၂၅
အသောက်သမားတို့၏မှောက်မှားပုံလေးဘဝကို၊		
ရေးပြသော-တေးထပ်	......	၂၆
သုရာသောက်စားခြင်း၏အပြစ်ခြောက်ပါး	......	၂၆
ရှင်းသံပေါက်လင်္ကာများ	......	၂၇
ရှင်းရှစ်လုံးဘွဲ့ကဗျာ	......	၂၇
တနည်းအပြစ် ၇-ပါး	......	၂၈
တနည်းအပြစ် ၁၀-ပါး	......	၂၈
သေအရက်-မေတ္တာစာ	......	၂၉
သေအရက်-တေးထပ်	......	၃၀
လူဖျက်-အရက်	......	၃၀
လောက၏အဆိပ်	......	၃၁
သုရာမှာဆင်းရဲကြောင်းသာတည်း	......	၃၁
အရက်သမား-ကြွေးများရင်ခေါင်း	......	၃၁
အပါယ်သို့ကျ၏	......	၃၂
ပြောင့်ကြီးသုံးစင်း	......	၃၂
သုရာ၏အပြစ်	......	၃၂
မူးယစ်သောက်စားသောသူသည် ရေးကြီးခွင့်ကျယ်ကို		
မဆောင်ရွက်နိုင်ချေ	......	၃၃
သေရည်သောက်ခြင်း၏အကျိုးအပြစ်	......	၃၃
သေရည်သေရက် ရှောင်ကြဉ်ခြင်း၏အကျိုးများ	......	၃၃

အကြောင်းအရာ		စာမျက်နှာ
သုရာမေရယမှ ကြဉ်ခြင်း၏အကျိုး ၃၂-ပါး	......	၃၄
မင်္ဂလာမည်ပုံ	......	၃၅
စကားပုံ	......	၃၅
မဇ္ဇပါန သံယမ သံပေါက်များ	......	၃၆
မင်္ဂလာပျို့	......	၃၇
ဝတ္ထုများ	......	၃၇

၂၁—အပ္ပမာဒေါစဓမ္မေသု

ဤမင်္ဂလာ၏အဓိပ္ပါယ်	......	၄၁
ကုသိုလ်ဖြစ်ကြောင်းပုညကိရိယာ ၁၀-ပါး	......	၄၃
အပ္ပမာဒအတ္ထ၊အကျဉ်းပျို့	......	၄၃
မမေ့အပ်သောအပ္ပမာဒလေးပါး	......	၄၄
သတိမမေ့စရာ၊ကြောင်းလေးဖြာ	......	၄၄
သတိတွက်တာ၊အကျိုးမှာ၊လွန်စွာရှိကြောင်းမှတ်		၄၅
သတိရှိက ကျိုးများစွ	......	၄၅
ဘုရား၏အဆုံးအမတော်	......	၄၆
အပ္ပမာဒအကျိုး	......	၄၆
အပ္ပမာဒကျေးဇူး	......	၄၇
အပ္ပမာဒ အကျိုးကျေးဇူး	......	၄၇
မမေ့မလျော့ခြင်းသည် နိဗ္ဗာန်၏ အကြောင်းတည်း		၄၈
မမေ့မလျော့သောသူအား	......	၄၈
မာရ်နတ်သည် ရှာ၍မရ	......	၄၉
လက္ခဏာရေးသုံးပါး ဖန်ဖန်ပွါး	......	၄၉
အကြီးခံဆုံး-အမြတ်ဆုံး	......	၄၉
မင်္ဂလာမည်ပုံ	......	၅၀
မမေ့မလျော့ရန် ရှင်တော်ဘုရား၏ နောက်ဆုံးအမှာစကား		၅၀
အပ္ပမာဒမင်္ဂလာသံပေါက်များ	......	၅၁

မာတိကာ

အကြောင်းအရာ		စာမျက်နှာ
မင်္ဂလာပျို	......	၅၂
ဝတ္ထု	......	၅၂

၂၂–ဂါရဝေါ စ

“ဂါရဝေါ”ဝိဂြိုဟ်	......	၅၅
ဤမင်္ဂလာ၏အဓိပ္ပါယ်	......	၅၅
အရိုအသေခံထိုက်သောပုဂ္ဂိုလ် ၇–ဦး	......	၅၇
ဂါရဝပြုခြင်းသုံးမျိုး	......	၅၇
အလေးပြုခြင်း	......	၅၈
ရိုသေပါ	......	၅၈
ဆရာမိဘ ရိုသေကြ	......	၅၈
ရိုသေသူများ၊ ကြီးပွါးမည်သာ	......	၅၉
ကျက်သရေတိုးတက်မည်	......	၅၉
ရိုသေသူများ၊သုဂတိသို့လားရ၏	......	၆၀
သက်ကြီးဝါကြီးတို့အား ရိုသေခြင်း၏အကျိုး	......	၆၀
နိဗ္ဗာန်မျက်မှောက်	......	၆၁
မင်္ဂလာမည်ပုံ	......	၆၁
မင်္ဂလာမမည်	......	၆၁
ဂါရဝမင်္ဂလာသံပေါက်	......	၆၁
မင်္ဂလာပျို	......	၆၂
ခါ ပျောက် ဆင် သုံးဦးတို့ဝတ္ထု	......	၆၂

၂၃–နိဝါတော စ

“နိဝါတ”ဝိဂြိုဟ်	......	၆၅
ဤမင်္ဂလာ၏အဓိပ္ပါယ်များ	......	၆၅
သူတော်ကောင်းတို့ ချီးမွမ်းကြ၏	......	၆၆
နှိမ့်ချသူအား-စည်းစိမ်ပွါး၏	......	၆၇

အကြောင်းအရာ		စာမျက်နှာ
ကိုယ်ကိုနှိမ့်ချ—ဆိုဆုံးမလော	......	၆၇
နှိမ့်ချခြင်း၏ဆန့်ကျင်ဘက်ကား-မာန	......	၆၈
မာန ၆-မျိုး	......	၆၈
တနည်း-မာန ၇-မျိုး	......	၆၈
သံပေါက်	......	၆၈
ပညာရှိလျှက် မာနဖျက်	......	၆၈
ပညာရှိများ မာနထား အများဖြစ်မည်သာ	......	၆၉
၎င်းဆောင်ပုဒ်လင်္ကာ	......	၆၉
မာန်မာနတက်ကြွခြင်းသည် ပျက်စီးခြင်း၏ လမ်းကြောင်းကြီး ပေတည်း	......	၇၀
မာနရှိက-ပျက်စီးရ	......	၇၀
မာနကြီးက၊ တနေ့ကျ၊ အောက်ကျရမည်သာ	......	၇၀
သူတော်ကောင်းမဟုတ်	......	၇၁
မင်္ဂလာမည်ပုံ	......	၇၁
နိဝါတ မင်္ဂလာ သံပေါက်	......	၇၁
မင်္ဂလာပျို့	......	၇၂
ဝတ္ထုသက်သေသာဓကများ	......	၇၂

၂၄—သန္တုဋ္ဌိ

"သန္တုဋ္ဌိ" ဝိဂြိုဟ်	......	၇၅
ဤမင်္ဂလာ၏အဓိပ္ပါယ်များ	......	၇၅
သန္တောသ ၁၂—ပါး	......	၇၈
ရောင့်ရဲလွယ်ခြင်း	......	၇၉
အကျဉ်းဆောင်ပုဒ်လင်္ကာ	......	၇၉
ရောင့်ရဲအပ်၏	......	၈၀
မိန်းမတို့၌ မရောင့်ရဲနိုင်သောအကြောင်း ၄-ပါး		၈၀
၎င်းလင်္ကာ	......	၈၀

မာတိကာ

အကြောင်းအရာ		စာမျက်နှာ
လော်လည်ခြင်း–ငါးပါး	......	၁၀
တင်းတိမ်ရောင့်ရဲခြင်း၌ မစွမ်းနိုင်ရာ	......	၁၁
မရောင့်ရဲရာ ၁၆–ဖြာ	......	၁၁
အလိုကြီးသောသူ	......	၁၂
လွှန်ကဲသော ဥစ္စာ	......	၁၃
ရဟန်းနှင့် သန္တုဋ္ဌိ	......	၁၃
မြန်မာလူမျိုးနှင့် သန္တုဋ္ဌိ	......	၁၃
နိုင်ငံခြားသားများနှင့် သန္တုဋ္ဌိ	......	၁၄
ကလေးများနှင့်သန္တုဋ္ဌိ	......	၁၄
ကျောင်းသူကျောင်းသားနှင့်သန္တုဋ္ဌိ	......	၁၅
အမျိုးသမီးနှင့်သန္တုဋ္ဌိ	......	၁၅
အမျိုးသားနှင့်သန္တုဋ္ဌိ	......	၁၆
မရောင့်ရဲ၍ ဆင်းရဲရကြောင်း	......	၁၆
အ-သန္တုဋ္ဌိ	......	၁၆
မင်္ဂလာမည်ပုံ	......	၁၆
သန္တုဋ္ဌိစ မင်္ဂလာသံပေါက်	......	၁၇
မင်္ဂလာပျို	......	၁၈
ဝတ္ထုသက်သေသာဓကများ	......	၁၈

၂၅–ကတညုတာ

"ကတညုတ" ဝိဂြိုဟ်	......	၉၃
ဤမင်္ဂလာ၏အဓိပ္ပါယ်များ	......	၉၃
ကျေးဇူးခံ-ကျေးဇူးစား	......	၉၅
၎င်းလက်ာပျို	......	၉၅
တလုပ်ကျွေးဘူး-သူ့ကျေးဇူး	......	၉၅
ဝိဓုရအမတ်ကြီး၏ အဆုံးအမ စကားရပ်များ	......	၉၅
ကျေးဇူးစကား	......	၉၆

မာတိကာ

အကြောင်းအရာ		စာမျက်နှာ
သူ၏ကျေးဇူး အထူးသိရာ	......	၉၆
အထူးစောင့်ရှောက်သင့်ပေ၏	......	၉၇
စီးပွါးလှယ်ပြိုင်-မဆပ်နိုင်သော်	......	၉၇
အကြောင်းမဲ့-မပြောနှင့်	......	၉၇
မှတ်ဘွယ်စကားရပ်များ	......	၉၇
မင်္ဂလာရှိသူ	......	၉၈
ကျေးဇူးသိသောသူ	......	၉၈
ရနိုင်ခဲသော ပုဂ္ဂိုလ်နှစ်ဦး	......	၉၈
ရှေးဦးအကျဆုံးသောကျေးဇူးရှင်	......	၁၀၀
ကျေးဇူးမဲ့သူ	......	၁၀၀
သူယုတ်မာ	......	၁၀၀
ကျေးဇူးရှင်အား ပြစ်မှားခြင်း၏ အပြစ်	......	၁၀၁
ကျေးဇူးမဲ့က အသရေညှိုးငယ်ရ၏	......	၁၀၁
ကျေးဇူးတရားသည် သူယုတ်မာတို့အတွက်-အကျိုးမရှိ		၁၀၁
ကျေးဇူးမဲ့သောသူအားမည်မျှမည်မျှကျေးဇူးပြု စေကာမူ၊ တင်းတိမ်ရောင့်ရဲခြင်းမရှိ	......	၁၀၁
ကျေးဇူးမသိသူကို မကယ်လေနှင့်	......	၁၀၂
ကျေးဇူးသိ၍သား စီးပွါးတက်၏	......	၁၀၂
ကျေးဇူးဂုဏ်အင်အာနိသင်	......	၁၀၃
ကျေးဇူးပြုချက် ပြည်တဝက်	......	၁၀၃
ထမင်းအတွက် အသက်မသတ်	......	၁၀၃
ချီးမွမ်းခြင်း ခံရ၏	......	၁၀၄
ကျေးဇူး ဆူးသိ-သုဂတိ	......	၁၀၄
ကျေးဇူးသိက သိကြွားမ၏	......	၁၀၄
ကျေးဇူးသိတာ ရှင်သာရိပုတ္တရာ	......	၁၀၄
မင်္ဂလာမည်ပုံ	......	၁၀၅
ကတညုတ-မင်္ဂလာသံပေါက်များ	......	၁၀၆

မာတိကာ

အကြောင်းအရာ		စာမျက်နှာ
မင်္ဂလာပျို	......	၁၀၆
ကျေးဇူးမဲ့သောဝတ္ထုများ	......	၁၀၇
ကျေးဇူးပြုသောဝတ္ထုများ	......	၁၀၇
၂၆—ကာလေနဓမ္မဿဝနံ		
ဤမင်္ဂလာ၏အဓိပ္ပါယ်များ	......	၁၀၉
တရားနာခြင်း အကျိုးငါးပါး	......	၁၁၂
ရှစ်လုံးဘွဲ့ကဗျာ	......	၁၁၃
ငှင်းသံပေါက်	......	၁၁၃
အရဟတ္တဖိုလ်သို့ ရောက်စေတတ်၏	......	၁၁၃
မင်္ဂလာမည်ပုံ	......	၁၁၃
ကာလေနဓမ္မဿဝနံ သံပေါက်	......	၁၁၄
မင်္ဂလာပျို	......	၁၁၅
ဝတ္ထုသက်သေသာဓကများ	......	၁၁၅
၂၇—ခန္တီ စ		
"ခန္တီ"ဝိဂြိုဟ်	......	၁၁၇
ဤမင်္ဂလာ၏ အဓိပ္ပါယ်များ	......	၁၁၇
သည်းခံခြင်းသည်မြတ်၏	......	၁၁၈
သည်းခံခြင်းသည် ငြိမ်းချမ်း၏	......	၁၂၀
သည်းခံခြင်း၏အကျိုး	......	၁၂၂
သည်းခံခြင်းအကျိုးငါးဖြာ	......	၁၂၂
သည်းခံခြင်းအကျိုးငါးဖြာ	......	၁၂၂
သည်းမခံခြင်း၏အပြစ်ငါးပါး	......	၁၂၃
ရန်ပျိုမည်	......	၁၂၃
သည်းခံလေ့	......	၁၂၄
မင်္ဂလာမည်ပုံ	......	၁၂၄

အကြောင်းအရာ		စာမျက်နှာ

ခန္တီမင်္ဂလာသံပေါက်များ ၁၂၅
မင်္ဂလာပျို ၁၂၆
ဝတ္ထုသက်သေသာဓကများ ၁၂၇

၂၈–သောဝစဿတာ

'သောဝစဿတာ'ပိုဒ်ဖွင့် ၁၃၁
ဤမင်္ဂလာ၏အဓိပ္ပါယ်များ ၁၃၁
အဆုံးအမတည်ကြ-အကျိုးပြည့်ဝ၏ ၁၃၄
ကိုးကွယ်ရာကို ပြုတတ်၏ ၁၃၄
ဆုံးမလွယ်သူ ၁၃၄
ဆုံးမခက်သူ ၁၃၅
မင်္ဂလာမည်ပုံ ၁၃၅
သောဝစဿတာ မင်္ဂလာသံပေါက် ၁၃၅
မင်္ဂလာပျို ၁၃၆
ဝတ္ထုသက်သေ သာဓကများ ၁၃၆

၂၉–သမဏာနဉ္စဒဿနံ

'သမဏ'ပိုဒ်ဖွင့် ၁၃၉
ဤမင်္ဂလာ၏အဓိပ္ပါယ်များ ၁၄၀
သမဏသံပေါက်များ ၁၄၃
ဖူးမြင်ခြင်း နှစ်မျိုး ၁၄၃
ဆည်းကပ်ခြင်း ၁၄၄
မေးမြန်းခြင်း ၁၄၄
အနုတ္တရိယ-၃-ပါး ၁၄၄
ရဟန်းမြတ်တို့ကို ဖူးမျှော်ရခြင်း၏အကျိုး ၁၄၄
မင်္ဂလာမည်ပုံ ၁၄၆
သမဏ ဒဿန မင်္ဂလာသံပေါက်များ ၁၄၇

မာတိကာ

အကြောင်းအရာ		စာမျက်နှာ
မင်္ဂလာဖျို	......	၁၄၇
ဝတ္ထုသက်သေသာဓကများ	......	၁၄၈

၃၀—ကာလေနဓမ္မသာကစ္ဆာ

ဤမင်္ဂလာ၏အဓိပ္ပါယ်များ	......	၁၅၁
အကာလ-၇ပါး	......	၁၅၁
ကာလေန ဓမ္မသာကစ္ဆာလက္ခဏာ	......	၁၅၅
တရားနာခြင်းအကျိုး-၅-ပါး	......	၁၅၅
မင်္ဂလာမည်ပုံ	......	၁၅၆
ကာလေနဓမ္မသာကစ္ဆာသံပေါက်များ	......	၁၅၆
မင်္ဂလာဖျို	......	၁၅၆
ဝတ္ထုသက်သေသာဓကများ	......	၁၅၇

၃၁—တပေါစ

တပေါဝိဂြိုဟ်	......	၁၆၁
၎င်းအဓိပ္ပါယ်များ	......	၁၆၁
ဤမင်္ဂလာ၏အဓိပ္ပါယ်များ	......	၁၆၁
နောင်တပူပန်ရတတ်သည်	......	၁၆၄
မင်္ဂလာမည်ပုံ	......	၁၆၄
တပေါစမင်္ဂလာသံပေါက်	......	၁၆၅
မင်္ဂလာဖျို	......	၁၆၆
ဝတ္ထုသက်သေသာဓကများ	......	၁၆၇

၃၂—ဗြဟ္မစရိယဥ္စ

'ဗြဟ္မစရိယ'ဝိဂြိုဟ်	......	၁၇၁
အဗြဟ္မစရိယ	......	၁၇၁
ဤမင်္ဂလာ၏အဓိပ္ပါယ်များ	......	၁၇၂
ဗြဟ္မစရိယတရား-၁၀-ပါး	......	၁၇၄

အကြောင်းအရာ		စာမျက်နှာ
မေထုန်-၇-ပါး	......	၁၇၄
၎င်းသံပေါက်	......	၁၇၅
မင်္ဂလာမည်ပုံ	......	၁၇၅
အသက်ရှည်ခြင်းအနာကင်းခြင်းအကြောင်းငါးပါး		၁၇၅
ဖြဟ္မစရိယမင်္ဂလာသံပေါက်	......	၁၇၆
မင်္ဂလာပျို	......	၁၇၆
ဝတ္ထုသက်သေသာဓကများ	......	၁၇၈

၃၃–အရိယသစ္စာနဒဿနံ

"အရိယ"ဝိဂ္ဂြိုဟ်	......	၁၈၁
"သစ္စ"ဝိဂ္ဂြိုဟ်	......	၁၈၁
အရိယသစ္စာ	......	၁၈၁
ဒဿန အဓိပ္ပါယ်	......	၁၈၂
ဤမင်္ဂလာ၏အဓိပ္ပါယ်များ	......	၁၈၂
သိမြင်ခြင်း	......	၁၈၄
လွတ်မြောက်ခြင်း	......	၁၈၅
အရိယသစ္စာမည်ပုံ	......	၁၈၅
ပျင်းရိခြင်းသည် အညွှန့်တုံးခြင်း၏လမ်းကြောင်းပေတည်း		၁၈၆
သူတော်ချင်းချင်း၊ သိတင်းလွှေ့လွှေ့၊ပေါင်းဘော်တွေ့		၁၈၇
ချမ်းသာ၏	......	၁၈၇
သစ္စာလေးပါးကိုမမြင်သော်	......	၁၈၇
မင်္ဂလာမည်ပုံ	......	၁၈၈
အရိယသစ္စာနံသံပေါက်	......	၁၈၈
မင်္ဂလာပျို	......	၁၈၉
ဝတ္ထုသက်သေသာဓကများ	......	၁၉၀

၃၄–နိဗ္ဗာနသစ္ဆိကိရိယာစ

"နိဗ္ဗာန်"ဝိဂ္ဂြိုဟ်	......	၁၉၃
"သစ္ဆိကိရိယာ"ဝိဂ္ဂြိုဟ်	......	၁၉၃

မာတိကာ

အကြောင်းအရာ		စာမျက်နှာ
ဤမင်္ဂလာ၏အဓိပ္ပါယ်	......	၁၉၃
နိဗ္ဗာန်ဟူသည်ကား	......	၁၉၆
နိဗ္ဗာန်နှစ်မျိုး	......	၂၀၀
သစ္စာ ကိဝိရိယသံပေါက်	......	၂၀၀
မင်္ဂလာပျို	......	၂၀၁
နိဗ္ဗာန်ချမ်းသာ	......	၂၀၂
ဝတ္ထုသက်သေသာဓက	......	၂၀၂

၃၅—ဖုဋ္ဌဿလောကဓမ္မေဟိစိတ္တံယဿနကမ္ပတိ

ဤမင်္ဂလာ၏အဓိပ္ပါယ်များ	......	၂၀၃
မတုန်လှုပ်	......	၂၀၇
မတုန်လှုပ်ဆိုသည်ကား	......	၂၀၇
လောကဓံတရားရှစ်ပါး	......	၂၀၉
မင်္ဂလာမည်ပုံ	......	၂၁၀
နကမ္ပတိမင်္ဂလာသံပေါက်	......	၂၁၀
မင်္ဂလာပျို	......	၂၁၁
ဝတ္ထုသက်သေသာဓကများ	......	၂၁၁

၃၆—အသောကံ

"သောက"အဓိပ္ပါယ်	......	၂၁၃
ဤမင်္ဂလာ၏အဓိပ္ပါယ်	......	၂၁၄
စိုးရိမ်ခြင်း	......	၂၁၆
ချမ်းသာလိုလျှင်	......	၂၁၆
မင်္ဂလာမည်ပုံ	......	၂၁၇
အသောကမင်္ဂလာသံပေါက်	......	၂၁၇
မင်္ဂလာပျို	......	၂၁၈
ဝတ္ထုသက်သေသာဓကများ	......	၂၁၈

အကြောင်းအရာ		စာမျက်နှာ

၃၇—ဝိရဇံ

"ရဇ"အဓိပ္ပါယ် ၂၂၃
ဤမင်္ဂလာ၏အဓိပ္ပါယ်များ ၂၂၃
တဏှာကြောင့်သာ၊ဆင်းရဲလာ ၂၂၆
ရာဂတမျှ၊ မီးနှင့်တူ ၂၂၆
ရာဂများမှာ၊ မီးပမာ၊လွန်စွာလောင်ကျွမ်းတတ် ၂၂၇
ရာဂအရာ၊ ပင့်ကူအိမ်ပမာ ၂၂၇
ဆင်းရဲအပေါင်းကိုအောင်ခြင်း ၂၂၈
လောဘ၏အပြစ် ၂၂၈
ဒေါသ၏အပြစ် ၂၂၉
မောဟ၏အပြစ် ၂၃၀
မောဟကြီးခြင်းသည် ပျက်စီးခြင်း၏လမ်းကြောင်းကြီး ပေတည်း ၂၃၁
မမက်မောသင့် ၂၃၁
မင်္ဂလာမည်ပုံ ၂၃၁
ဝိရဇမင်္ဂလာသံပေါက် ၂၃၁
မင်္ဂလာမျှို ၂၃၃
ဝတ္ထုသက်သေသာဓကများ ၂၃၃

၃၈—ခေမံ

ဘေးနှစ်ပါး ၂၃၅
ဤမင်္ဂလာ၏အဓိပ္ပါယ်များ ၂၃၅
ဘေးရှိ-မရှိ ၂၃၉
မင်္ဂလာမည်ပုံ ၂၄၀
ခေမမင်္ဂလာသံပေါက် ၂၄၁
မင်္ဂလာမျှို ၂၄၁
ဝတ္ထုသက်သေသာဓကများ ၂၄၂

အကြောင်းအရာ စာမျက်နှာ

အပိုင်း–၃

နတ်လော-သိကြားလော ၂၄၃
"နတ်သားဟုယူဆချက်များ ၂၄၃
"သိကြား-နတ်သား"ဟုယူဆချက်များ ၂၄၀
မင်္ဂလာအကွဲအပြား ၂၅၁
"မာတာပိတု"ကိုတမင်္ဂလာတည်းယူဆသောကျမ်းများ ၂၅၁
နှစ်မင်္ဂလာခွဲ၍ယူသောကျမ်းများ ၂၅၅
တမျိုးတခြားအကွဲအပြား ၂၅၀
အာရတိဝိရတိပါပါ ၂၅၉
ပဌမကျော်၊ ဦးကျော်လှ၏ယူဆချက် ၂၅၉
ပညာဒရုပ် ဦးဖိုးစိန်၏နှိုင်းချိန်ချက် ၂၆၀
နိဂုံး ၂၆၂

နောက်ဆက်တွဲ

မှိုင်ငြမ်းပြုသည့်ကျမ်းပေါင်းစု ၂၆၃
ဇေတဝန်ကျောင်းတော် ၂၆၇
မင်္ဂလာစာမေးပွဲ မေးခွန်းများ ၂၆၉

၁၈-အာရတီပါပါ

ဒုစ္စရိတ၊ မှုကမ္ဘ၊ ရှောင်ကြဉ်ဝေးဝေးသာ၊
[မကောင်းမှုကို ဝေးစွာရှောင်ကြဉ်ရခြင်း။]

ဤမင်္ဂလာ၏အဓိပ္ပါယ်များ

(၁) ကံကိလေသာဟု ဆိုအပ်သော လေးပါးအပြားရှိသော အကုသိုလ်သည် ပါပ-မကောင်းမှုမည်၏။

ကံကိလေသာလေးပါး

(၁) ပါဏာတိပါတ—သူ၏အသက်ကိုသတ်ခြင်း။
(၂) အဒိန္နာဒါန—သူ၏ ဥစ္စာကိုခိုးယူခြင်း။
(၃) ကာမေသုမိစ္ဆာစာရ—သူ့သားမယားကို ပြစ်မှားခြင်း။
(၄) မုသာဝါဒ—မဟုတ်မမှန် လိမ်လည်ပြောဆိုခြင်း။

မှတ်ချက်—ဤကံကိလေသာ-၄-ပါးကို သူတော်ကောင်းတို့ မချီးမွမ်းကုန်။

[သိင်္ဂါလသုတ်]

(၂) အာရတိ တိ အာရမဏံ၊ ဧတေန မနောကမ္မံ ဒဿေတိ။

အာရတိတိ-အာရတီဟူသည်ကား၊ အာရမဏံ—ကြဉ်ခြင်း၊ ဧတေန-ထိုအာရတီသဒ္ဒါဖြင့်၊ မနောကမ္မံ—မနောကံကို၊ ဒဿေတိ—ပြ၏။

[ပရိတ်ကြီးဋီကာ-၁၂၅]

(၃) အာရတိနာမ ပါပေ အာဒီနဝဒဿာဝိနော မနသာဧဝ အနဘိရတိ။

အာရတိနာမ—အာရတီမည်သည်ကား၊ ပါပေ-မကောင်းမှု၌၊ အာဒီနဝဒဿာဝိနော-အပြစ်ဟုရှုလေ့ရှိသောသူအား၊ မနသာဧဝ-စိတ်ဖြင့်သာလျှင်၊ အနဘိရတိ-မမွေ့လျော်ခြင်းတည်း။

[ခုဒ္ဒကပါဌသုတ္တနိပါတ်-မင်္ဂလသုတ်-အဋ္ဌကထာ]

H,217-1

(၄) အာရတီတိ အာဘိဏ္ဍာ ဗျာပါဒေါ မိစ္ဆာဒိဋ္ဌိ စာတိ တိသော မနောဒုစ္စရိတေ ဝိရမိတဗ္ဗန္တိ အတ္ထော။

အာရတီတိ-အာရတီဟူသည်ကား၊ အာဘိဏ္ဍာစ-သူတပါးတို့၏ စည်းစိမ်ကို ငြိုရှုခြင်းလည်းကောင်း၊ ဗျာပါဒေါစ-သူတပါးတို့၏ စည်းစိမ်ကို မှုန်မှုန်ညက်ညက် ပျက်စီးအောင် ကြံစည်ခြင်းလည်း ကောင်း၊ မိစ္ဆာဒိဋ္ဌိစ-မှားသောအမြင်ကို မြင်ခြင်းလည်းကောင်း၊ ဣတိ-ဤသို့၊ တိသော-သုံးပါးကုန်သော၊ မနောဒုစ္စရိတေ-မနော ဒုစ္စရိက်တို့ကို (ဝါ) စိတ်ကြောင့်ဖြစ်သောမကောင်းမှုတို့ကို၊ဝိရမိ တဗ္ဗံ-ရှောင်ကြဉ်အပ်၏ ဣတိအယံ-ဤသည်လျှင်၊ အတ္ထော—အာ ရတီဟူသောပုဒ်၏ အနက်တည်း (ဝါ) မကောင်းမှုမှစိတ်ကို ကြဉ် ရမည်ဟူသောပုဒ်၏ အနက်တည်း။

[မင်္ဂလာဂဏ္ဌိ-၉၉]

(၅) မကောင်းမှု၏ အပြစ်ကိုရှုသောသူ၏ စိတ်ဖြင့်သာလျှင် မမွေ့မလျော် ရှောင်ကြဉ်ခြင်းသည် အာရတိမည်၏။

[ညောင်ကန်မင်္ဂလတ္ထဒီပနီ-၄၅၂]

(၆) ပါပါ-မကောင်းမှု ဒုစ္စရိုက်တရားအပေါင်းမှ၊ ယာအာရ တီစ-အကြင်မနှော်ခြင်းဖြင့် ကြဉ်ရခြင်းသည် လည်းကောင်း။

[ပရိတ်ကြီးနိဿယ-၃၆]

(၇) ပါပါ-အကုသိုလ်ကံ၊ ဖြစ်ရန်ကျယ်ပွါး၊ ဆယ်ပါးပေါင်း ရ၊ မကောင်းမှမှ၊ အာရတီစ—ကျိုးအပြစ်ကို၊ စိစစ်စောကျော၊ ဇောမနှော်မျှ၊ မစောမိအောင်၊ ဝေးစွာရှောင်ရခြင်းလည်းကောင်း။

[မဟာပရိတ်တော်ကြီးနိဿျသစ်-၂၀]

(၈) မကောင်းမှုမှ ဝေးစွာ ကြဉ်ရှောင်ခြင်း ဆိုသည်ကား မကောင်းမှုတို့၌ စိတ်မမွေ့လျော်ခြင်း၊ စိတ်မနှစ်သိမ့်ခြင်း၊ဝေးစွာ ကြဉ်ရှောင်ခြင်းတို့ကို ဆိုလိုသည်၊ အာရတိသဘောကား စိတ် ဖြင့်ရှောင်ခြင်းတည်း။

[မင်္ဂလာအလင်း-၂၉]

(၉) ပါပါ-ရူပါရုံစသော အာရုံခြောက်ပါး၊ ကာမစ္ဆန္ဒနီဝရဏစသော နီဝရဏခြောက်ပါး၊ ကာမရာဂစသော သံယောဇဉ်ဆယ်ပါး၊ကာမရာဂါနုသယစသော အနုသယခုနစ်ပါးစသည်နှင့် အဘိဇ္ဈာစသော မနောကံသုံးပါးတည်းဟူသော မကောင်းမှုမှ၊ ယာအာရတိစ-အကြင်ဝေးစွာဖျက်ဖြုန်း၊ စိတ်နှလုံးဖြင့်၊ ရှောင်ကြဉ်ရခြင်းသည်လည်းကောင်း။

[မင်္ဂလသုတ်ဋီကာ-၆၈]

(၁၀) ပါပါ-သူ့စည်းစိမ်ကိုရှေးရှုတပ်သောအားဖြင့်၊မကောင်းကြံခြင်း-အဘိဇ္ဈာ၊ သူတပါးကို ရန်ငြိုးထားခြင်း-ဗျာပါဒ၊ မှားသောအယူကိုယူခြင်း မိစ္ဆာဒိဋ္ဌိမှ၊ အာရတိစ-ဝေးစွာရှောင်ကြဉ်ရခြင်းသည်လည်းကောင်း။

[မင်္ဂလသုတ်နိဿယ-၁၆]

(၁၁) ပါဏာတိပါတကံ၊ အဒိန္နာဒါနကံ၊ ကာမေသုမိစ္ဆာစာရကံ၊ မုသာဝါဒကံ၊ ဟုဆိုအပ်သော ကံကိလေသာဟူသောတရားတို့သည် ပါပမည်၏၊ ထိုပါပတည်းဟူသော မကောင်းမှုတို့၌ အပြစ်ကိုရှုသောသူ၏ စိတ်ဖြင့်သာလျှင် ကြဉ်ခြင်းသည် အာရတိမည်၏။

[မင်္ဂလာသာရဒီပနီ-၁၂၄]

(၁၂) ပါပါ-ဘဝသုံးပါးသို့၊ လုံးပါးလိုက်သလို၊ရိုက်မိစေတတ်သော ပုညာဘိသင်္ခါရ, အပုညာဘိသင်္ခါရ, အာနေဉ္ဇာဘိသင်္ခါရသုံးပါးမှာ၊ ပါကျတတ်သော ငါးပါးမှောက်သော ကံတရားဆယ်ပါးတို့မှ၊ယာအာရတိစ-အကြင်မနောကံဖြင့်သော်လည်းဝေးစွာရှောင်ကြဉ်ရခြင်းသည်လည်းကောင်း။

[ရွှေမင်းဝံ ငှက်တွင်းဆရာတော်]

(၁၃) ပါပါ-အမျက်ထန်ခြင်း, ရန်ငြိုးဖွဲ့ခြင်း, ကျေးဇူးမဲ့ခြင်း, သူတပါးကိုမနာလိုခြင်း, ဝန်တိုခြင်း, ကောက်ကျစ်ခြင်း, စဉ်းလဲခြင်း

အစရှိသောယုတ်မာသော တရားအစုမှ၊ အာရုံစ၊ စိတ်ဖြင့်ဝေးစွာရှောင်ကြဉ်ရခြင်းသည်လည်းကောင်း။

[မဟာမင်္ဂလာတရားတော်ကြီး]

(၁၄) ပါပါ-မညာသူ့သက်၊ ညှစ်သတ်ဖျက်တည့်၊ ခိုးဖှက်ဥစ္စာ၊ အိမ်ရာမှောက်မှား၊ မုသားမြွက်ဟ၊ အပါယ်ချသည့်၊ ကမ္ဘကိလေသာ၊ မည်စွာလေးခု၊ မကောင်းမှုမှ၊ အာရုံစ-စိစစ်ဆင်ခြင်၊ အပြစ်မြင်၍၊ ခင်မင်စိတ်ဖော၊ မစောမီအောင် ဝေးစွာရှောင်ခြင်းသည်လည်းကောင်း။

[မင်္ဂလာအလင်း၇၉]

(၁၅) ပါပါ-ရူပါရုံ၊ သဒ္ဒါရုံ၊ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံ ဓမ္မာရုံ၊ ဤသို့အာရုံခြောက်ပါးတို့တွင် အဆင်းဟူသော ရူပါရုံ၊ အသံဟူသော သဒ္ဒါရုံ၊ အနံ့ဟူသော ဂန္ဓာရုံ၊ အရသာဟူသော ရသာရုံ၊ အတွေ့ ဟူသောဖောဋ္ဌဗ္ဗာရုံ၊ ဤအာရုံငါးပါး၌ အလွန်တပ်စွန်းခြင်း လက္ခဏာရှိသော လောဘ စေတသိက်သည် ကာမစ္ဆန္ဒနီဝရဏမည်၏၊အာရုံ၌ကြမ်းတမ်းသဖြင့်ချုပ်ချယ်ခြင်း၊ ကြမ်းတမ်းသဖြင့် စိုးရိမ်ခြင်းလက္ခဏာရှိသော ဒေါသစေတသိက်သည် ဗျာပါဒနီဝရဏမည်၏၊ စိတ်စေတသိက်တို့၏ မခံ့ကျန်းခြင်း၊ငိုက်မြည်းခြင်း-လက္ခဏာရှိသော ထိနမိဒ္ဓစေတသိက်သည် ထိနမိဒ္ဓနီဝရဏမည်၏၊ မတည်ကြည်ခြင်း၊ ပျံ့လွင့်ခြင်း၊ ဒုစ္စရိုက် သုစရိုက်တို့၌ အလိုလိုဖြစ်ခြင်းလက္ခဏာရှိသော ဥဒ္ဓစ္စကုက္ကုစ္စ စေတသိက်သည်ဥဒ္ဓစ္စကုက္ကုစ္စနီဝရဏမည်၏၊ဘုရား၌ယုံမှားခြင်း၊ တရား၌ယုံမှားခြင်း၊ သံဃာ၌ယုံမှားခြင်း၊ သိက္ခာပုဒ်၌ယုံမှားခြင်း၊ ရှေးအစွန်း၌ယုံမှားခြင်း၊ နောက်အစွန်း၌ယုံမှားခြင်း၊ ရှေးအစွန်း နောက်အစွန်း၌ယုံမှားခြင်း၊ ပဋိစ္စသမုပ္ပါဒ်တရားတော်၌ယုံမှားခြင်း ဤရှစ်ပါး၌ ယုံမှားတတ်သော လက္ခဏာရှိသော ဝိစိကိစ္ဆာစေတသိက်သည် ဝိစိကိစ္ဆာနီဝရဏမည်၏၊ ပညာကြိယာ ဆယ်ပါး၊

ခင်ပွန်းကြီးဆယ်ပါး၊ နီဝရဏခြောက်ပါး၊ သူတော်ကောင်းတရားတည်းဟူသော အာရုံကို မိုက်မဲတွေဝေတတ်သော လက္ခဏာရှိသော မောဟစေတသိက်သည် အဝိဇ္ဇာနီဝရဏမည်၏၊ သတ္တဝါအပေါင်းတို့ကို ဝဋ်သုံးပါးမှ နိဗ္ဗာန်အရပ်သို့ တားမြစ် ပိတ်ဆို့တတ်သောကြောင့် နီဝရဏမည်၏၊ လောဘ၊ တဏှာ၊ ရာဂဟူသော ကာမရာဂသံယောဇဉ်၊ ဒေါသဟူသော ပဋိဃသံယောဇဉ်၊ မှန်ကင်းကဲ့သို့ထောင်လွှားတတ်သော မာနသံယောဇဉ်၊ အမြင်မှားခြင်းတည်းဟူသော ဒိဋ္ဌိသံယောဇဉ်၊ ယုံမှားခြင်းတည်းဟူသော ဝိစိကိစ္ဆာသံယောဇဉ်၊ သုဂတိဘဝသို့တောင့်တသော လောဘ ရာဂဟူသောဘဝသံယောဇဉ်၊ နွားတို့၏အကျင့်၊ ခွေးတို့၏ အကျင့်ကိုကျင့်လျှင်၊ သုဂတိဘဝမဂ်ဖိုလ်ကိုရ၏ဟု ယုံမှားသောအားဖြင့် စွဲလမ်း၍ယူခြင်းသည် သီလဗ္ဗတပရာမာသသံယောဇဉ်၊ ငြူစူခြင်းတည်းဟူသော ဣဿာသံယောဇဉ်၊ ဝန်တိုခြင်းတည်းဟူသော မစ္ဆရိယသံယောဇဉ်၊ အရာခပ်သိမ်းတို့၌ မသိမမြင်စေခြင်းငှာ ပညာစက္ခုကို ပိတ်ဖုံးတတ်သော မောဟဟူသော အဝိဇ္ဇာသံယောဇဉ်၊ ဤသို့သံယောဇဉ်ဆယ်ပါး၊ ကာမရာဂါနုသယ၊ ဘဝရာဂါနုသယ၊ ပဋိဃာနုသယ၊ မာနာနုသယ၊ ဒိဋ္ဌာနုသယ၊ ဝိစိကိစ္ဆာနုသယ၊ အဝိဇ္ဇာနုသယ၊ ဤအနုသယခုနစ်ပါးစသည်တို့နှင့်တကွ အဘိဇ္ဈာ၊ ဗျာပါဒ၊ မိစ္ဆာဒိဋ္ဌိတည်းဟူသော မနောကံသုံးပါး၊ ဤမကောင်းမှုတို့မှ၊ ယာအာရတိစ-အကြဉ်ဝေးစွာရှောင်ကြဉ်ရခြင်းသည်လည်းကောင်း။

[ဆင်ပေါင်ဝဲမင်္ဂလတ္ထဒီပနီ ၂၂]

ပွါးများနည်း

မကောင်းသော အာရုံမရှိရာသို့၊ မိမိတို့က ဖဲခွါ၍နေခြင်း၊ မကောင်းသော အာရုံတို့ကို မိမိတို့အနီးအနားသို့ မရောက်လာအောင်ရှောင်ကြဉ်ခြင်းအားဖြင့် အာရတီဟူသော မင်္ဂလာတရားကိုပွါးများကြကုန်ရာ၏။

[မင်္ဂလာအဖွင့်အကျယ်လက်စွဲ ၁၅၀]

မင်္ဂလာမည်ပုံ

(၁) တတော သဗ္ဗာပေ သာအာရတိဝိရတိစ
ဒိဋ္ဌဓမ္မိကသမ္ပရာယိက ဘယဘေရဝပ္ပဟာနာ
ဒိနာနုပ္ပကာရဝိသေသာဓိဂမဟေတုတော
မင်္ဂလန္တိ ဝုစ္စတိ။

တတော-ထိုပါဏာတိပါတအစရှိသည်မှ၊ သဗ္ဗာပိ- အလုံးစုံလည်းဖြစ်သော၊ ဝေသာအာရတိစ-ဤစိတ်ဖြင့်ကြဉ်ခြင်းကိုလည်းကောင်း၊ဝိရတိစ-ကိုယ်နှုတ်ဖြင့်ကြဉ်ခြင်းကိုလည်းကောင်း၊ဒိဋ္ဌဓမ္မိက သမ္ပရာယိက ဘယဘေရဝပ္ပဟာနာဒိနာနုပ္ပ ကာရဝိသေသာဓိဂမဟေတုတော- မျက်မှောက်တမလွန်၌ဖြစ်သော ကြောက်ဖွယ်ဘေးကိုပယ်ခြင်းစသဖြင့်အထူးထူးအပြားပြားသော အကျိုးဝိသေသတို့ကိုရခြင်း၏အကြောင်းဖြစ်သောကြောင့်၊ မင်္ဂလန္တိ-မင်္ဂလာဟူ၍၊ဝုစ္စတိ-ဆိုအပ်၏။

[အဋ္ဌကထာ]

(၂) သူ၏အသက်ကိုသတ်ခြင်းစသော မကောင်းမှုမှဆောက်တည်၍ကြဉ်ရှောင်ခြင်း၊ မဆောက်တည်ဘဲတွေ့သည့်အခါမှ ကြဉ်ရှောင်ခြင်း၊ အကြွင်းမဲ့ ကြဉ်ရှောင် ခြင်းသည် ကောင်းမြတ်သော သုဂတိနိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သောကြောင့် မင်္ဂလာမည်၏။

[မင်္ဂလာသာရလက်စွဲကျမ်း–၁၈၆]

(၃) ပါဏာတိပါတစသော ကံလေးပါးတို့မှ ကြဉ်ခြင်းသည် ပစ္စုပ္ပန်သံသရာ၌ဖြစ်သော ကြောက်မက်ဘွယ်သော ဘယဘေရဝတို့ကို ပယ်ခြင်းအစရှိသော အထူးထူးသော အကျိုးကိုရခြင်း၏ အကြောင်းဖြစ်သောကြောင့် မင်္ဂလာမည်၏။

[ပကိဏ္ဏက ဝိသဇ္ဇနာ-၃-၉၉]

(၄) မကောင်းမှုမှ ကြဥ်ခြင်း၏ အစွမ်းဖြင့် စိတ်ဖြစ်ခြင်းသည် များသော ကျေးဇူးရှိခြင်း၏ အကြောင်းဖြစ်သောကြောင့် မင်္ဂလာမည်၏။

[ညောင်ကန်မင်္ဂလတ္ထဒီပနီ-၂၀]

အာရတီမင်္ဂလာသံပေါက်များ

(က) (၁) မကောင်းမှုများ၊ ဝေးစွာထား၊ ရှောင်ရှားမင်္ဂလာ၊
(၂) လောကီ လောကုတ်၊ ချမ်းသာထုပ်၊ ဖြုပ်အပ်လှတော့သာ၊

[မင်္ဂလတ္ထပုစ္ဆာဝိသဇ္ဇနာ-၂၀]

(ခ) (၁) အပါယ်သွားကြောင်း၊ ဆယ်ပါးပေါင်း၊ မကောင်းအလီလီ။
(၂) စိတ်ကောင်းဖြင့်သာ၊ ဆယ်ပါးပါ၊ ပယ်ခွါအာရတီ၊
(၃) အာရတီလျှင်၊ ဝေးစွာကြဉ်၊ အစဉ်အနက်မှီ၊

[မင်္ဂလတ္ထဒီပက-၂၅]

အာရတီမင်္ဂလာပျို

မြဲမှတ်သေချာ၊ စေ့စေ့နာလော့၊ ပါဏာတိပါတ၊ စသည့်အပြား၊ ငါးပါးရှစ်ပါး၊ ဆယ်ပါးစသည်၊ ခံယူမည်ဟု၊ ဆောက်တည်မရှိ၊ ပကတိဖြင့်၊ ဓိဓိသဘာဝ၊ ဒုက္ခမွလျှင်၊ ပါပညစ်ကျူ၊ မကောင်းမှုကို၊ မပြုမကြိုက်၊ အမျိုးလိုက်လျှင်၊ ကောင်းမြိုက်သဘော၊ ယောနိသောဖြင့်၊ မနောကံသိ၊ အာရတီသီလ၊ တနည်းပြအံ့၊ ဝိတိက္ကမ၊ အရမှီလျှင်၊ ကြိုတင်ရင်၍၊ စိတ်တွင်ဆောက်တည်၊ မနသီသဘော၊ ကုသိုလ်ဇောဖြင့်၊ မနောကံသိ၊ အာရတီသီလ၊ မှတ်ကုန်ကြသည်၊ ဝေးမှရှောင်ကြဥ်ကျင့်သုံးတည်း။

[သံတော်ဆင့် မင်းဦးကျော်ဇေ]

သီဟိုဠ်ကျွန်းဇဂ္ဂနသီတင်းသည်ဝတ္ထု

ဇဂ္ဂနမည်သော သူငယ်တယောက်၏ အမိအား ရောဂါသည် ဖြစ်သတတ်၊ ဆေးသမားသည်လည်း ယုန်သားစိုကို ရခြင်းငှါသင့်၏ဟုဆို၏။

ထိုအခါ ဇဂ္ဂန၏ အကိုက "ညီထွေးဇဂ္ဂန- လယ်တောသို့ သွား၍၊ ယုန်ရှာချေ"ဟု စေလွှတ်လိုက်၏၊ ဇဂ္ဂနလည်း လယ်သို့ သွားသည်ရှိသော်၊ ယုန်တကောင်သည် ကောက်နှံကိုစားအံ့သော ငှါလာ၍ ဇဂ္ဂနကိုမြင်သဖြင့် ပြေးလေရာ၊ နွယ်၌ငြိ၍"ကိရိ"ဟူ သောအသံကိုပြု၏။

ဇဂ္ဂနလည်း အသံကြားရာသို့သွားပြီးလျှင်၊ "အမိ၏ဆေးကိုပြု အံ့ဟုငါဘမ်း၏၊ အကြင်ငါသည် အမိ၏အသက်ကြောင့် သူတပါး၏ အသက်ကိုသတ်ငြားအံ့၊ ဤအသက်မှ သတ်ခြင်းအမှုသည် ငါ့အားမလျောက်ပတ်ဟု"ကြံ၍၊ တော၌ ယုန်တို့နှင့်တကွ မြက်ရေကို စားလေလော့"ဟု ဆိုပြီးလွှတ်လိုက်၏။

ဇဂ္ဂနသည် အိမ်သို့ပြန်လာ၍ အကိုက မေးလတ်သည်ရှိသော် ထိုအကြောင်းကိုပြောဆို၏၊ အကိုသည်ရေရွတ်၏၊ ဇဂ္ဂနလည်း အမိထံသွား၍ "မိခင်-ငါသည် အကြင်အခါမှစ၍ သတ္တဝါတို့ကို စိတ်စေတနာ ရှိသည်ဖြစ်၍ အသက်မှသတ်မိဘူး၏ဟူ၍ မသိ" ဟု သစ္စာဆို၍ တည်၏၊ ထိုခဏလျှင် ဇဂ္ဂနအမိ၏ ရောဂါသည် ပျောက်ကင်းလေ၏။

[ညောင်ကန်မင်္ဂလဒီပနီ-၄၅၂]

၁၉–ဝိရတိပါပါ

အထူးသဖြင့်၊ ရှောင်ကြဉ်သင့်၊ ကင်းလွှင့်ဒုက္ခာ။
[မကောင်းမှုမှ အထူးသဖြင့်ရှောင်ကြဉ်ရခြင်း။]

ဤမင်္ဂလာ၏ အဓိပ္ပါယ်များ

(၁)–ကံကိလေသာဟု ဆိုအပ်သော လေးပါးအပြားရှိသော အကုသိုလ်သည် ပါပ-မကောင်းမှုမည်၏။

[သိင်္ဂါလသုတ်]

(၂)–ကမ္မဒွါရ၏ အစွမ်းအားဖြင့် ကိုယ်နှုတ်တို့ဖြင့် ကြဉ်ခြင်းသည် ဝိရတိမည်၏။

[ညောင်ကန်မင်္ဂလတ္ထဒီပနီ-၄၅၂]

(၃) ဝိရတိနာမ ကမ္မဒွါရဝသေန ကာယဝါစာဟိ
ဝိရမဏံ၊သာစေသာ ဝိရတိနာမ။ ။

ဝိရတိနာမ- ဝိရတိမည်သည်ကား၊ ကမ္မဒွါရဝသေန- ကမ္မဒွါရ၏အစွမ်းအားဖြင့်၊ ကာယဝါစာဟိ-ကိုယ်နှုတ်တို့ဖြင့်၊ ဝိရမဏံ-ကြဉ်ခြင်းတည်း၊ သာစေသာ-ထိုသို့ကြဉ်ခြင်းသည်၊ ဝိရတိနာမ-ဝိရတိမည်၏။

[ခုဒ္ဒကပါဌသုတ္တနိပါတ်-အဋ္ဌကထာ]

(၄)–ဝိရတီတိ ဝိရမဏံ၊ ဝိရမန္တိ ဝါ ဧတာယ သတ္တာတိ ဝိရ
တိ၊ ဧတေနကာယဝစီကမ္မံ ဒဿေတိ။ ။

ဝိရတီတိ-ဝိရတိ ဟူသည်ကား၊ ဝိရမဏံ-အထူးသဖြင့် ကြဉ်ခြင်း၊ ဝါ- တနည်းကား၊ ဧတာယ- ထိုစေတနာဖြင့်၊ သတ္တာ-သတ္တဝါတို့သည်၊ဝိရမန္တိ- အထူးသဖြင့် ကြဉ်တတ်ကုန်၏၊ ဣတိ တသ္မာ-ထို့ကြောင့်၊ဝိရတိ-ဝိရတိမည်၏၊ ဧတေန-ထိုဝိရတိသဒ္ဒါဖြင့်၊ကာယဝစီကမ္မံ-ကာယကံဝစီကံကို၊ ဒဿေတိ-ပြ၏။

[ပရိတ်ကြီးနိဿယ-၂၁]

(၅) ဝိရတီတိ ကာယဒုစ္စရိတ ဝစီဒုစ္စရိတ
အကုသလဓမ္မေ ဝိရမိတဗ္ဗန္တိ အတ္ထော။ ။

ဝိရတီတိ-ဝိရတီဟူသည်ကား၊ ကာယဒုစ္စရိတ ဝစီဒုစ္စရိတ အကုသလဓမ္မေ-ကာယဒုစ္စရိုက်သုံးပါး ဝစီဒုစ္စရိုက်လေးပါးဟု ဆိုအပ်သော အကုသိုလ် တရားတို့ကို၊(ဝါ) ကိုယ်နှုတ်ကြောင့်ဖြစ်သော အကုသိုလ်တရားတို့ကို၊ဝိရမိတဗ္ဗံ-ကြဉ်အပ်၏၊ ဣတိအယံ-ဤသည်လျှင်၊ အတ္ထော– ဝိရတီဟူသောပုဒ်၏ အနက်တည်း၊ (ဝါ)ကိုယ်ကြောင့် နှုတ်ကြောင့်ဖြစ်သော အကုသိုလ်တရားတို့ကို ကြဉ်အပ်သော အနက်တည်း။

[မင်္ဂလာဂဏ္ဌိ-၁၀၀]

(၆)–ပါပါ-အသက် မွေးကြောင်းမဟုတ်ဘဲ သူ့အသက်ကို သတ်ခြင်း ပါဏာတိပါတ၊သူ့ဥစ္စာကိုခိုးခြင်း အဒိန္နာဒါန၊သူ့သားမယားကို ပြစ်မှားခြင်း ကာမေသုမိစ္ဆာစာရ၊ ဟူသော ကာယကံသုံးပါးမှ၊ ဝိရတိစ-သမ္မာကမ္မန္တ ဝိရတိဖြစ်အောင် ရှောင်ကြဉ်ရခြင်းသည်လည်းကောင်း၊(ဝါ)အသက်မွေးကြောင်းမဟုတ်ဘဲမမှန်သောဝတ္ထုကို မှန်ယောင်ဆောင်၍ လှည့်စားခြင်း မုသာဝါဒ၊ သူတပါးအချစ်ကို ပျက်ပြားအောင် ကုန်းတိုက်ခြင်း ပိသုဏာဝါစာ၊ လွှသွားကဲ့သို့ ကြမ်းတမ်းသော စကားကိုဆိုခြင်း ဖရုသဝါစာ၊ မိမိအကျိုးပျက် သူတပါးအကျိုးပျက်၊ အကျိုးမရှိ၊အနက်မရှိသော စကားကိုဆိုခြင်းသမ္ဖပ္ပလာပ ဟူသောဝစီကံလေးပါးမှ၊ဝိရတိစ-သမ္မာဝါစာ ဝိရတိဖြစ်အောင် ကောင်းစွာ ရှောင်ကြဉ်ရခြင်းသည်လည်းကောင်း၊ (ဝါ)အသက်မွေးကြောင်း မဟုတ်သော ဒုစ္စရိုက်(၇)ပါးမှ၊ဝိရတိစ-အထူးသဖြင့် သမ္မာအာဇီဝ ဝိရတိဖြစ်အောင် ရှောင်ကြဉ်ရခြင်းသည်လည်းကောင်း။

[မင်္ဂလသုတ်နိဿယ-၁၆]

(၇)–ပါပါ-ဘဝသုံးပါးသို့ လုံးပါးလိုက်သလို၊ ရိုက်မိစေတတ်သော ပုညာဘိသင်္ခါရ၊ အပုညာဘိသင်္ခါရ၊ အာနေဉ္ဇာဘိသင်္ခါရသုံးစားမှ၊ ပါကျတတ်သော၊ ငါးပါးမှောက်သော ကံကတ္တားငါးဆယ်တို့မှ၊ ယာဝိရတီစ၊-အကြွင်ကာယကံ၊ ဝစီကံဖြင့်လည်း ဝေးစွာရှောင်ကြဉ်ရခြင်းသည့်လည်းကောင်း။

[ရွှေမင်းဝံ၄က်တွင်းဆရာတော်]

(၈)–ပါဏာတိပါတကံ၊ အဒိန္နာဒါနကံ၊ ကာမေသုမိစ္ဆာစာရကံ၊ မုသာဝါဒကံ ဟုဆိုအပ်သောကံ ကိလေသာ ဟူသောတရားတို့သည် ပါပမည်၏၊ထိုပါပတည်းဟူသော မကောင်းမှုတို့၌ ကမ္မဒ္ဓါရ၏ အစွမ်းအားဖြင့် ကြဉ်ခြင်းသည် ဝိရတိမည်၏။

[မင်္ဂလာသာရဒီပနီ-၁၂၄]

(၉)–ပါပါ-မညာသူ့သက်၊ ညှစ်သတ်ဖျက်တည့်၊ ခိုး၄က်ဥစ္စာ၊ အိမ်ရာမှောက်မှား၊မုသားမြွက်ဟာ၊ အပါယ်ချသည့်၊ကမ္မကိလေသာ၊ မည်စွာလေးချ၊ မကောင်းမှုမှ၊ ဝိရတီစ-ကာယဝစီ၊ နှစ်လီကိုယ်နှုတ်၊ ကြမ်းကြုတ်ရူးရူး၊ လွန်မကျူးအောင်၊ အထူးရှောင်ကြဉ်ခြင်းသည်လည်းကောင်း။

[မင်္ဂလာအလင်း-၇၉]

(၁၀) ကိုယ်၏အသက်ကို ငဲ့ကွက်ခြင်းကင်းသောစိတ်ဖြင့် ငါသည်မကောင်းမှုကိုမပြုပြီ၊ ငါ၏အသက်သေသော်သေပါစေ၊ သူ၏အသက်ကိုမသတ်မူ၍ သူ့ဥစ္စာကိုခိုးယူခြင်းစသော အမှုကိုမပြုပြီဟု အထူးသဖြင့်ကြဉ်ရှောင်ရခြင်းသည်လည်းကောင်း။

[မင်္ဂလာ၁၁အမေးအဖြေ-၆]

(၁၁) မကောင်းမှုမှ အထူး ရှောင်ကြဉ်ခြင်း ဆိုသည်ကား မကောင်းမှုကို ကိုယ်ဖြင့်ဖြစ်စေ၊ နှုတ်ဖြင့်ဖြစ်စေ၊ပြုလုပ်ပြောဆိုခြင်းမှ ရှောင်ခြင်းကိုဆိုလိုသည်၊ဝိရတီသဘောကား ကိုယ်နှုတ်နှစ်ပါးဖြင့်ရှောင်ခြင်းတည်း။

[မင်္ဂလာအလင်း၃၀]

(၁၂) ပါပါ-မကောင်းမှု ဒုစ္စရိုက်အပေါင်းမှ၊ ယာဝိရတိ စ-အကြွင်ကာယဒွါရ၊ ဝစီဒွါရဖြင့် ကြဉ်ရခြင်းသည်ရင်း။

[ပရိတ်ကြီးနိဿယ—၃၆]

(၁၃) ဝိရတိစ-ဝစီကာယ၊ ဒွါရနှစ်ထပ်၊ တရပ်ရပ်ဖြင့်၊ မစပ်မကူး၊ မကျူးမိအောင်၊ အထူးရှောင်ရ ခြင်းသည်လည်း ကောင်း။

[မဟာပရိတ်တော်ကြီးနိဿယသစ်]

ဝိရတိ-၃ပါး

(၁) သမ္ပတ္တဝိရတိ၊
(၂) သမာဒါနဝိရတိ၊
(၃) သမုစ္ဆေဒဝိရတိ၊

မိမိ၏ဇာတိအမျိုးအနွယ်ကို ဆင်ခြင်သဖြင့် ဤကဲ့သို့သော ပါဏာတိပါတအစရှိသော မကောင်းမှုကိုပြုခြင်းသည် ငါ့အား မလျောက်ပတ် ဟူ၍ ရောက်လာသော ဝတ္ထုမှ ကြဉ်ရှောင်ခြင်း သည် သမ္ပတ္တဝိရတိ မည်၏။

သိက္ခာပုဒ်တို့ကို ဆောက်တည်၍ ကြဉ်သောဝိရတိသည် သမာဒါနဝိရတိမည်၏။

အရိယာမဂ်ဉာဏ်ကို ရသည်မှစ၍ ပါဏာတိပါတစသော ဝေရငါးပါးတို့ကို သဘောအားဖြင့်ပင် ပြုလိုသောစိတ်မရှိ၊ အရိယာမဂ်ဉာဏ်နှင့်ယှဉ်သောဝိရတိသည် သမုစ္ဆေဒဝိရတိမည်၏။

[ခုဒ္ဒကပါဌသုတ္တနိပါတ်အဋ္ဌကထာ]

ဤဝိရတိသုံးပါးတွင် သမာဒါနဝိရတိကိုသာလျှင် သီလအရာ ဖြစ်သည်ဟု ယူဆပေ၏၊ သမ္ပတ္တဝိရတိနှင့် သမုစ္ဆေဒဝိရတိတို့ ကား လောက၌ ဝေါဟာရအားဖြင့် သီလဟုမထင်ရှား။

[ပဋ္ဌာန်းအဋ္ဌကထာ]

ကံလေးပါးကိုသာယူအပ်၏

ဤအာရတိဝိရတိပါပါဟူသောပုဒ်၌ ပါပါဟူသောအပါဒ်နှင့်ကို ထောက်၍ အာရတိ ဝိရတိ၏အရကို ပါဏာတိပါတစသော ကံလေးပါးကိုသာယူအပ်၏၊ အဘယ်ကြောင့် နည်းဟူမူ၊ သုရာ မေရယကိုကား မဇ္ဇပါနာစသံယမောဟု အသီးအခြား မင်္ဂလာ တပါးဟောတော်မူသောကြောင့်တည်း။

[ပကိဏ္ဏကဝိသဇ္ဇနာ-၃၉၉]

ကံလေးပါး၏အပြစ်များ

(၁) ပါဏာတိပါတ်၊သူ့သက် သတ်က၊ချူလတ် အင်္ဂါ၊မွဲပြာ ရုပ်သွင်၊ အားအင်ယိုယွင်း၊လျင်ခြင်းလည်းဝေး၊ဘေးရန်ကြောက် တတ်၊ အသတ်ခံရာ၊အနာပေါလျက်၊ခြွေရံပျက်၍၊ အသက်တိုလျှ၊ ဖြစ်များလှသည်။ ။ရှောင်ကအပြန်အကျိုးတည်း။

(၂) သူများဥစ္စာ၊ခိုးယူပါမူ၊ဥစ္စာနည်းမွဲ၊ဆင်းရဲတော်ဘိ၊ လိုရှိ မရ၊ ဘောဂပျက်စီး၊ ရေမီးသူခိုး၊ မွေခံဆိုးနှင့်၊ ဘေးမျိုးအပြား၊ ရန်မျိုးငါးကြောင့်၊ပျက်ပြားဥစ္စာ၊ဆုတ်ယုတ်စွာသည်။ ။ရှောင်ကာ အပြန်အကျိုးတည်း။

(၃) သူ့သားမယား၊ လွန်ပြစ်မှားမူ၊ ရန်းငြားသူပွါး၊ ရန်သူ များ၍၊ ရှားပါးလာဘ်တိတ်၊ ချမ်းသာဆိတ်၏၊ ဇာတ္တိပဏ္ဍုက်၊ မျိုးယုတ်ခါခါ၊မျက်နှာမလှ၊ အရှက်ရ၍၊လက္ခဏာဇာနွေ့၊ ယွင်းသွေ့ ချိုသိမ်၊ စိုးရိမ်များစွာ၊ချစ်သူကွာသည်။ ။ရှောင်ကာအပြန်အကျိုး တည်း။

(၄) မုသာစကား၊ ဆိုမိငြားမူ၊စကားမပြေ၊ သွားမညီတည်း၊ ပုပ်ညှိပါးစပ်၊ချောက်ကပ်ကိုယ်ရေ၊ဇာနွေ့နောက်၊ ပုံယွင်း ဖေါက် ၍၊မရောက်အာဏာ၊ နှုတ်လျှာကြမ်းထော်၊လျှပ်ပေါ် လော်လီ၊စိတ် မတည်သည်။ ။ရှောင်ကြည်အပြန်အကျိုးတည်း။

[မဟာဝိသုဒ္ဓါရုံဆရာတော်]

ကံလေးပါးရှောင်ခြင်း၏အကျိုးများ

သူ၏အသက်ကိုသတ်ခြင်းမှ ကြဉ်ရှောင်ခြင်း၏အကျိုးကား

(၁) အင်္ဂါကြီးငယ်လုံးရပ် သဏ္ဌာန်နှင့်ပြည့်စုံခြင်း။
(၂) သန့်ရှင်းစင်ကြယ် ရှုချင်ဘွယ်သောအဆင်းရှိခြင်း။
(၃) ရဲရင့်ခြင်း။
(၄) ခွန်အားကြီးခြင်း။
(၅) သူတပါးလုံ့လနှင့်မသေရခြင်း။
(၆) အခြံအရံများခြင်း။
(၇) အနာရောဂါနည်းပါးခြင်း။
(၈) မြတ်နိုးချစ်ခင်ကုန်သောသူတို့နှင့် မကွေကွင်းရခြင်း။
(၉) အသက်ရှည်ခြင်း။
စသည်တို့တည်း။

သူတပါးဥစ္စာကို နိုးယူခြင်းမှ ကြဉ်ရှောင်ခြင်း၏ အကျိုး ကား

(၁) ဥစ္စာစည်းစိမ်နှင့်ပြည့်စုံခြင်း။
(၂) ဖြစ်ပြီးသောဥစ္စာစည်းစိမ်သည် မြဲမြံစွာတည်ခြင်း။
(၃) အလိုရှိသော စည်းစိမ်ဥစ္စာရလွယ်ခြင်း။
(၄) ရေ, မီး, မင်း, ခိုးသူ, မချစ်မနှစ်သက်သောအမွေခံတို့နှင့် မဆက်ဆံသောစည်းစိမ်ရှိခြင်း။

မမြတ်သောမေထုန်အကျင့်ကို ကျူးလွန်ဖြစ်မှားခြင်းမှ ကြဉ်ရှောင်ခြင်း၏ အကျိုးကား

(၁) ရန်ကင်း၍ လူခပ်သိမ်းတို့မြတ်နိုးခြင်း။
(၂) ချမ်းသာစွာအိပ်ရခြင်း၊ နိုးရခြင်း၏ အဖြစ်ကိုရခြင်း။
(၃) အပါယ်ဘေးမှကင်းလွတ်သည်၏ အဖြစ်ကိုရခြင်း။
(၄) မိန်းမအဖြစ် နပုံးပဏ္ဍုက်အဖြစ်မှ လွတ်ကင်းခြင်း။

(၅) ဆုံးဖြတ်ရှိ၍ ယောကျ်ားမိန်းမတို့ချစ်ခြင်း။
(၆) ကြောင့်ကြခြင်းကင်း၍ ချမ်းသာစွာနေရခြင်း။– စသည်တို့တည်း။

မဟုတ်မမှန်ပြောဆိုခြင်းမှ ကြဉ်ရှောင်ခြင်း၏ အကျိုးကား

(၁) အထူးသဖြင့် ကြည်လင်သန့်ရှင်းသော စက္ခုစသော ဣန္ဒြေရှိသည်ဖြစ်ရခြင်း။
(၂) ညီညွတ်ပြေစင်သောသွားရှိခြင်း။
(၃) မဆူလွန်း၊မကြုံလွန်း၊မနိမ့်လွန်း၊မမြင့်လွန်းသော ကိုယ်ကာယရှိခြင်း။
(၄) ကြာညိုပွင့်အနံ့ကဲ့သို့ မွှေးကြိုင်ထုံသင်းသော ခံတွင်းနံ့ရှိခြင်း။
(၅) မိမိစကားကို နာယူသော ကျေးကျွန်ခြွေရံ ပရိသတ်ရှိသည်၏ အဖြစ်ကိုရခြင်း။-စသည်တို့တည်း။

[လောကုတ္တရာ အခြေပြကျမ်း-၁၇]

မင်္ဂလာမည်ပုံ

(၁)–သူ၏ အသက်ကို သတ်ခြင်း စသော မကောင်းမှုမှ ဆောက်တည်၍ ကြဉ်ရှောင်ခြင်း၊ မဆောက်တည်ဘဲ တွေ့ကြုံသောအခါမှ ကြဉ်ရှောင်ခြင်း၊ အကြွင်းမဲ့ကြဉ်ရှောင်ခြင်း စသည်တို့မှာ ကောင်းမြတ်သော သုဂတိ နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သောကြောင့် မင်္ဂလာမည်၏။

[မင်္ဂလာသာရလက်စွဲ-၁၈၆]

(၂)-ပါဏာတိပါတ၊ အဒိန္နာဒါန၊ ကာမေသု မိစ္ဆာစာရတည်းဟူသော ကာယဒုစ္စရိုက်သုံးပါး၊ မုသာဝါဒ၊ ပိသုဏာဝါစာ၊ ဖရုသဝါစာ၊ သမ္ဖပ္ပလာပတည်းဟူသော ဝစီဒုစ္စရိုက်လေးပါး

ပေါင်းသုနစ်ပါးသောတရားတို့မှ၊ အကြွင်းအထူးသဖြင့် ကြည်ရှောင်ရခြင်းသည်လည်း-မင်္ဂလာမည်၏။

[ဆင်ပေါင်ခွဲမင်္ဂလဋ္ဌဒီပနီ-၂၄]

ဝိရတီသံပေါက်

က (၁) မကောင်းမှုများ၊ ဝေးစွာထား၊ ရှောင်ရှားမင်္ဂလာ။

(၂) ကိုယ်နှုတ်နှလုံး၊ သုံးပါးလုံး၊ အဆုံးရှောင်ကြဉ်ရာ။

(၃) လောကီ လောကုတ်၊ ချမ်းသာထုပ်၊ မြုပ်အပ်လှ တော့တာ။

[မင်္ဂလဋ္ဌပုဏ္ဏာဝိသဇ္ဇနာ-၂၈]

ခ (၁) ကာယကံသုံးပါး၊နှင့်မုသား၊ပယ်ရှားယုတ်လေးလီ။

(၂) ကိုယ်နှုတ်ဖြင့်သာ၊ ဤပါပါ၊ ရှောင်ခွါဝိရတီ။

(၃) ဝိရတိနက်၊ ကြဉ်ခြင်းထွက်၊ တချက်ပါဌ်အညီ။

(၄) ဝိရတီမှာကား၊သုံးသွယ်ပြား၊ ပိုင်းခြားအလီလီ။

(၅) သမ္ပတ်-သမာဒါန်၊ သမုစ္ဆေဒ၊ သုံးဝပြားပြန်ပြီ။

(၆) အတွေ့ရှောင်တတ်၊ အခေါင်မြတ်၊ သမ္ပတ္တဝိရတီ။

(၇) သိက္ခာပဒ၊ ဆောက်တည်က၊ သမာဒါနဝိရတီ။

(၈) မဂ်ဖြင့်စင်းချတ်၊ အရှင်းဖြတ်၊သမုစ္ဆေဒဝိရတီ။

(၉) လောကုတ်လောကီ၊ ဝိရတီ၊ နှစ်လီကွဲပြန်ပြီ။

(၁၀) ထိုနှစ်မျိုးတွင်၊ လောကုတ်လျှင်၊ စင်ကြယ်မပျက်ပြီ။

(၁၁) လောကီမှာဝယ်၊ ရံခါပြယ်၊ စင်ကြယ်မဖြစ်ပြီ။

(၁၂) ဝိရတီပါပါ၊ အဖြာဖြာ၊ ကျမ်းလာအဖွင့်ညီ။

[မင်္ဂလဋ္ဌဒီပက-၂၆]

မင်္ဂလာပျို့

စာရိတ္တသီ၊ ဝါရိတ်ညီလျက်၊ ဝစီကာယ၊ နှစ်ဌာနဖြင့်၊ ဇီဝဟေတု၊ မငဲ့ရှုတည့်၊ ကုသလဟု၊ ဉာဏသမုတ်၊ သမ္ပယုတ်ဖြင့်၊ ကိုယ်နှုတ်နှစ်ပါး၊ ဆောက်တည်ငြားက၊ သုံးပါးဝိရတီ၊ ပြည့်စုံပြီတည့်၊

စေတီဘခန်း၊ အမြတ်နှန်းသည် ၊ရဟန်းရှင်လူ၊ သစ်ပင်မှုလည်း၊ ခံယူအပ်စွ၊ ကျင့်သီလကား၊ ပဥ္စအဋ္ဌ၊ ဒသစသည်၊ မျိုးမည်အင်္ဂါ၊ ဆောက်တည်ရာ၏၊ သမာဒါန၊ သမ္ပတ္တနှင့်၊ သမုစ္ဆေဒဝိရတိ၊ ယင်းသုံးလီတွင်၊ စုံညီအင်္ဂါ၊ အစဉ်လာသည်၊ သိက္ခာမျိုးမည်၊ ကျင့်အံ့သည်လျှင်၊ ဆောက်တည်ခံယူ၊ ဤမှုခြင်းရာ၊ သမာဒါန။ ။ ထိုပြင်မှလည်း၊ သီလမည်ရည်၊ မဆောက်တည်ဘဲ၊ မျိုးမည်သရိုက်၊ ဇာတိလိုက်ဖြင့်၊ ရောက်ကြုံက်ဝတ္ထု၊ မကောင်းမှုကို၊ မပြုရှောင်ထ၊ သမ္ပတ္တတည့်၊ အရိယမဂ်၊ စိတ္တက္ခဏ၊ တချက် မျှဖြင့်၊ ယှဉ်ထမယုတ်၊သမုစ္ဆေဒ၊ ပျက်ရမရှိ၊အဓိသီလာ၊ သိက္ခာတပါး၊ မြဲမှတ်သားသည်။ ။သုံးပါးဝိရတိ–မှတ်ထုံးတည်း။

[သံတော်ဆင့်မင်းဦးကျော်ဧ]

ဝတ္ထုသက်သေသာဓကများ

ဥတ္တရဝဍ္ဍမာနရွာ နေ သီတင်းသည်-ဝတ္ထု။

သီတင်းသည် တယောက်သည် အမ္ဗတိဿကျောင်း၌ သီတင်းသုံးနေသောပိဂ်လဗ္ဗဒ္ဓရက္ခိတမထေရ်၏အထံ၌ သိက္ခာပုဒ်ကိုယူ၍ လယ်ထွန်သွား၏၊ နွားပျောက်လတ်သော် နွားရှာလိုသဖြင့် ဥတ္တရဝဍ္ဍမာန တောင်သို့ တက်သတတ်၊ ထိုတောင်ထက်၌ပင် သီတင်းသည်အား တကောင်သော စပါးကြီးမြွေသည်ဘမ်း၏၊ သီတင်းသည်လည်း မိမိတွင်ပါသော ထက်စွာသောပဲခွပ်ဖြင့် စပါးကြီးမြွေ၏ ဦးခေါင်းကို ဖြတ်အံ့ဟုကြံ၍တဖန် အကြင်ငါသည် ပွါးစေအပ်သော အလေးအမြတ် ပြုအပ်သောမထေရ်၏အထံ၌ သိက္ခာပုဒ်ကိုယူ၍ပျက်ပြားအံ့၊ ထိုပျက်စီးခြင်းအမှုသည် ငါ့အားမလျောက်ပတ်ဟူ၍ သုံးကြိမ်တိုင်တိုင်ကြံပြီးမှ ငါ့အသက်ကိုစွန့်အံ့၊ သိက္ခာပုဒ်ကို မစွန့်ဟု မိမိတွင်ပါသော ထက်ဝက်သော အရိုးတပ်သော ပဲခွပ်ကို တော၌လွှတ်ပစ်လေလျှင် စပါးကြီးသည်လည်း တခဏခြင်း လွှတ်လေ၏။

[ညောင်ကန်မဂ်လတ္ထဒီပနီ-၄၅၅]

ပါဏာတိပါတကံနှင့်သက်ဆိုင်သောဝတ္ထုများ

(၁)–နန္ဒသွားသတ်သမားဝတ္ထု။
[ဓမ္မပဒ]

(၂)–ဆိတ်သတ်သမားဝတ္ထု။
[ဧကနိပါတ်ဒုတိယဝဂ်မတကဘတ္တဇာတ်အဋ္ဌကထာ]

(၃)–ယောက္ခမကိုသတ်သောချွေးမဝတ္ထု။
[မင်္ဂလတ္ထဒီပနီကျမ်း-၅၁၅]

(၄)–အဘကိုရန်ပြုသောသား၏အတိတ်ဝတ္ထု။
[နဝကနိပါတ်ပဒကုသလဇာတ်]

အဒိန္နာဒါနကံနှင့်သက်ဆိုင်သောဝတ္ထုများ

(၁)–သီလကိုစမ်းသောပုဏ္ဏား။
[ဧကနိပါတ်-နဝမဝဂ်-သီလဝိမံသကဇာတ်-အဋ္ဌကထာ]

(၂)–ကုဟကဝတ္ထု။
[ကုဟကဇာတ်-အဋ္ဌကထာ]

ကာမေသုမိစ္ဆာစာရကံနှင့်သက်ဆိုင်သောဝတ္ထုများ

(၁) ဒု-သ-န-သော၊သူဌေးသားလေးဦးဝတ္ထု။
[စတုက္ကနိပါတ်-ဒုတိယဝဂ်-လောဟကုမ္ဘီဇာတ်]

(၂) မိစ္ဆာစာရကိုကျင့်သောဘီလူးမဝတ္ထု။
[မင်္ဂလတ္ထဒီပနီကျမ်း-၅၁၁]

မုသာဝါဒကံနှင့်သက်ဆိုင်သောဝတ္ထုများ

(၁) မုသားဆိုသောယောကျ်ားဝတ္ထု။
[စတုက္ကနိပါတ်-တတိယဝဂ်-ကဏ္ဍရီဇာတ်-အဋ္ဌကထာ]

(၂) အကာလဖလမန္တရားတတ်သူဝတ္ထု။
[တေရသနိပါတ်-အမ္ဗဇာတ်-အဋ္ဌကထာ]

(၃) မုသားဆိုသောအစေလကဝတ္ထု။

[ကရမ္ဗိယ-အစေလကဝတ္ထု]

(၄) သူဌေးသားသုံးဦးဝတ္ထု။

[တိကနိပါတ်-ဒုတိယဝဂ် ပဒုမဇာတ်-အဋ္ဌကထာ]

(၅) ကိန္နရာဝတ္ထု။

[တေရသနိပါတ်-ကဏ္ဍရိယဇာတ်-အဋ္ဌကထာ]

(၆) စေတိယမင်းဝတ္ထု။

[စတုက္ကနိပါတ်-ကဏ္ဍရူဇာတ်-အဋ္ဌကထာ]

၂၀–မင်္ဂလပါနာဝစ သံယမော

မေရာငါးပါး၊သုရာမျိုး၊သောက်စားမပြုရာ။

[သေအရက်တို့ကိုသောက်စားခြင်းမှ ကောင်းစွာရှောင်ကြဉ်ခြင်း]

မင်္ဂလ အဓိပ္ပါယ်

(၁)–တဒုဘယမေဝ မဒနီယဋ္ဌေန မင်္ဂလံ။
ယံဝါပန ညံ့ကိဉ္စိ အတ္ထိ မဒနီယံ၊ ယေန ပိတေန
မတ္တော ဟောတိ ပမတ္တော၊ ဧတံ ဝုစ္စတိ မင်္ဂလံ။ ။

တဒုဘယမေဝ- ထိုသုရာမေရယနှစ်ပါးတို့၏ အပေါင်းသည် သာလျှင်၊ မဒနီယဋ္ဌေန- ယစ်စေတတ်သော သဘောကြောင့်၊ မင်္ဂလံ- မင်္ဂလမည်၏၊ ပိတေန-သောက်အပ်သော၊ယေန- အကြင်ဝတ္ထု ကြောင့်၊ မတ္တော-ယစ်သည်၊ ဟောတိ-ဖြစ်၏၊ ပမတ္တော-အပြား အားဖြင့်ယစ်သည်၊ ဟောတိ-ဖြစ်၏၊အညံ့-သုရာငါးပါး မေရယ ငါးပါးမှ တပါးသော၊ ကိဉ္စိ- တစုံတခုသော၊ ယံဝါပနမဒနီယံ- အကြင်ယစ်စေတတ်သော ဘိန်းဘင်းဟူသောဝတ္ထုသည်လည်း၊ အတ္ထိ- ရှိ၏၊ ဧတံ- ဤသို့ဆိုအပ်ပြီးသော ယစ်မျိုးအပေါင်းကို၊ မင်္ဂလံ- မင်္ဂလဟူ၍၊ ဝုစ္စတိ–ဆိုအပ်၏။

[ခုဒ္ဒကပါဌ–အဋ္ဌကထာ]

(၂)–တံသဗ္ဗံ ဒသဝိဓမ္ပိ မဒကရဏဝသေန
မင်္ဂလံ၊ပိဝန္တံ မဒယတိ တိ ကတွာ။ ။

ဒသဝိဓမ္ပိ–ဆယ်ပါးအပြားရှိသည်လည်းဖြစ်သော၊ တံသဗ္ဗံ– ထိုအလုံးစုံသော သုရာမေရယ ဟူသော ယစ်မျိုးသည်၊ မဒက ရဏဝသေန–ယစ်ခြင်းကိုပြုတတ်သည်၏ အစွမ်းဖြင့်၊ မင်္ဂလံ–မင်္ဂလ မည်၏၊ ပိဝန္တံ–သောက်သောသူကို၊ မဒယတိ–ယစ်စေတတ်၏၊ ဣတိကတွာ ဣမိနာကာရဏေန–ဤသို့သော အကြောင်းကြောင့်၊ မင်္ဂလံ– မင်္ဂလမည်၏။

[အဋ္ဌကထာနှင့်တကွသော သိဂါလသုတ်ဋီကာ]

(၃) တဒေဝ ဥဘယံ၊ယံဝါပန ညံ့ပိ သုရာသဝ ဝိနိမုတ္တံ မဒနီယံ။

တဒေဝဥဘယံ–ထို သုရာမေရယ နှစ်ပါး သည်လျှင်လည်း ကောင်း၊ သုရာသဝဝိနိမုတ္တံ–သုရာငါးပါး မေရယငါးပါးမှလွတ် သော၊အညံပိ– တပါးလည်းဖြစ်သော၊ ယံဝါပနမဒနီယံ–အကြင် ယစ်မျိုးသည်လည်းကောင်း၊ မဇ္ဇံ– မဇ္ဇမည်၏။

[သံယုတ္တမဟာဝဂ် အာဓမကစညပေယျာလအဋ္ဌကထာ]

(၄) မူးရူးယစ်ဝ၊ ဖြစ်စေကာ၊ မဇ္ဇကြောန်ခေါ် ။

[မင်္ဂလတ္ထဒီပက-၂၀]

(၅) ယစ်မျိုးဟူသည်ကား- မူးယစ်စေတတ်သော ဘိန်း, ဘင်း,ကိုကင်း,ဂဇော်,လှော်စာ,အရက်စသောအရည်မျိုးအခဲမျိုး အမှုန့်မျိုးတို့တည်း။

[မင်္ဂလာအလင်း-၃၀]

ဤမင်္ဂလာ၏အစိပ္ပါယ်များ

(၁)–အပြစ်ကိုဖြစ်စေတတ်သောသုရာငါးပါး,မေရယငါးပါး တို့ကိုရှောင်ကြဉ်ခြင်းသည် မဇ္ဇပါနာစသံယမော မင်္ဂလာမည်၏။

[ပရိတ်ကြီးဂဏ္ဌိ-၅၁]

(၂)–မဇ္ဇပါနာစသံယမော ဟူသည်ကား- ယစ်စေတတ်, မေ့ လျော့စေတတ်, မူးစေတတ်, တွေဝေစေတတ်, ရိုက်စေတတ်, ရူးစေတတ်သော မေရယငါးပါးတို့ကို သောက်စားခြင်းမှ ကြဉ် ရှောင်ခြင်းပေတည်း။

[မင်္ဂလာ ဂဏ္ဌိ-၁၀၁]

(၃)–မဇ္ဇပါနာ- ထိုင်းမှိုင်း တွေဝေခြင်း, ယစ်ခြင်း, မေ့လျော့ ခြင်းကိုဖြစ်စေတတ်သော မုန့်ညက်ဖြင့်ပြုလုပ်အပ်သော ပိဋ္ဌသုရာ၊ မုန့်စိုင်ဖြင့်ပြုလုပ်အပ်သော ပူပသုရာ၊ ထမင်းဖြင့် ပြုလုပ်အပ်သော ဩဒနသုရာ၊ စပါးစသည်ဖြင့်ထည့်၍ ပြုလုပ်အပ်သော ကိဏ္ဏ ပက္ခိတ္တသုရာ၊ အဖန်အခါး သျှစ်သျှားစသည်ကိုရောနှော၍ ပြုလုပ်

အပ်သော သင္ခါရသံယုတ္တသုခါဟူသောသုရောင်ါးပါး၊ ပန်းပွင့်ရေဖြင့် ပြုလုပ်အပ်သော ပုပ္ဖာသ၀၊ အသီးရေဖြင့် ပြုလုပ်အပ်သော ဖလာသ၀၊ မုဒ္ဒရက်ရေစသည်ဖြင့် နယ်၍ ပြုအပ်သော မဓွါသ၀၊ တင်လဲစသည်ဖြင့်ပြုအပ်သောဂုဠာသ၀၊ အပွင့်အသီးရေဖြင့်ပြုအပ်သော သင္ခါရသံယုတ္တတည်းဟူသော မေရယငါးပါး၊ ဤ (၁၀) ပါးသောယစ်မျိုးတို့ကိုသောက်ခြင်းမှ၊ ယောသံယမောစ-အကြင်စောင့်စည်းရခြင်းသည်လည်းကောင်း။

[မင်္ဂလသုတ်ဋီကာ-၆၉]

(၄)—မဇ္ဇပါနာ-သုရာမေရ၊ ငါးပါးစသား၊ ယစ်မျိုးများကို သောက်စားခြင်းမှ-သံယမောစ-စောင့်ရှောက် ထိန်းသိမ်းရခြင်း သည်လည်းကောင်း။

[မင်္ဂလသုတ်မိတ်လင်စုံ-၁၃]

(၅)—မဇ္ဇပါနာ-ယစ်စရာဟု၊မှတ်ပါမှုံသေ၊မှုံညက်သေတည့်၊ ထွေထွေရောစပ်၊ ပြုအပ်သည့်သေ၊ ထမင်းသေနှင့်၊ သေတဆေး ခပ်၊ ယစ်စေတတ်သည်၊ မှတ်လောသုရာ၊ ငါးပါးလာ၍၊ ပြုကာ သီးပွင့်၊ တဖျင့်တင်လဲ၊တကွဲမယ်ဇယ်၊သွယ်သွယ်ရောစု၊ ပြုသည့် အရက်၊ဤငါးချက်မှာ၊ ခေါ်မြွက်မေရယ၊ ခုကာလ၌၊ခေါ်ကြမ ယွင်း၊ ဘိန်းဘင်းကဖော်၊ ဖျော်စာအရက်၊ တချက်မာဖီယား၊ တခြားကိုကင်း၊ မျှားခြင်းအမည်၊ အတည်တည်သောယစ်မျိုးကို၊ နှံ့ထိုးရှုရှိုက်၊ မျိုကျိုက်သောက်စားခြင်းမှ၊ သံယမောစ-ဆန္ဒမ သည်း၊စိတ်ချုပ်တည်း၍၊စောင့်စည်းခြင်းသည်ရင်း။

[မင်္ဂလာအလင်း-၇၉]

(၆)—မဇ္ဇပါနာ-ယစ်မူးမေ့လျော့ အော့အန်စေတတ်သော သုရာငါးပါး၊ မေရယငါးပါးကိုသောက်စားခြင်းမှ၊ ယောသံယမော စ- အကြင်တရုတဝေး သောက်ဘော်သွေးလည်း၊ ဝေးစွာရှောင် ကြဉ်ရခြင်းသည်လည်းကောင်း။

[ရွှေမင်းဝံ ၄က်တွင်းဆရာတော်]

သုရာ ၅-ပါး

(၁) ပိဋ္ဌသုရာ-မုံ့ညက်ဖြင့်ပြုသောသေ၊
(၂) ပူပသုရာ-မုံ့ဖြင့်ပြုသောသေ၊
(၃) ဩဒနသုရာ-ထမင်းဖြင့်ပြုသောသေ၊
(၄) ကိဏ္ဏပက္ခိတ္တသုရာ-တဆေးထည့်၍ပြုလုပ်သောသေ၊
(၅) သမ္ဘာရသံယုတ္တသုရာ-သဖန်းခါး စသော အဆောက်အဦနှင့်ယှဉ်သော သေ၊

သုရာ ၅-ပါးသံပေါက်

(၁) ပိဋ္ဌပူပ၊ဩဒန၊ကိဏ္ဏ-သမ္ဘာရာ၊
(၂) မုံ့လုံးညက်မင်း၊ ဆေးစေ့သွင်း၊ ငါးတွင်းသုရာသာ။
(၃) သုရာငါးပါး၊မြဲမှတ်သား၊စကားသင်္ခေပါ။

မေရယ ၅-ပါး

(၁) ပုပ္ဖါသဝေါ-ပန်းပွင့်ရည်ဖြင့်ပြုသောအရက်၊
(၂) ဖလာသဝေါ-သစ်သီးရည်ဖြင့်ပြုသောအရက်။
(၃) မဓွာသဝေါ-ပျားရည်ဖြင့်ပြုသောအရက်။
(၄) ဂုဠာသဝေါ-ကြံရည်စသည်ဖြင့်ပြုသောအရက်၊
(၅) သမ္ဘာရသံယုတ္တော-တိဖလစသော အဆောက်အဦနှင့် ယှဉ်သောအရက်။

မေရယ ၅-ပါးသံပေါက်

(၁) ပုပ္ဖါ-ဖလ၊ဂုဠာသ၊မဓု-သမ္ဘာရာ၊
(၂) သီး-ပွင့်-ကြံ-ပျား၊ဆေးအများ၊ငါးပါးမေရယာ။
(၃) ငါးမည်ဓမ္မ၊မေရယ၊မှတ်ကြသေချာစွာ။

လုံ့လမပြုရသည် ၃-ပါး

(၁) အပါယ်လေးပါး လားရာသော အကြောင်းများ။
(၂) သေသောက်စားခြင်း။
(၃) သူ့အိမ်ရာသို့ လည်ပတ်နေထိုင်ခြင်း။

ကံ ၅-ပါးတွင်အပြစ်အကြီးဆုံး

ပဉ္စင်္ဂသီလတွင် သိက္ခာငါးပါး တပေါင်းတည်း ဖြစ်လျက် သုရာမေရယကို မင်္ဂလာဝါနာစ သံယမောဟု မင်္ဂလာတရားတပါး သီးခြားဟောတော်မူသည်မှာ သုရာမေရယကံသည် ပါဏာတိပါတ စသောလေးပါးသောကံတို့ထက် မဟာ သာဝဇ္ဇဖြစ်၍ အပြစ်သာလွန်သောကြောင့် ဟောတော်မူသည်ဟု မှတ်ရာ၏။

အဝိစေတ္တ သုရာမေရယမဇ္ဇပမာဒဋ္ဌာနမေဝမဟာသာဝဇ္ဇံ၊နတထာပါဏာတိပါတာဒယော၊ကသ္မာ၊မနုဿဘူတဿာပိ ဥမ္မတ္တက ဘာဝသံဝတ္တနေန အရိယဓမ္မန္တရာယကရဏတော-ဟုခုဒ္ဒကပါဌ သိက္ခာပဒသုတ်အဘွင့်အဋ္ဌကထာ၌ပါသည်။

[ပရိတ်ကြီးဂဏ္ဌိ-၅၁]

သုရာပါနမှာအညာသာပင်

သုရာပါနအမှုသည် အလုံးစုံသောဒုစ္စရိုက်တရားတို့၏ အညာနှင့်တူလေသည်၊ သစ်ပင်တို့၌ အညာမှ အသီးသီးလာသကဲ့သို့ သုရာပါနအမှုကို ပြုသောသူမှာ မည်သည့်ဒုစ္စရိုက် မျိုးကိုမဆို လွယ်ကူစွာနှင့် ပြုလုပ်ဖြစ်မြောက်နိုင်လေတော့သည်၊ ဗာရာဏသီမင်းသည် သုရာသောက်စားမူးယစ်ခြင်းကြောင့် မိမိ၏ရင်သွေး သားရတနာကို မညှာမတာ ရက်စက်စွာ သတ်ဖြတ်စားဘူးသောထုံးရှိလေသည်။

[သုရာပါနဝိနိစ္ဆယကျမ်း-၂]

အသောက်သမားတို့မှောက်မှားပုံလေးဘဝကို ရေးပြသော-တေးထပ်

မောင်မောင့်ကို သနားလှလေတော့၊ တရေးမှရစေ၊ မှားသမျှ ဘဝတွေကို၊ပြမလေမှတ်သား။ ။(၁) သောက်ခါစဘဝင်သွေး ချန်တယ်၊ ယဉ်ကျေးပုံ ဒေါင်းဌက်အလား။ ။(၂) နောက်တ ကြော့ သောက်မပေါ့လောပြန်လျှင်၊ သဘောညဏ်အမှား၊ ဒေါ သမာန် စိတ်ကြွားလို့၊ အဟိတ်ကျားပမာ။ ။(၃) နောက်ထပ် မံ မျိုခါဝလျှင်ဖြင့်၊ ကိုယ်ကာယဖိန်းတဲ့လိုလာ၊ ။မူးပြီမို့မထိန်း နိုင်ရှာပြီ၊ ယိမ်းယိုင်ခါ ဟာန်ပျော့၍၊ လန်ကော့ကော့ဝေါ့-ဗွီ- အံကာ-အော့ညှီနံစွာ။ ။မစင်ကြိုက်ဝက်ပမာလို၊ သွက်သွက်ခါ လူးချည်ငဲ့လေး။ ။(၄) အစဉ်မြိုက်တဲ့နရက်ရွာမှာ၊မတက်သာ ပြီဘူးကွဲ့လေး။ ။

[မန္တလာ-မောင်မှိုင်း]

သုရာသောက်စားခြင်း၏အပြစ် ၆—ပါး

(၁) သံဒိဋ္ဌိကာဓနဇာနိ— လူမှန်းမသိ၊ ယစ်မူးဘိလျှင်၊ ရောက်မိရောက်ရာ၊သွားလာကိစ္စ၊လမ်းများလှ၍၊ဒြဗ္ဗမျက်မှောက်၊ ဥစ္စာပျောက်တတ်ခြင်း၊ အပြစ်ဒေါသ။

(၂) ကလဟပဝဍ္ဎနီ—သတိချွတ်လွဲ၊မြင့်တိုင်းဆဲလျက်၊ ရန် ပွဲတွေ့ဆုံ၊ ငြင်းခုံသတ်ပုတ်နေတတ်ခြင်း၊ အပြစ်ဒေါသ။

(၃) ရောဂါနံအာယတနံ-ဖေါသွပ်ယောင်ယမ်း၊ ကိုယ်လုံး အမ်းလျက်၊ ပန်းနာကုပ်ဟိုး၊ ချောင်းကြီးဆိုးကာ၊အနာစွဲခေါက်၊ အမြဲမပျောက်ဘဲနေတတ်ခြင်း၊ အပြစ်ဒေါသ။

(၄) အကိတ္တိသဉ္ဇနနီ-ယစ်မျိုးငါးပါး၊ သောက်စားမူးပျော်၊ မသူတော်သဘော၊ လူဗာလောဟု၊ ကျော်စောမထွက်၊သတင်း ပျက်တတ်ခြင်း၊ အပြစ်ဒေါသ။

(၅)ဟိရိကောပိနနိဒဿနီ- ရှမြင်မတော်၊ မလျော်သောင်းကြမ်း၊ မလွှမ်းအဝတ်၊ ဟင်းလင်းကျွတ်လျက်၊ပေါက်လွတ်ထွက်ကြ၊ အရှက်ကွဲတတ်ခြင်းအပြစ်ဒေါသ။

(၆) ပညာယဒုဗ္ဗလီကရဏီ- ကုန်ခန်းပညာ၊ မိုက်မဲစွာသော အဖြစ်သို့ရောက်တတ်ခြင်းအပြစ်ဒေါသ။

[ဒီဃနိကာယ်-ပါထေယျဝဂ် - သိင်္ဂါလသုတ်]

ရင်းသံပေါက်လက်ာ

ဥစ္စာယုတ်ခြင်း၊ ငြင်းခုံများစွာ၊ ရောဂါထူပြော၊ ကျော်စောမဲ့တုံ၊ မလုံအင်္ဂါ၊ ပညာနည်းရှား၊ ဤခြောက်ပါး၊ သောက်စားသေစာအပြစ်တည်း။

[ညောင်ကန်ဆရာတော်]

ရင်းရှစ်လုံးဘွဲ့ကဗျာ

(၁) ဦးစွာအစ-ပဌမမှာ။
သောက်လျှင်သောက်ခြင်း-လက်ငင်းကြုံလာ။
လုပ်ကိုင်ဆိုက—ပျင်းလှသကွာ။
ပစ္စည်းရပ်-လစ်လပ်လေတော့တာ။

(၂) သူရူးအလား-စကားကျယ်လောင်။
လူမိုက်လုပ်၍-ဓါးတုတ်ကိုင်ဆောင်။
ခုတ်လိုက်မယ်ပ-လာကြပါမောင်။
ငါ့အကြောင်း-ကောင်းကောင်းသိရအောင်။

(၃) ရောဂါအမျိုး-တိုးတက်လေတာ။
နေ့ထိုင်ကောင်းတို့-အညောင်းပြေပါ။
စားသောက်မြိန်ရှက်-တခွက်ထဲသာ။
ဆင်ခြေများ-ဘုရားမကြိုက်ပါ။

(၄) ဘယ်သူ့သားမြေး-ငါ့လေးတွေဟာ။
အရက်သမား-သောက်စားတတ်ထာ။
သတင်းမကောင်း-ရပ်ပေါင်းကျော်ညာ။
ကဲ့ရဲ့ပ-ရှုတ်ချပြောဆိုမှာ။

(၅) အရက်သောက်လို့-ရက်ကြောက်ကင်းကွာ။
ထင်ရာမိုင်း၍-ဒိုင်းဒိုင်းပြေးကာ။
အဝတ်ကင်းလျက်-ဟင်းလင်းဘလာ။
အချည်းနှီး-နီးနီးငေါက်တောက်သာ။

(၆) လိမ္မာကွယ်ပျောက်-ရိက်စိတ်ပေါက်လာ။
ပညာဟူက-မြူမျှမရှာ။
ဆင်ခြင်စဉ်းစား-ပျက်ပြားလေတာ။
ဥာဏ်မျက်စိ-မရှိလေတော့ပါ။

တနည်းအပြစ် ၇-ပါး

(၁) ဟုတ်မှန်သောအကြောင်းတရားကိုမသိခြင်း။
(၂) အကျိုးအပြစ်ကို စိစစ်ဝေဘန်၍မသိခြင်း။
(၃) အမိအဘတို့၏ အန္တရာယ်ကိုပြုတတ်ခြင်း။
(၄) ဘုရားပစ္စေကဗုဒ္ဓါ ရဟန္တာသာဝကတို့၏ အန္တရာယ်ကို ပြုတတ်ခြင်း။
(၅) ယခုမျက်မှောက်၌ ကဲ့ရဲ့ခံရခြင်း။
(၆) နောင်တမလွန်ဘဝ၌ အပါယ်လေးပါးကျရောက်ရခြင်း။
(၇) သံသရာဘဝအဆက်ဆက်၌ ရူးသွပ်ခြင်းသို့ ရောက်ရခြင်း။

[သုတ္တနိပါတ်-အဋ္ဌကထာ]

တနည်းအပြစ် ၁၀-ပါး

(၁) စိတ်မည်းညစ်ခြင်း။
(၂) နေ၍မကောင်းခြင်း။

(၃) အကျိုးအကြောင်းမမြင်ခြင်း။
(၄)–မဆင်ခြင်နိုင်ခြင်း။
(၅)–တွေဝေခြင်း။
(၆)–ယိမ်းယိုင်ခြင်း။
(၇)–မေ့လျော့ခြင်း။
(၈)–ကိုယ်ကျင့်တရားမရှိခြင်း။
(၉)–သတိလွတ်ခြင်း။
(၁၀)–ပြုမိပြုရာပြုတတ်ခြင်း။

[မင်္ဂလာမျို-၇၄]

သေအရက်မေတ္တာစာ

(၁) သုရာငါး၀၊ မေရငါးထွေ၊ ထန်းရေချဉ်ခါး၊ နေ့ညမသွေ၊ မေ့လျော့စေ၊ မေ့လှအောင် သောက်စားက၊ ကိုယ့်စိုးပွါးကိုယ့်ဥစ္စာ တို့သည် မျက်မှောက်မှာ နွမ်းညှိုး၊ တက်တက်စင်မဖွံ့ဖြိုးဘဲ၊ အကျိုးမဲ့ကုန်ဆုံးလျက်၊ ပျက်ပြုန်းသည်တခြား။

(၂) တရားနှင့်မဖက်၊ စကားဆိုးထွက်ပြီးလျှင်၊ တဘက်သားမနာလိုအောင် ပြောဆိုမိအတန်တန်ကြောင့် ခိုက်ရန်ကြီးဖြစ်ပွါး၍ အချင်းများတတ်သည်တချ။

(၃) တယောက်မှုအရေးဝယ် သတိဝေးကင်းကွာ၍ ပညာဖြင့် မချင့်နိုင်း၊စားချင်တိုင်း သောက်စား၍ နာဖျားခြင်း ဗျာဓိနှင့်၊ တိုင်းမသိရောဂါကို ငြိုငြင်စွာခံစားရခြင်းတခြား။

(၄) မည်သူ၏သတ္တိသားသည် တရားနှင့်မကပ်၊မျိုးဇာတ်ကို မညှာ၊ ရပ်ရွာကိုမငဲ့ဟု၊ ချိုးပဲ့သောသတင်းနှင့်၊ ကျော်စောခြင်း ပျောက်ကွယ်၍ ကဲ့ရဲ့ဘွယ်ဖြစ်တတ်သည်တဖြာ။

(၅) သုရာ၏တန်ခိုးဖြင့်၊ပုဆိုးကိုယ်ဝတ်၊ယွင်းချွတ်ကင်းကွာ၊ အင်္ဂါကြီးငယ်၊ မတင့်တယ်တို့နှင့်၊ ပွဲလယ်မှာရှုးသောကြောင့်၊သူတထူးမြင်ရပြန်လည်း၊ ကိုယ်ပုံဟန်မတင့်တယ်၊ မျက်နှာလွှဲဖယ်

ကြ၍၊ မဖွယ်ရာလုံးလုံး၊ ကိုယ့်ဘဝကိုယ်ဖြုန်းလျက်၊ သက်ဆုံးကျိန်းနဲ့၊ ရှက်အိုးကြီးကွဲရသည်တဗျာနှ။

(၆) သောက်ဝ မူးဝေ၊ သုရာ ယစ်က၊ တခေတ္တသေသော ကြောင့်၊ ညာဏ်ပေတုံးတား၊ မှေးပညာနှင့်၊ စာပေမတတ်၊ မမှတ်သတိ၊ ဒိဋ္ဌိမိစ္ဆာ၊ ပြိတ္တာသမုတ်၊ လူယုတ်လူနှ၊ လူဗာလဖြစ်ရသည်တခန်း၊-ဟူသောစကားများကို ထောက်ထား၍၎င်း၊ တကြောင်းလည်း၊ ကျွန်ုပ်တို့ရေးသားသည့်၊ သြဝါဒကဗျာ၊ အောက်ပါတေးထပ်ကို ဆင်ခြင်၍၎င်း၊အရက်သေစာကိုအရာခပ်သိမ်းရှောင်ကြဉ်ကြစေကုန်။

[လယ်တီဆရာတော်]

သေအရက်တေးထပ်

သိင်္ဂါလသတို့သား၊တို့ဘုရားဟောတာ၊သို့တရားစောစရာကို၊ သဘောမှာ မှတ်သား။ ။ပြစ်ခြောက်ရပ် အထူးဆောင်တယ်၊ အရှုံးကောင်မင်းတို့အမှား။ ။သိကြားဟောင်းအသူရာကို၊ မူပမာတင်ထား၊ ဇမ္ဗူမှာထင်ရှားတဲ့၊ ဘုရင်များဘုရင်။ ။ရွှေတောင်ငူကေတုနန်းတွင်မှ၊သေဥဒါန်းထိုးတဲ့သိုးရှင်။ အင်းဝဆက်ရာဇဝင်တွင်၊ ဘာမထင် ဝင့်ကြွားတဲ့၊ ဘုရင့်သား ရဲဘွဲ့တော်ပါ၊ ရဲတဲ့ကျော်စွာ။ ။ဒလပျက်အကျ နာသလို၊ဘဝကိုရှုံးစေနှင့်လေး။

[မစ္စတာမောင်မှိုင်း]

လူဖျက်အရက်

လူတို့၏အကျင့်စာရိတ္တ ပျက်ပြား စေမှုတွင် အရက်သေစာ သောက်စားခြင်းသည် လွန်စွာ အရာရောက်လှသော အဓိက အချက်ကြီးဖြစ်ပေသည်၊ မည်မျှကောင်းမွန်သူဖြစ်စေကာမူ အရက်သောက်မိလျှင်မူး၍ မူးရာကရူးပြီးလျှင် လူယုတ်မာတို့၏ အပြုအမူကို ပြုကျင့်ရန်လက်မနှေးဘဲရှိတတ်လေလည်း၊ထိုအခါ လူကောင်းဘဝမှ လူရူးလူပျက် ဘဝသို့ရောက်ရလေသည်၊ ထို့ကြောင့် ရှေး

ပညာရှိများက ဝါးဖျက်ဝါးမျက်၊ ဆိုသော စကားနှင့် ဆက်၍ လူဖျက်အရက်၊ ဟူသောဆုံးမစကားကို မိန့်ကြားခဲ့လေသည်။

[သုရာပါနဝိနိစ္ဆယကျမ်း–၄]

လောက၏အဆိပ်

သေအရက်ကို လူ့လောက၏ အဆိပ်ဟု ဆိုသင့် ပေသည်၊ အကြောင်းမူကား ဤသေအရက် တည်းဟူသောအဆိပ်သင့်ကြ သဖြင့် ကြီးပွါးတန်လျက် မကြီးပွါးဘဲ အညွန့်တုံးနေသောသူ နှင့် ကျန်းမာ၍အသက်ရှည်ကြာစွာနေသင့်ပါလျက် မကျန်းမာဘဲ အသက်တိုရသော သူတို့ကို အများအပြား တွေ့မြင် ရသော ကြောင့်ဖြစ်ပေသည်။

[ပညာရှိဦးလှဲ့]

သုရာမှာဆင်းရဲကြောင်းသာတည်း

မိန်းမကျူးထွေ၊ သေစာကျူးများ၊ လောင်းစားကြွေအန်၊ ပြုပြန် ရတ္တော၊ မောဟာအုပ်ဖုံး၊ ရတ်သုံးတန်ရိုင်း၊ ထိုလူမိုက်ကား၊ ဘေး ဆိုက်တတ်လှ၊ ရသမျှငွေ၊ ပျက်စီးလေ၍၊ ကြက်သရေ ဆုံးရှုံး၊ လူညွန့်တုံးသည်။ ။လုံးလုံးဆင်းရဲကြောင်းသာတည်း။

[နရဒက္ခဒီပနီ–၃၀၄]

အရက်သမား–ကြွေးများရင်ခေါင်း

အကြင်သူသည် စီးပွါးကိုရှာမှီးလေ့မရှိဘဲ အရက်ကိုသာရှာ မှီးလေ့ရှိ၏၊ ဥစ္စာစီးပွါး၌ တစုံတရာ စိုးရိမ်ကြောင့်ကြခြင်းမရှိ ဘဲ အရက်သောက်လို၍ အရက်ဆိုင်ကိုသာသွားလေ့ရှိ၏၊ ထိုသို့ သဘောရှိသောသူသည်ကျောက်ခဲရေထဲမြုပ်လေသကဲ့သို့၊ကြွေး မြီများသောသူ၏ အဖြစ်သို့ သက်ဝင်ရလေ၏၊ လျင်မြန်စွာ မိမိ၏ အနွှာင့်အရှက်ကို ပြုလေ၏ဟု ရှင်တော်ဘုရားဟောကြားလေ သည်။

[သိင်္ဂါလသုတ်]

အပါယ်သို့ကျ၏

အဖန်တလဲလဲ မှိုင်ခြင်း စသည်တို့ကို ပြုအပ်သော သုရာပါန သည် အပါယ်လေးပါး၌ လားစေရောက်စေတတ်၏။

[အင်္ဂုတ္တိုရ်သုတ်]

ပြောင့်ကြီးသုံးစင်း

သဘင်-သုရာ၊ပျိုကညာ၊ကမ္ဘာ ပြောင့်ကြီးသုံးစင်းတည်း။

သုရာ၏အပြစ်

သုရာပါနံ ဘိက္ခဝေ အာသေဝိတံ ဘာဝိတံ ဗဟုလီကတံ နိရယသံဝတ္တနိကံ တိရစ္ဆာနယောနိသံ ဝတ္တနိကံ ပေတ္တိဝိသယ သံဝတ္တနိကံ၊ ယောသဗ္ဗလဟု သုရာပါနဿ ဝိပါကော၊ သော မနုဿ ဘူတဿ ဥမ္မတ္တကသံဝတ္တနိကော။

ဘိက္ခဝေ-ရဟန်းတို့၊ အာသေဝိတံ-မပြတ်မှီဝဲအပ်သော၊ ဘာဝိတံ-ပွါးစေအပ်သော၊ ဗဟုလီကတံ-အကြိမ်များစွာလေ့လာအပ် သော၊သုရာပါနံ- သေအရက်သောက်ခြင်းသည်၊ နိရယသံဝတ္တနိ ကံ-ငရဲကြီးငရဲငယ်တို့၌ ဖြစ်စေတတ်သည်၊ တိရစ္ဆာနယောနိသံ ဝတ္တနိကံ-တိရစ္ဆာန်ဘုံ၌ဖြစ်စေတတ်သည်၊ပေတ္တိဝိသယသံဝတ္တ နိကံ-ပြိတ္တာဘုံ၌ဖြစ်စေဘတ်သည်၊ဟောတိ-ဖြစ်၏၊သုရာပါနဿ- သေအရက် သောက်ခြင်း၏၊ ယောဝိပါကော- အကြင်အကျိုး သည်၊ သဗ္ဗလဟု- အလုံးစုံတို့အောက် ယုတ်သည် ပေါ့သည် နည်းသည်၊ ဟောတိ-ဖြစ်၏၊ သောဝိပါကော- ထိုအယုတ်ဆုံး အပေါ့ဆုံး အနည်းဆုံး ဖြစ်သောအကျိုးသည်၊ မနုဿဘူတဿ- လူဖြစ်သောသူအား၊ ဥမ္မတ္တက သံဝတ္တနိကော-ရူးသွပ်ခြင်းကိုဖြစ် စေတတ်သည်၊ ဟောတိ-ဖြစ်၏။

[အင်္ဂုတ္တိုရ်နိကာယ်-အဋ္ဌနိပါတ်-သဗ္ဗလဟုကသုတ်]

မူးယစ်သောက်စားသူသည် ရေးကြီးခွင့်ကျယ်ကို မဆောင်ရွက်နိုင်

ဘိန်းဘင်းအရက်—စုံမက်လေသူ၊
မူးယစ်မှောက်မှား—သောက်စားအမူ။
ရှက်ကြောက်လျော့လို့—စိတ်ဖောဆူပူ။
ခွင့် ရေးကြီး—ဖျက်ဆီးလေလိမ့်ဟူ။ ။

[လယ်တီပဏ္ဍိတ-ဦးမောင်ကြီး]

သေရည်သောက်ခြင်း၏အကျိုးအပြစ်

သေရည်သောက်လင့်၊ သင့်မသင့်ကို၊ ရေးခွင့်မသိ၊ ပျင်းရိမွေ့မူး၊ ကျေးဇူးမဘက်၊ အရှက်ကြောက်ကင်း၊ ခပင်းများထို၊ အကုသိုလ်ကို၊ မပြုံ ပြင်စွာ၊ ပြုတတ်ရာသည်၊ ရှောင်ခါအပြန် အကျိုးတည်း။

သေရည်သေရက်ရှောင်ကြဉ်ခြင်း၏အကျိုးများ

(၁) ပြုဘွယ်ကိစ္စဟူသမျှတို့ကို မမေ့မလျော့ သိလွယ်သည်၏အဖြစ်ကိုရခြင်း။
(၂) မပျင်းမရိခြင်း။
(၃) မရူးမသွပ်ခြင်း။
(၄) ဉာဏ်ရှိခြင်း။
(၅) ပြုံပုခြင်းမှကင်းသည်၏အဖြစ်ကိုရခြင်း။
(၆) ဖြောင့်မတ်တည်တံ့သည်၏အဖြစ်ကိုရခြင်း။
(၇) သူ့ကျေးဇူးကိုသိတတ်သည်၏အဖြစ်ကိုရခြင်း။
(၈) မတွေဝေခြင်း။
(၉) မကောင်းမှုကို ရှက်ကြောက် ထိတ်လန့်သော အဖြစ်ကို ရခြင်း။

သုရာမေရယမှကြဉ်ခြင်း၏အကျိုး-၃၂-ပါး

(၁) အတိတ်အနာဂတ် ကာလတို့၌ အမှုကြီးငယ်ကို သိနိုင်သည်။
(၂) အခါခပ်သိမ်းထင်သောသတိရှိသည်။
(၃) ရူးသွပ်ခြင်းမှကင်းသည်။
(၄) အရာခပ်သိမ်းကိုသိနိုင်သောပညာရှိသည်။
(၅) မပျင်းမရိသည်။
(၆) ပဋိသန္ဓေအားဖြင့်မချို့သည်။
(၇) မဆွံ့မအသည်။
(၈) မူးယစ်ခြင်းမရှိသည်။
(၉) မေ့လျော့ခြင်းမရှိသည်။
(၁၀) တွေဝေခြင်းမရှိသည်။
(၁၁) ထိတ်လန့်ခြင်းမရှိသည်။
(၁၂) ကြောက်ရွံ့ခြင်းမရှိသည်။
(၁၃) ငြင်းခုံခြင်းမရှိသည်။
(၁၄) မှန်သောစကားရှိသည်။
(၁၅) ကုန်းတိုက်ခြင်းမရှိသည်။
(၁၆) ကြမ်းတမ်းသောစကားမရှိသည်။
(၁၇) ပြိန်ဖျင်းသောစကားမရှိသည်။
(၁၈) နေ့ညပတ်လုံးမပျင်းမရိသည်။
(၁၉) သူ့ကျေးဇူးကိုသိတတ်သည်။
(၂၀) သူ့ကျေးဇူးကိုပြောဆိုလေ့ရှိသည်။
(၂၁) ဝန်တိုခြင်းကင်းသည်။
(၂၂) စွန့်ကြဲပေးကမ်းလေ့ရှိသည်။
(၂၃) အကျင့်သီလရှိသည်။
(၂၄) ဖြောင့်မတ်သောစိတ်ရှိသည်။
(၂၅) အမျက်ဒေါသနည်းသည်။

(၂၆) မကောင်းမှုမှရှက်တတ်သည်။
(၂၇) မကောင်းမှုမှလန့်တတ်သည်။
(၂၈) ဖြောင့်မတ်သောအယူရှိသည်။
(၂၉) ကြီးသောပညာရှိသည်။
(၃၀) ထိုးထွင်းသောပညာရှိသည်။
(၃၁) အထူးထူးအပြားပြား သိနိုင်သောပညာရှိသည်။
(၃၂) မိမိ သူတပါးတို့ အကျိုးစီးပွါး၌လိမ္မာသည်။

[ပကိဏ္ဏကဝိသဇ္ဇနာကျမ်း-၃-၆၀၀]

မင်္ဂလာ–မည်ပုံ

(၁)–တသ္မာ အယံမဇ္ဇပါနသံယမော
မင်္ဂလန္တိ ဝေဒိတဗ္ဗော။ ။

တသ္မာ-ထို့ကြောင့်၊ အယံမဇ္ဇပါနသံယမော-ဤသေသောက်ခြင်းမှ ကြဉ်ခြင်းကို၊ မင်္ဂလန္တိ-မင်္ဂလာဟူ၍၊ ဝေဒိတဗ္ဗော-သိအပ်၏။

[အဋ္ဌကထာ]

(၂)–ဤသို့ ဆိုအပ်ပြီးသော ယစ်ခြင်းမေ့လျော့ခြင်း၏ အကြောင်းဖြစ်သော သုရာငါးပါး၊ မေရယငါးပါး၊ ဘိန်းဘင်းအစရှိသောယစ်မျိုးတို့ကို သုံးဆောင် စားသောက်ခြင်းမှ ကြဉ်ခြင်းသည် ပစ္စုပ္ပန်သံသရာ၊ အကျိုးနှစ်ပါးကြီးပွါးရာ အကြောင်းဖြစ်၍ မင်္ဂလာမည်၏။

[မင်္ဂလာသာရဒီပနီ–၁၂၇]

စကားပုံ

ဝါးကိုဖျက်-ဝါးမျက်၊ နွားကိုဖျက်-နွားနက်။
ရှင်ကိုဖျက်-ဓဂေ်၊ လူကိုဖျက်အရက်။
သေရည်ကို–မသောက်နှင့်။
ရေကြည်ကို–မနှောက်နှင့်။

သေရည်ကိုသောက်ကအပါယ်ဘုံသို့ကျတတ်သည်။
ရေကြည်ကိုနှောက်က အနယ်မှုန့်တို့ထတတ်သည်။

မဇ္ဇပါန သံယမ သံပေါက်များ

က (၁) သေရည်သောက်စား၊ ရှောင်ကြဉ်ငြား၊ တပါးမင်္ဂလာ။
(၂) သေရည်ကိုသောက်၊ ပြစ်မျက်မှောက်၊ ရောက်သည် ဧကန်သာ။
(၃) ပစ္စည်းပျက်ယွင်း၊ ချို့တဲ့ခြင်း၊ လက်ငင်းဖြစ်တတ်ပါ။
(၄) ယခုဘဝ၊ သေလွန်က၊ ရောက်ရအပါယ်ရွာ။
(၅) လူတို့ဘဝ၊ ရောက်ပြန်က၊ ရူးရသွပ်ချာချာ။

[မင်္ဂလတ္ထပုစ္ဆာဝိသဇ္ဇနာ-၂၉]

ခ (၁) မဇ္ဇကျူးသောက်၊ အရူးရောက်၊ ကူးမြောက်မဂ်ဖိုလ် ဝေး။
(၂) ပစ္စည်းယွင်းငြား၊ အငြင်းပွါး၊ နာဖျားလက်ငင်းဘေး။
(၃) ကိုယ်ဝတ်ကင်းဘိ၊ ယွင်းသတိ၊ မျက်စိမှုန်နှိဘေး။
(၄) သေသည့်အခါ၊ ငရဲမှာ၊ မှန်စွာခံရဘေး။
(၅) လူ့ဘဝကူး၊ ဖြစ်လာဦး၊ လူရူးနှံ့ဘေး။
(၆) ဘိလူးခွေးများ၊ ဖြစ်လာငြား၊ ငါးရာစီရူးသေး။
(၇) မဂ်ဖိုလ်အန္တရာယ်၊ မှန်တကယ်၊ ဉာဏ်ဝယ်ကြည့် ရှုတွေး။
(၈) ဖြစ်အကြီးဆုံး၊ ယစ်နည်းထုံး၊ လုံးလုံးရှောင်ခွါဝေး။
(၉) ခုဒ္ဒကပါဌ၊ ထုတ်ကာပြ၊ မချကြောက်ဘွယ်ဘေး။
(၁၀) ထို့ကြောင့်မဇ္ဇ၊ မယစ်ရ၊ ပစ်ချရှောင်ဝေးဝေး။
(၁၁) မဇ္ဇပါနာစ၊ သံယမ၊ မင်္ဂလဖြစ်မနှေး၊
(၁၂) ဤသို့တင်ပြ၊ ပဉ္စင်္ဂ၊ ဂဟဋ္ဌစောင့်အရေး။
(၁၃) ဂဟဋ္ဌသိ၊ မှတ်ဆည်ဘိ၊ ပဏ္ဍိတရောက်ရေး။

[မင်္ဂလတ္ထဒီပက-၂၇]

မင်္ဂလာပျို့

ဝိဋ္ဌ-ပူပ၊ ဩဒနနှင့်၊ ကိတ္တာပကိတ္တာ၊ သင်္ခါရာဟု၊ ငါးဖြာသုရ၊ ပုပ္ဖဖလာ၊ မဓွာဂုဠ၊ သင်္ခါရဟု၊ မေရယငါး၊ အပေါင်းအားဖြင့်၊ ဆယ်ပါးမဇ္ဇ၊သံယမကို၊ စောင့်ကြတရား၊အကျိုးများအံ့၊ သောက်စားသေရည်၊ မူးယစ်မည်ချည်း၊ အပြစ်သည်းလျက်၊ မျက်လည်းပြင်းခဲ့၊ ပညာမဲ့၍၊ မတဲ့သူငါ၊ ပညဝါနှင့်၊ ဆွေညာမိဘာ၊ သူတော်စသား၊ များလှသောင်းသောင်း၊ ကဲ့ရဲ့ရှောင်းလျက်၊ အပေါင်းပရိသတ်၊ ခြွေရံမြတ်တို့၊ဝန်းပတ်အလယ်၊ မတင့်တယ်သည်၊ ခြောက်သွယ်အပြစ်၊ မချဖြစ်အံ့၊ မည်းညစ်ထွေထွေ၊ သုရာမွေ၍၊ အနေမကောင်း၊ ကျင့်တိမ်းစောင်းလျက်၊ ကျိုးကြောင်းမမြင်၊ မဆင်ခြင်နိုင်၊တွေဝေမှိုင်လျက်၊ယိမ်းယိုင်သဖြင့်၊မေ့လျော့လင့်၍၊ကိုယ်ကျင့်မရှိ၊ လွတ်သတိဖြင့်၊ ပြုမိပြုရာ၊ ပြုတတ်စွာသား၊ ထိုတရားလည်း၊ ဆယ်ပါး အညစ်၊ သုရာပြစ်ဟု၊ မှတ်လစ်သချာ၊ ကျမ်းဂန်လာသည်။ ။သုရာပါန-စောင့်သုံးတည်း။ ။

[သံတော်ဆင့်မင်းဦးကျော်ဧ]

ဝတ္ထုများ

(၁) ရှေးသရောအခါ ဗာရာဏသီ သူဌေးကြီးတဦးသည် အလျှူဒါနမြောက်မြားစွာပြု၍ သေလွန်သော် သိကြားဖြစ်၏၊သားတယောက်ကျန်ရစ်ရာ၊ ဥစ္စာပစ္စည်းတို့ကို အသောက်အစား အပျော်အပါးတို့ဖြင့် ဖြုန်းတီး၍ ပစ်ရာ အတန်ကြာသော် ကုန်ဆုံးခြင်းသို့ရောက်လေ၏။

ဥစ္စာကုန်သော် ပုဆိုးနွမ်းဝတ်လျက် တယောက်တည်းလှည့်လည်သည်ကို အဘသိကြားမြင်၍ သနားသဖြင့် အလိုရှိသမျှရသောအိုးတလုံးကို မကွဲစေနှင့်ဟု မှာထားပေးခဲ့လေ၏။

သူဌေးသားလည်း ဝမ်းသာအားရ၊ အလိုရှိသမျှကို အိုးမှ ထုတ်ယူစားသုံး၍ မကြာမီ သေယစ်လျက်_အိုးကိုမြှောက်ကစားသဖြင့်. ကျကွဲလေ၏။

တဖန် တယောက်တည်းသာ ကျန်သဖြင့် ခွက်လက်စွဲကာ ဘောင်းရမ်းစားသောက်ရင်းသူတပါးတိုက်နံရံကိုမှီ၍သေလေ၏။
[တိံသနိပါတ်-ကုမ္ဘဇာတ်]

(၂) အနာထပိဏ် သူဌေးတူသည် မိဘတို့ထားခဲ့သော ကုဋေလေးဆယ်မျှသော ဥစ္စာကို သေစာသောက်စား ဆုံးပါးကုန်ပျောက်၍ ဆောက်တည်ရာမရ ရှိလေလျှင် မြေအင်ခွက်ငယ်ကို လက်စွဲလျက်၊တောင်းစားရသဖြင့် လမ်းခွခြိုရိပ်၌သေ၍၊ ခြေနှစ်ချောင်းကို ကြိုးတို့ဖြင့်ဖွဲ့ပြီးလျှင်၊ အိမ်သူတို့က သုသာန်သို့ မှိချလေသည်။
[တိကနိပါတ်-၅-ကုမ္ဘဝဂ် သုရာဃဋဇာတ်]

(၃) သာဝတ္ထိပြည်၌ ကုဋေလေးဆယ် ကြွယ်ဝသော သူဌေးတဦး၏ အတတ်ပညာကို မယူ၍၊ မသင်မကြားဘဲ ကြီးပွါးသော သားတယောက်သည် မိဘနှစ်ပါးတို့ သေလွန်လေလျှင် သေသောက်ကျူးတို့နှင့် ပေါင်းဘက်မိ၍ ကြီးစွာသောသေတင်းကုပ်ကို ဆောက်လုပ်စေလျက်၊နေ့စဉ်သေပွဲဘွဲ့၍ သောက်စားမူးယစ်ခြင်း သုရာရဏ္ဍ၊အထူးထူးသော ကြွေအံကစားခြင်း အက္ခရဏ္ဍ၊ ပြည့်တန်ဆာစသော မိန်းမတို့ကို ဆုလာဘ်များစွာ ပေး၍ မွေ့လျော် ပျော်ပါးခြင်း ဓုတ္တိရဏ္ဍ၊ ဤသုံးပါးသော လွန်ကျူးခြင်းတို့ဖြင့် နေ့စဉ်ယစ်မူး လွန်ကျူးမွေ့လျော် လေလျှင် ကုဋေလေးဆယ်သောဥစ္စာသည် များမကြာပင် ကုန်သဖြင့် လယ်ယာ၊ ဥယျာဉ်၊ မြင်း၊ ဆင်၊ နေအိမ်စသော သက်ရှိ သက်မဲ့ တို့ကို ရောင်းချထုခွဲ၍ မွေ့လျော် ပျော်ပါးသောက်စား ပြန်က အထီးကျန်အဖြစ်သို့ ရောက်လျှင် တခုသောစရပ်သို့ ထွက်၍ ခွက်လက်စွဲကာ တောင်းစားရရှာ၏။
[ဓမ္မပဒ၊ရာဇဝဂ် မဟာဓန သူဌေးသားဝတ္ထု]

(၄) လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ တယောက်သောမင်းသည် သေနှင့်ကင်း၍မနေနိုင်၊ အမဲဟင်းလျာ မပါလျှင်လည်း ပွဲတော်မတည်နိုင်။

တနေ့သောအခါ သေစာသောက်စားပြီး သားတော်ကလေး ရင်ဝယ်၌ ရှိနေစဉ် ပွဲတော်တင်ဆက်ရာ၊ အမဲဟင်းလျာမပါသည့် အတွက် အကြောင်းကိုမေးသော် ဥပုသ်နေ့ဖြစ်၍ အမဲသား ငါးများ မရကြောင်း လျှောက်ထား၏။

"ငါ့အားအမဲမည်သည်ကား ရခဲသလော"ဟုဆိုခါ သားက လေး၏ လည်ကိုလိမ်၍ သတ်ကာ ဟင်းလျာအမြန်ပြုစေ၏၊ စား တော်ကဲလည်းအမိန့်အတိုင်း နာခံရ၏။

မင်းသည် သားကလေး၏ အသားဟင်းဖြင့် ထမင်းစား၍ အိပ်၏၊ မိုးသောက်သောကာလ၌ နိုး၍ အယစ်ပြေသောအခါ "ငါ၏သားကိုဆောင်ခဲ့ကုန်လေ" ဟုအမိန့်ပေး၏၊ မိဖုရားကြီးက ငိုယိုကာ အကျိုးအကြောင်းကို လျှောက်ထားသောအခါ မင်းကြီး မှာ သေရည်သေရက်၏ အပြစ်ကိုမြင်ပြီး၊ နှုတ်ခမ်းကိုမြေမှုန့်ဖြင့် ပွတ်လျက် ပျက်စီးခြင်းကို ပြုတတ်သောသုရာကို ငါမသောက် တော့ပြီ ဟုမိဋ္ဌာန်လိုက်လေတော့သတည်း။

[ဒုကနိပါတ်-သတ္တုမဝဂ်၊ဝမ္မဓဇဇာတ်]

(၅) အရက်အကြောက်ကို ဖျက်ဆီးတတ်သော သေသောက် ခြင်းသည် အဘယ်ကာလမှစ၍ ဖြစ်ပေါ်လာကြောင်းနှင့်တကွ ထိုသေကိုသောက်စားကြ၍ ပဉ္စနဂရစ်မြို့၊ ဗာရာဏသီပြည်၊သာ ကေတပြည်အသီးအသီး ပျက်စီးရကြောင်း ဟောကြားတော်မူ သော သုရာမည်သောမုဆိုးနှင့် ဝရုဏမည်သောရသေ့တို့၏ဝတ္ထု။

[တိံသနိပါတ်၊ ၂-ကုမ္ဘဇာတ်]

၂၁-အပ္ပမာဒေါစမေ္မသု

ဆယ်ပါးပုည၊ ကုသလ၊ခဏာမမေ့ရာ၊
[ကုသိုလ်တရားတို့၌ မမေ့မလျော့ရခြင်း။]

ဤမင်္ဂလာ၏အဓိပ္ပါယ်

(၁) အပ္ပမာဒေါစမေ္မသူတိ ကုသလကမ္မပထ ဒသမေ္မသု အပ္ပမာဒေါစာတိ အယ္ယော။

အပ္ပမာဒေါစမေ္မသူတိ-အပ္ပမာဒေါစ မေ္မသု ဟူသည်ကား၊ ကုသလကမ္မပထဒသမေ္မသု- ကုသိုလ်ကမ္မပထ တရားဆယ်ပါး တို့၌၊အပ္ပမာဒေါစ - မမေ့မလျော့ကျင့်ခြင်းသည်ရင်း၊ ဇာတိအယံ- ဤသည့်လျှင်၊အယ္ယော-အပ္ပမာဒေါစမေ္မသုဟူသော ပုဒ်၏အနက် တည်း။

[မင်္ဂလာဂဏ္ဌိ-၁၀၂]

(၂) မေ္မသု- အလှူဒါနပေးချစွန့်ကြဲခြင်း၊ သီလစောင့်ခြင်း၊ စက်ဆုပ်ဘွယ်သောဆံပင်၊ မွေးညှင်း၊ ခြေသည်း၊ လက်သည်း၊ သွား၊ အရေ၊ အသား၊အကြော၊ အရိုး၊ရိုးတွင်းခြင်ဆီ၊ အညှို့၊နှလုံး၊ အသည်း၊ အမြှေး၊ အ ဖျဉ်း၊ အဆုတ်၊ အူမ၊ အူသိမ်၊ အစာသစ်၊ အစာဟောင်း၊ ဦးနှောက်၊ သည်းခြေ၊ သလိပ်၊ ပြည်၊ သွေး၊ ချွေး၊ အဆီခဲ၊ မျက်ရည်၊ ဆီကြည်၊ တံတွေး၊ နှပ်၊အစေး၊ ကျင်ငယ် စက်ဆုပ်ဘွယ် တို့၌ သမထ ဘာဝနာ ပွါးခြင်း၊ ပဉ္စက္ခန္ဓာအနိစ္စာ၊ပဉ္စက္ခန္ဓာဒုက္ခာ၊ပဉ္စက္ခန္ဓာအနတ္တာဟူ၍ ခန္ဓာတို့၌ ဝိပဿနာ ဘာဝနာပွါးခြင်း၊ ရှိခိုးပူဇော် ဖူးမျှော်ကန်တော့ခြင်း၊ သူတော်ကောင်းတို့ အမှုကြီးငယ်ကို ရွက်ဆောင်ခြင်း၊ အမျှဝေ ခြင်း၊သာဓုခေါ်ခြင်း၊တရားနာခြင်း၊တရားဟောခြင်း၊ဖြောင့်သော အယူကိုယူခြင်း၊ ကုသိုလ်ကမ္မ ပထတရားဆယ်ပါးတို့၌၊ အပ္ပမာ ဒေါစ- မမေ့မလျော့ရခြင်းသည်ရင်း။

[မင်္ဂလသုတ်နိဿ-၁၇]

H-217.6

(၃) ကုသိုလ်တရားတို့၌ မမေ့မလျော့ခြင်း ဆိုသည်ကား ဒုစ္စရိုက်တို့မှ ကြဉ်ရှောင်၍ အလှူပေးခြင်း၊ သီလဆောက်တည်ခြင်း၊ ဘာဝနာပွါးခြင်း၊ တရားဟောခြင်း၊ တရားနာခြင်း စသော ကုသိုလ်တရားတို့၌ သတိမြဲစွာထား၍ ထပ်ကာ ထပ်ကာပြုကျင့်ခြင်းကိုဆိုသတည်း။

[မင်္ဂလာအလင်း-၃၀]

(၄) ဓမ္မေသု-ဒါန၊ သီလ၊ ဘာဝနာ၊အပစာယန၊ဝေယျာဝစ္စ၊ ပတ္တိဒါန၊ပတ္တာနုမောဒန၊ဓမ္မသဝန၊ ဓမ္မဒေသနာ၊ ဒိဋ္ဌိဇုကမ္မတည်း ဟူသောကုသလကမ္မပထတရားဆယ်ပါးတို့၌၊ ယောအပ္ပမာဒေါ စ- အကြင်မမေ့မလျော့၊ ကောင်းစွာ ကျင့်ရခြင်းသည် လည်း ကောင်း။

[ဆင်ပေါင်ဝဲမင်္ဂလတ္ထဒီပနီ-၂၁]

(၅) ဓမ္မေသု-ကုသိုလ်ကမ္မ၊ ပထမည်မှတ်၊ သက်သတ်ရှောင်ရှား၊စသောအားဖြင့်၊ ဆယ်ပါးသော ကုသိုလ်တရားတို့၌၊ အပ္ပမာဒေါစ-နေ့ညမယွင်း၊ လစ်ဟင်းမရှိ၊ သတိမနွေ၊ မြဲစွာမွေ့လျက်၊ မမေ့မလျော့ ခြင်းသည်ဇင်း။

[မင်္ဂလာအလင်း-၇၉]

(၆) ဓမ္မေသု—အကုသိုလ် မဂ္ဂင်ရှစ်ပါး ကြဉ်လျက်၊ ကုသိုလ် မဂ္ဂင်ရှစ်ပါး၊ကုသလကမ္မပထ တရားဆယ်ပါးတို့၌၊ ယောအပ္ပမာဒေါစ—အကြင် မမေ့မလျော့ ကောင်းစွာ ဖြည့်ကျင့် ရခြင်းသည် လည်းကောင်း။

[မင်္ဂလသုတ်နိဿယ-၈]

(၇) ဓမ္မေသု—လောကုတ္တရာ စတုဘုမ္မိကဖြစ်သော ပါရမီဓမ္မတို့၌၊ ယောအပ္ပမာဒေါစ-အကြင်ဇာဂရိယာနုယောဂဖြစ်၍ မမေ့မလျော့ မပေါ့ရခြင်းသည် လည်းကောင်း။

[ရွှေမင်းဝံ-၄က်တွင်းဆရာတော်]

(၈) ဓမ္မေသု-ဆယ်ချပုည၊ကြိယာကမ္မပထတို့၌၊အပ္ပမာဒေါစ-ဘယ်ညဥ့်နေ့မှ၊မေ့၍တစ်၊မပြုမိဟု၊မရှိရခြင်းသည်လည်းကောင်း။

[မင်္ဂလသုတ်မိတ်လင်စုံ-၁၃]

ကုသိုလ်ဖြစ်ကြောင်း ပုညကြိယာ—၁၀—ပါး

(၁) ဒါန—အလှူပေးခြင်း။

(၂) သီလ—သီလဆောက်တည်ခြင်း။

(၃) ဘာဝနာ—ကမ္မဋ္ဌာန်းဘာဝနာ ပွါးများခြင်း။

(၄) အပစာယန – ရတနာသုံးပါး ဆရာမိဘစသည်တို့အား အရိုအသေ ပြုခြင်း။

(၅) ဝေယျာဝစ္စ—ရတနာသုံးပါးဆရာမိဘစသည်တို့၏ အမှုကိစ္စကို ရွက်ဆောင်ခြင်း။

(၆) ပတ္တိဒါန–မိမိ ပြုသောကုသိုလ် အဘို့ကို သူတပါးအတွက် အမျှအတမ်း ဝေခြင်း။

(၇) ပတ္တာနုမောဒန—သူတပါး ပြုသော ကုသိုလ်ကို ဝမ်းမြောက်စွာ သာဓုခေါ်ခြင်း။

(၈) ဓမ္မသဝန—တရားစကားကိုကြားနာခြင်း။

(၉) ဓမ္မဒေသနာ—မိမိတတ်သိသော တရားစကားကို သူတပါးအား ပြောကြားခြင်း။

(၁၀) ဒိဋ္ဌိဇုကမ္မ—အယူကို ဖြောင့်မတ်စွာ ယူခြင်း။

[သင်္ဂဟ-ဋီထိမှတ်ပိုင်း]

အပ္ပမာဒအဘို့-အကျဉ်းချုပ်

အပ္ပမာဒ၊ အကျဉ်းပြအံ့၊ ဒါနတရား၊သုံးပါးအင်္ဂါ၊ ပြည့်စုံစွာတည့်၊ သမာဒါန၊ သီလသီတင်း၊ ဆောက်တည်ခြင်းဖြင့်၊ မကင်းဘာဝနာ၊ ကောင်းစွာကြိုးစား၊ ဘုရားတရား၊သံဃာအားနှင့်၊ ကြီးမားသက်ရွယ်၊ကိုးကွယ်ရိုသေ၊ တုံ့ဝပ်လေလေ၊ ထွေထွေပုည၊ ကုသလဟု၊ ကမ္မကြီးငယ်၊ အသွယ်သွယ်ကို၊ စင်ကြယ်စေတနာ၊

ပြုအပ်ရာ၏၊ လှူဒါကောင်းမှု၊ ပြုပြုသမျှ၊ တို့ဘာဂကို၊ အားရနှစ်ထောင်း၊ပြုကြောင်းမောဒနာ၊ အခါအခွင့်၊သင့်တင့်လျောက်ပတ်၊ တရားမြတ်ကို၊ မပြတ်နာခံ၊ ကံကံအကျိုး၊ အားကိုးယုံကြည်၊ တည့်တည်ဒါန၊ သီလဘာဝနာ၊ ကောင်းစွာအကျိုး၊ ပွါးတိုးဓမ္မ၊ ဟောဘော်ပြလော့၊ကမ္မဿကတာ၊ဒသဝတ္ထု၊ စတုသစ္စာ၊ မှန်စွာအယူ၊ နှလုံးမူလျက်၊ စင်ဖြူပွါးများ၊ ကျင့်ဆယ်ပါးကို၊ တိုးပွါးသဖြင့်၊ ကြိုးစားကျင့်လော့၊ထပ်ဆင့်တဘန်၊ အကျဉ်းပြန်၍၊ ဝေဘန်မှတ်ဘိ၊ ပတ္တိဒါန၊ တို့ဘာဂနှင့်၊ အားရဝမ်းသာ၊ ကောင်းချီးခြွေသည်၊ ပတ္တာနုမော်၊ သွင်းသော်ဒါန၊ ဘုရားစသည်၊ ဂုဏဂုဏ၊ ပစာယန၊ ရိုသေကြလျက်၊ အင်္ဂဏာရှေ့၊ မနေ့ရှုနှင်နှင်၊ သုတ်သင်မြက်ပေါင်း၊သွင်းကြောင်းသီလ၊ ကာလသမယ၊ ဉာဏထောက်ချင့်၊ သင့်တင့်ရာရာ၊ တရားနာနှင့်၊ ကောင်းစွာဟောကြား၊ ဖြောင့်သားအယူ၊ သွင်းမှုဘာဝနာ၊ ကျမ်းဂန်လာသည်။ ။မြဲစွာကျင့်ဝတ်—လက်သုံးတည်း။

[မင်္ဂလာပျို-၇၆]

မမေ့အပ်သောအပ္ပမာဒလေးပါး

(၁)—ကာယဒုစ္စရိုက်ကိုပယ်၍ကာယသုစရိုက်တို့ကိုပွါးခြင်း။
(၂)—ဝစီဒုစ္စရိုက်ကိုပယ်၍ ဝစီသုစရိုက်တို့ကိုပွါးခြင်း။
(၃)—မနောဒုစ္စရိုက်ကိုပယ်၍ မနောသုစရိုက်တို့ကိုပွါးခြင်း။
(၄)—မိစ္ဆာဒိဋ္ဌိကိုပယ်၍ သမ္မာဒိဋ္ဌိကိုပွါးခြင်း။

[ထိုကဲ့သို့ပြုကျင့်သောပုဂ္ဂိုလ်သည် တမလွန်၌ဖြစ်သောသေခြင်းကိုမကြောက်။]

[စတုက္ကအင်္ဂုတ္တိုရ်-တတိယပဏ္ဏာသက]

သတိမမေ့စရာကြောင်းလေးဖြာ

(၁) ရာဂ၏အကြောင်းဖြစ်ကုန်သော ဇာတ္တာရုံတရားတို့၌ ငါ၏စိတ်သည် မတပ်စွန်းစေသတည်း။

(၂) ဒေါသ၏အကြောင်းဖြစ်ကုန်သော တရားတို့၌ ငါ၏စိတ်သည် မပြစ်မှားစေသတည်း။

(၃) မောဟ၏အကြောင်းဖြစ်ကုန်သော တရားတို့၌ငါ၏စိတ်သည် မတွေဝေစေသတည်း။

(၄) ယစ်ခြင်း၏ အကြောင်းဖြစ်ကုန်သော တရားတို့၌ ငါ၏စိတ်သည် မယစ်စေသတည်း။

[ဠာနသုတ်]

သတိထွက်တာအကျိုးမှာ လွန်စွာရှိကြောင်းမှတ်

သတိဥ္စခွါဟံ ဘိက္ခဝေ
သဗ္ဗတ္ထိကံ ဝဒါမိ။ ။

ဘိက္ခဝေ-ရဟန်းတို့၊ အဟံ-ငါဘုရားသည်၊ သတိဥ္စခေါ- သတိကိုသာလျှင်၊ သဗ္ဗတ္ထိကံ- အလုံးစုံအကျိုးရှိ၏ဟူ၍၊ ဝါ- ဘယ်အရာမဆိုအလိုရှိအပ်၏ဟူ၍၊ ဝဒါမိ-ဟောတော်မူ၏။

[မိလိန္ဒပဥှာ]

သတိရှိက ကျိုးများစွ

သတိမတော သဒါ ဘဒ္ဒံ၊
သတိမာ သုခ မေဓတိ။
သတိမတော သုဝေ သေယျော၊
ဝေရာစ ပရိမုစ္စတိ။ ။

သတိမတော- မေ့လျော့ခြင်းမရှိ၊ သတိနှင့်ပြည့်စုံသော သူအား၊ သဒါ-အခါခပ်သိမ်း၊ ဘဒ္ဒံ-ကောင်းမြတ်ခြင်းသည်၊ ဟောတိ-ဖြစ်၏၊ သတိမာ- မေ့လျော့ခြင်းမရှိ၊ သတိနှင့်ပြည့်စုံသောသူသည်၊ သုခံ-ချမ်းချမ်းသာသာ၊ မေဓတိ- ကြီးပွါးနိုင်၏၊ သတိမတော- မေ့လျော့ခြင်းမရှိ၊ သတိနှင့်ပြည့်စုံသောသူအား၊ သုဝေ-နေ့ဆက်

ရက်ဆက်၊နှံနှက်မိုးလင်းတိုင်း၊ သေယျော-မြတ်သည့်ထက်မြတ် ခြင်းသည်၊ ဟောတိ-ဖြစ်၏၊ ဝေရာစ-ရန်သူမျိုးငါးပါးမှလည်း၊ ပရိမုစ္စတိ-လွတ်မြောက်ရပေ၏။ ။

[သဂါထာဝဂ္ဂ-သံယုတ်]

ဘုရား၏အဆုံးအမတော်

ပမာဒံ ဘယတော ဒိသွာ၊
အပ္ပမာဒဉ္စ ခေမတော။
ဘာဝေထ အဋ္ဌင်္ဂိကံ မဂ္ဂံ၊
ဧသာ ဗုဒ္ဓါနုသာသနီ။ ။

ပမာဒံ- ကုသိုလ်ကောင်းမှု၌ မေ့လျော့ခြင်းကို၊ ဘယတော- ပျက်စီးရာပျက်စီးကြောင်း မကောင်းသောဘေးကြီးဟူ၍၊ဒိသွာ- ဉာဏ်ဖြင့် ဆင်ခြင် သိမြင်ကြလျက်၊ အပ္ပမာဒဉ္စ-ကုသိုလ်ကောင်းမှု၌ မမေ့မလျော့ခြင်းကိုလည်း၊ ခေမတော- သာယာငြိမ်းချမ်း၊ ဘေးဘျမ်းမနှောက်၊ နိဗ္ဗာန်ရောက်အောင်၊ ပွါးမြောက် စည်ကား၊ အကျိုးများ၏ဟူ၍၊ ဒိသွာ- ဉာဏ်ဖြင့်ဆင်ခြင်၊ သိမြင်ကြလျက်၊ အဋ္ဌင်္ဂိကံ- အင်္ဂါရှစ်ပါးရှိသော၊ မဂ္ဂံ- မဂ္ဂင်တရားကို၊ ဘာဝေထ- ပွါးကြကုန်လော၊ ဧသာ- ဤသို့မဂ္ဂင်တရားကို ပွါးကြကုန်ဟု တိုက်တွန်းခြင်းသည်၊ ဗုဒ္ဓါနုသာသနီ-၊ အကျိုးလိုလား ငါဘုရားတို့၏ စီးပွါးရှုမျှော်၊အဆုံးအမတော်တည်း။

[နရဒကွဒီပနီကျမ်း-၅၂၆]

အပ္ပမာဒအကျိုး

အပ္ပမာဒေန မာဃဝါ၊ဒေဝါနံ သေဋ္ဌတံ ဂတော။
အပ္ပမာဒံ ပသံသန္တိ၊ ပမာဒေါ ဂရဟိတော သဒါ။

အပ္ပမာဒေန -မမေ့မလျော့၊ မပျင်းမရိ၊ လုံ့လ ရှိခြင်းကြောင့်၊ မာဃဝါ-ဆိကြား နတ်မင်းသည်၊ဒေဝါနံ -နတ်တို့ထက်၊သေဋ္ဌတံ-

မြတ်သည့်၏ အဖြစ်သို့၊ဂတော-ရောက်၏၊ အပ္ပမာဒံ-မမေ့မလျော့ မပျင်းမရိ၊ လုံ့လရှိသော သူကို၊ ပဏ္ဍိတာ - ဘုရား အစရှိသော ပညာရှိတို့သည်၊ ပသံသန္တိ-ချီးမွမ်းကုန်၏၊ ပမာဒေါ-ကုသိုလ် ကောင်းမှု၌၊ မေ့လျော့ပျင်းရိ၊ လုံ့လမရှိသော သူကို၊ သဒါ-အခါ ခပ်သိမ်း၊ ပဏ္ဍိတေဟိ-ဘုရား အစရှိသော ပညာရှိ သူတော် ကောင်းတို့သည်၊ ဂရဟိတော-ကဲ့ရဲ့အပ်၏။

[မင်္ဂလာဂဏ္ဌိ-၁၀၂]

အပ္ပမာဒ-ကျေးဇူး

အပ္ပမာဒ၊ အကျိုးပြအံ့၊ သိလသိတင်း၊ ကျင့်သုံးခြင်းဖြင့်၊မယွင်း ဆူဋ္ဌော်၊ စောင့်စည်းနေ၍၊ ထွေထွေဘောဇဉ်၊ ဉာဏ်အစဉ်ဖြင့်၊နှိုင်း ယှဉ်တိုင်းထွာ၊ နိုးကြား ကာတည့်၊ သဒ္ဒါသီလ၊ မြတ်သုတက၊ စသည်အပေါင်း၊ သူတော်ကောင်းတို့၊ ထိန်းကျောင်းဥဋ္ဌာ၊ ခုနစ် ဖြာနှင့်၊ မြဲစွာစရဏ၊မဂ်မှဈေမှတ်၊ ပွါးများလတ်သည်၊ဝိပဿနာ၊ ဉာဏ်ပါဆယ်တန်၊ တရားမှန်လျှင်၊ ထက်သန်တိတိ၊ လမ်းမှန်သိ ၍၊ပဋိသမ္ဘိဒါ၊ လေးဖြာတရား၊ရှစ်ပါးသမာပတ်၊ဉာဏ်မြတ်ဝိဇ္ဇာ၊ အဖြာဖြာကို၊ ငါးရာမြစ်ငယ်၊ ရေပေါယယ်လည်း၊ ငါးသွယ်မြစ် ကြီး၊တန့်ရှောင်ပြီးပြီး၊ဝင်စီးရစ်ဝှတ်၊ ရေအစုတ်လည်း၊ သမုဒ္ဒရာ၊ ရပေါင်းလာသို့၊ သစ္စာလေးပါး၊ တရားကုန်စင်၊ အကျုံးဝင်ရှင့်၊ ဆင်ခြင်မိတ်ဖြာ၊ အပ္ပမာဒ၊ ဓမ္မအဆီ၊ လောကီလောကုတ်၊ မယုတ် စီးပွါး၊ အကျိုးများဟု၊ တရားဒေသနာ၊ ကျမ်းဂန်လာသည်။ ။ အပ္ပမာဒ–မြတ်ဆုံးတည်း။

[မင်္ဂလာမျို့-၇၇]

အပ္ပမာဒ အကျိုးကျေးဇူး

ရှင်သာရိပုတ္တရာ မထေရ်က၊ ရဟန်းများအားဟောကြားပုံမှာ

အပ္ပမာဒေါ ကုသလေသုဓမ္မေသု၊
အယံ ဓေကာ ဓမ္မော ဗဟူပကာရော။

ကုသလေသု ဓမ္မေသု-အပြစ်မရှိကုန်သော တရားတို့၌၊ အပ္ပမာဒေါ-မမေ့မလျော့ခြင်း တရားတည်း၊ ဥဿော-တပါးသော၊ အယံ ဓမ္မော-ဤမမေ့မလျော့ခြင်း တရားသည်၊ ဗဟူပကာရော-များစွာ ကျေးဇူးရှိ၏။

[ပါထိကဝဂ်-ဒသုတ္တရသုတ်-ပါဠိတော်]

မမေ့မလျော့ခြင်းသည် နိဗ္ဗာန်၏အကြောင်းတည်း

အပ္ပမာဒေါ အမတံ ပဒံ၊
ပမာဒေါ မစ္စုနော ပဒံ။
အပ္ပမတ္တာ န မီယန္တိ၊
ယေ ပမတ္တာ ယထာမတာ။ ။

အပ္ပမာဒေါ-မမေ့မလျော့ခြင်းသည်၊ အမတံ- အမတသာ-နိဗ္ဗာန်၏၊ ပဒံ-အကြောင်းတည်း၊ ပမာဒေါ-မေ့လျော့ခြင်းသည်၊ မစ္စုနော-သေခြင်း၏၊ ပဒံ– အကြောင်းတည်း၊ အပ္ပမတ္တာ-မမေ့မလျော့ကုန်သောသူတို့သည်၊ န မီယန္တိ–မသေသည်မည်ကုန်၏၊ ယေ-အကြင်သူတို့သည်၊ ပမတ္တာ–မေ့လျော့ကုန်၏၊ တေ-ထိုသူတို့သည်၊ မတာ ယထာ-သူသေနှင့်တူကုန်၏။

[တိံသနိပါတ်ဂါထာ-တိလက္ခဏာဇာတ်]

မမေ့မလျော့သော သူအား

အပ္ပမတ္တဿ ဘိက္ခဝေ အနုပ္ပန္နာ စေဝ
ကုသလာ ဓမ္မာ ဥပ္ပဇ္ဇန္တိ၊ ဥပ္ပန္နာ စ
အကုသလာ ဓမ္မာ ပရိဟာယန္တိ။ ။

ဘိက္ခဝေ-ရဟန်းတို့၊အပ္ပမတ္တဿ မမေ့မလျော့သောသူအား၊ အနုပ္ပန္နာ-မဖြစ်ကုန်သေးသော၊ ကုသလာ-ကုသိုလ်ဖြစ် ကုန်သော၊ ဓမ္မာစေဝ-တရားတို့သည်လည်း၊ ဥပ္ပဇ္ဇန္တိ-ဖြစ်ကုန်၏၊ ဥပ္ပန္နာ-ဖြစ်ကုန်ပြီးသော၊ အကုသလာ-အကုသိုလ်ဖြစ်ကုန်သော၊ ဓမ္မာစ-တရားတို့သည်လည်း၊ ပရိဟာယန္တိ-ယုတ်ကုန်၏။

[ဧကအင်္ဂုတ္တိုရ်-အဋ္ဌဝဂ်]

မာရ်နတ်သည်ရှာ၍ မရချေ

တေသံ သမ္ပန္နသီလာနံ၊
အပ္ပမာဒ ဝိဟာရိနံ။
သမ္မာ ဒညာဝိမုတ္တာနံ၊
မာရော မဂ္ဂံ နဝိန္ဒတိ။ ။

သမ္ပန္နသီလာနံ—သီလနှင့်ပြည့်စုံကုန်သော၊အပ္ပမာဒဝိဟာရိနံ-မမေ့မလျော့နေလေ့ရှိကုန်သော၊ သမ္မာဒညာဝိမုတ္တာနံ-ကောင်းစွာသိ၍ ကိလေသာမှလွတ်ကုန်သော၊တေသံ—ထိုသူတို့၏၊မဂ္ဂံ—ခရီးကို၊ မာရော—မာရ်နတ်သည်၊ နဝိန္ဒတိ—မသိ။

[ဓမ္မပဒ-ဗာလဝဂ်-ဂေါဓိကမထေရ်ဝတ္ထု၊]

လက္ခဏာရေးသုံးပါး မှန်မှန်ပွါး

အနိစ္စနှင့်၊ဒုက္ခအနတ္တား၊ သုံးပါးလက္ခဏာ၊ မခြာအောက်မေ့၊တစေ့စေ့လျှင်၊အလေ့အထ၊ကွပ်ဆုံးမ၍၊ ပဥ္စခန္ဓာ၊ငါးဖြာနာမ်ရုပ်၊ဖြစ်ချုပ်ကြိမ်ဖန်၊စက်အဟန်သို့၊ဖန်တလဲလဲ၊ဝဋ်ဆင်းရဲကို၊ဝမ်းထဲသံဝေ၊ထိတ်လန့်ထွေဖြင့်၊ရိုးရေသည်းတွင်း-ကျိန်းစေမင်း။

[လောကသာရပျို-၃၄]

အကြီးဆုံး—အမြတ်ဆုံး

အပ္ပမတ္တဿ အာတာပိနော၊
ပဟိတတ္တဿ ဝိဟာရတော။
အဝိမုတ္တံ ဝါမိတ္တံ ဝိမုစ္စတိ၊
အပရိက္ခီဏာ ဝါအာသဝါ ပရိက္ခယံ ဂစ္ဆန္တိ။

အပ္ပမတ္တဿ-မမေ့မလျော့သည်ဖြစ်၍၊ အာတာပိနော-လုံ့လရှိသည်ဖြစ်၍၊ပဟိတတ္တဿ-ကိုယ်အသက်ကို ငဲ့ကွက်ခြင်း မရှိသဖြင့် အကြောင်းအကြောင်းအလိုရှိအပ်သော အကျိုး၏ပြီးခြင်းသို့ စေလွှတ်အပ်သော စိတ်ရှိသည်ဖြစ်၍၊ ဝိဟာရတော-နေသောသူအား၊ အဝိ

ရတ္တံ-ကိလေသာမှမလွတ်သေးသော၊ဝိတ္တံဝါ-ဝိတ်သည်မူလည်း၊ ဝိမုတ္တိ- ကိလေသာမှ လွတ်၏၊ အပရိက္ခီဏာ- မကုန်သေးကုန် သော အာသဝါဝါ-အာသဝေါ တို့သည်လည်း၊ ပရိက္ခယံ–ကုန် ခြင်းသို့၊ဂစ္ဆန္တိ-ရောက်ကုန်၏။

[မင်္ဂလာသာရဒီပနီ-၃၃၇]

မင်္ဂလာမည်ပုံ

(၁)–သော နာနပ္ပကာရ ကုသလာ ဓိဂမဟေတုတော
အမတာဓိဂမဟေတုတော ဝါ မင်္ဂလံ။

သော–ထိုအပ္ပမာဒသည်၊နာနပ္ပကာရ ကုသလာ ဓိဂမဟေတု တော-အထူးထူးအပြားပြားသောအပြစ်မရှိသော တရားကိုရခြင်း ၏အကြောင်း ဖြစ်သောကြောင့်ရင်း၊ အမတာဓိဂမ ဟေတုတော ဝါ-အမြိုက်နိဗ္ဗာန်ကိုရခြင်း၏ အကြောင်းဖြစ်သော ကြောင့်ရင်း၊ မင်္ဂလံ-မင်္ဂလာ မည်၏။

(၂)–ဤအပ္ပမာဒတရားသည် အပြစ်မရှိကုန်သော တရားတို့၌ ကျေးဇူးများသည်ဖြစ်၍ ထိုအပ္ပမာဒ တရားကို ပြုသောသူအား သေခြင်းမှ မကြောက်ခြင်းအစရှိသောကျေးဇူးကိုဆောင်၏၊ ထို့ ကြောင့် ထိုအပ္ပမာဒသည် မင်္ဂလာမည်၏။

[ညောင်ကန်မင်္ဂလတ္ထဒီပနီ-၅၃၇]

မမေ့မလျော့ရန် ရှင်တော်ဘုရား၏နောက်ဆုံးအမှာစကား

ပမာဒံ ဘယတော ဒိသွာ၊
အပ္ပမာဒဉ္စ ခေမတော။
ဘာဝေထ အဋ္ဌင်္ဂိကံ မဂ္ဂံ၊
ဧသာ ဗုဒ္ဓါနုသာသနီ။ ။

ပမာဒံ-ကုသိုလ်ကောင်းမှု၌ မေ့လျော့ခြင်းကို၊ ဘယတော- ပျက်စီးရာပျက်စီးကြောင်း မကောင်းသောဘေးကြီးဟူ၍၊ဒိသွာ-

ဉာဏ်ဖြင့်ဆင်ခြင်သိမြင်ကြလျက်၊အပ္ပမာဒဓ္ဓ-ကုသိုလ်ကောင်းမှုနှ မမေ့မလျော့ခြင်းကိုလည်း၊ ခေမတော- သာယာငြိမ်းချမ်း ဘေး ဘျမ်းမနှောက်၊နိဗ္ဗာန်ရောက်အောင်၊ပွါးမြောက်စည်ကား၊အကျိုး များ၏ဟူ၍၊ ဒိသွာ-ဉာဏ်ဖြင့်ဆင်ခြင်၊သိမြင်ကြလျက်၊ အဌဂီကံ-အင်္ဂါ၈ပါးရှိသော၊ မဂ္ဂံ-မဂ္ဂင်တရားကို၊ ဘာဝေထ-ပွါးကြကုန် လော့၊ဧသော-ဤသို့မဂ္ဂင်တရားကို ပွါးကြကုန်ဟု တိုက်တွန်းခြင်း သည်၊ ဗုဒ္ဓါနုသာသနီ-အကျိုးလိုလား၊ ငါဘုရားတို့၏ စီးပွါးရှု မျှော်၊အဆုံး အမတော်တည်း။

[နရဒကွဒီပနီကျမ်း-၅၂၆]

အပ္ပမာဒမင်္ဂလာ သံပေါက်များ

(၁)–ကုသိုလ်ဓမ္မ၊ မမေ့ကြ၊ အပ္ပမာဒမင်္ဂလာ။

(၂)–ကုသိုလ်ဓမ္မ၊ မေ့လျော့ကြ၊ ပမာဒလက္ခဏာ။

(၃)–မမေ့သောသူ၊ မင်္ဂဖိုလ်ယူ၊ လွယ်ကူရောက်မည်တာ။

(၄)–မေ့လျော့လေက၊ ပါယ်လေးဝ၊ ကျမည်အမှန်သာ။

[မင်္ဂလတ္ထပုဏ္ဏာဝိသဇ္ဇနာ-၁၀]

(၁)–ကုသိုလ်ဓမ္မာ၊ မေ့လျော့ကာ၊ ပမာဒဖြစ်မှု။

(၂)–ကုသိုလ်ကိစ္စ၊ သတိရ၊ အပ္ပမာဒရှု။

(၃)–ကုသိုလ်တရား၊ အပါးပါး၊ ပွါးများမမေ့မှု။

(၄)–ရှိသေနှစ်သက်၊ ကုသိုလ်ဘက်၊ ဆက်လက်များစွာရှု။

(၅)–တည်ကြည်ခြင်းစွက်၊ ပျင်းမဘက်၊ ဆက်လက် များ စွာပြု။

(၆)–မမေ့သတိ၊ အလေ့ရှိ၊ သတိမလွတ်မှု။

(၇)–ဓမ္မေသုစ အပ္ပမာဒေါ၊ ပါဌ်လာဟော၊ သဘောဉာဏ် ဖြင့်ရှု။

(၈)–ပိဋကတ်သုံးပုံ၊ အလုံးစုံ၊ ခြုံငုံစိစစ်ရှု။

(၉)–အပ္ပမာဒလျှင်၊ လိုရင်းပင်၊ မင်္ဂလာဖြစ်မှု။

[မင်္ဂလတ္ထဒီပက–၂၆]

မင်္ဂလာပျို့

ရူပသဒ္ဒ၊ စသည်တရား၊ ငါးပါးအာရုံ၊ အဖုံဖုံကို၊ လုံးစုံလိုက်စား၊ အမှားမှားလျှင်၊ တရားမေ့ဘိ၊ ပျော်ပါးမိ၍၊ သတိကင်းကွာ၊ လှူဒါန်းရာလည်း၊ ကောင်းစွာသေသေ၊ မရှိသေလျက်၊ စိတ်နေမတင်း၊ မသန့်ရှင်းသည်၊ မပြင်းဆန္ဒ၊ဝိရိယာဟု၊လုံ့လလိုလို၊ ကုသိုလ်တရား၊ မတည်ကြားတည့်၊ စိတ်အားသန်သန်၊ အဓိဋ္ဌာန်နှင့်၊ ဘန်ဘန်တလဲ၊ မမှိဲသည်၊ အမြဲမပြု၊ မဆည်းစုတည့်၊ ကောင်းမှုဟူသည်၊ ကျင့်မှုနည်းကို၊ တည်တည်ပေါ့ပေါ့၊ မေ့လျော့ခြင်းမှ၊ ပမာဒတည့်။ ။ဘုရားပညတ်၊ သိက္ခာရပ်တွင်၊ ပယ်အပ်တရား၊ မလျော့ပါးဘဲ၊ ပွါးများသမှု၊ အစဉ်ရှုလျက်၊ ပြုအပ်ရာရာ၊ ကျင့်သိက္ခာကို၊ ကောင်းစွာမပြု၊ မေ့လျော့မှုမှ၊ ပမာဒတည့်။
ထိုမှတဖြာ၊ တနည်းမှာမူ၊ ခန္ဓာအစဉ်၊ မပြတ်ယှဉ်သည်၊ ဝိညာဉ်နာမ်ရုပ်၊ ဖြစ်ချုပ်ပျက်ကြ၊သင်္ခါရကို၊ အနုပုထုဇဉ်၊ ဉာဏ်မယှဉ်ကန်း၊ သူတော်တန်းကို၊ လမ်းမှန်မသိ၊ မောဟာဘိ၍၊ သတိကင်းကွာ၊အဝိဇ္ဇာမူလက၊ပမာဒတည့်။ ။ကာလသုံးပါး၊ ကျင့်ဖေါက်ပြား၍၊ တရားမသက်၊ လောဘာဘက်လျက်၊ တပ်မက်ခြင်းမှာ၊ တဏှာမူလက၊ ပမာဒတည့်။ ။လောဘဒေါသ၊စသည်ထွေထွေ၊ ကံကိလေဟု၊ တွေဝေအပေါင်း၊ မပြုကောင်းကို၊ မေ့ကြောင်းပြုက၊ ပမာဒကရ၊မှတ်ကုန်ကြလော့။ ။မူလတရား၊ ထိုနှစ်ပါးကို၊ ပြုပြဳရက်ရက်၊ စိတ်စက်ညစ်ညူး၊ အထူးပျက်စီး၊သေပြီးပါယ်ရွာ၊လားကုန်ရာသည်။ ။နှစ်ဖြာတရား၊–ပိတ်ဖုံးတည်း။ ။

[သံတော်ဆင့်မင်း–ဦးကျော်ဧ]

၁၈။

သာဝတ္ထိပြည်၌ မြတ်စွာဘုရား၏ ကျောင်းဒါယကာဖြစ်သော အနာထပိဏ် သူဌေးသည် တခါသော် ဥစ္စာတို့သည် ကုန်ခန်းလေ၏၊ သို့သော်လည်း မိမိပြုခဲ့ဘူးသော ကုသိုလ်တရားတို့ကို

မမေ့မလျော့ဘဲ၊ ရှင်တော်ဘုရားအား အမြဲကြည်ညိုလေးစားစွာ ရှိလေ၏၊ တညဉ့်သောအခါ၊ မိမိတိုက်အိမ်စောင့်သော မိဿာနတ်သည် လာလတ်၍၊သူဌေးအား၊“အသင်သည်အရောမဝင်အကျွမ်းမဖွဲ့တန်သော ရှင်ကြီးဂေါတမကို အရောဝင်ခြင်း၊ အကျွမ်းဝင်ခြင်းများပြု၍ ဥစ္စာတို့ ကုန်ခန်းလေပြီ၊ သင်အသို့ ပြုမည်နည်း” ဟူ၍မေးရာ၊ သူဌေးကြီးသည် စိတ်ဆိုး၍ တိုက်အိမ်မှနှင်လေ၏။

နတ်မိဿာသည် သူဌေးကြီး၏ ဘိုးဘေးတို့ဥစ္စာဖြစ်သော ရွှေ၊ ငွေ၊ရတနာတို့ကိုယူဆောင်၍ တောင်းပန်ရာတွင်၊ ချက်ခြင်းလက်မခံဘဲ၊ ရှင်တော်ဘုရားကိုစော်ကားထားသည့်အတွက် ရှင်တော်ဘုရားထံ တောင်းပန်စေ၏၊ ရှင်တော်ဘုရားက“ အကြင်သူမိုက်တို့သည် အကျိုးမလာမရောက်မီ မကောင်းမှုတို့ကို ပြုတတ်၏၊ ထိုမကောင်းမှုတို့၏ အကျိုးလာသောအခါ၌ မူကား၊ အလွန်ထိတ်လန့်တုန်လှုပ်သည်သာဖြစ်ကြ၏” ဟု မိန့်တော်မူကာ တောင်းပန်ခြင်းကိုလက်ခံလိုက်လေ၏။

သူဌေးကြီးလည်း စည်းစိမ်သစ်နှင့် ကုသိုလ်တရား တို့ကို ဆက်လက် အားထုတ်ကာ၊ သာသနာကို ထောက်ပံ့လျက် နေလေ၏။

[ဓမ္မပဒအဋ္ဌကထာ-ပါပဝဂ်]

၂၂-ဂါရဝေါစ

ရိုသေလေးစား၊ သင့်သူများ၊ ပြုငြားဂါရဝါ၊
[ရိုသေထိုက်သော သူကိုရိုသေခြင်း]

ဂါရဝေါ8ဂြိုဟ်

ဂုရုနော ဘာဝေါ ဂါရဝေါ၊

ဂုရုနော-ရိုသေခြင်း၏၊ဘာဝေါ-အဖြစ်တည်း၊ ဂါရဝေါ-ရိုသေခြင်း၏အဖြစ်။

[မင်္ဂလသုတ္တဝိဂ္ဂဟဒီပနီ-၄၆]

ဤမင်္ဂလာ၏ အဓိပ္ပါယ်

(၁) ဂါရဝေါစာတိ မာတာပိတု အာစရိယာဒိသု
ပူဇေတဗ္ဗံ ဝန္ဒေတဗ္ဗန္တိ အဌော။

မာတာပိတုအာစရိယာဒိသု-အမိအဘ၊ဆရာသမားအစရှိသည့် တို့၌၊ပုဗ္ဗမိတရသိဿာဒယော-သားသွီးတပည့်အစရှိသောသူတို့သည်၊ အာဒရံ-ရိုသေစွာ၊ ပူဇေတဗ္ဗံ-ပူဇော်အပ်၏၊ ဝန္ဒေတဗ္ဗံ-ရှိခိုးအပ်၏၊ ဣတိအယံ၊ ဤသည်လျှင်၊ အဌော-ဂါရဝေါစ ဟူသောပုဒ်၏ အနက်တည်း၊ ဝါ-အမိအဘဆရာသမား အစရှိသော၊အရိုအသေ အလေးအမြတ်ပြုအပ်သောသူတို့ကို အရိုအသေ အလေးအမြတ်ပြုတတ်သောသူ၏အနက်တည်း။

[မင်္ဂလာဂဏ္ဌိ-၁၀၃]

(၂) ဂုဏဂုဇ္ဇီ-မိမိထက် သီလဂုဏ်၊ သမာဓိဂုဏ်၊ပညာဂုဏ် အားဖြင့်ကြီးသောသူ။

ဝယဂုဇ္ဇီ-မိမိထက်အသက်အရွယ်အားဖြင့်ကြီးသောသူ။

ဤသို့ရိုသေလေးစားထိုက်သောသူများကို ရိုသေရမည်ဆိုလိုသည်၊ ထိုသို့ရိုသေလေးစားခြင်းသည် ဂါရဝေါစမင်္ဂလာမည်၏။

[ဦးပညာဝံသ]

(၃) အလေးအမြတ် ပြုအပ်ကုန်သော သူတို့အား အလေး အမြတ်ပြုခြင်းသည် ဂါရဝမင်္ဂလာမည်၏။

[ပရိတ်ကြီးဂဏ္ဍိ-၅၃]

(၄) ယောဂါရဝေါစ-အကြင်ရိုသေထိုက်သော မိဘဆရာ၊ ရတနာသုံးပါး၊ ကြီးမြတ်သောသူအစရှိသော သူတို့ကို ရိုသေ ရခြင်းသည်လည်းကောင်း။

[ပရိတ်ကြီးနိသျ-၃၇]

(၅) ဂါရဝေါစ-အကြင်ရတနာသုံးပါးတို့ကို ယုံကြည်သဖြင့် ကောင်းစွာကျင့်သော သူတော်ကောင်းတို့ကို ရိုသေ ရခြင်းသည် လည်းကောင်း။

[မင်္ဂလာဋီကာ-၈]

(၆) ဂါရဝေါစ-ဒုဋ္ဌရိုက်ရာ၊မကောင်းမှုမှ ရှက်ခြင်း လန့်ခြင်း ရှိသည်ဖြစ်၍အမှုပြုသောအခါ မိမိကိုလည်းကောင်း၊သူတပါးကို လည်းကောင်း၊ အရိုအသေ၊ သေချာအောင် ပြုရခြင်းသည် လည်း ကောင်း။

[မင်္ဂလသုတ်နိသျ-၁၈]

(၇) ဂါရဝေါစ-ဗုဒ္ဓပစ္စေကာ၊ သုံးရတနာနှင့်၊ဆရာမိဘာ၊ အမ အကို၊ ထိုထိုမျိုးနွယ်၊ ဂုဏ်ရှယ်ကျေးဇူး၊ အထူးကဲလွန်၊ မြတ်မွန် သူတို့ကို၊ ရိုသေမြတ်နိုး ခြင်းသည်ရင်း။

[မင်္ဂလာအလင်း-၈၁]

(၈) ဂါရဝေါစ-ဗုဒ္ဓမြတ်စွာ၊ ထေရ်သံဃာနှင့်၊ မာတာပိတာ၊ အာစရိယပေါ၊ ဂုဏာဂုဏ်ဖို့၊ သက်ကြီးဘိုနှင့်၊ အဓိသီလ၊ စောင့်သုံးကြ သား၊ ထိုသူများကို၊ ညွတ်တွားခယ၊ ပြုလုပ်ရခြင်းသည် လည်း ကောင်း။

[မင်္ဂလသုတ်မိတ်လင်စုံ-၁၄]

(၉) ယောဂါရဝေါစ-အကြင်ကြီးကြီးငယ်ငယ်၊အရွယ်မရွေး၊ အလေးအမြတ် ပြုအပ်သောအခါ ပြုရခြင်းသည် လည်းကောင်း။

[ရွှေမင်းဝံ့ငှက်တွင်းဆရာတော်]

(၁၀) ရိုသေထိုက်သောသူကို ရိုသေခြင်း ဟူရာ၌ ရိုသေထိုက်သောဘုရား၊ ပစ္စေကဗုဒ္ဓါ၊ ဘုရားတပည့်သားတော်၊ ဆရာ၊ မိခင်၊ ဘခင်၊အကိုကြီး၊အမကြီး၊သက်ကြီး ဂုဏ်ကြီးသည့် ပုဂ္ဂိုလ်တို့ကို ရိုသေခြင်း ဖြစ်လေသည်။

[မင်္ဂလာအလင်း]

အရိုအသေခံထိုက်သောပုဂ္ဂိုလ်-၇-ဦး

သုံးတန်ရတနာ၊ ဘဂဝါ၊ လွန်စွာပြုမြဲဟူ။
အာစရိယာ၊ မိနှင့်ဘ၊ ကုလကြီးမြင့်သူ။
အသက်ဂုဏ်နေ၊ ကြီးသူတွေ၊ ပုံသေထိုနည်းယူ။

ဂါရဝပြုခြင်း-၃-မျိုး

(၁) တိရစ္ဆာန်တို့သည်ရပ်လျက် ဝပ်လျက်ရှိနိုးခြင်းပြုကြ၏၊ ၎င်းတို့မှာ ရိုသေထိုက်သောသူကို တူရှုရှေးရှု အာရုံပြုပြီးလျှင်၊ ရပ်လျက် ဝပ်လျက်ပင် ရှိခိုးခြင်း အရာရောက်ပေ တော့သည်။

(၂) နတ်တို့က ရပ်လျက်ရှိခိုးကြကုန်၏၊ဘုမ္မစိုး၊ ရုက္ခစိုး၊ အစရှိသောနတ်တို့သည် ထိုင်လျက်ရှိခိုးသည်ကား အနည်းငယ်ရှိသေး၏။

(၃) လူယောကျာ်းတို့ကား ဆောင့်ကြောင့်ထိုင်၍ တဘက်တခုကိုကိုယ်၌ စမ္ပယ်တင်၍ လက်အုပ်ကိုချီ၍ရှိခိုးကြ၏၊ လူမိန်းမတို့ကားဝပ်လျက် တဘက်တခုကို ကိုယ်၌စမ္ပယ်တင်၍ ရှိခိုးကြကုန်၏။

[မင်္ဂလာဂဏ္ဍီ]

အလေးပြုခြင်း

ဂါရဝေါနာမ ဂရုကာတဗ္ဗယောဂ္ဂါရဟေသု
ဗုဒ္ဓပစ္စေကဗုဒ္ဓတထာဂတသာဝက အာစရိ-
ယုပဇ္ဈာယ မာတာပိတုဇေဋ္ဌဘာတိကာဘဂိ-
နိအာဒိသု ယထာနုရူပံ ဂရုကာရော သဂါရဝတာ။

ဂါရဝေါနာမ- ဂါရဝ မည်သည်ကား၊ ဂရုကာတဗ္ဗယောဂ္ဂါရဟေသု- အလေးအမြတ်ပြုအပ်သည်၏ အဖြစ်နှင့်ယှဉ်ကုန်သော၊ ဗုဒ္ဓပစ္စေကဗုဒ္ဓ တထာဂတသာဝက အာစရိယုပဇ္ဈာယ မာတာပိတု ဇေဋ္ဌဘာတိက ဘဂိနိအာဒိသု-ဘုရား၊ပစ္စေကဗုဒ္ဓါ၊ ဘုရားတပည့်၊ ဆရာဥပဇ္ဈာယ်၊ အမိ၊ အဘ၊ အကိုကြီး အမကြီး အစရှိကုန်သော သူတို့၌၊ ယထာနုရူပံ-အကြင် အကြင်အလေးအမြတ်ပြုသင့်သည့်အားလျော်စွာ၊ဂရုကာရော- အလေးပြုခြင်းတည်း၊ သဂါရဝတာ-အလေးပြုခြင်းရှိသည်၏အဖြစ်တည်း။

[ခုဒ္ဒကပါဌအဋ္ဌကထာ]

ရှိသေပါ

သက်ကြီးမိဘ၊ ဆရာစသား၊ စိုးရသခင်၊ ကျေးဇူးရှင်တို့၊ ပြစ်တင်မောင်းမဲ၊ရိုက်ပုတ်ဆဲလည်း၊ဝမ်းထဲယုံ့ယုံ့၊ ယုန်နှယ်ကြို့သို့၊ ဆိုတုံ့မပံ့၊စောင်းမာန်ညှံ့၍၊ ကြောက်ရွံ့ရိုသေ၊သည်းခံထွေဖြင့်၊ ကောင်းတေနှုလုံးယဉ်စေမင်း။

[လောကသာရပျို့]

ဆရာမိဘရိုသေကြ

မာတာပိတုအာစရိယာဒိနံပါဒေ သောခေတဗ္ဗော၊
ဥဋ္ဌကာလေ ကရဏီယော၊ခါဒနီယဘောဇနီယံ-
ဥပဋ္ဌာပေတဗ္ဗော မဏ္ဍနံ ဒါတဗ္ဗော၊ ကမ္မာကမ္မံ နေတဗ္ဗော။

မာတာပိတု အာစရိယာဒီနံ - အမိအဘဆရာသွားအစရှိသောသူတို့၏၊ ပါဒေ-ခြေတို့ကို၊ သောဓေတဗ္ဗာ-သုတ်သင်အပ်၏၊ ဝါ-ဆေးလျှော်အပ်၏၊ ဥဏှကာလေ- ပူသောကာလ၌၊ ကရဏိယော-ယပ်လေခပ်ခြင်းကိုပြုအပ်၏၊ ခါဒနီယဘောဇနီယံ- ခဲဘွယ်ဘောဇဉ်ကို၊ ဥပဋ္ဌာပေတဗ္ဗာ-လုပ်ကျွေးမွေးမြူအပ်၏၊ မဏ္ဍနံ-အဝတ်တန်းဆာကို၊ ဒါတဗ္ဗာ-ပေးအပ်၏၊ ကမ္မာ ကမ္မံ - အမှုကြီးငယ်ကို၊ နေတဗ္ဗာ -ဆောင်အပ်၏။

[မင်္ဂလာဂဏ္ဍိ-၁၃၄]

ရိုသေသူများကြီးပွါးမည်သာ

ဆရာမိဘစသောသူတို့ကို ရိုရိုသေသေ၊ လေးလေးမြတ်မြတ် အာရုံကပ်၍ မပြတ်ခစားလေ့ရှိခြင်းသည် ပစ္စုပ္ပန်သံသရာနှစ်ဖြာ ကြီးပွါးကြောင်းဖြစ်၏။

[ပရိတ်ကြီးဂဏ္ဍိ-၅၃]

ကြက်သရေတိုးတက်မည်

သူတပါးကို၊ ရိုသေသမှု၊ လေးမြတ်ပြုက၊ ရ၏ကိုယ်၌၊ အကျိုးလိုက်၏၊ သိုက်မြိုက်ဥစ္စာ၊ ရိုသေစွာဖြင့်၊ ပူဇာသူအား၊ ပြုလေငြားမူ၊ ကိုယ်အားသူတို့၊ ပူဇော်မြှို့က၊ ဂုဏဝယ၊ ဂုဏ်ကြီးမြင့်၊ ချီးပင့်မြတ်နိုး၊ ရှိခိုးမှုလည်း၊ ထိုနည်းထပ်မျှ၊ ပူဇာရဟ၊ ပြုကုန်ရ၏၊ များစွခြွေရံ၊ အစေခံလည်း၊ မည်ံမဆိတ်၊ ဘိတ်ဘိတ်တောက်ညီး၊ အလျှံမီးသို့၊ ကြီးသည့်အာဏာ၊ ရှိန်ဝါတန်းခိုး၊ ပြည့်ဖြိုးပုံသေ၊ နတ်အနေသို့၊ ကြက်သရေမစွန့်၊ အငွန့်မြမြ၊ ခြံရံကျွန်နွား၊ စပါးပြောင်းပဲ၊ ဖွံ့ဖွံ့သွန်သွန်၊ လယ်ခွန်လက်နက်၊ တိုးတက်စီးပွါး၊ အသီးများ၏၊ များပြားပြည့်လျှိုင်း၊ လိုတိုင်းသုံးရ၊ အမြင့်မှလည်း၊ ကျ၍မသေ၊ သေလျှင်သုဂတိ၊ တည်ရာရှိ၏၊ ဤသည့်ပညတ်၊ နိတတ်နေယျတ်၊ နှစ်ပါးမှတ်လော့၊ မိန့်မြတ်ဗျာသံ၊ သာမရက္ခံဖြင့်၊ နက်တံရွှေခွန်း၊ မိန့်တော်ညွှန်းသည်။ ။တက်ယွန်းကြက်သရေ-တိုးပွါးတည်း။

[မင်္ဂလာပျို့-၈၅]

ရိုသေသူများ သုဂတိသို့လားရ၏

ယေဝုဍ္ဎ မပစာယန္တိ၊
နရာ ဓမ္မဿ ကောဝိဒါ။
ဒိဋ္ဌေ ဓမ္မေစ ပါသံသာ၊
သမ္ပရာ ယေစ သုဂ္ဂတိံ။ ။

ဓမ္မဿ-ကြီးသောသူတို့အား အရိုအသေပြုခြင်းတရား၌၊ ကောဝိဒါ-လိမ္မာကုန်သော၊ ယေနရာ-အကြင်သူတို့သည်၊ ဝုဍ္ဎံ-ဂုဏ် ကျေးဇူးအရွယ်အားဖြင့်ကြီးသောသူကို၊ အပစာယန္တိ-အရိုအသေ ပြုသောအမှုဖြင့် ပူဇော်ကုန်၏၊ တေနရာ-ထိုသူတို့သည်၊ ဒိဋ္ဌေ ဓမ္မေစ-မျက်မှောက်သောကိုယ်၏ အဖြစ်၌လည်း၊ ပါသံသာ-ချီး မွမ်းခြင်း၌ ထိုက်ကုန်၏၊ သမ္ပရာယေစ-တမလွန် ဘဝ၌လည်း၊ သုဂ္ဂတိံ-သုဂတိသို့၊ယန္တိ-လားရ ရောက်ရကုန်၏။

[ကေနိပါတ်-စတုက္ကဝဂ်-တိတ္တိရဇာတ်]

သက်ကြီးဝါကြီးတို့အားရိုသေခြင်း၏အကျိုး

အဘိဝါဒန သီလိဿ၊
နိစ္စံ ဝုဍ္ဎာ ပစာယိနော။
စတ္တာရော ဓမ္မာ ဝဍ္ဎန္တိ၊
အာယု ဝဏ္ဏော သုခံ ဗလံ။ ။

အဘိဝါဒနသီလိဿ– အရိုအသေပြု၍ ရှိခိုးလေ့ရှိထသော၊ နိစ္စံ-အမြဲ၊ဝုဍ္ဎာပစာယိနော-အသက်သိက္ခာအားဖြင့် ကြီးသောသူ တို့ကိုအရိုအသေ ပြုလေ့ရှိထသော၊ ပုဂ္ဂလဿ-ပုဂ္ဂိုလ်အား၊ အာ ယု-အသက်ရှည်ခြင်းရင်း၊ ဝဏ္ဏော- အဆင်းလှခြင်းရင်း၊ သုခံ- ကိုယ်စိတ် နှစ်ဖြာ ချမ်းသာခြင်းရင်း၊ ဗလံ- ခွန်အားဗလကြီး ကျယ်ရခြင်းရင်း၊ ဣတိ-ဤသို့၊ စတ္တာရော- လေးပါးကုန်သော၊ ဓမ္မာ- ကျေးဇူးတရားတို့သည်၊ ဝဍ္ဎန္တိ-တိုးပွါးကုန်၏။

[ဓမ္မပဒ-ပါဠိတော်]

နိဗ္ဗာန်မျက်မှောက်

ဂါရဝတရား (၇) ပါးနှင့် ပြည့်စုံသော ပုဂ္ဂိုလ်အားမဂ်ဖိုလ် တရားတို့မှ ဆုတ်ယုတ်ခြင်းငှါ မထိုက်၊ နိဗ္ဗာန်၏ အထံ၌သာ ဖြစ်ကြကုန်၏။

[အင်္ဂုတ္တိုရ်-ပဉ္စမပဏ္ဏာသကစတုတ္ထဝဂ်]

မင်္ဂလာမည်ပုံ

(၁) ဂါရဝသည် သုဂတိသို့လားရခြင်း အစရှိသည်တို့၏ အကြောင်းဖြစ်သောကြောင့် မင်္ဂလာမည်၏။

(၂) ဂါရဝသည် အပရိဟာနိယအဖြစ် အစရှိသည်ကို ရခြင်း၏ အကြောင်းဖြစ်သောကြောင့် မင်္ဂလာမည်၏။

[ညောင်ကန်မင်္ဂလတ္ထဒီပနီ-၅၄၀]

(၃) ဂါရဝသည် ပစ္စုပ္ပန်သံသရာအကျိုး၊ ကြီးပွါးရာအကြောင်းဖြစ်သောကြောင့် မင်္ဂလာမည်၏။

[မင်္ဂလာသာရဒီပနီ-၁၃၇]

မင်္ဂလာမမည်

ဘုရား၊ တရား၊ သံဃာ၊ သိက္ခာ၊ သမာဓိ၊ အပ္ပမာဒနှင့် ပဋိသန္ထာရတို့ကို မရိုသေခြင်းတည်းဟူသော အဂါရဝတရားရှိသောသူတို့သည် ပစ္စုပ္ပန်၊ သံသရာ၊ အကျိုးကြီးပွါးရာအကြောင်းမှ ဆုတ်ယုတ်သောကြောင့် မင်္ဂလာမမည်။

[အင်္ဂုတ္တိုရ်-ပဉ္စမပဏ္ဏာသက စတုတ္ထဝဂ်]

ဂါရဝမင်္ဂလာသံပေါက်

(၁) ရိုသေထိုက်လျှ၊ ရိုသေက၊ မှတ်ကြမင်္ဂလာ။

(၂) ဂါရဝတရား၊ ပြည့်စုံငြား၊ ကျိုးကားလွန်များစွာ။

(၃) မျက်မှောက်ဇာနေ်၊ သံသာရ၊ နှစ်တန်ချမ်းသာရာ။

[မင်္ဂလတ္ထပုဒ္ဓါဝိသဇ္ဇနာ]

(၁) ဂါရဝေါစ၊ သဘောပြ၊ ယောသထမြတ်ဘုရား။
(၂) ပူဇနေယျ၊ ဂါရဝ၊ တူမျှသဘောသွား။
(၃) ဗု-ဓ-သံ-အာ၊ မိဘပါ၊ ဇေဋ္ဌာဝုဍ္ဎိများ။
(၄) ရှိသေအပ်သူ၊ အမြဲမှု၊ မှတ်ယူရှစ်မျိုးထား။
(၅) ဂါရဝမင်္ဂလာ၊ စဉ်မကွာ၊ ထင်စွာနတ်ပြည်လား။
(၆) လူ့ပြည်မျိုးဝယ်၊ တန်းခိုးကြွယ်၊ ဖိုးဘွယ်ထက်အများ။
(၇) ဂါရဝထင်စွာ၊ မင်္ဂလာ၊ မကွာသိစိမ့်ထား။

[မင်္ဂလဇ္ဇုဒီပက-၂၉]

မင်္ဂလာပျို့

မြဲမှတ်စေ့ငု၊ ကောင်းစွာရှုလော့၊ သဗ္ဗုဓမ္မ၊ သံဃာသိက္ခာ၊ ရှိသေစွာဘိ၊ သမာဓိနှင့်၊ ပဋိသန္ထာ၊ အပ္ပမာဒ၊ ဂါရဝတရား၊ ခုနှစ်ပါးကို၊ မှတ်သားဂရု၊ အလေးပြုလော့၊ သိမှုစဉ်လာ၊ ထုံးတံထွာမှု၊ နှစ်ရှဉ့်နှစ်ဆယ်၊ ခုနစ်သွယ်ဖြင့်၊ တင့်တယ်သိက္ခာ၊ ဆင်တန်းဆာကို၊ ကောင်းစွာဝတ်စား၊ ရဟန်းများမှု၊ ညွတ်တွားရှေ့ရှု၊ ရှိသေမှုကား၊ ဥပသမ္ပဒ်၊ အရင်းခံဖြင့်၊ ကံဆောင်မဘောက်၊ ရွေးချယ်ကောက်၍၊ ရှေ့နောက်ဆင့်ဆင့်၊ နိမ့်မြင့်မရွေ့၊ ရှိသေလေ့ကို၊ မမေ့မလပ်၊ ပြုကုန်အပ်ရှင့်၊ ပညတ်တထူး၊ ဆိုတုံဦးအံ့၊ လူ့မှူးဥက္ကဋ္ဌ၊ သမုန္နတ်၏၊ မှူးမတ်သေနာ၊ ပွဲတက်ခါဝယ်၊ နေရာငါးမည်၊ အစဉ်တည်လျက်၊ ဤသည်ဆင့်ဆင့်၊ မြင့်ရာမြင့်ရာ၊ ရှိသေစွာဖြင့်၊ သဂါရဝ၊ ပြုကြကုန်ဘိ၊ ထုံးစံရှိ၏၊ မှတ်သိစဉ်လာ၊ မျိုးလေးဖြာတို့၊ ပညာသိလ၊ ဝယဝုဍ္ဎ၊ စသည်သာလျှင်၊ အရာထောက်ချင့်၊ ရှိသေခွင့်ကို၊ ပြုသင့်ရိယာ၊ ကြည်လင်စွာဖြင့်၊ သံသရာချုံမြတ်၊ လောကဝတ်ကို၊ မချွတ်ရအောင်၊ ဝိညတ်ဆောင်သည်။ ။လူ့ဘောင်ကျင့်ရိုး-တရားတည်း။

[သံတော်ဆင့်မင်း-ဦးကျော်ဇေ]

ခါ-မျောက်-ဆင်-သုံးဦးတို့ဝတ္ထု

ရှေးလွန်လေ ပြီးသောအခါ ဟိမဝန္တာ အရပ် တခုသော ညောင်ပင်ကြီးကို အမှီပြု၍၊ ခါ-မျောက်-ဆင်-သုံးဦးတို့သည်

နေထိုင်လျက်ရှိကြ၏၊ တဦးနှင့်တဦး မည်သူက ကြီးသည်ငယ်သည်မသိကြသောကြောင့် အချင်းချင်း အရိုအသေ မပြုကြဘဲနေကုန်၏၊ ဤကဲ့သို့နေထိုင်ကြခြင်းမှာ နေရာမကျဟု ယူဆကြပြီးလျှင်၊ အသက်ကြီးသူရွေးကြရာ-

(ဆင်)–ကျုပ်ငယ်ငယ်က သည်ပညောင်ပင် ကလေးကို ကျော်ခွမိုက်အောက်တွင်ထား၍သွားနိုင်သည်။

(မျောက်)–ကျုပ်ငယ်ငယ်က၊ဤညောင်ပင်ကလေး၏ အညွန့်ကိုကိုင်၍ လက်နှင့်ရူးဆိတ်ကစားနိုင်သည်။

(ခါ)–ဟိုတုံးက ကျုပ်ကျွန်းတကျွန်းမှ ညောင်သီးကိုစားလာပြီးဤနေရာတွင် မစင်စွန့်၍ဤညောင်ပင်ကြီးပေါက်ပါသည်- ဟုပြောဆိုကြ၏။

သို့ဖြင့် အသက်အကြီးဆုံး တည်းဟူသော ဝယဝုဍ္ဍိဂုဏ်ထူးကို ခါငှက်ကဆွတ်ခူး၍သွားလေတော့၏။

ထိုအချိန်ကစ၍ ငယ်သူဆင်မျောက်တို့က ခါကိုအရိုအသေပြုကာ၊ ချမ်းသာစွာနေ၍ သေလွန်သောအခါ နတ်ရွာသုဂတ်သို့လားကြလေကုန်သတည်း။

ဤဝတ္ထုကိုအကြောင်းပြု၍၊ ရှင်တော်ဘုရားက–

“ကြီးသူတို့အား ရိုသေတုပ်ကွ လုပ်ကျွေးကြ ခြင်းသည်မျက်မှောက်၌ ချီးမွမ်းခံရ၍၊ သေသည့်နောက် ကောင်းရာသုဂတိသို့ရောက်၏။”ဟုဟောကြားတော်မူလေသတည်း။

[ကေနိပါတ်-စတုက္ကဝဂ်-တိတ္တိရဇာတ်]

၂၃-နိဝါတောစ

မိမိကိုယ်ကို၊သူ့အောက်ခို၊စိတ်ကိုနှိမ့်ချပါ။
[မိမိကိုယ်ကိုနှိမ့်ချပါ]

နိဝါတစိဂြိုဟ်

နိဝါတသံ ဝသတိ တိနိဝါတော။

ယောပုဂ္ဂလော-အကြင်ပုဂ္ဂိုလ်သည်၊နိဝါတံ-အကြွင်းမဲ့၊ ဝသတိ-နေတတ်၏၊ဇာတိတဿာ-ထိုသို့နေတတ်သောသတ္တိကြောင့်၊ သောပုဂ္ဂလော-ထိုပုဂ္ဂိုလ်သည်၊ နိဝါတော-နိဝါတမည်၏။

[မင်္ဂလသုတ္တဝိဂ္ဂဟဒီပနီ-၄၆]

ဤမင်္ဂလာ၏အဓိပ္ပါယ်များ

(၁) ခြေသုတ်ပုဆိုး၊ ခွေ့ခွယ်ကျိုးနှင့်၊ ချိုကျိုး သောနွား၊ ခွန်းစဏ္ဍားပမာဏ၊နှိမ့်ချသောမာနရှိခြင်းသည် နိဝါတမင်္ဂလာမည်၏။

[ပရိတ်ကြီးနိဿယ-၅၄]

(၂) နိဝါတမည်သည်ကား-နှိမ့်ချသောစိတ်ရှိသည်၏အဖြစ်၊ နှိမ့်ချသော အသက်မွေးခြင်း ရှိသည်၏ အဖြစ်တည်း။

[မင်္ဂလာသာရဒီပနီ-၁၄၀]

(၃) မိမိကိုယ်ကိုနှိမ့်ချခြင်းဆိုသည်ကား အပြောအဆိုအနေအထိုင်တို့၌ မာနခက်ထန်ခိုင်မာခြင်း ကင်းရမည်ဆိုလိုသည်။

အပြောအဆို၌ နှိမ့်ချပုံကား-ငါ-ဟယ် မပါ၊ ပြေပြစ်နူးညံ့စွာ ပြောဆိုခြင်း၊ သူတပါးနှလုံးကို ထိခိုက်နစ်နာခြင်း ကင်းသော ကောင်းသော စကားကို ဆိုခြင်းတည်း။

အနေအထိုင်၌ နှိမ့်ချပုံကား-ကိုယ့်ထက်သက်ကြွယ် ဂုဏ်ဝါကြီးသောသူတို့အား မြင့်မြတ်သောနေရာကိုပေး၍ ကိုယ်မှုကား ယုတ်ညံ့သောနေရာ၌ ကြို့ယို့ကျစ်လစ်စွာ နေထိုင်ခြင်းတည်း။

[မင်္ဂလာအလင်း-၃၁]

H-217-9

(၄) နိဝါတောစာတိ ကာယစိတ္တံ နိဝါရေ တီတိ အဝွေ့ာ။

နိဝါတောစာတိ- နိဝါတောစ ဟူသည်ကား၊ ကာယစိတ္တံ- ကိုယ်စိတ်နှစ်ပါးကို၊ နိဝါရေတိ-မြစ်တတ်၏၊ ဇာတိအဟံ-ဤသည် လျှင်၊အဝွေ့ာ-နိဝါတောစ ဟူသောပုဒ်၏ အနက်တည်း၊ဝါ-ဒေါ သစိတ်၊ မာနစိတ်ကို နှိမ့်ချအပ်သောပုဒ်၏ အနက်တည်း။

[မင်္ဂလာဂဏ္ဌိ-၁၀၅]

(၅) ယောနိဝါတောစ- အကြင်ရတနာသုံးပါးနှင့်တကွ နှိမ့်ချ ထိုက်သောသူတို့ထံ မိမိကိုယ်ကိုနှိမ့်ချရခြင်းသည်လည်းကောင်း။

[မင်္ဂလသုတ်ဒီကာ-၈]

(၆) နိဝါတောစ-ချောမောပြေပြစ်၊ နူတ်လှစ်နူးညံ့၊ ပြုတုံမံ့. လည်း၊ မငံ့ကြွမ်းကြုတ်၊ ခြေသုတ်ပုဆိုး၊ မြွေစွယ်ကျိုးနှင့်၊ ချိုကျိုး သောနွား၊ ကဲ့အလားသို့၊ ထောင်လွှားမာန၊ ပယ်နှိမ့်ချ၍၊ နေရခြင်း သည့်ရှင်း။

[မင်္ဂလာအလင်း-၈၁]

(၇) နိဝါတောစ-နှိမ့်ချသင့်သူ၊ဟူဟူသမျှတို့အား မိမိကိုယ် ကိုနှိမ့်ချရခြင်းသည်လည်းကောင်း။

[မင်္ဂလသုတ်မိတ်လင်စုံ-၁၄]

(၈) ယောနိဝါတောစ- အကြင်မာနမရောက်၊ ဂုဏ်မမောက် ဘဲ၊မြွေဟောက်စွယ်ကျိုး၊ ဦးချိုကျိုးသောနွားကဲ့သို့၊ နိဝါတတရား၊ ရှိရခြင်းသည်လည်းကောင်း။

[ရွှေမင်းဝံ-၄က်တွင်းဆရာတော်]

သူတော်ကောင်းတို့ချီးမွမ်းကြ၏

ယေဝုဍ္ဎာ မပစာယန္တိ၊
နရာဓမ္မဿ ကောဝိဒါ။
ဒိဋ္ဌေဝဓမ္မေ ပါသံသာ၊
သမ္ပရာယေစ သုဂ္ဂတိံ။

ဓမ္မသ- ဂါရဝတာခြား၊ နိဝါတ တရားနှစ်ပါး၌၊ ကောဝိဒါ- လိမ္မာကုန်သော၊ ယေနရာ- အကြင်သတ္တဝါတို့သည်၊ ဝုဗ္ဗုံ- ကြီးမြတ်သောသူကို၊ အပစာယန္တိ-ရိုသေခြင်း၊ နှိမ့်ချခြင်းကိုပြုကုန်၏၊ တေနရာ- ထိုသတ္တဝါတို့သည်၊ ဒိဋ္ဌေဝဓမ္မေ- မျက်မှောက်သော ကိုယ်၏အဖြစ်၌လျှင်၊ ပါသံသာ- သူတော်ကောင်းတို့၏ ချီးမွမ်းခြင်းကို ထိုက်ကုန်၏၊ သံပရာယေစ-တမလွန်ဘဝ၌လည်း၊ သုဂ္ဂတိ- နတ်ပြည်သို့၊ ယန္တိ-လားရကုန်၏။

[ပရိတ်ကြီးနိသျ-၃၈]

နှိမ့်ချသူအားစည်းစိမ်ပွါး၏

ပဏ္ဍိတော သီလသမ္ပန္နော၊
သဏှော စ ပဋိဘာနဝါ။
နိဝါတဝုတ္တိ အထဒ္ဓေါ၊
တာဒိသော လဘတေ ယသံ။

ပဏ္ဍိတော-လိမ္မာမြော်မြင်၊ပညာရှိသည်ဖြစ်၍၊ သီလသမ္ပန္နော- သီလနှင့်ပြည့်စုံသည်ဖြစ်၍၊ ပဋိဘာနဝါ- ထိုးထွင်းသောပဋိဘာန်နှင့် ပြည့်စုံသည်ဖြစ်၍၊ နိဝါတဝုတ္တိ- နှိမ့်ချသောဖြစ်ခြင်းရှိသော၊ အထဒ္ဓေါ-ခိုင်မာခြင်း ကင်းသော၊ သဏှောစ၊ နူးညံ့သည်လည်းဖြစ်သော၊ တာဒိသော-ထိုသို့ သဘောရှိသော သူသည်၊ ယသံ- အခြံအရံ အကျော်အစောကို၊ လဘတေ-ရလေ၏။

[သိင်္ဂါလသုတ်-ပါဠိတော်]

ကိုယ်ကိုနှိမ့်ချ ဆိုဆုံးမ၏

ပါဏာတိပါတ်၊ မသတ်သူ့သက်၊ ခိုးဖွက်မမူ၊ မယူသေစာ၊ အိမ်ရာမများ၊ မုသားမဆို၊ ကိုယ်ကိုနှိမ့်ချ၊ စောင့်သီလနှင့်၊ ဒါန လှူဝတ်၊ ရက်မချွတ်လျှင်၊ မပြတ်ဆောက်တည်၊ ဆုကြီးရည်၍၊ မကြည် ခိုက်ရန်၊ သူကျူးလွန်လည်း။ ။မျက်မာန် မပြင်းကင်းစေမင်း။ ။

[လောကသာရပျို့-၂၅]

နှိမ့်ချခြင်း၏ ဆန့်ကျင်ဘက်ကား–"မာန"

မာနစိတ်-၃မျိုးရှိ၏။
ကိုယ်ကြောင့်ဖြစ်သော ဒေါသ မာနစိတ်။
စိတ်ကြောင့်ဖြစ်သော ဒေါသ မာနစိတ်။

[မင်္ဂလာဂဏ္ဌိ-၁၀၅]

မာန-၆-ပါး

ဇာတိ	ဂေါတ္တ	ပညာ
ဓန	ဉာတိ	ရူပ

တနည်းမာန-၇-ပါး

မာန	ထမ္ဘ	မက္ခ
အတိမာန	သာရမ္ဘ	မဒ
	ပလာသ	

သံပေါက်

၆-ပါး-၇ချက်၊ ကိုယ်ကိုဖျက်၊ မင်္ဂလိမရကြ။
မာနရှိကာ၊ သတိကွာ၊ ဝေးစွာနိဗ္ဗာန်။

ပညာရှိလျက် မာနဖျက်

ဘိတ္တိနိမ္မာနတာ ဇာတိံ၊
မာနေ့ာ တု ဟန္တိ ပဏ္ဍိတံ။
ဗဟုနာယကတာ ကိစ္စံ၊
ဒါသဗျံ သဗ္ဗသမ္ပဒံ။

ဘိတ္တိနိမ္မာနတာ-ကြောက်ခြင်းနှင့်၊ ဇာတိသွေးဇာတိမာန်မရှိခြင်းသည်၊ ဇာတိံ-မိမိ၏အမျိုးဇာတ်ကို၊ ဟန္တိ-သတ်ဖြတ်ဖျက်ဆီးတတ်၏၊ တု-ထိုမှတပါး၊ မာနော-ငါတကားဟု၊ ပလွှားမြင့်ချွန်ခြင်းသည်၊ ပဏ္ဍိတံ-ပညာရှိကို၊ ဟန္တိ-သတ်ဖြတ်ဖျက်ဆီးတတ်၏၊

ဗဟုနာယကတော-ဦးစီးရှေ့သွား၊ ခေါင်းဆောင် များခြင်းသည်၊ ကိစ္စ-အမှုကိစ္စ အမျိုးမျိုးကို၊ ဟန္တိ-ဖျက်ဆီးတတ်၏၊ ဒါသဖို-ကျွန်၏ အဖြစ်သည်ကား၊ သဗ္ဗသမ္ပဒံ-စည်းစိမ် ချမ်းသာ မင်္ဂလာကြက်သရေ အမျိုးမျိုးကို၊ ဟန္တိ-အညွန့်တုံး၍၊ ပုံးပုံးတိုအောင် ဖျက်ဆီးတတ်၏။

[နီတိကျမ်း]

ပညာရှိများမာနထားအမှားဖြစ်မည်သာ

အဘာဝိတ မလာပညာ၊
အနုဋ္ဌာနမလာ ဃရာ။
လောလဟောလာမလံ ဝဏ္ဏံ၊
အတ္တုက္ကံသမလာ ဝိဒူ။

ပညာ-သင်ကြားတတ်မြောက်ပြီးသော ပညာသည်၊ အဘာဝိတမလာ-နောက်ထပ်တဖန် ပြန်လှန်စဉ်းစားကြံစည်ခြင်းအား မပွါးများခြင်းလျှင်၊အညစ်အကြေးရှိကုန်၏၊ဃရာ-အိမ်ရာဟူသမျှတို့သည်၊ အနုဋ္ဌာနမလာ-ထကြွလုံ့လ၊ဥဿာဟမကူ၊အပျင်းထူခြင်းလျှင် အညစ်အကြေးရှိကုန်၏၊ ဝဏ္ဏံ- အရောင်အဆင်း လှပခြင်းသည်၊လောလဟောလာမလံ-လျှပ်ပေါ်လော်လည်ခြင်း၊မြူးတူးခြင်းလျှင် အညစ်အကြေးရှိကုန်၏၊ ဝိဒူ- ပညာရှိဟူသမျှတို့သည်၊ အတ္တုက္ကံသမလာ- မိမိကိုသာထောမနာ၍၊ ငါသာလူတတ် အထင်မှတ်ခြင်းလျှင် အညစ်အကြေးရှိကုန်၏။

[လောကနီတိပကိဏ္ဏကကဏ္ဍ]

ရင်းဆောင်ပုဒ်လက်ာ

သင်ပြီးပညာ၊ ရှိတုံပါလည်း၊ လေ့လာထပ်ဆင့်၊ ဉာဏ်မဖွင့်က၊ ပျောက်လွင့်သောဟူ၊ ညစ်ကြေးထူ၏၊ ဖေးကူလုံ့လ၊ မထကြွငြား၊ လက်လွတ်ထားက၊ ဖျင်းအားထူပြော၊ အိမ်ထောင်လျော၏၊ ဟုချောရုပ်ရည်၊ မွတ်မွတ်ကြည်လည်း၊လော်လည်စိတ်

ကျူး၊ ကွန့်မြူးလောက်လက်၊ လှရေးပျက်၍၊ ထက်မြက်ညာဏ်ရှင်၊ ဖြစ်တုံလျှင်လည်း၊ မြှောက်တင်ကိုယ့်ကို၊ နှိမ့်ဆိုတပါး၊ တမ်းခွန်လွှား ကာ၊ ပျက်ပြားပြန်လစ်၊ စုန်းစုန်းနစ်၍။

မာန်မာနတက်ကြွခြင်းသည်ပျက်စီးခြင်း၏ လမ်းကြောင်းကြီးပေတည်း

တက်ကြွစိတ်ကြွား—သူကားရှက်ဆောင်၊
ရေးရာခွင့်ကြီး—မပြီးမအောင်၊
မှုက်စွန်—မာနကိုရှောင်၊
နှိမ့်ချငြား—အင်အားလက်ရုံးထောင်။

[လယ်တီပဏ္ဍိတဦးမောင်ကြီး]

မာနရှိက—ပျက်စီးရ

ဇာတိထဒ္ဓေါ ဓနတ္ထဒ္ဓေါ၊
ဂေါတ္တတ္ထဒ္ဓေါစ ယောနရော။
သဉာတိံ အတိမညတိ၊
တံ ပရာဘဝတော မုခံ။

ယောနရော-အကြင်သူသည်၊ ဇာတိထဒ္ဓေါ-ဇာတ် အားဖြင့် လည်း ခိုင်မာ၍၊ ဓနတ္ထဒ္ဓေါစ-ဥစ္စာ အားဖြင့်လည်း ခိုင်မာ၍၊ ဂေါတ္တတ္ထဒ္ဓေါစ-အနွယ် အားဖြင့်လည်း ခိုင်မာ၍၊ သဉာတိံ-မိမိ အမျိုးကို၊ အတိမညတိ-အလွန်မထေမဲ့မြင်ပြု၍၊တဿနရဿ-ထို လူ၏၊ တံ-ထိုခိုင်မာခြင်း၊ မထေမဲ့မြင်ပြုခြင်းသည်၊ပရာဘဝတော- ပျက်စီးခြင်း၏၊ မုခံ-အကြောင်းသည်၊ ဟောတိ-ဖြစ်၏။

[မင်္ဂလာသာရဒီပနီ-၁၄၁]

မာနကြီးက၊ တနေ့ကျ၊ အောက်ကျရမည်သာ၊

ငါ-ဟုမာန—တက်ကြွမောက်မော်၊
မာန်စောင်ကြွားကြွား—ထောင်လွှားချေသော်၊

ဘယ်ခါမလွဲ-ယိုင်ယဲယွင်းချော်၊
တနေ့ကျ-အောက်ကျရသနော်၊

[လယ်တီပဏ္ဍိတဦးမောင်ကြီး]

သူတော်ကောင်းမဟုတ်

ဂါရဝနိဝါတ တရားနှစ်ပါး မရှိသောသူ၊ ထိုတရားနှစ်ပါးမှ ကင်းသောသူသည်· သူတော်ကောင်းလက္ခဏာမရှိ၊ သူတော်ကောင်းလက္ခဏာမှကင်း၏၊ လူကိုပင်မဆိုလင့်ဦး၊တိရစ္ဆာန် ဖြစ်သော သတ္တဝါတို့သည် ဂါရဝနိဝါတတရားနှစ်ပါးတို့ကို ကျင့်ပါကုန်သေး၏။

[ပရိတ်ကြီး-နိဿယ]

မင်္ဂလာမည်ပုံ

(၁) အလွန်မာနရှိသည်၏ အစွမ်းအားဖြင့် ခိုင်မာခြင်း၌ အဖြစ်ကိုမြင်သော တစုံတယောက်သောသူသည် နှိမ့်ချခြင်းရှိသည် ဖြစ်၍ ပစ္စုပ္ပန်သံသရာ၊ အကျိုးနှစ်ပါး၊ ကြီးပွါးရာအကြောင်း ဖြစ်၍ မင်္ဂလာမည်၏။

(၂) မာနခိုင်မာသည်၏ အဖြစ်သည် ပျက်စီးခြင်း၏အကြောင်းဖြစ်သောကြောင့် မင်္ဂလာမမည်။ ။မခိုင်မာသည့် အဖြစ်ဖြင့်သကြိုဟ်အပ်သော နှိမ့်ချခြင်းသည်တမူကား ယသအစရှိသည့် ကျေးဇူးကို ရခြင်း၏အကြောင်းဖြစ်သောကြောင့် မင်္ဂလာမည်၏။

[ညောင်ကန်မင်္ဂလတ္ထဒီပနီ-၅၇၀]

နိဝါတမင်္ဂလာသံပေါက်

က (၁) စိတ်ကိုနှိမ့်ချ၊နိဝါတ၊မြတ်လှမင်္ဂလာ၊
(၂) အဆွယ်ချိုကျိုး၊ မြွေနှာ မျိုး၊ခြိုးရိုးဥပမာ၊
(၃) ဇာတိပညာ၊ဂုဏ်မာန၊သုံးဝသင်ရှားစွာ၊

[မင်္ဂလတ္ထပုဏ္ဏောဝါဒသင်္ဂြဟ-၃၃]

၁ (၁) နိဝါတော၊အဟောပြ၊လျှောချမာန်တရား၊
(၂) ခြေသုတ်ပုဆိုး၊စွယ်ချိုကျိုး၊ပုံခိုးမြွေနှင့်နွား၊
(၃) သိမ်မွေ့ပြေပြစ်၊အနေကျစ်၊ဆိုလစ်ချိုစကား၊
(၄) နိဝါတမင်္ဂလာ၊ကျင့်အကြံ၊ခြံရံလွန်မြောက်မြား၊
(၅) ကိုယ်နှုတ်စိတ်ပါ၊နိဝါတာ၊သုံးဖြာနှိမ့်ချထား၊

[မင်္ဂလဒ္ဓဒီပက-၂၉]

မင်္ဂလာပျို

သုံးပါးမဟာဏ္ဍ၊ ပြည့်စုံကြမှု၊ မာနဟူသား၊ တမ်းခွန်လွှားသို့၊ ထောင်ထားမချ၊ မနိမ့်ကျတည်း၊ များစွာခြွေရံ၊ အစေခံလျှင်၊ ပတ်ခြံသမှု၊ အမှိုပြုလျက်၊ ဂုဏ်မာန်တက်ရှင့်၊ တချက်နည်းမှီး၊ လွန်လေပြီးသည်၊ အတီးဝေးဝေး၊ ယခင်ရှေးက၊ မြေခွေးတကောင်၊ တောမြိုင်ချောင်တွင်၊ မြားမြောင်ခြွေရွေ၊ ခြံရံတွေဖြင့်၊ အစေခံများ၊ လွန်မြောက်မြား၍၊ ကြွားမားရိပ်ငြိမ်၊ ရန်ပေါင်းနှိမ်လျက်၊ စည်းစိမ်များကြွယ်၊ လူတို့နှယ်လျှင်၊ အစွယ်ရောက်ငြား၊ စွမ်းပကားသည်၊ သားများသနင်း၊ မင်းဖြစ်သတတ်၊ ခြွေရံမြတ်ဖြင့်၊ ဝန်းပတ်ချမ်းသာ၊ ရှိကုန်ပါလျက်၊ မာန်သာတက်ပြီး၊ မကြာမှီးလျှင်၊ ပျက်စီးသောထုံး၊ ပမာကျုံးလျက်၊ နှလုံးတမှု၊ တမျဉ်းယူလေ့၊ သူတော်ဘာဝ၊ မာန်ကိုချမှု၊ ယသစသား၊ အကျိုးများ၏၊ ထောင်ထားမထ၊ မတက်ကြွဘဲ၊ မာနတမ်းခွန်၊ မလွန်စေယုတ်၊ မာန်ကိုယုတ်သည်၊ ခြေသုတ်ပုဆိုး၊ ဦးချိုကျိုးသည်၊ နွားဆိုးနွားလား၊ အဆိပ်များသည့်၊ မြွေအားစွယ်ကျွတ်၊ ဦးခေါင်းညွတ်သည်၊ စွန့်လွှတ်မာန၊ နိဝါတဟု၊ နှိမ့်ချယိုကျိုး၊ မာန်ကိုချိုးသည်။ ။ ပြုရိုးထုံးစံ–တရားတည်း။ ။

[သံတော်ဆင့်မင်းဦးကျော်ဧ]

မာနကြောင့်ပျက်စီးရသောမြေခွေးဝတ္ထု

သဗ္ဗဒါဌ မြေခွေးသည် များသောအခြံအရံကိုမှီ၍ ဖြစ်သော မာနကြောင့် ပျက်စီးရသကဲ့သို့၊ လူတို့သည်လည်း အခြံအရံနှင့်

ပြည့်စုံပြီးနောက်၊ မေ့လျော့ခြင်း၊ မာနတက်ခြင်းတို့ကြောင့် ပျက်စီးတတ်လေသည်။

ဤဝတ္ထုမှစ၍ အသားညှင်းပြုခြင်းသည်ဖြစ်သတတ်။

[ဧကနိပါတ်–သမ္ဘဒါဠဇာတ်–သိင်္ဂါလဝတ္ထု]

နှိမ့်ချသောစိတ်ရှိသောပေါဋ္ဌိလမထေရ်ဝတ္ထု

ပေါဋ္ဌိလမထေရ်သည် မြတ်စွာဘုရားညွှန်ကြားချက်အရ အရညဝါသီတိဿထံသို့ သွားရောက်ပြီး၊ ဆောင့်ကြောင့် ထိုင်၍ လက်အုပ်ချီပြီးမှ ကမ္မဋ္ဌာန်းကိုတောင်း၏။ ထိုရှင်တိဿက "ရှင်သာမဏေထံသို့သွား၍ တောင်းလော့" ဟု၊ တဖန် ညွှန်ကြားပြန်သော်၊ သရေဖုတ်၌ ကိုယ်ရုံကိုချလျက်၊ ကစားနေသော ခုနစ်နှစ်မျှသာရှိသည့် သာမဏေထံ သွားရောက်ဆောင့်ကြောင့် ထိုင်၍ ကမ္မဋ္ဌာန်းကို တောင်းလေ၏၊ထိုကဲ့သို့ နှိမ့်ချစွာတောင်းသည့်အားလျော်စွာ ကမ္မဋ္ဌာန်းရပြီးနောက်၊ သစ်ပင်ရင်း၌ သင်္ခါရတရားကို ရှုသော် ဝိပဿနာဉာဏ်သို့တက်၍ နောက်ဆုံး အရဟတ္တဖိုလ်သို့ရောက်လေ၏။

[ဓမ္မပဒ–မဂ္ဂဝဂ်]

သာကီဝင်မင်းတို့၏ဝတ္ထု

မြတ်စွာဘုရား၏ ဘထွေးတော်သား အရှင်အနုရုဒ္ဓါ၏ နောင်တော် မဟာနာမ်မင်းသည် မိမိ၏ ပဏ္ဏမည်သော ကျွန်မနှင့်သံဝါသဖြစ်၍ ဝါသဘခတ္တိယ မည်သောသမီးကိုရ၏၊ ထိုသမီးတဆဲ့ခြောက်နှစ်ရွယ်သို့ ရောက်လတ်သော်၊ ပသေနဒီ မင်းအားပေး၏၊ ၎င်းတို့မှ ဝိဍူဍဘမည်သော သားကို ဖွါးမြင်၏။

အရွယ်သို့ရောက်လတ်သော်ဘိုးဘွားတို့ထံကန်တော့သွား၏၊ မိမိအပြန် ကျန်ရစ်သောနေရာကို "ကျွန်မသား၏နေရာတည်း" ဟုဆဲရေး၍ နို့ရည်ဖြင့် ဆေးကြောနေသည်ကို ဝိဍူဍဘသိရှိခဲ့ရ

ကား ''ငါမင်းဖြစ်သောအခါ ဤမာနကြီးသော သာကီဝင်မင်းတို့၏ လည်ချောင်းသွေးဖြင့် ထိုနေရာကိုဆေးအံ့'' ဟုကြိမ်း ဝါး၍ထားလေ၏။

နောက်ကာလ၌ မင်းဖြစ်၍၊ များစွာသောဗိုလ်ပါဖြင့် ကပိလဝတ်ပြည်သို့သွားကာ၊ သာကီဝင်အပေါင်းတို့အား သွေးချောင်းစီးအောင် သတ်ဖြတ်လေတော့သတည်း။

အလွန်မာနရှိသောသူသည်လည်း ဖြစ်ပြီးသော အခြံအရံကိုယုတ်စေသလျှင်ကတည်း။

[ဓမ္မပဒ-ပုပ္ဖဝဂ်-အဋ္ဌကထာ]

၂၄-သန္တုဋ္ဌိ စ

ရတတ်သမျှ၊ ရောင့်ရဲကြ၊ လောဘမထွက်ရာ၊
[ရတတ်သမျှနှင့် ရောင့်ရဲလွယ်ရခြင်း]

သန္တုဋ္ဌိဝိဂြိုဟ်

သန္တံ လာဘာဘောဇနေန တုသတိ တိ သန္တုဋ္ဌော။

ယောပုဂ္ဂလော-အကြင် ပုဂ္ဂိုလ်သည်၊ သန္တံ-ငြိမ်သက်စွာ၊ လာဘာဘောဇနေန-ရသမျှသောအစာဖြင့်၊တုသတိ-နှစ်သက်တတ်၏၊ ဣတိတသ္မာ-ထိုသို့နှစ်သက်တတ်သော သတ္တိကြောင့်၊ သော ပုဂ္ဂလော-ထိုပုဂ္ဂိုလ်သည်၊ သန္တုဋ္ဌော-သန္တုဋ္ဌမည်၏။

[မင်္ဂလသုတ္တဝိဂ္ဂဟဒီပနီ-၄၇]

ဤမင်္ဂလာ၏အဓိပ္ပါယ်

(၁) သန္တုဋ္ဌိတိ ဣတရိတရပစ္စယသန္တောသော။

သန္တုဋ္ဌိတိ-သန္တုဋ္ဌိ ဟူသည်ကား၊ ဣတရိတရ ပစ္စယ သန္တောသော-ရရတိုင်းသော ပစ္စည်းဖြင့် ရောင့်ရဲခြင်းတည်း။

[သုတ္တနိပါတ်-မင်္ဂလသုတ်အဋ္ဌကထာ]

(၂) သန္တုဋ္ဌိတာတိ အလောဘ သန္တောသော။

သန္တုဋ္ဌိတာတိ-သန္တုဋ္ဌိတာဟူသည်ကား၊အလောဘသန္တောသော-အလောဘ ဟူသော အမှတ်မဲ့ ပစ္စည်းဖြင့် ရောင့်ရဲခြင်းတည်း။

[အင်္ဂုတ္တိုရ်အဋ္ဌကထာ]

(၃) သန္တုဋ္ဌိစာတိ အတ္တသ္မိံ ကမ္မပစ္စယေန သန္တုဋ္ဌောတိ အတ္ထော။

သန္တုဋ္ဌိစာတိ- သန္တုဋ္ဌိစ ဟူသည်ကား၊ အတ္တသ္မိံ-မိမိ၌၊ ကမ္မပစ္စယေန-ကံအားလျော်စွာ ရသောပစ္စည်းဖြင့်၊ ဝါ-အတိ

တာနန္တရာဝကပြုခဲ့ဘူးသော ကံ၏အကျိုးဖြစ်သော ပစ္စည်းဖြင့်၊ သန္တုဋ္ဌော- ရောင့်ရဲလွယ်ရခြင်းတည်း၊ ဝါ-ကံ၏ အကျိုး ပေးသောပစ္စည်းဖြင့်စားသောက်သုံးဆောင်ရခြင်းတည်း၊ဇာတိအာယံ-ဤသည်လျှင်၊ အတ္ထော-သန္တုဋ္ဌိစဟူသော ပုဒ်၏အနက်တည်း၊

[မင်္ဂလာဂဏ္ဌိ-၁၀၇]

(၄) သန္တုဋ္ဌိစမည်သည်ကား အမှတ်မရှိသော ပစ္စည်းဖြင့် ရောင့်ရဲခြင်းတည်း။ (တနည်းကား) အယုတ်အလတ် အမြတ်ဖြစ်သောပစ္စည်းဖြင့် ရောင့်ရဲခြင်းတည်း။

[ညောင်ကန် မင်္ဂလတ္ထဒီပနီ-၅၇၁]

(၅) ယာသန္တုဋ္ဌိစ-အကြင်ကိုယ်နှင့် တန်ရုံ၊ စားပုံဝတ်ပုံအလုံးစုံကို၊ စုံစုံစမ်းစမ်း၊ စိတ်မလျှမ်းဘဲ၊ရောင့်ရဲလွယ်ရခြင်းသည် လည်းကောင်း။

[ရွှေမင်းဝံ့ငှက်တွင်းဆရာတော်]

(၆) သန္တုဋ္ဌိစ-လောကသိုက်မြိုု၊ ကာမဂုဏ်၌၊ အာရုံမကြီး၊ တရားမှီး၍၊သိမ်းဆည်းမြိုးခြီ၊ကံပေးသမျှ၊ ရတတ်သရွေ့၊သူတော်လေ့ဖြင့်၊ချမ်းမြေ့စံပယ်၊ရောင့်ရဲလွယ်ရခြင်းသည် လည်းကောင်း၊

[မင်္ဂလသုတ်မိတ်လင်္ကာ-၁၄]

(၇) ယာသန္တုဋ္ဌိစ-အကြင်ရရသမျှသော ပစ္စည်းဥစ္စာတို့နှင့် တန်ရုံ၊ စားပုံဝတ်ပုံ၊ အလုံးစုံကို၊ စုံစုံစမ်းစမ်း၊ မဟော့ရမ်းဘဲ၊ ရောင့်ရဲရခြင်းသည် လည်းကောင်း။

[ဆင်ပေါင်ဲဝဲမင်္ဂလတ္ထဒီပနီ-၂၆]

(၈) သန္တုဋ္ဌိစ-မိဿာသက်မွေး၊ဝေးဝေးကြဉ်ရှောင်၊ကောင်းအောင်သက်မွေး၊ကျင့်ရေးကျင့်လမ်း၊ဖြောင့်တန်းစေရ၊မျှတသောအဝတ်အစား၊ အိပ်ရာနေရာတို့၌၊ ရသမျှနှင့်ရောင့်ရဲ တင်းတိမ်၊ သိမ်မွေ့စွာ အသက်မွေးရ ခြင်းသည်၎င်း။

[မင်္ဂလသုတ်နိသျ-၈]

(၉) သန္တုဋ္ဌိစ-ရှာရပစ္စည်း၊ ယုတ်ညံ့ နည်းလည်း၊ သည်း ညည်းခံလတ်၊အမြတ်အများ၊လိုပြားတောင့်တ၊ ကြောင့်ကြမစိုက်၊ ရပြန်လိုက်လည်း၊ကိုယ်ထိုက်မျှသာ၊ သုံးဆောင်ပါ၍၊ မြတ်ရာပေး လှူ၊ ကိုယ်မူရှိသမျှ၊ ရောင့်ရဲရခြင်းသည်ဋ္ဌိစ၊

[မင်္ဂလာအလင်း-ဂ၁]

(၁၀) ရောင့်ရဲခြင်း ဟူသည်ကား ရသောပစ္စည်းနည်းခဲ့သော် အများကို မရပါလေဟူ၍ ဝမ်းနည်း ပူပန်ခြင်းမရှိဘဲ ရသမျှနှင့် နှစ်သိမ့်ခြင်း။

ရသောပစ္စည်းညံ့ခဲ့သော်၊အကောင်းကို မရပါလေဟူ၍ ဝမ်းနည်းပူပန်ခြင်းမရှိရဘဲ၊ ရသည့်အချိုးအစားနှင့် နှစ်သိမ့်ခြင်း၊ ဤသို့ ရတိုင်းရတိုင်းသောပစ္စည်း၊ လစာ၊ ရာထူးတို့နှင့် နှစ်သိမ့်တင်းတိမ် ခြင်းရှိသည်ကို ရောင့်ရဲသည် ဆိုသတည်း။

[မင်္ဂလာအလင်း-၃၁]

(၁၁) အကြွင်သူသည် မိမိ၌ထင်ရှားရှိသော ဝါချည်ပုဆိုးကို အကျိုးပေးသည်ဖြစ်အံ့၊ ထိုဝါချည်ပုဆိုးကိုပင် နှစ်နှစ်သက်သက်၊ မြတ်မြတ်နိုးနိုး၊ဝတ်စား သုံးဆောင်ရမည်၊ပိုးချည်ပုဆိုးကို အလို မရှိရာ။

အစားအသောက်၌လည်း ပြောင်းဆန်ပဲဆန်ကို အကျိုး ပေးလာသည်ဖြစ်အံ့၊ထိုပြောင်းဆန်ပဲဆန်ကိုပင် ဝမ်းမြောက်ဝမ်း သာ စားသောက်ရာ၏၊ကောက်ကြီးဆန်ကို အလိုမရှိရာ။

[မင်္ဂလာဂဏ္ဌိ-၁၀၇]

(၁၂) ရဟန်းတို့ အတွက်၊ သင်္ကန်းသုံးထည်၊ တဆဲ့နှစ်ပါး တို့ဖြင့်၊ ပစ္စည်းလေးပါးတို့၌ ရောင့်ရဲခြင်းသည် သန္တုဋ္ဌိမင်္ဂလာမည်၏။

[မင်္ဂလာဂဏ္ဌိ-၁၀၇]

သင်္ဂြိုဟ်သ-၁၂-ပါး

ယထာလာဘသန္တောသ– ဤသာသနာတော်၌ ရဟန်းသည် ကောင်းသည်မူလည်း ဖြစ်စေ၊ မကောင်းသည် မူလည်း ဖြစ်စေ ရသမျှသောသက်နိုးဖြင့်သာလျှင်ရောင့်ရဲခြင်း။

ယထာဗလသန္တောသ-အနာရှိသောရဟန်းသည် လေးသော သင်္ကန်းရှိသည်ဖြစ်၍၊ သဘာဂရဟန်းနှင့်ထိုသင်္ကန်းကိုလဲ၍၊ ပေါ့ သောသင်္ကန်းဖြင့်သာရောင့်ရဲခြင်း။

ယထာသာရုပ္ပ သန္တောသ- တပါးသော ရဟန်းသည် မြတ် သောသင်္ကန်းကိုဝတ်၍၊ ထိုမြတ်သောသင်္ကန်းကို ဗဟုသုတရှိ သောမထေရ်ကြီးတို့အားလှူ၍ ၊မိမိ၌ကားတံမြက်ချေးစွန့်ရာအရပ် မှရင်း၊ တပါးသော ပုဆိုးကြမ်းတို့ကိုရင်း၊ သင်္ကန်းပြု၍ ဝတ်ရုံ ရောင့်ရဲခြင်း။

ဆွမ်းအရာ၌လည်း ဤအတူပင်မှတ်ရမည်၊ ကျောင်း၌ရင်း ဆေး၌ရင်း၊ထိုအတူပင်မှတ်ရမည်။

လူများအတွက် မိမိတို့ရသင့်ရထိုက်သော ပစ္စည်းဖြင့်သာ လျှင် ရောင့်ရဲခြင်းကိုပြုအပ်၏၊ ထို့ထက်အလွန်ကို မတောင့်တ အပ်၊ အလိုမကြီးအပ်။

[မင်္ဂလသုတ်အဋ္ဌကထာ]

ဆေးပစ္စည်းကို ဆွမ်း၌ထည့်၍၊ သင်္ကန်း၌သန္တောသ -၂၀- ဆွမ်း၌ ၁၅-ကျောင်း၌ ၁၅-ဟူ၍၊အမှုပေါင်း ၅၀-ရှိကုန်သေး၏၊ ကျမ်းလေးမည်စိုး၍ ချန်လှပ်ခဲ့၏၊ သိလိုလျှင်၊ ညောင်ကန်ဆရာ တော်ရေးသားတော်မူသော မင်္ဂလတ္ထဒီပနီကျမ်း စာမျက်နှာ- ၅၇၇-၅၈၄-တို့တွင်ကြည့်ရှုကြပါကုန်။

ရောင့်ရဲလွယ်ခြင်း

တင်းတိမ် ရောင့်ရဲ လွယ်ခြင်းတည်းဟူသော တရားမှန်ကို "ခွေး"ထံမှပင်နည်းယူရကြောင်း အောက်ပါဂါထာဖြင့် ထင်ရှား ရှိပေ၏။

အနာလယသျှ တိသန္တောသော၊
သုနိဒ္ဒါ သုပဗောဓနာ။
ဒဋ္ဌဘတ္တိစ သုရဋ္ဌ၊
ဆဋေတေ သွာနတောဂုဏာ။ ။

သုနခါနာမ-ခွေးတို့မည်သည်ကား၊အနာလသျှ-မပျင်းမရိခြင်း သည်လည်းကောင်း၊ အတိသန္တောသော-ကျွေးသမျှနှင့် ခွေးဘဝ အားလျော်စွာ၊ ဖြောင့်ဖြောင့်မြဲမြဲ မနှောင့်နှေးဘဲနှင့်၊ ရောင့်ရဲရှာ ခြင်းသည်လည်းကောင်း၊ သုနိဒ္ဒါ-အိပ်ပျော်လွယ်ခြင်းသည်လည်း ကောင်း၊ သုပဗောဓနာ-နိုးလွယ်ခြင်းသည်လည်းကောင်း ၊ ဒဋ္ဌ ဘတ္တိစ- အမြဲတနှံ့နှံ့နှင့်၊ သခင့်ထံပါး ဖွဲ့သံသံနှင့်မြဲမြဲစွာ ခစား ခြင်းသည်လည်းကောင်း၊ သုရဋ္ဌ- သခင်ကရှုးတိုက်လျှင်၊ကိုက် တော့မယောင် အမြဲထောင်၍၊ ဟောင်ဟိန်း ရဲရင့်၊ပွဲလယ်တင့် ခြင်းသည်လည်းကောင်း၊ဆဋေတေ- ဤခြောက်ပါးတို့သည်၊သွာန တော-ခွေးမှ၊ဂဟိတာ- လူအမြတ်တို့၊ ယူအပ်ကုန်သော၊ ဂုဏာ- တဂုဏ်မွေးဘို့ ဂုဏ်ကျေးဇူးတို့တည်း။

အကျဉ်းဆောင်ပုဒ်လင်္ကာ

မင်းတိုင်ပင်များ၊ လခစားတို့၊ မှတ်သားလောဘိ၊ ပျင်းရိကြဉ်ဖဲ၊ ရောင့်ရဲတသွယ်၊အိပ်လွယ်တမျိုး၊ နိုးလွယ်တနည်း၊ ဆည်းကပ်အ မြဲ၊ရဲရင့်တခြား၊ ဤခြောက်ပါးကို၊ ခွေးများအတု၊ ကျင့်လေဟု၏။

[ရာဇနီတိကျမ်း]

ရောင့်ရဲအပ်၏

ယံ လဒ္ဓံတေန တုဋ္ဌဗ္ဗံ၊
အတိလောဘော ဟိ ပါပကော။

ယံ-အကြင်ပစ္စည်းကို၊ လဒ္ဓံ-ရအပ်၏၊ တေန-ထိုရသမျှသော ပစ္စည်းဖြင့်၊ တုဋ္ဌဗ္ဗံ- ရောင့်ရဲအပ်၏၊ ဟိသစ္စံ-မှန်၏၊ အတိလော ဘော-လွန်၍ဖြစ်သောလောဘသည်၊ ပါပကော-ယုတ်မာ၏။

[ကေနိပါတ်-စုဒ္ဒသမဝဂ်-ရွှေဟံသာဇာတ်]

မိန်းမတို့၌မရောင့်ရဲနိုင်သောအကြောင်း ၄-ပါး

(၁) ဥစ္စာ၌မရောင့်ရဲခြင်း၊
(၂) လောဘ၌မရောင့်ရဲခြင်း၊
(၃) ရမ္မက်၌မရောင့်ရဲခြင်း
(၄) ကာမဂုဏ်၌မရောင့်ရဲခြင်း၊

[ဇာတ်အဋ္ဌကထာ]

၎င်းလင်္ကာ

မရောင့်ရဲရာ၊ ဓမ္မတာဖြင့်၊ ဥစ္စာလောဘ၊ ရမ္မက်စသား၊ ကာမ ဂုဏ်ပင်၊ဤလေးအင်၊မြဲပင်မိန်းမမှာ။

လော်လည်ခြင်းငါးပါး

(၁) အာဟာရလောလ– စားမှုသောက်မှု၌ လျှပ်ပေါ်လော် လည်ခြင်း။
(၂) အလင်္ကာရလောလ-ဝတ်စားတန်းဆာ ဆင်ယင်၍ ပြု ပြင်ဖီးလိမ်းမှု၌ လျှပ်ပေါ်လော်လည်ခြင်း။
(၃) ပုရိသလောလ-ယောကျ်ားများအပေါ်၌ လျှပ်ပေါ်လော် လည်ခြင်း။
(၄) ဓနလောလ– ပစ္စည်းဥစ္စာလိုချင်မှု၌ လျှပ်ပေါ်လော် လည်ခြင်း။

(၅) ပါဒလောလ-သွားခြင်းလာခြင်း၊ လမ်းသလားခြင်း၊အမှုတို့၌လျှပ်ပေါ်လော်လည်ခြင်း။

[လောကနီတိ]

တင်းတိမ်ရောင့်ရဲခြင်း၄ါ မစွမ်းနိုင်ရာ

အဂ္ဂိက္ခန္ဓော သမုဒ္ဒေါစ၊
မဟိစ္ဆော စာပိ ပုဂ္ဂလော။
ဗဟုကေပိပစ္စယေ ဒေန္တေ၊
တယော ပေတေ အတပ္ပယာ။

အဂ္ဂိက္ခန္ဓော-အလျှံ တပြောင်ပြောင် တောက်လောင်၍ နေသောမီးပုံကြီးရင်း၊ သမုဒ္ဒေါစ-မဟာသမုဒ္ဒရာရင်း၊မဟိစ္ဆော စာပိ ပုဂ္ဂလော-အလိုကြီးသောပုဂ္ဂိုလ်ရင်း၊ ဧတေတယော-ထိုသုံးဦးတို့ကို၊ဗဟုကေပိ- များစွာလည်းဖြစ်ကုန်သော၊ ပစ္စယေ-ပစ္စည်းတို့ကို၊ဒေန္တေပိ-ပေးအင်သော်လည်း၊အတပ္ပယာ - တင်းတိမ်ရောင့်ရဲစေခြင်း၄ါ မစွမ်းနိုင်ရာ။

[မင်္ဂလာဖွင့်အကျယ်လက်စွဲ-၁၇၅]

မရောင့်ရဲရာ–၁၆–ဖြာ

(၁) သမုဒ္ဒရာရေသည် ခပ်သိမ်းသောမြစ်ရေတို့ဖြင့် မရောင့်ရဲခြင်း။

(၂) မီးသည်မီးစာဖြင့်မရောင့်ရဲခြင်း။

(၃) မင်းသည်တိုင်းပြည်ဖြင့် မရောင့်ရဲခြင်း။

(၄) မိုက်သောသူသည် ယုတ်မာသော အကျင့်ဖြင့် မရောင့်ရဲခြင်း။

(၅) မိန်းမသည် မေထုန်အားဖြင့်ရင်း၊ တန်းဆာဆင်ခြင်းဖြင့်ရင်း၊ သားဖွားခြင်းဖြင့်ရင်း၊ မရောင့်ရဲခြင်း။

(၆) ပုဏ္ဏားသည် ဗေဒင်ဖြင့် မရောင့်ရဲခြင်း။

(၇) ဈာန်ရသော ပုဂ္ဂိုလ်သည် သမာပတ်ဖြင့် မရောင့်ရဲခြင်း။

(၈) သေက္ခပုဂ္ဂိုလ်သည် နိဗ္ဗာန်ဖြင့် မရောင့်ရဲခြင်း။

(၉) အလိုနည်းသော ပုဂ္ဂိုလ်သည် ဓုတင်ကျေးဇူးဖြင့် မရောင့်ရဲခြင်း။

(၁၀) အားထုတ်ခြင်း လုံ့လရှိသော ပုဂ္ဂိုလ်သည် လုံ့လဖြင့် မရောင့်ရဲခြင်း။

(၁၁) တရားဟောပုဂ္ဂိုလ်သည်ဆွေးနွေးခြင်းဖြင့်မရောင့်ရဲခြင်း။

(၁၂) ရဲရင့်သောပုဂ္ဂိုလ်သည် ပရိသတ်တို့ဖြင့်မရောင့်ရဲခြင်း။

(၁၃) သဒ္ဓါရှိသော ပုဂ္ဂိုလ်သည် သံဃာကို လုပ်ကျွေးခြင်းဖြင့် မရောင့်ရဲခြင်း။

(၁၄) အလှူပေးတတ်သော ပုဂ္ဂိုလ်သည် စွန့်ကြဲခြင်းဖြင့် မရောင့်ရဲခြင်း။

(၁၅) ပညာရှိသော ပုဂ္ဂိုလ်သည် တရားနာခြင်းဖြင့် မရောင့်ရဲခြင်း။

(၁၆) လေးပါးကုန်သော ပရိသတ်သည် မြတ်စွာဘုရားကို ဖူးမြင်ရခြင်းဖြင့် မရောင့်ရဲခြင်း။

[သဋ္ဌ၊ဘာဋ္ဋဇာတ်၊သတ္တနိပါတ်ကဏ္ဍ၊၀၈]

အလိုကြီးသောသူ

အလိုကြီးသောပုဂ္ဂိုလ်မည်သည်ကား၊ ဘွားသောအမိကိုရင်း၊ မနှစ်သက်စေနိုင်၊မကြည်ညိုကုန်သောသူတို့ကို ကြည်ညိုစိမ့်သော ၎င်း၊ ကြည်ညိုကုန်ပြီးသော သူတို့အား အတိုင်းထက် အလွန် ကြည်ညိုခြင်းကို ဖြစ်စေခြင်း၎င်း၊ မဖြစ်သေးသော လာဘ်ကို ဖြစ်စေခြင်း၎င်း၊ ဖြစ်ပြီးသော လာဘ်ကိုမြဲမြဲ စေခြင်း၎င်း၊ မတတ်နိုင်၊ အလိုနည်းသော ပုဂ္ဂိုလ်သည်ကား တတ်နိုင်၏။

[စုလ္လနိဒ္ဒေ၁၀၆၊]

လွန်ကဲသော ဥစ္စာ

အာရောဂျ ပရမံလာဘာ၊
သန္တုဋ္ဌိ ပရမံဓနံ။
ဝိဿာသာ ပရမာဉာတိ၊
နိဗ္ဗာနံ ပရမံသုခံ။ ။

ပရမံလာဘာ- လွန်ကဲသော လာဘ်ကား၊ အာရောဂျ- အနာကင်းသောအဖြစ်တည်း။ပရမံဓနံ-လွန်ကဲသောဥစ္စာကား၊သန္တုဋ္ဌိ-ရောင့်ရဲခြင်းတည်း၊ပရမာဉာတိ-လွန်ကဲသောဆွေမျိုးကား၊ဝိဿာသာ-အကျွမ်းဝင်သောသူတည်း။ပရမံသုခံ-လွန်ကဲသောချမ်းသာကား၊ နိဗ္ဗာနံ-နိဗ္ဗာန်တည်း။

[ဓမ္မပဒ-သုခဝဂ်]

ရဟန်းနှင့် သန္တုဋ္ဌိ

ရဟန်းများအတွက်၊ ဤသန္တုဋ္ဌိမင်္ဂလာသည် အရေးကြီးပေ၏၊အဘယ်ကြောင့်ဆိုသော်၊ဤသာသနာတော်၏ မပျက်စီးခြင်းငှါ၊ မကွယ်ခြင်းငှါ ဖြစ်သော တရားသည်ကား ရောင့်ရဲလွယ်ခြင်းသာတည်း၊ ထို့ကြောင့်ရှင်တော်ဘုရားက။

"ရဟန်းတို့–ဤသာသနာတော်၏ပျက်စီးခြင်းငှါ၊ကွယ်ခြင်းငှါ ဖြစ်သောတရားသည်ကား မရောင့်ရဲခြင်းတည်း။"

"ရဟန်းတို့–မရောင့်ရဲ ခြင်းသည် သာသနာတော်၏ ပျက်စီးခြင်းငှါ၊ ကွယ်ခြင်းငှါဖြစ်၏။"

"ရဟန်းတို့-ရောင့်ရဲလွယ်ခြင်းသည် သာသနာတော်၏ မပျက်စီးခြင်းငှါ၊ တည်ခြင်းငှါဖြစ်၏' 'ဟုဟောတော်မူ၏။

မြန်မာလူမျိုးနှင့်သန္တုဋ္ဌိ

သုံးဆဲ့ရှစ်ပြာမင်္ဂလာတွင်၊ရသမျှနှင့် ရောင့်ရဲကြပါဟုပါရှိသော်ငြားလည်း၊ မြန်မာလူမျိုးတို့မှာ မင်္ဂလာသည် စာမှာရှိ၏၊ ငါမှာကား နတ္ထိဆိုဘိအလား၊ရောင့်ရဲခြင်းမင်္ဂလာကင်းငြားလျက်၊လော်

လည်ခြင်းငါးပါးဖြင့်သာ အချိန်ဖြုန်း၍နေကြသည်ကို တွေ့ရှိရပေ၏၊ ဤကဲ့သို့တင်းတိမ်ရောင့်ရဲခြင်းမရှိကြသည့်အတွက်၊ တပြည်လုံး စီးပွါး တက်သူကနည်းပါး၊ပျက်ပြားသူကသာ ပေါများလေရကား၊ ရာခိုင်နှုန်းအားဖြင့် ၂၅ နှင့် ၇၅လောက်ပင် ရှိမည်ထင်တော့၏။

နိုင်ငံခြားသားများနှင့် သင်္ဂဟ

တရုပ်ကုလားနှင့် နိုင်ငံခြားသားများမှာမူကား၊စားမှုသောက်မှု နေမှု ထိုင်မှုတို့တွင် ဝင်ငွေအလျောက် တင်းတိမ်ရောင့်ရဲမှု ရှိကြသည့်အတွက် တက်နေအလား စီးပွါးဥစ္စာတို့မှာ တနေ့တခြားပေါများတိုးတက်လျက်၊ အထက်တန်းသို့ ဆိုက်ရောက်နေကြသည်မှာ ကိုယ်တွေ့မျက်မြင်ပင်ဖြစ်ကြတော့၏၊ရန်ကုန်မြို့ကြီးနှင့်တကွ တခြားမြို့ကြီးပြကြီးများတွင်၊ မျက်နှာဖုံး နေရာကောင်းဟူသမျှ၌ ရှိသော တိုက်တာအိုးအိမ်တို့မှာ ဤမင်္ဂလာတရား ပါးရှားသော မြန်မာများလက်မှ၊ တရုပ်ကုလားလက်သို့ကူးပြောင်း သွားသော အဆောက်အဦများပင် မဟုတ်တုံလော၊ ကုလားတွေမြေရာတခု မယူလာ၊ တရုပ်မှာအိမ်ရာတခုမပါလာ။

ကလေးများနှင့်သင်္ဂဟ

အလိုက်မသိသူသုံးဦးတို့တွင်၊ ကလေးသည်အပါအဝင်ဖြစ်ပေ၏၊ကလေးသည်စားမှုနှင့် မရောင့်ရဲတတ်ချေ၊မွေးမေမေသည်သာ ပြုပြင်ပေးရန် တာဝန်ဖြစ်တော့၏။ အင်္ဂလိပ်များမှာ ကလေးကို အချိန်နှင့်သင့်သောအစာကို ထိုက်သည့်အားလျော်စွာ၊ စနစ်နှင့်ကျွေး၏၊ မြန်မာများမှာမူကား မိုးလင်းလာသည်နှင့် တပြိုင်နက် ကလေးများကို တွေ့ကရာရှစ်သောင်း အချိန်အဆမရှိဘဲ၊စည်းမဲ့ကမ်းမဲ့ ကျွေးလေ့ကျွေးထရှိကြ၏။ သို့ကြောင့် ကလေးများမှာ ကျန်းမာခြင်းချွတ်ယွင်းကာ မရဏာသို့ စောစီးစွာလိုက်ကြရ၏။

ကျောင်းသူကျောင်းသားနှင့်သင်္ကြန်

ကျောင်းသားအရွယ်သို့ ရောက်သည့်အခါ၌လည်း၊ ဝတ်မှု စားမှု ပျော်မှု-ပါးမှုတို့၌ အချိန်အခါမဟုတ် ရောင့်ရဲတင်းတိမ်ခြင်း မရှိကြဘဲ၊လွဲသောအပြုအမူများဖြင့်သာ အချိန်ကိုကုန်ခဲ့ကြသူများ ကြပေ၏၊ ကျောင်းသားတို့၏ အဓိကအရေးအရာမှာ ပညာတတ် ရန်သာ ဖြစ်သည့်အတွက်၊ လေ်လည်ခြင်းငါးချက်နှင့်ကင်းကွာ ၍ ရောင့်ရဲမှုမင်္ဂလာနှင့်သာ ပညာကိုကြိုးစား အားထုတ်ရန် သင့်လျော်ပေ၏၊ လွတ်လပ်သောတိုင်းပြည် အတွက် ကျောင်း သားတို့တာဝန်မှာ မနည်းလှပေ၊ သတိရကြပါကုန်။

အမျိုးသမီးနှင့်သင်္ကြန်

ဤမင်္ဂလာသည် အမျိုးသမီးများအတွက် အထူးအရေးကြီးပေ ၏၊ အဘယ်ကြောင့်ဆိုသော်၊ လျှပ်ပေါ်လေ်လည်ခြင်း ငါးမျိုးနှင့်၊ ၎င်းတို့သာလျှင်၊ အားကြီးမကင်းသော ကြောင့်ပေတည်း၊ အထူး သဖြင့် မြို့ကြီးသူတို့သည် အာရုံငါးပါး ကာမဂုဏ်တရားတို့ပေါ များသည့်နေရာတို့၌ နေကြသည့် အားလျော်စွာ၊ပိုမိုပျက်စီးခြင်းသို့ ဆိုက်ရောက်ကြရပေ၏၊ ၎င်းတို့ပျက်စီးသလောက်၊ လူမျိုးခြား တို့၏ လက်သို့ကျရောက်ပြီး၊ လူမျိုးရေး ဘာသာရေးပြဿနာတို့ ကို အကြီးအကျယ်ထိခိုက်၍ လာတော့၏၊ အဝတ်အစား၊အသွား အလာနှင့်၊ ကာမဂုဏ်အရာတွင် လေ်လည်ခဲ့သဖြင့်၊ သုံးနှစ်ရှစ်လ ကြာမျှအတွင်း၊ဂျပန်များထုလုပ်ခဲ့သောကလေးပေါင်း၊နှစ်သောင်း လေးထောင်ခန့် ကျန်ရစ်ခဲ့ပေ၏၊ ပျက်စီးလျက်ရှိသော အမျိုး သမီးတဦး၏ မူလပျက်စီး ရခြင်း၏ အကြောင်းရင်းကို စုံစမ်း ကြည့်ခဲ့လျှင် ရသမျှ၊ အကျိုးပေးသမျှနှင့် မရောင့်ရဲဘဲ၊ လေ် လည်ခြင်း ငါးပါးမကင်းမှုကြောင့် ဟူသောအဖြေကို တွေ့ရပေ မည်။

အမျိုးသားနှင့်သဏ္ဍာန်ဒြီ

အမျိုးသားတို့၏ ပျက်စီးရခြင်း အကြောင်းများမှာ မိမိလက်ရှိ မယားဖြင့် မရောင့်ရဲဘဲ၊ ဖေါက်လွှဲဖေါက်ပြန်၊ မိန်းမ လိုက်စားမှုတည်းဟူသော ဣတ္ထိဓုတ္တ၊ ထမင်းဟင်းနှင့် စားရိုးသောက်ရိုး အစာရေစာတို့ဖြင့် မရောင့်ရဲဘဲ၊ အလွှဲချော်ကာ၊ သေစာအရက် သောက်စားမှုတည်းဟူသော သုရာဓုတ္တ၊ ထို့ပြင် အဖြစ်ကင်းသော ကိုယ်လက် ကျန်းမာစေသော ကစားမှုတို့ဖြင့် မရောင့်ရဲဘဲ၊ ဖဲရိုက် ကြက်တိုက်ခြင်းနှင့် လောင်းကစားခြင်း ဟူသော အက္ခဓုတ္တတို့ ကြောင့်ပေတည်း။

မရောင့်ရဲ၍ ဆင်ရဲးရကြောင်း

မိန်းမကျူးထွေ၊ သေစာကျူးများ၊ လောင်းစားကြွေအံ၊ ပြုပြန် ဓုတ္တ၊ မောဟာအုပ်ဖုံး၊ ရတ်သုံးတန်ရိုက်၊ ထိုလူမိုက်ကား၊ ဘေး ဆိုက်တတ်လှ၊ ရသမျှငွေ၊ ပျက်စီးလေ၍၊ ကြက်သရေဆုံးရှုံး၊ လူ ညွန့်တုံးသည်။ ။လုံးလုံးဆင်းရဲ–ကြောင်းသာတည်း။

[နရဒက္ခဒီပနီကျမ်း]

အ–သဏ္ဍာန်ဒြီ

အသန္တုဋ္ဌိတာစ ကုသလေသု။

ကုသလေသု–ကုသိုလ်တရားတို့၌၊ အသန္တုဋ္ဌိတာစ-မရောင့်ရဲ သည်၏ အဖြစ်သည်လည်း၊ ယုဏ္ဍတိ–သင့်၏။

[ဓမ္မသင်္ဂဏီပါဠိတော် နိက္ခေပကဏ္ဍ]

မင်္ဂလာမည်ပုံ

ဇဝံပဘေဒေါ် သမ္ဗော ပေသော
သန္တောသော သန္တုဋ္ဌိတိ ဝုစ္စတိ၊
သာအတြိစ္ဆတာ မဟိစ္ဆတာ ပါပိစ္ဆတာဒိနံ
ပါပဓမ္မာနံ ပဟာနာဓိဂမပေါတုတော၊

သုဂတိ ဟောတုတော အရိယာမဂ္ဂ သမ္ဘာရဘာဝ
တော၊ စာတုဒ္ဒိသာဒိဘာဝ ဟော တုတောစ၊
မင်္ဂလန္တိ ဝေဒိတဗ္ဗာ။ ။

ဇဝံပဘောဒေါ-ဤသို့ အပြားရှိသော၊ သဗ္ဗဝိ-အသုံးစုံလည်း ဖြစ်သော၊ ဧသောသန္တောသော-ဤရောင့်ရဲခြင်းကို၊ သန္တုဋ္ဌိတိ-သန္တုဋ္ဌိဟူ၍၊ ဝုစ္စတိ-ဆိုအပ်၏၊သာ-ထိုရောင့်ရဲခြင်းကို၊ အတြိစ္ဆတာ မဟိစ္ဆတာပါပိစ္ဆတာ ဒိနံ-မိမိ၏ လာဘ်ကို လွန်၍အလိုရှိသည့်၏ အဖြစ် အလိုကြီးသည့်၏ အဖြစ် ယုတ်မာသောအလိုရှိသည့်၏ အဖြစ် အစရှိကုန်သော၊ ပါပဓမ္မာနံ-အကုသိုလ်တရားတို့ကို၊ ပဟာနာဓိဂမ ဟောတုတော- ပယ်ခြင်း ပျောက်ခြင်းကိုရခြင်း၏၊ အကြောင်းဖြစ်သောကြောင့် လည်းကောင်း၊ သုဂတိ ဟောတုတော- သုဂတိ၏ အကြောင်းဖြစ်သောကြောင့် လည်းကောင်း၊ အရိယ မဂ္ဂသမ္ဘာရ ဘာဝတော— အရိယာမဂ်၏ အဆောက်အဦ ဖြစ်သောကြောင့် လည်းကောင်း၊ စာတုဒ္ဒိသာဒိဘာဝဟောတုတောစ-အရပ်လေးမျက်နှာ၌ ပိတ်ပင်ခြင်းမရှိသောရဟန်းအစရှိသည့်၏၊အဖြစ်ဟူသောအကြောင်း ဖြစ်သောကြောင့် လည်းကောင်း၊မင်္ဂလန္တိ—မင်္ဂလာဟူ၍၊ ဝေဒိတဗ္ဗာ—သိအပ်၏။

[မင်္ဂလသုတ်အဋ္ဌကထာ]

သန္တုဋ္ဌိမင်္ဂလာသံပေါက်

(၁) ရသင့်ရထိုက်၊ ပစ္စည်း၌၊ နှစ်ခြိုက်မင်္ဂလာ၊
(၂) လောဘတရား၊ မကြီးမား၊ မှတ်သားသန္တုဋ္ဌာ၊
(၃) အလိုကြီးမား၊ ပျက်စီးပြား၊ ထင်ရှားသက်သေမှာ၊

[မင်္ဂလတ္ထဒီပနီသင်္ဂဟနာ-၃၃]

(၁) ရရသမျှ၊ ရောင့်ရဲကြ၊ မှတ်ကြသန္တုဋ္ဌိ၊
(၂) ပိုလွန်မတောင့်တ၊ အဖြောင့်ပ၊ စောင့်ထမနသိ၊
(၃) ဝိသမလောဘ၊ အဘိဇ္ဈာ၊ ခွန်ခွါသန္တုဋ္ဌိ၊

(၄) ဝိညာဏ်မွဲ့ရှိ၊ ဒိုလိုဘ်၊ ဝိသမဖြစ်ပြီ၊
(၅) အဘိဇ္ဈာကား၊ သူ့စီးပွါး၊ လိုလားတပ်မက်ပြီ၊
(၆) ဝိသမအဘိဇ်မျိုး၊ ရှောင်ခွါကျိုး၊ စိုးရိမ်ကင်းရပြီ၊
(၇) သမ္မတိမရဏာ၊ စုတိကျ၊ ဘဝကူးကောင်းပြီ၊
(၈) မင်္ဂလ်ဆောက်ဦ၊ ထောက်အတူ၊ လျှောက်ကျူမှန်ပေပြီ၊
(၉) သန္တုဋ္ဌိထင်စွာ၊ မင်္ဂလာ၊ သညာပြည့်စုံပြီ။

[မင်္ဂလဒ္ဒီပက-၃၁]

မင်္ဂလာပျို

မတောင့်မတ၊ ရသမျှလျှင်၊မျှတဆွမ်းပန်း၊ ဝတ်ဆင်မြန်းသည့်၊ သင်္ကန်း ကျောင်းဆေး၊ ပစ္စည်းလေးကို၊ အရေးတပ်မက်၊ မငဲ့ ကွက်ဘဲ၊ အိုးခွက်ကျိုကြ၊ ပုတ်ကက်စသား၊ တောင်းတင်းများ ဖြင့်၊ သိမ်းထားမရှိ၊ ရောင့်ရဲဘိက၊ အလောဘမှာ၊ သန္တောသသာ တည့်၊ ယထာလာဘ၊ ဗလသရုပ်၊ စောင့်ချုပ်တရား၊ မဘောက် ပြားသည့်၊ သုံးပါးလေးလီ၊ သန္တုဋ္ဌိက၊ ဒွါဒသနှင့်၊ပန္နရတရား၊ တည်လတ်ငြားမူ၊ ဘုရားသာသနာ၊ ငွန့်ရှည်စွာလျှင်၊ တည်ရာအ ကြောင်း၊ မှတ်တုံ ရှောင်းလော့၊ ထင်လောင်းတဝ၊ ပမာပြမူ၊ သောဏ္ဍကာရိန်၊ ရွှေရောင်မှိန်သည့်၊ ရွှေရည်ယုတ်စုံ၊ ရွှေအညံ့ကို၊ သန့်အုံ့စေ၍၊ ဘောဒ်ကြေးနာကို၊ စင်စွာသမှု၊ လျှော်ထုတ်ပြု သို့၊ အကုသလ၊ ကမ္မတရား၊ ခေါင်းပါးစေမှု၊ သုတ်သင်ပြုသည် ။ ။ကျွတ်ဆုရောက်လွယ်–တရားတည်း။

[သံတော်ဆင့်မင်းဦးကျော်ဇ]

ဤမင်္ဂလာနှင့်ပတ်သက်သောဝတ္ထုများ

(၁) သာကီဝင်မင်းတို့ဝတ္ထု။

[ဓမ္မပဒပုပ္ဖဝဂ်အဋ္ဌကထာ]

(၂) သိင်္ဂါလဝတ္ထု။

[ဒုကနိပါတ်သဗ္ဗဒါဌဇာတ်အဋ္ဌကထာ]

(၃) သုံးကျိပ်သောရဟန်း မိန်းမတို့၏ဝတ္ထု။
[ခုဒ္ဒကဝိဘင်းအဋ္ဌကထာ]

(၄) မိတ္တဝိန္ဒကဝတ္ထု။
[ကေနိပါတ်-နဝမဝဂ်-ဒုတိယဇာတ်]

(၅)အလိုကြီးသောဝံဝတ္ထု။
[ဝိဘင်း-အဋ္ဌကထာ]

(၆) တိဿမင်းဝတ္ထု။
[ခုဒ္ဒကဝိဘင်းအဋ္ဌကထာ]

(၇) အလိုကြီးသောမြွေခွေးဝတ္ထု။
[ပဉ္စုပေါသထဇာတ်-အဋ္ဌကထာ]

(၈) အိုးစရည်းကြီး၌ အောင်းသောရဟန်းဝတ္ထု။
[ရထဝိနီတ ကေ အင်္ဂုတ္တိုရ်အဋ္ဌကထာ]

(၉) ပင်ညောင်ပင်၌ လျှောက်သွားသောရဟန်းဝတ္ထု။
[ခုဒ္ဒကဝိဘင်းအဋ္ဌကထာ]

(၁၀) အလိုနည်းသောရဟန်းသာမဏေဝတ္ထု။
[ပဋိဂ္ဂါဟကသုတ်အဋ္ဌကထာ]

(၁၁) ကဏှာရသေ့ဝတ္ထု။
[ဒသနိပါတ် ကဏှာဇာတ်]

(၁၂) ညီနောင်မထေရ်နှစ်ပါးဝတ္ထု။
[ဒသုတ္တရအဋ္ဌကထာ]

(၁၃) ပရိယတ္တိအပ္ပိစ္ဆဝတ္ထု။
[ကေအင်္ဂုတ္တိုရ်အဋ္ဌကထာ]

(၁၄) အဓိဂမ အပ္ပိစ္ဆဝတ္ထု။
[တိကနိပါတ်-ပထမဝဂ်-ဇရူဒပါနဇာတ်]

(၁၅) ကျေးမင်းဝတ္ထု။
[နိက္ခေပကဏ္ဍအဋ္ဌကထာ]

(၁၆) ရွှေဟင်္သာဝတ္ထု။
[ကေနိပါတ်-ခုဒ္ဒကဝဂ်]

(၁၅)-အသိတာဘုဝ ဇ္ဇာ

လွန်လေပြီးသောအခါ ဗာရာဏသီမင်းသားသည် အဘဖြစ်သော မင်းကြီး နှင်သည်ဖြစ်၍ အသိတာဘူ မည်သော မိမိ၏ မိဖုရားကိုဆောင်ယူ၍ ဟိမဝန္တာသို့ ဝင်လေပြီးလျှင် ငါးအမဲ သစ်သီးတို့ကိုစားလျက် သစ်ရွက်မိုးသောတဲ၌နေလေ၏၊ ထိုမင်းသား သည်တခုသော ကိန္နရာမကို မြင်လေလျှင် တပ်စွန်းသော စိတ်ရှိသည်ဖြစ်၍ မိဖုရားကိုစွန့်ပြီးလျှင် ထိုကိန္နရာမ၏ ခြေရာအစဉ်ကိုလိုက်၏၊မိဖုရားသည်ဤမင်းသားကားငါ့ကို မရေတွက်မူ၍ ကိန္နရာမနောက်သို့လိုက်၏ ဟုတပါးသောရသေ့သို့ ဆည်းကပ်ပြီးလျှင် ကသိုဏ်းပရိကမ်ကိုသင်၍ ဈာန်အဘိညာဉ်တို့ကို ရလေ၏။

ကိန္နရာမ နောက်သို့ လိုက်သော ထိုမင်းသားသည် ကိန္နရာမ သွားသောလမ်းကိုမမြင်၍ ပြတ်သောအာသာဖြင့် ပြန်လာလေ၏၊ မိဖုရားလည်း လာလတ်သော ထိုမင်းသားကိုမြင်၍ ကောင်းကင်သို့ဈာန်အဘိညာဉ်ဖြင့် ပျံတက်ပြီးလျှင်၊တပါးသောအရပ်သို့သွားလေ၏၊ ထိုမင်းသားသည် မိဖုရားပျံသွားသော အကြောင်းကို သိမြင်လေလျှင် ဆောက်တည်ရာမရ၊ ငိုကြွေးလျက် တယောက်တည်းသာလျှင်တော၌နေရလေ၏။ ဤဇာတ်တွင် မင်းသားငြီးတွားပုံမှာ—

> အတြိတ္တာ အတိလောဘေန၊
> အတိလောဘ မဒေနစ။
> ဧဝံဟာယတိ အတ္ထမှာ၊
> အဟံ ယာထာ သိတာဘုယာ။

အဟံ-ငါသည်၊အသိတာဘုယာ၊အသိတာဘူမည်သောမင်းသွီးမှ၊ ပရိဟီနောယထာ- ဆုတ်ယုတ်သကဲ့သို့၊ ဧဝံတထာ-ထို့အတူ၊ အတြိတ္တာ-ထိုထိုအာရုံ၌လိုချင်ခြင်းဟုဆိုအပ်သောအဆုံးမရှိသော လောလုပ္ပတဏှာ၏အစွမ်းအားဖြင့် လိုချင်ခြင်း ရှိသောသူသည်၊

အတိလောဘေန- လွန်၍ဖြစ်သော လောဘကြောင့်ရင်း၊ အတိလောဘမဒေနစ- လွန်၍ဖြစ်သောလောဘဟူသော ယောက်ျားတို့၏ယစ်ခြင်းကိုဖြစ်စေတတ်သောသဘောကြောင့်ရင်း၊အဏ္ဏမှာ-အကျိုးမှ၊ ဟာယတိ- ဆုတ်ယုတ်၏။

[ဒုကနိပါတ်-နဝမဝဂ်-အသိတာဘူဇာတ်]

ယုတ် မာ ၏

ယံ လဒ္ဓံ တေန တုဋ္ဌဗ္ဗံ၊
အတိလောဘော ဟိ ပါပကော။

ယံ-အကြင်ဝတ္ထုကို၊ လဒ္ဓံ- ရအပ်၏၊တေန- ထိုရသမျှသောဝတ္ထုဖြင့်၊ တုဋ္ဌဗ္ဗံ-ရောင့်ရဲအပ်၏၊ ဟိ-ထိုစကားသင့်စွ၊ အတိလောဘော၊ အလွန်လောဘကြီးခြင်းသည်၊ပါပကော-ယုတ်မာ၏။

[ဧကနိပါတ်-ဟံသဇာတ်]

တေဒဂ်

ရောဟုလာကို ရောင့်ရဲခြင်း၌တေဒဂ်ယားတော်မူလေသည်။

[အင်္ဂုတ္တိုရ်ဧတဒဂ္ဂဝဂ်]

၂၅-ကတညုတ

သူ၏ကျေးဇူး၊မထိမ်မြှုး၊အထူးဆပ်ကြပါ။
[သူ၏ကျေးဇူးကိုသိရခြင်း]

ကတညုတဝိဂြိုဟ်

ကတံ ဇာနာတိ တိ ကတညူ၊
ကတညုဿဘာဝေါ ကတညုတာ–

ယောပုဂ္ဂလော-အကြင်ပုဂ္ဂိုလ်သည်၊ကတံ-ပြုအပ်သည့်ကို၊ဇာနာတိ-သိတတ်၏၊ ဣတိတသ္မာ-ထိုသို့သိတတ်သော သတ္တိကြောင့်၊ သောပုဂ္ဂလော-ထိုပုဂ္ဂိုလ်သည်၊ ကတညူ-ကတညူမည်၏။

ကတညုဿ-ပြုအပ်သည်ကို သိတတ်သောသူ၏၊ဘာဝေါ-အဖြစ်တည်း၊ ကတညုတာ-ပြုအပ်သည်ကို သိသောသူ၏အဖြစ်။

[မင်္ဂလသုတ္တဝိဂ္ဂဟဒီပနီ-၄၈]

ဤမင်္ဂလာ၏အဓိပ္ပါယ်များ

(၁) ကတညုတာတိ ကတံပရဿဂုဏံဉာယတိ တိ အဝွော၊ ကတညုတာတိ- ကတညုတာ ဟူသည့်ကား၊ ပရဿ သူတပါး၏၊ ကတံ- ပြုအပ်သော၊ ဂုဏံ-ကျေးဇူးကို၊ ဉာယတိ-သိတတ်၏၊ ဣတိအယံ-ဤသည့်လျှင်၊ အဝွော-ကတညုတာ ဟူသော ပုဒ်၏အနက်တည်း၊ ဝါ-သူတပါးကျေးဇူးကို သိသော ပုဂ္ဂိုလ်၏ အနက်တည်း။

[မင်္ဂလာဂဏ္ဌိ-၁၀၈]

(၂) ယာကတညုတာစ-အကြင်တဆုပ်ပေးဘူး သူ့ကျေးဇူး၊ တပုဒ်ဟောဘူး သူ့ကျေးဇူးကို အထူးသဖြင့် သိမြင်ရခြင်းသည် လည်းကောင်း။

[ရွှေမင်းဝံ-၄ကွင်းဆရာတော်]

(၃) ကတညုတာစ—ထမင်းတလုပ်၊ ရေတမှုတ်မျှ၊ မ-စ-ပေး ဘူး၊သူ့ကျေးဇူးကို၊အထူးကြီးကျယ်၊မြင်းမိုရ်နှယ်လို၊မကွယ်မပ၊ သိတတ်ရခြင်းသည် လည်းကောင်း။

[မင်္ဂလသုတ်မိတ်လင်စုံ-၁၄]

(၄) ကတညုတာစ-ကျွေးမွေး ပေးကမ်းသောသူတို့၏ ကျေး ဇူးကို နိဗ္ဗာန်ရသည့် ဘဝတိုင်အောင် သိရခြင်းသည်ဝင်း။

[မင်္ဂလသုတ်နိသျ-၁၀]

(၅) ကတညုတာစ-ဘဝနှစ်ပါး၊တပါးပါးတို့၊နည်းများမဆို၊ ကိုယ်နှုတ်ပစ္စည်း၊ တနည်းနည်းဖြင့်၊ သူတည်းထောက်ပံ့၊ ပြုတုံမှံ ကို၊ဘယ်နံ့အခါ၊မမေ့ပါဘဲ၊စိတ်မှာစွဲ၍၊ပြုခဲ့ရှေးဦး၊သူ့ကျေးဇူးကို၊ ရှူးရှူးသိခြင်းသည်ဝင်း။

[မင်္ဂလာအလင်း-၀၁]

(၆) ယာကတညုတာစ- အကြင်နည်းသည်မှုလည်းဖြစ်စေ၊ များသည်မှုလည်းဖြစ်စေ၊ တပုဒ်တဂါထာ ဟောပေသူလည်း ဖြစ်စေ၊ သူပြုသောကျေးဇူးတို့ကို အဖန်တလဲလဲအောက်မေ့ခြင်း ၏၊အာရုံဖြင့်သိသည်၏အဖြစ်သည်လည်းကောင်း။

[မင်္ဂလတ္ထဒီပနီ-၂၆]

(၇) သူပြုဘူးသော ကျေးဇူးကို သိခြင်းဟူရာ၌ ယခုဘဝအာ ကျိုး၄ါ ဖြစ်စေ၊ နောင်ဘဝအကျိုး၄ါဖြစ်စေ၊ လူကိုယ်တိုင်လည်း ကောင်း၊ နှုတ်ဖြင့်လည်းကောင်း၊ ဥစ္စာပစ္စည်းဖြင့် လည်းကောင်း ကူညီထောက်ပံ့၊မစခြင်းသည် ကျေးဇူးမည်၏၊နည်းသည်ဖြစ်စေ၊ များသည်ဖြစ်စေ သူပြုဘူးသော ကူညီထောက်ပံ့ခြင်းကို အဖန် တလဲလဲအောက်မေ့ခြင်းသည် ကျေးဇူးသိသည်မည်၏။

[မင်္ဂလာအလင်း-၃၂]

ကျေးဇူးခံ-ကျေးဇူးစား

ပုဗ္ဗကာရီ–ဟူသည်ကား၊ လက်ဦးစွာလျှင်၊ ကျေးဇူးပြုသောသူတည်း။

ကတဝေဒီ–ဟူသည်ကား၊ သူတပါးသည် မိမိပြုဘူးသော ကျေးဇူးကိုထင်စွာပြုသောသူတည်း။

[ပါဠိတော်အဋ္ဌကထာ]

ရင်းလက်ာပျို

ကျေးဇူးတွံ့ဆပ်၊ လွန်ခဲကပ်လျက်၊ ရအပ်အကျိုး၊ မြော်ကိုးမထောက်၊ သဘောလျှောက်ဖြင့်၊ မြီးမြှောက်သမျှ၊ ပုဗ္ဗကာရီ၊ မှတ်တုံပြီတည့်၊ တလီမှတ်သား၊ သူတပါးကို၊ ပြုပြားကျေးဇူး၊ မထိမ်မြူးဘဲ၊ ကြည်နူးဆပ်မှု၊ ကတညုတ၊ ကတဝေဒီ၊ ဆိုအပ်ပြီတည့်၊ နှစ်လီလူများ၊ တဏှာအားဖြင့်၊ ရပြားအံ့ဌါ၊ ခဲယဉ်းစွာသား၊ ထိုနှစ်ပါးလည်း၊ မြီစားမြီရှင်၊ ပမာပင်တည်း။

[မင်္ဂလာပျို့-၀၄]

တလုပ်ကျွေးဘူး သူ့ကျေးဇူး

အကြင်သသူ၊ ကြည်ဖြူနှစ်သက်၊ သူ့အိမ်ထက်ဝယ်၊ တရက်တည၊ တကြိမ်မျှလျှင်၊ သုခခံစား၊ များများမဟုတ်၊ တလုပ်ထမင်း၊ တရှုတ်ဟင်းကို၊ ဝမ်းတွင်းလျှာနူး၊ သုံးရဘူးမူ၊ ထိုသသူအား၊ ပြစ်မှားတရံ၊ မနှောက်မှု၊ မကြံအပ်ပေ။

[ဝိဓုရပျို]

ဝိဓုရအမတ်ကြီး၏အဆုံးအမစကားရပ်များ

(၁) ရှေ့သွားသောသူ၏ နောက်သို့ အစဉ်တစိုက် လိုက်လေလော့။

(၂) စိုပြီးသောလက်ကိုလည်း မခြောက်စေနှင့်။

(၃) အဆွေခင်ပွန်း ကောင်းတို့၌ တရံတဆစ်မျှ၊ ဖျက်ဆီးခြင်း မဖြစ်စေနှင့်။

(၄) ရှေးကအကျွမ်း ဝင်ဘူးသည်ဖြစ်စေ၊ မမြင်ဘူးသည်ဖြစ်စေ၊ထိုသူက အိပ်ရာနေရာ၊ဘိတ်ကြားပေးဘူးအံ့၊ ကျေးဇူးခံသော ယောက်ျားသည်ထိုသူအား အကျိုးစီးပွါးကိုဖြစ်စေရာ၏။

(၅) အကြင်သူ၏ အိမ်၌ တညဉ့်မျှ အိပ်ရဘူးအံ့၊ ·တနပ်သော ထမင်းကိုစားရဘူးအံ့၊ထိုသူ၏အကျိုးမဲ့ပျက်စီးရာပျက်စီးကြောင်းများမပြုသင့်။

(၆) သစ်ပင်၏အရိပ်ကို ခိုရဘိသကဲ့သို့ သူ၏ အရိပ်ကို ခိုရဘူးကအကိုင်းအခက်နှင့် တူသော သူ၏သားမယား စည်းစိမ်တို့ကိုမဖျက်ဆီးရာ။

(၇) ကျေးဇူးမဲ့တတ်သော မိန်းမတို့၏ အလိုသို့မလိုက်လေနှင့်။

(၈) မတရားသောအမှုကိစ္စများ၊ ကြဉ်ပဲရှောင်လွှဲလော့။

[ဝိဓုရဇာတ်]

ကျေးဇူးစကား

သူ့ကျေးဇူးကို မထိမ်မဝှက်ဘဲ၊ အခွင့်ကြုံတိုင်း ထုတ်ဖေါ်ပြောကြားသင့်ပေသည်၊ သို့မှသာ မင်္ဂလာရှိသော လူကောင်းသူကောင်းမည်ပေမည်၊ ကျေးဇူးတင်စကားပြောကြားရာ၌ ကျေးဇူးရှင်မျက်မှောက်တွင် ပြောကြားခြင်းထက်၊ ၎င်း၏မျက်ကွယ်တွင်ပြောကြားခြင်းကပိုမိုတန်ဘိုးရှိလေသည်။

[မြန်မာ့အလင်း]

သူ၏ကျေးဇူးအထူးသိရာ

သူ့ကျေးဇူးကို အထူးသဖြင့်သိရာ၏၊ သူ့ကျေးဇူးကိုသိသောသူမှု ပစ္စုပ္ပန်၌လည်းအကျိုး၊ တမလွန်၌ လည်းအကျိုး၊ နှစ်ပါးသော ဘဝ၌ အကျိုးဆက်ကိုခံစားရ၏။

[မင်္ဂလာသာရဒီပနီ-၁၀၇]

အထူးစောင့်ရှောက်သင့်ပေ၏

မိမိအား အကြိမ်များစွာ ပေးကမ်းထောက်ပံ့ခဲ့ ဘူးသူ အပေါ်တွင်အခွင့်မသင့်၍ တကြိမ် တခါမပေးကမ်းမထောက်ပံ့ရုံမျှနှင့် အပြစ်အနာယူကာ မေတ္တာမပျက်သင့်ပေ၊ ထိုသူ၏ တကြိမ်တခါ လစ်ဟင်းမှုကို အရေးမထားဘဲ၊ ဤသူသည် ငါ့ပေါ်တွင် ကြိမ်ဖန်များစွာ၊ ကျေးဇူးပြုခဲ့ဘူးသူပါတကားဟု မျှော်ခေါ်စဉ်းစားကာ ကတညုတ မင်္ဂလာတရားကို အထူးလေးစား စောင့်ရှောက်သင့်၏။

[မြန်မာ့အလင်း]

စီးပွါးလှယ်ပြိုင် မဆပ်နိုင်သော်

ကျေးဇူးရှင်အား၊ စီးပွါးလှယ်ပြိုင်၊ မဆပ်နိုင်သော်၊ ကိုယ်တိုင်ဖူးတွေ့၊ ပူဇော်လေ့ဖြင့်၊ နေ့စဉ်ပြိုင်ပြိုင်၊ အာရုံလိုင်၍၊ ကြံ့ခိုင်ခန္ဓာ၊ အဝေရာနှင့်၊ အဗျာပဇ္ဈ၊ အနီဃဟု၊ တောင့်တမေတ္တာ၊ ပွါးအပ်စွာရှင့်။

[ဘူရိဒတ်-ဇာတ်ပေါင်းချုပ်]

အကြောင်းမဲ့မပြောနှင့်

သူတပါးအပေါ်၌ မိမိပြုဘူးသော ကျေးဇူးကို အကြောင်းမဲ့သက်သက် ထုတ်ဖော်၍ မပြောသင့်ပေ၊ ဤသို့ပြောခြင်းဖြင့် မိမိမှာ အကျိုးထူး မရှိသည့်သာမက စိတ်ကောင်းမရှိသော ကျေးဇူးစားပုဂ္ဂိုလ်ဖြစ်လျှင် မိမိမှာ နားမချမ်းသာအောင် နှုတ်လှံထိုးခြင်းကိုပင် ခံရတတ်ပေသေးသည်။

[မြန်မာ့အလင်း]

မှတ်ဘွယ်စကားရပ်များ

(၁) ကျေးဇူးခံချင်သူသာရှိသည် ပြန်ချင်သူမရှိ။

(၂) ပညာရှိတို့သည် သူ၏ကျေးဇူးကို သိတတ်၏။

(၃) ကျေးဇူးကိုသိတတ်၍ ဆပ်နိုင်ခြင်းမှာ နှစ်ဦးသောသူတို့၏ စိတ်အလိုကိုဖြည့်ရာရောက်၏။

[ပညာရှိ]

မင်္ဂလာရှိသူ

သူပြုသောကျေးဇူးကို မမေ့မလျော့ထိုက်ပေ၊ ကျေးဇူးကို ကျေးဇူးမှန်းသိတတ်သောသူသည် ကတညုတ မင်္ဂလာဂုဏ်နှင့် ပြည့်စုံ၍ လူအများ၏ ကြည်ညိုလေးစားခြင်းကို ခံယူရရှိစမြဲ ဖြစ်၏။

[မြန်မာ့အလင်း]

ကျေးဇူးသိသောသူ

အကြင်သူသည် တစုံတယောက်သော အဆွေခင်ပွန်းအိမ်သို့ ရောက်သည်ရှိသော် အဆွေခင်ပွန်း ဖြစ်သောသူက အစားအသောက်ကိုကျွေးမွေး၏၊ အဝတ်ပုဆိုးကိုပေး၏၊ ဥစ္စာပစ္စည်းများကိုလည်း ပေးကမ်း၏၊ ထိုအစားအသောက် အဝတ်ပုဆိုး ဥစ္စာပစ္စည်းတို့ဖြင့် ပေးကမ်းသော အဆွေခင်ပွန်းကို ကျေးဇူးရှိသောသူဟူ၍ မှတ်ရမည်၊ ထိုကျေးဇူးရှိသောသူ၏ ကျေးဇူးကိုသိသောသူသာလျှင် ကတညုတာဟူ၍မှတ်ရမည်၊ ဝါ-သူတပါးတို့၏ ကျေးဇူးကိုသိသော သူဟူ၍မှတ်ရမည်။

[မင်္ဂလာဂဏ္ဍီ-၁၀၈]

ရနိုင်ခဲသော ပုဂ္ဂိုလ်နှစ်ဦး

(က) ဒွေ မေ ဘိက္ခဝေ ပုဂ္ဂလာ ဒုလ္လဘာ
လောကသ္မိံ၊ ကတမေ ဒွေ ယောစ ပုဗ္ဗကာရီ
ယောစ ကတညူ ကတဝေဒီ ဣမေခေါ
ဘိက္ခဝေ ဒွေ ပုဂ္ဂလာ ဒုလ္လဘာ လောကသ္မိံ။

ဘိက္ခဝေ-ရဟန်းတို့၊ လောကသ္မိံ-လောက၌၊ ဒွေ-နှစ်ယောက်ကုန်သော၊ ဣမေပုဂ္ဂလာ-ဤပုဂ္ဂိုလ်တို့ကို၊ ဒုလ္လဘာ-ရခဲကုန်၏၊ ဒွေ-နှစ်ယောက်ကုန်သောပုဂ္ဂိုလ်တို့သည်၊ကတမေ-အဘယ်သည်

တို့နည်းဟူမူကား၊ ယောဝစ-အကြင်သူသည်လည်း၊ ပုဗ္ဗကာရီ-လက်ဦးစွာကျေးဇူးကိုပြု၏၊ယောဝစ-အကြင်သူသည်လည်း၊ကတညု-သူပြုဘူးသော ကျေးဇူးကိုသိ၍၊ ကတဝေဒီ-နောက်၌ကျေးဇူးတုံ့ပြု၏၊ ဘိက္ခဝေ-ရဟန်းတို့၊ လောကသ္မိံ-လောက၌၊ဤနှစ်ယောက်ကုန်သော၊ဇာမေခါပုဂ္ဂလာ-ဤပုဂ္ဂိုလ်တို့ကို၊ဒုလ္လဘာ-ရခဲကုန်၏။

[အင်္ဂုတ္တိုရ်ပါဠိတော်-ဒုကနိပါတ်]

(ခ) ကတညူ ကတဝေဒီ စ၊
ဒုလ္လဘော ပုရိသော သဒါ၊
ဒုဇ္ဇနာ ကတ မညေဟိ၊
မက္ခရေ မိတ္တ ဒုဗ္ဘိနော။

ကတညူစ-ပြုအပ်ခဲ့ဘူး၊သူ့ကျေးဇူးကို၊ အထူးဆပ်ရန်၊ ရည်ရွယ်သန့်၍၊ ကြေနပ်သိတတ်သည်လည်းဖြစ်သော၊ ကဘာဝေဒီ-သူ့ကျေးဇူးကို ချီးကျူးမြွက်ဆို၊ ထုတ်ဖော်သည်လည်း ဖြစ်သော၊ ပုရိသော-ကျေးဇူးခံစား၊ ယောကျ်ားပုဂ္ဂိုလ်မျိုးကို၊ သဒါ-အခါခပ်သိမ်း၊ ဒုလ္လဘော-ကောင်းစွာပိုင်ပိုင်၊ ရရှိနိုင်ခဲ၏၊ အညေဟိ-ပုဂ္ဂိုလ်တပါး၊ သူတော်ကောင်း ယောကျ်ားတို့သည်၊ ကတံ-အပတ်တကုတ်၊ မနှစ်ဆုတ်ဘဲ၊ အားထုတ်အထူး၊ ဂုဏ်ကျေးဇူးကို၊ မိတ္တဒုဗ္ဘိနော-မိတ်ကောင်း ဘော်ရွေ၊ ခင်ပွန်းဆွေကို၊ နှင်းချေဖျက်ဆီး၊ မိုက်လုံးကြီးကြဲကုန်သော၊ ဒုဇ္ဇနာ၊-ပညာမဲ့ဘဲ၊ ဉာဏ်ရည်မဲ့သား၊ မငဲ့မညှာ၊ သူယုတ်မာတို့သည်၊ မက္ခရေ-ကြိတ်ချေစန်းစန်း၊ အကုန်ပြုန်းအောင်၊ ချေမှုန်းဖျက်ဆီးကြကုန်သတည်း။

[နီတိကျမ်း]

(ဂ) ပြုအပ်ခဲ့ဘူး၊ သူ့ကျေးဇူးကို၊ ဆပ်ဦးမည်မှန်၊ ရည်ရွယ်သန်သည့်၊ဂုဏ်တန်မလျှို၊ ပုဂ္ဂိုလ်တဦး၊ သူ့ကျေးဇူးကို၊ ချီးကျူးသံငေါ်၊ ဘွင့်ထုတ်ဖော်၍၊ စိတ်ပျော်ဝမ်းမြောက်၊ နှုတ်စောင့်ရှောက်သား၊ ချီးမြှောက်ပြောဆို၊ ပုဂ္ဂိုလ်တဦး၊လှစ်မိန့်ကြူးသည်၊

လူလူးပုဂ္ဂိုလ်၊ နှစ်ယောက်ကိုလျှင်၊ ထိုထိုအရာ၊ အခါခပဲ၊ ရနိုင်ခဲ၏၊ ဝမ်းထဲမြူစွာ၊ သူကလျှာတို့၊ ဇွေ့ ခါအထူး၊ ပြုကျေးဇူးကို၊ မရူးမစမ်း၊ စိတ်သော့သွမ်းနှင့်၊ ဟော့ရမ်းဖျက်ချေ၊ မဘောင်ရွေ့ဘဲ၊ မိတ်ဖွဲ့ဆွအပေါင်း၊ ခင်ပွန်းကောင်းကို၊ ထောင်းထောင်းချေဖျက်၊ ပြုလုပ်ရက်သည့်၊ လူပျက်ဂုဏ်ချို၊ သူယုတ်တို့ကား၊ မို့မို့မြင်မှူး၊ သူ့ကျေးဇူးကို၊ ထိမ်မြုံးကွယ်ဝှက်၊ ကြိတ်ချေဖျက်သည့်၊ ငဲ့ကွက်ထောက်ညှာ–ကင်းကင်းတည်း။

[နီတိမာလာ]

ရှေးဦးအကျဆုံး ကျေးဇူးရှင်

ကျေးဇူးရှင်တို့တွင် အမိအဘတို့သည် ရှေးဦးအကျဆုံး ကျေးဇူးရှင်များ ဖြစ်ကြသည်။ ။

[ရှေ့သွားမင်္ဂလာ-၂၅]

ကျေးဇူးမဲ့သူ

အကြင်သူသည် အကြင်သစ်ပင်၏အရိပ်၌နေမှုလည်းနေဘူးအံ့၊ အိပ်မှုလည်း အိပ်ဘူးအံ့၊ ထိုသူသည် ထိုသစ်ပင်၏အကိုင်းအခက်ကို မချိုးပဲ့ မဖျက်ဆီးရာ၊ အကယ်၍ ချိုးပဲ့ဖျက်ဆီးအံ့၊ ထိုသူသည် ခင်ပွန်းပြစ်မှားသော သူယုတ်မာစာရင်းသို့ သွတ်သွင်းခြင်းခံရလေတော့၏။

[မြန်မာ့အလင်း]

သူယုတ်မာ

သူယုတ်မာကို ကျွေးမွေးပြုစု ရခြင်းသည် မြွေပွေးကို ခါးပိုက် ပိုက်ထားသည်နှင့်တူလှ၏၊ ခါးပိုက်၌ ပိုက်ထားသောမြွေပွေးသည် အခွင့်သာသည်နှင့် တပြိုင်နက် ခါးပိုက်ပိုက်သူကို ကိုက်ပေါက်သတ်ဘတ်သကဲ့သို့ ထို့အတူပင် သူယုတ်မာသည်လည်း နောက်ဆုံးတနေ့တွင် ကျွေးမွေးပြုစုထားသူကိုပင် ပြန်လှန်စော်ကားတတ်လေသည်။

[မြန်မာ့အလင်း]

ကျေးဇူးရှင်အား ပြစ်မှားခြင်း၏အပြစ်

အသက်ကြီးသူ တဦးဦးအား ပြစ်မှားသူသည်ရင်း၊ ကျေးဇူးရှင်တဦးဦးအား ပြစ်မှားသူသည်ရင်း၊ ဘုန်းကြီး၍ သက်မရှည်၊ သက်ရှည်၍ဘုန်းမကြီးဟုဆိုသော် လူထုအားရင်း၊ တိုင်းပြည်အားရင်း၊ ပြစ်မှားသူသည် အဘယ်မှာလျှင် ဘုန်းကြီး၍ အသက်ရှည်နိုင်ပါအံ့နည်း။

[နေထွန်း]

ကျေးဇူးမဲ့က အသရေညှိုးငယ်ရ၏

ဤလူ့ဘဝ၊ လူ့လောကဓ်၊ ဥာဏသမ္ဘာဥ်၊ ကင်းမယှဉ်ဘဲ၊ ကတညုတ၊ ကတဝေဒီ၊မသိတတ်သူ၊ လူမသမာ၊ ထိုများစွာတို့၊ ချမ်းသာစီးပွါး၊ လျော့ပါးယိမ်းယိုင်၊ မြဲမခိုင်ဘူး၊ ဓမ္မကရိကာစစ်ရေ၊ ကျပျားရေသို့၊ သရေမတိုး၊ ဘုန်းရောင်ညှိုးလျော်၊ တန်းခိုးနေ့ညဲ၊ ဆုတ်လပမာ၊ ယုတ်တတ်စွာ၏။

ကျေးဇူးတရားသည် သူယုတ်မာတို့ အဘို့အကျိုးမရှိ

ကျေးဇူးတရားသည် သူတော်ကောင်းအဘို့ လွန်စွာတန်ဘိုးရှိသော်လည်း သူယုတ်မာအဘို့မှု တန်ဘိုးမရှိ၊ အသုံးမဝင်သကဲ့သို့ရှိ၏၊ ဥပမာ– မျက်စိကန်းနေသောသူအဘို့ အလင်းရောင်သည် အသုံးမဝင်ဘဲ ရှိလေသကဲ့သို့တည်း။

[မြန်မာ့အလင်း]

ကျေးဇူးမဲ့သောသူအား မည်၍မည်မျှ ကျေးဇူးပြုစေကာမူ တင်းတိမ်ရောင့်ရဲခြင်းမရှိ

အကတညုဿ ပေါသဿ၊
နိစ္စံ ဝိဝရဒဿိနော။
သဗ္ဗံ စေ ပထဝိံ ဒဇ္ဇာ၊
နေဝ နံ အဘိရာဓယေ။

နိဒ္ဒ-အမြဲမပြတ်၊ ဝိဂရဒသိနော- နှိပ်စက်ညှဥ်းပန်းရန် အပေါက်ကိုသာရှာကြံကာနေလေ့ရှိသော၊ အကတညုဿ-ကျေးဇူးဂုဏ်ကို၊ မြှုံ့လောက်မျှ၊ သိလေ့မရှိသော၊ ပေါသဿ- ယုတ်မာလှစွာသော သတ္တဝါအား၊ သဗ္ဗပထဝိ- ဤကမ္ဘာမြေပြင်တခုလုံးကို၊ စေဒဒ္ဓ- အကယ်၍ပင် ပေးစေဦးတော့၊ နံ- ထိုကျေးဇူးမဲ့သောသူကို၊ နေဝအာဘိရာဓယေ-နှစ်သိမ့်ရောင့်ရဲစေနိုင်လိမ့်မည်မဟုတ်ချေ။

[ကေနိပါတ် သီလဝ နာဂရာဇာဇာတ်]

ကျေးဇူးမသိသူကိုမကယ်လေနှင့်

ရေ၌မျောဆုံး–ထင်းတုံးကယ်တင်။
များမြတ်အကျိုး–ဖွံ့ဖြိုးသည်ပင်။
ကျေးဇူးထိပ်ဝှက်–သူပျက်ဆယ်လျှင်။
မပြတ်ကြောင်း–အပေါင်းဆိုကြအင်။

[ကေနိပါတ်-သစ္စံကိရဇာတ်]

ကျေးဇူးသိခြေ စီးပွါးတက်၏

ဂါဝေါ တဿ ပဍ္ဍာယန္တိ၊
ခေတ္တေ ဝုတ္တံ ဝိရူဟတိ။
ဝုတ္တာနံ ဖလ မသ္နာတိ၊
ယော မိတ္တာနံ နဒုဿတိ။

ယော-အကြင်သူသည်၊ မိတ္တာနံ-ဥပကာရမိတ္တမည်သောအဆွေခင်ပွန်း၊ သမာနသုခဒုက္ခမိတ္တမည်သောအဆွေခင်ပွန်း၊ အတ္ထက္ခာယိမိတ္တမည်သောအဆွေခင်ပွန်း၊အနုကမ္ပကမိတ္တမည်သောအဆွေခင်ပွန်းတို့ကို၊ နဒုဿတိ-မဖျက်ဆီး၊ တဿ-ထိုအဆွေခင်ပွန်းလေးယောက်ကိုမဖျက်ဆီးသောသူ၏၊ ဂါဝေါစ နွားအပ်သောကျွဲနွားတို့သည်လည်း၊ ပဍ္ဍာယန္တိ–ပွါးများကုန်၏၊ ခေတ္တေ-လယ်၌၊ ဝုတ္တံ-စိုက်ပျိုးအပ်သော ကောက်စပါးသည်၊ဝိရူဟတိ–စည်ပင်

ပြန့်ပွါး၏၊ ဥယျာဉ်နေ–ဥယျာဉ်၌၊ ဝုတ္တာနံ၊ စိုက်ပျိုးအပ်ကုန်သော သစ်ပင်တို့ရှိသည်လည်း၊ ဖလံ- အသီးကို၊ အဿာဝတိ-ရွက်ဆောင်၏၊ ဝါ-သီး၏။

[တေမိဇာတ်]

ကျေးဇူးဂုဏ်အင်အာနိသင်

ကျေးဇူးများမှာ ကမ္ဘာပေါင်းများစွာ ကုန်သွားသော်လည်း ပျက်စီး၍ သွားနိုင်မည်မဟုတ်ပေ၊ ထို့ကြောင့်ကျေးဇူးဂုဏ်အင်အာနိသင်တို့ထက် မြင့်မြတ်သောဥစ္စာသည်မရှိနိုင်ပြီ။

[နီတိ]

ကျေးဇူးပြုချက် ပြည်တဝက်

တိမ်းပြတ်ချိတုံ၊ စစ်ကြီးရှုံး၍၊ မရုံးမစည်း၊တယောက်ထည်းလျှင်၊ မဖြည်းမညှင်း၊ စီးတော်မြင်းနှင့်၊ အပြင်းဆုတ်ခွါ၊ ပြန်ခဲ့လာသော်၊ ရွာငယ်ရပ၊ အိမ်တခုတွင်၊တောင်သူ့နှယ်ဖျား၊ လင်မယားတို့၊ သနားသဖြင့်၊ ဆီးကြိုလင့်၍၊ ကိုယ်နှင့်ထပ်တူ၊ကြည်ဖြူမြတ်လေး၊ လုပ်ကျွေးသိမ်းထား၊ ကျေးဇူးအားကြောင့်၊ တိုင်းကားပြည့်နှက်၊ ပြည်တဝက်ကို၊နှစ်သက်ခွဲဝေ၊ ပေးဘူးလေရှင့်၊

[မာတောဝါဒ]

ထမင်းအတွက် အသက်မသတ်

ပန်းယငါ်စီးရှင်လက်ထက် နောင်တော်အိမ်ရှေ့မင်း ဥဇနာနှင့် ပင်လယ်မြို့စား ကျော်စွာတို့က စစ်ကိုင်းစားညီတော်စောယွန်းကိုသတ်ချေဟု ခိုင်းစေခြင်းခံရသူ ခေင်ညိုသည် စောယွန်းနတ်တင်ထားသည့်ထမင်းများကို စားရသည့်အတွက် "ထမင်းသခင်ကိုသတ်ချေသော် ယခုဘဝလည်း ကြံစွာသောပျက်စီး ဆင်းရဲခြင်းသို့ရောက်ရမည်၊ နောင်သံသရာဘဝ၌လည်း အပါယ်လေးပါးတွင် တာရှည်စွာခံရမည်" ဟု အောက်မေ့၍ စောယွန်းကိုမသတ်ဘဲ ဓါးနှင့်ကွမ်းခွက်ကိုယူခဲ့၍ ငါစီရှင်မင်းအား ဆက်လေ

၏။ ။ထိုအကြောင်းကို ပြန်ပြောင်း၍ လျှောက်သော်''ထမင်း တနပ်စာ ရသောသူ၏ ကျေးဇူးကိုမျှ သော်လည်း သိတတ်သေး ၏၊ နေ့စဉ်နှင့်အမျှ မစကြည့်ရှုထားကာ သားမယားနှင့်တကွသူ ကောင်းပြုပေသောငါ၏ ကျေးဇူးတော်ကိုကား အဘယ်မှာမသိ ဘဲရှိတုံတော့အံ့နည်း''ဟု အလွန်ယုံကြည်၍ မြောက်စားချီးမြှင့် တော်မူသည်။

[မှန်နန်းရာဇဝင်တော်ကြီး]

ချီးမွမ်းခြင်းခံရ၏

ကျေးဇူးသိသောသူသည် ဤပစ္စုပ္ပန်ဘဝ၌ ချီးမွမ်းခံရခြင်း အစရှိသောအကျိုးစီးပွါးသို့ရောက်၏၊ ကျေးဇူးမသိသောသူသည် ဤပစ္စုပ္ပန်ဘဝ၌ကဲ့ရဲ့ခံရခြင်းအစရှိသော အကျိုးစီးပွါးမဲ့သို့ရောက် ၏။

[ပဒုမမင်းသားဝတ္ထု]

ကျေးဇူးထူးသိ သုဂတိ

ကျေးဇူးသိတတ်သောသူ၏ တမလွန်ကား သုဂတိတည်း၊ ကျေးဇူးကို မသိတတ်သောသူ၏ တမလွန်ကား ဒုဂ္ဂတိတည်း။

[စတုက္ကအင်္ဂုတ္တိုရ်-ပဌမပဏ္ဏာသက-ဒုတိယဝဂ်]

ကျေးဇူးသိက သိကြားမ၏

နိပါတ်တော်တွင် ဘုရားအလောင်းကျေးမင်းသည် အဝိဇ္ဇာ ထာကညောင်ပင်ကို ကျေးဇူးသိသောအားဖြင့် အရပ်တပါးသို့ မပျံမသွားသည့် အတွက် သိကြားမင်းက အသီးအပွင့်ပြည့်စုံ အောင် ဖန်ဆင်း၍ပေးဘူးလေသည်။

[နဝနိပါတ်-ရှဋ္ဌသုကဇာတ်]

ကျေးဇူးသိတာ ရှင်သာရိပုတ္တရာ

''ရာဓပုဏ္ဏားသည် တပည့်တော်အား ဆွမ်းတယောင်းချိုသူ့ဘူး သော ကျေးဇူးကိုအောက်မေ့၍ ရဟန်း ပြုပါသည်''ဟုလျှောက်

သော်၊ မြတ်စွာဘုရားသည် ကောင်းချီး နှုမေ်သာရ ခေါ်တော် မူ၍ "ကျေးဇူးကိုသိသောအရာ၌၊ ရှင်သာ့ရိပုတ္တရာနှင့်တူသသူမရှိ" ဟုချီးမွမ်းတော်မူသည်။

[ဓမ္မပဒအဋ္ဌကထာ]

မင်္ဂလာမည်ပုံ

(၁) သာသပ္ပုရိသေဟိ ပသံသနိယာဒိနာနပ္ပကာရ ရဝိသေ-သာဓိဂမဟေတုတော မင်္ဂလန္တိ ဝေဒိတဗ္ဗာ။

သာ-ထိုကျေးဇူးသိခြင်းကို၊ သပ္ပုရိသေဟိ-သူတော်ကောင်း တို့သည်၊ ပသံသနိယာ ဒိနာနပ္ပကာရ ရဝိသေ သာဓိဂမဟေတု တော-ချီးမွမ်းအပ်သည်၏ အဖြစ်အစရှိသော အထူးထူးအပြား ပြား များသောအကျိုးစီးပွါး အထူးကို ရခြင်း၏ အကြောင်းဖြစ် သောကြောင့်၊ မင်္ဂလန္တိ-မင်္ဂလာဟူ၍၊ ဝေဒိတဗ္ဗာ-သိအပ်၏။

[အဋ္ဌကထာ]

(၂) ထိုကျေးဇူးသိခြင်း တည်းဟူသော ကတညုတ ကတ ဝေဒီပုဂ္ဂိုလ်ကို ဘုရားအစရှိသော သူတော်ကောင်းတို့ ချီးမွမ်း ခြင်းအစရှိသော အထူးထူး အပြားပြားများသော ချမ်းသာစီးပွါး ကို ရခြင်း၏အကြောင်း ဖြစ်သောကြောင့် ထိုကျေးဇူးသိခြင်း တည်းဟူသောကတညုတ ကတဝေဒီတရားသည် မင်္ဂလာမည်၏။

[မင်္ဂလာသာရဒီပနီ-၁၅၆]

(၃) အကြင်သူသည် တစုံတရာသောအကြောင်းတို့ဖြင့် ချီး မြှင့်ဘူး၏၊ ထိုသို့ချီးမြှင့်ဘူးသော ကျေးဇူး၏ အကြောင်းအရာကို သိတတ်သောသူသည်ရင်း၊ သိတတ်သည့်အားလျော်စွာ ကျေးဇူး တုံ့ကိုပြုသော သူသည်ရင်း၊ ထိုသူတို့သည် မိတ္တဒုဗ္ဘိအဖြစ်သို့ ရောက်သော ဒုစ္စရိုက်မာရိမည်သော သူယုတ်မာမကဲ့သို့ ပစ္စုပ္ပန်၌ လည်း ပျက်စီးခြင်းသို့ မရောက်၊ သံသရာ၌လည်းပျက်စီးခြင်းသို့ မရောက်၊ သဂ္ဂမောက္ခအကြောင်းဖြစ်၍ မင်္ဂလာမည်၏။

[မင်္ဂလာသာရဒီပနီ-၁၅၉]

ကတညုတမင်္ဂလာသံပေါက်များ

က (၁) ကျေးဇူးရှင်အား၊ပြန်သိပြွား၊မှတ်သားမင်္ဂလာ။
(၂) ကတညုတာ၊ မင်္ဂလာ၊ မှန်စွာသိထိုက်ရာ။
(၃) ကျေးဇူးအရှင်၊ကျေးဆပ်လျှင်၊ လူတွင်သူတော်စွာ။

[မင်္ဂလတ္ထပုဏ္ဏောဝိသဇ္ဇနာ-၃၄]

ခ (၁) ရှေးကပြုဘူး၊ သူ့ကျေးဇူး၊ အထူးသိမြင်သူ။
(၂) အဖန်တလဲလဲ၊ စိတ်ကစွဲ၊ သူဘဲကတညူ။
(၃) သူ့ကျေးဇူးသာ၊ ဆပ်နည်းမှာ၊ မေတ္တာပို့မြဲယူ။
(၄) ကတညုတ၊ ယဉ်သူမှ၊ မကျငရဲပူ။
(၅) ကတညုတလွဲဘိ၊ ခွဲမသိ၊ အတိပူလောင်ဆူ။
(၆) ခရုဆံကျွတ်၊ သဏ္ဌာန်ဖွတ်၊လွတ်လိမ္မာမှိုသူ။
(၇) မှိုခိုစွဲလေ့၊မြဲမတွေ့၊မွဲ၍ဒုက္ခဆူ။

[မင်္ဂလတ္ထဒီပက-၃၀]

မင်္ဂလာပျို

မငဲ့လမ်းစ၊ လမ်းလေးခွတွင်၊ ကိုင်းမခက်လက်၊ စဉ်မပျက်ဖြင့်၊ အရွက်သိပ်သိပ်၊ ခပ်စိပ်စိပ်နှင့်၊ လမ်းထိပ်ရကွာ၊ ပင်ဝါဖြင့်ဖြိုး၊ လွန်သာနိုးသည့်၊ တောစိုးသစ်ပင်၊ ချမ်းသာချင်၍၊ထွက်ဝင်မသွေ၊ အပန်းဖြေဖြင့်၊ နားနေခဲ့ဘူး၊ ထိုကျေးဇူးကို၊ အထူးယှဉ်ပြိုင်၊ မဆပ်နိုင်လည်း၊ ပင်တိုင်ကိုင်းမ၊ ခက်လက်စသား၊ အရွက်များကို၊ ပျက်ပြားစေပြီး၊ မဖျက်ဆီးတည့်၊ နည်းမှီး၍သို့၊ မှန်မချိုသည်၊ လူတို့မှာလည်း၊ သစ်ပင်နည်းလျှင်၊ ပစ္စည်းသေးနုပ်၊ စမြိန်ထုပ်မှ၊ တလုပ်ပေးဘူး၊သူ့ကျေးဇူးကို၊အထူးတုံ့ဆပ်၊ ပြုအပ်သည်မှာ၊လူ့တံထွာတည့်၊မှတ်ရာတဝ၊သက်ဆင်းကြသည်၊ ယင်းကမ္ဘေးဖွား၊အစဉ်အားဖြင့်၊သားသားမြေးမြေး၊မျိုးနွယ်မေး၍၊ ကျေးဇူးထိမ်ခဲ့၊ အကျိုးမဲ့မှု၊ အကြောင်းရကို၊ မပြုအပ်ရာ၊ ပြုတုံ့ပါက၊ထိုဗာလမှု၊ မိတ္တဒုဗ္ဘာ၊ လူယုတ်မာဟု၊ ပညာရှိများ၊ ကဲ့ရဲ့ငြား

အံ့၊ မှတ်သားကုန်ဘိ၊ အမြဲသိလော့၊ မိမိပြုသား၊ ကျေးဇူးများကို၊ တပါးလူညစ်၊ မဆပ်လစ်မူ၊ သူ့ပြစ်သူသာ၊ ဆက်ဆံရာ၏၊ ကိုယ်မှာအပြစ်၊ အညစ်မပြု၊ ကတညုတ၊ ကတဝေဒီ၊ အညီကျင့်ဝတ်၊ သိတ်ရှိလတ်သည်။ ။သူမြတ်အမွန်—တရားတည်း။ ။

[သံတော်ဆင့်မင်း-ဦးကျော်ဧ]

ကျေးဇူးမဲ့သောဝတ္ထုများ

(၁) တက္ကပဏ္ဍိတ (ဒုဋ္ဌကုမာရီ)

[ကေနိပါတ်-ဇူတိဝဂ်-တက္ကပဏ္ဍိတဇာတ်]

(၂) ကျေးဇူးမဲ့သော (ဒုဋ္ဌကုမာရီ)

[ကေနိပါတ်-ဝရဏဝဂ်-သစ္စံကိရဇာတ်]

(၃) ကျေးဇူးမဲ့သောသူဌေး။

[ကေနိပါတ်-အပါယိမှဝဂ်-အကတညုတဇာတ်]

(၄) ကျေးဇူးမဲ့သောသူဌေး။

[ကေနိပါတ်-အသမ္ပဒါနဝဂ်-အသမ္ပဒါနဇာတ်]

(၅) ပဒုမမင်းဝတ္ထု။

[ဒုကနိပါတ်-ပဌမဝဂ်-ရူဌပဒုမဇာတ်အဌကထာ]

(၆) ကျေးဇူးမဲ့သော တောသားမုဆိုးဝတ္ထု။

[စတုက္ကအင်္ဂုတ္တိုရ်-ပဌမပဏ္ဏာသက-ဒုတိယဝဂ်-အကတညုတသုတ်]

ကျေးဇူးပြုသောဝတ္ထုများ

(၁) ကျေးဇူးသိတတ်သောမင်း။

[တိကနိပါတ်-သင်္ကပ္ပဝဂ်-တိရိဋ္ဌိဝစ္ဆဇာတ်]

(၂) ကျေးဇူးသိတတ်သောမင်း။

[စတုက္ကနိပါတ်-ဝိဝရဝဂ်-မဟာအဿာရောဟဇာတ်]

(၃) ကျေးဇူးသိသောရွှေပုစွန်လုံး။
[တက္ကနိပါတ်-ခရပုတ္တဝဂ်-သုဝဏ္ဏကက္ကဋဇာတ်]

(၄) ကျေးဇူးသိသောခြင်္သေ့။
[ဒုကနိပါတ်-အဋ္ဌမဝဂ်-ဂုဏဇာတ်]

(၅) ဂူထဇာတ်။
[ဒုကနိပါတ်-ပဌမဝဂ်]

(၆) အလီနစိတ္တဇာတ်။
[ဒုကနိပါတ်-ပဌမဝဂ်]

(၇) ရာဓပုဏ္ဏားဝတ္ထု။
[ဧကကအင်္ဂုတ္တိုရ်-ဧတဒဂ္ဂအဋ္ဌကထာ]

(၈) နိဂြောဓမင်းဝတ္ထု။
[ဒသကနိပါတ်-နိဂြောဓဇာတ်]

၂၆-ကာလေနဓမ္မဿဝနံ

ချောက်ပတ်သောခါ၊ မြတ်ဓမ္မာ၊ မကြာနာအပ်ပါ။
[အခွင့်သင့်သောအခါ တရားတော်ကိုနာကြားရခြင်း။]

ဤမင်္ဂလာ၏အဓိပ္ပါယ်များ

(၁) ကာလေနဓမ္မဿဝနန္တိ ပါတကာလမဇ္ဈန္ဟိကကာလဝိဒိ ကာလရတ္တိကာလာနံ စတုဗ္ဗိဓာနံ ကာလာနံ ရတ္တိ ကာလေ ဓမ္မဿဝနန္တိ အတ္ထော။ ။

ကာလေနဓမ္မဿဝနန္တိ-ကာလေနဓမ္မဿဝနံ ဟူသည်ကား၊ ပါတကာလ မဇ္ဈန္ဟိက ကာလ ဝိဒိကာလ ရတ္တိကာလာနံ-နံနက်အခါ ကာလ၊ ဝါ-နေအရုဏ်တက်ကစ၍၊ နံနက်တချက်တီးတိုင်ကာလ၊ မဇ္ဈန္ဟိကကာလ၊ ဝါ-မွန်းတည့်ကာလ၊ ဝါ-နံနက်တချက်တီး ကျော် ကစ၍၊ နေ့နှစ်ချက်တီးတိုင်ကာလ၊ ဝိဒိကာလ၊ ဝါ-နေလွဲသောကာလ၊ ဝါ-နှစ်ချက်တီးကျော်ကစ၍၊ သုံးချက်တီးကျော်၊ လေးချက်တီးတိုင်ကာလ၊ ရတ္တိကာလ၊ ဝါ-ညဥ့်ကာလ၊ ဝါ-နေဝင်လေးချက်တီး ကျော်ကစ၍၊ ညဥ့်တချက်တီးတိုင်ကာလ ဟုဆိုအပ်ကုန်သော၊ စတုဗ္ဗိဓာနံ-လေးပါးအပြားရှိကုန်သော၊ ကာလာနံ-ကာလတို့တွင်၊ ရတ္တိကာလေ-ရတ္တိအခါကာလ၌၊ ဝါ-နေလွဲလေးချက်တီး ကျော် ကစ၍၊ ညဥ့်တချက်တီး တိုင်အခါကာလ၌၊ ဓမ္မဿဝနံ- တရား တော်မြတ်ကို နာအံ့သောအခါတည်း၊ ဣတိအယံ—ဤသည်လျှင်၊ အတ္ထော—ကာလေနဓမ္မဿဝနံ ဟူသောနှစ်ပုဒ်၏ အနက်တည်း။

[မင်္ဂလာဝတ္ထု-၁၀၉]

(၂) ကာလေန ဓမ္မဿဝနံ-ကာမဝိတက် အစရှိသည်တို့နှိပ်စက်သောအခါ၌ ထိုကာမဝိတက်စသည်တို့ကို ဖျောက်အံ့သော ငှါတရားတော်ကို နာခြင်းသည်လည်းကောင်း။

[ပရိတ်ကြီးဝတ္ထု-၅၆]

(၃) ကာလေနဓမ္မသဝနံ ဟူသောပုဒ်၌ ကာမဝိတက်၊ ဗျာပါဒဝိတက်၊ ဝိဟိံသဝိတက်၊ ဤမိစ္ဆာဝိတက် သုံးပါးဖြစ်သော အခါ၌ တရားတော်ကို နာခြင်း၌ လျောက်ပတ်သောအခါ မည်၏၊ ဥပုသ်နေ့၊ သီတင်းနေ့တို့သည်လည်း တရားတော်ကို နာခြင်း၌ လျောက်ပတ်သောအခါမည်၏။

[ပရိတ်ကြီးနိဿ-၃၉]

(၄) အကြင်အခါ၌ ဥဒ္ဓစ္စနှင့်နှီးနှောသော စိတ်သည်ဖြစ်၏၊ ကာမဝိတက် အစရှိသည်တို့တွင် တပါးပါးသော ဝိတက်သည် နှိပ်စက်သောစိတ်သည် မူလည်းဖြစ်၏၊ ထိုအခါ၌ ထိုဥဒ္ဓစ္စကာမဝိတက်အစရှိသည်တို့ကို ပျောက်ပယ်အံ့သော၌ တရားနာခြင်းသည် ကာလေန ဓမ္မသဝနမည်၏။

[အဋ္ဌကထာ]

(၅) တပါးကုန်သော ဆရာတို့သည်ကား ငါးရက်မြောက် ငါးရက်မြောက် ဖြစ်သောနေ့၌ တရားနာခြင်းသည် ကာလေန ဓမ္မသဝနမည်၏ဟု ဆိုကြကုန်၏။

[သံဂီတိသုတ်-အဋ္ဌကထာ]

(၆) အကြင်ကာလ၌ ကောင်းသော အဆွေခင်ပွန်း ဖြစ်ကုန်သော များသောအကြားအမြင်ရှိကုန်သော ပုဂ္ဂိုလ်တို့ကို ဆည်းကပ်၍ မိမိ၏ယုံမှားခြင်းကို ပျောက်တတ်သော တရားကိုနာခြင်း၌ စွမ်းနိုင်၏၊ ထိုကာလ၌ တရားနာခြင်းကိုလည်း ကာလေန ဓမ္မသဝနဟူ၍ သိအပ်၏၊

[အင်္ဂုတ္တိုရ်ပထမပဏ္ဏာသက ဒုတိယဝဂ် ပါပဏိကသုတ်]

(၇) တလ၏ရှစ်ရက်တို့၌တရားနာခြင်းသည်လည်း ကာလေန ဓမ္မသဝနမည်၏။

[အရှင် အနု ရုဒ္ဓါမထေရ်]

(၈) သင့်တင့် လျော်ကပ်သော အခါ၌ တရားတော်ကိုနာခြင်းဟူရာ၌ သင့်တင့်လျော်ကပ်သော အခါကား မိမိ၌ လိုချင်တပ်မက်ခြင်း၊ကြောင့်ကြစိုးရိမ်ခြင်း၊ပူပန်ခြင်း၊သူတပါးကိုနှိပ်စက်လိုခြင်းစသော မကောင်းသောစိတ်တို့ ဖြစ်ပေါ်သောအခါသည် တရားတော်ကိုနာခြင်း၌ သင့်တင့်လျော်ကပ်သောအခါတည်း။ တနည်းကား၊—

မိမိသည် တစုံတခုသော တရားသဘော၌ မှန်လေသလော၊ မှားလေသလောဟု ယုံမှားရှိသည့် အခါသည် ပညာရှိသူမြတ်ထံ ချဉ်းကပ်၍ တရားတော်ကိုနာခြင်း၌ သင့်တင့် လျော်ကပ်သော အခါတည်း။

ဤသို့အစရှိသော မိမိအခွင့်နှင့် သင့်တင့်သော အခါကာလသည် တရားတော်ကိုနာရန် လျော်ကပ်သော ကာလမည်၏။

[မင်္ဂလာအလင်း-၃၂]

(၉) ကာလေန-တရား ဟောပြောသော အခါ၌၊ ယံဓမ္မဿဝနဥ္စ-အကြင်တရား နာဆော် သူမခေါ်လည်း၊လျော်ရာကနားထောင်ရခြင်းသည်လည်းကောင်း၊ဝါ-ကာလေနဓမ္မဿဝနံ-တရားဟောပြ၊ထိုကာလ၌၊ အစအဆုံး၊ သုံးပါးလုံးကို၊ စိတ်တုံးတုံးချ၊ နည်းနာရအောင်၊ မထအောင့်အဲ၊အံသွားခဲ၍၊ စိတ်စွဲမိအောင်၊ နားထောင်ရခြင်းသည် လည်းကောင်း။

[ရွှေမင်းဝံဥက်တွင်းဆရာတော်]

(၁၀) ကာလေန-မကြာမကြာ၊ အခါခါ၌၊ ဓမ္မဿဝနံ-ကုသိုလ်ပွါးရာ အလိမ္မာ ပွါးကြောင်း၊ သူတော်ကောင်းအား၊ ဆည်းကပ်ငြား၍၊ တရားဓမ္မ နာခံရခြင်းသည်ရှင်း။

[မင်္ဂလသုံတ်မိတ်လင်စုံ-၁၄]

(၁၁) ကာလေန-ကြောင့်ကြပူပင်၊လိုချင်တပ်မက်၊ နှိပ်စက်လိုငြား၊ အခါများနှင့်၊ တရားသဘော၊ သို့လောကြီဆ၊ မသိရသော၊

ကာလအခါ သင့်တင့်စွာဦ၊မွေ့သဝနှစ္စ- ထိုကြောင့်ကြွနှင့်၊ လော ဘစသား၊စိတ်အများကို၊ ပယ်ပြေးတက်စွ၊ ခြောက်ဂုဏ်ရသည့်၊ မွေ့မည့်သား၊ မြတ်တရားကို၊ နာကြား ရခြင်းသည်ဝင်း၊

[မင်္ဂလာအလင်း-၈၂]

(၁၂) (၁) ကာလေနပါဠိ၊ လာအရှိ၊ သိရန်အခွင့်မှာ၊
(၂) ယုံမှားနောက်စိတ်၊ရှားဖျောက်ဟိတ်၊မိတ်ကောင်း ပုဂ္ဂိုလ်မှာ၊
(၃) သင့်တင့်ခွင့်ခါ၊ တရားနာ၊ ကာလေနဖြစ်ရာ၊
(၄) အကာလရှစ်ဖြာ၊ ပယ်သည့်ခါ၊ ကာလေနဖြစ်ရာ၊
(၅) သင့်လျော်စွာလတ်၊ အခါမှတ်၊ မြတ်တရားကိုနာ၊
(၆) တရားနာရန်၊ အခါမှန်၊ တဖန်သိထိုက်စွာ၊
(၇) အကုသိုလ်တရား၊ ကိုယ်မှာပွါး၊ တရားမြန်မြန်နာ၊
(၈) လျောက်ပတ်ခါခွင့်၊ စာနာချင့်၊သင့်တင့်ဆိုလိုပါ၊
(၉) ငါးရက်ငါးရက်၊များမပျက်၊ ဆက်ဆက်တရားနာ၊
(၁၀) အပရေဝါဒ၊ သေချာပြ၊ ကာလတမျိုးလာ၊

[မင်္ဂလတ္ထဒီပနီ-၃၁]

တရားနာခြင်းအကျိုး–၅–ပါး

မကြားဘူးသောတရားစကားကိုကြားရသည်။
ကြားနာဘူးသော တရားစကားကို ဖြူစင်ရှင်းလင်းပွါးများ စေသည်။
ယုံမှားသက်ာမှ လွှန်မြောက်နိုင်သည်။
အယူကိုဖြောင့် မှန်စွာပြုတတ်သည်။
စိတ်၏ကြည်ညိုခြင်း ဖြစ်သည်။

[အင်္ဂုတ္တိုရ်ပါဠိတော်-ပဉ္စကနိပါတ်]

ရှစ်လုံးဘွဲ့ကဗျာ

မကြားဘူးများ–နာကြားရပါ၊
ကြားနာဘူးပ–ပြုဆွေသချာ၊
ယုံမှားပျောက်ကင်း–ဖြောင့်စင်းဝါဒါ၊
စိတ်ကြည်လှ–မြေလွန်သာယာ၊

[ဦးပညာဝံသ]

ရှင်းသံပေါက်

(၁) တရားနာကျိုး၊ ငါးဖြာတိုး၊ အားကြိုးမှတ်စိမ့်ဟူ။
(၂) မကြားဘူးငြား၊ အထူးကြား၊ ကြားဘူးစင်ကြည်ပြု။
(၃) စိတ်လည်းကြည်လင်း၊ ယုံမှားကင်း၊ ဖြောင့်စင်းမှန်အယူ။

[မင်္ဂလတ္ထဒီပက-၃၁]

အရဟတ္တဖိုလ်သို့ရောက်စေတတ်၏

ကောင်းစွာဖြစ်စေ အပ်ကုန်သော ကောင်းစွာအစဉ်တစိုက် လိုက်အပ်ကုန်သော ကာလ၌ဖြစ်ကုန်သော ဤလေးပါးကုန်သော တရားတို့သည် အစဉ်သဖြင့်အာသဝေါတို့၏ ကုန်ရာအရဟတ္တဖိုလ်သို့ရောက်စေတတ်ကုန်၏။

ရှင်းလေးပါးကား

(၁)–ကာလ၌တရားနာခြင်းလည်းတပါး။
(၂)–ကာလ၌တရားကိုဆွေးနွေးခြင်းလည်းတပါး။
(၃)–ကာလ၌တရားကိုသုံးသပ်ခြင်းလည်းတပါး။
(၄)–ကာလ၌ ဝိပဿနာကို ရှုခြင်းလည်းတပါး။–ဤသည်တို့တည်း။

[စတုက္ကအင်္ဂုတ္တိုရ် တတိယပဏ္ဏာသက-ပဌမဝဂ်]

မင်္ဂလာမည်ပုံ

(၁) ကာလေန-ဓမ္မဿဝနသည် နီဝရဏကိုပယ်ခြင်း၊ လေးပါးသော အာနိသင်ကိုရခြင်း၊ အာသဝက္ခယကိုရခြင်းအစရှိသော

အထူးထူး အပြားပြားသော အကျိုးဝိသေသကို ရခြင်း၏ အကြောင်းဖြစ်သောကြောင့် မင်္ဂလာမည်၏။

[မင်္ဂလာသာရဒီပနီ-၁၆၁]

(၂) ဥပနိဿယနှင့် ပြည့်စုံသော သူ၏ တရားနာခြင်းသည် မျက်မှောက်သော ကိုယ်၏အဖြစ်၌လျှင်၊ မင်္ဂရခြင်း၏ အကြောင်း ဖြစ်၏၊ ဥပနိဿယကင်းသော သူ၏တရားနာခြင်း သည်ကား နောင်သောအခါ မင်္ဂရခြင်း၏ အကြောင်းဖြစ်၏၊ မင်္ဂသို့မရောက်မီ အတ္တဘောတွင်လည်း ဉာဏသမ္ပယုတ် မဟာဝိပါက်၊ တိဟိတ်ပဋိသန္ဓေကို ရခြင်း၏ အကြောင်းဖြစ်၏၊ ယခုပစ္စုပ္ပန်၌ လည်း အထူးထူးသော စည်းစိမ် ချမ်းသာတို့ကို ရခြင်း၏အကြောင် ဖြစ်၏၊ထို့ကြောင့် ထိုကာလေန ဓမ္မဿဝနဟုဆိုအပ်သော သင့်တင့်လျောက်ပတ်သောကာလ၌ တရားနာခြင်းသည် မင်္ဂလာ မည်၏။

[မင်္ဂလာသာရဒီပနီ-၁၆၄]

(၃) တရားတော်ကို ကြားနာရခြင်း၌ ငါးပါးသော အကျိုး အာနိသင်ရ၏၊ ဤအကျိုး အာနိသင်ငါးပါးသည် ချမ်းသာကြီးသုံး ပါးကိုရခြင်း၏ အကြောင်းဖြစ်သောကြောင့် ကာလေနဓမ္မဿဝန သည် မင်္ဂလာမည်၏။

[ပရိတ်ကြီးနိသျ-၃၉]

ကာလေန ဓမ္မဿဝနံသံပေါက်

က(၁) သင့်တင့်သမျှ၊ ယင်းကာလ၊ နာကြမြတ်ဓမ္မာ၊
(၂) ကာမဝိတက်၊ ပယ်လှန်ဖျက်၊ နှစ်သက်ကြားနာရာ၊
(၃) ပစ္စုပ္ပန္န၊ သံသရာ၊ နှစ်ဝကျိုးရှိစွာ၊
ခ(၁) သေချာကျနာ၊ ဖြေရှာပြ၊ ဓမ္မပြောနိုင်သူ၊
(၂) ကိုယ်၏ယုံမှား၊ အစုံကြား၊ ခြားနားဖြေတတ်သူ၊
(၃) ကလျာဏထင်စွာ၊ ပညာဝါ၊ လျှင်စွာတွေ့ခဲ့မူ၊
(၄) ဤခါမှာကား၊ နာတရား၊ လာငြားတန့်ညည်းမူ၊

(၅) ကာလေနဓမ္မဿဝန၊ မင်္ဂလ၊ တင်ပြနည်းဆုဆု၊
(၆) တရားသိမှ၊ နိဝရဏ၊ မုချပျောက်လိမ့်ဟူ၊
(၇) နိဝရဏခြောက်၊ ရှိကပျောက်၊ ရောက်လိမ့်နိဗ္ဗာန်ဂူ၊
[မင်္ဂလတ္ထဒီပက–၃၁]

မင်္ဂလာပျို

အကြွင်သမယ၊ ဥဒ္ဓစ္စဟိတ်၊ ပြန့်လွင့်စိတ်ကို၊ဆို့ပိတ်မရ၊ ပြွမ်းပြွမ်းထ၍၊ ကာမဗျာပါ၊ ဝိဟိံသာဟု၊ မိစ္ဆာသက်ပ်၊ မကြံအပ်ကို၊ သုံးသပ်မိကာ၊ဂုဏ်ခြောက်ဖြာနှင့်၊အင်္ဂါကိုးပါး၊အကျိုးများသည့်၊ ဘုရားမုခပါဠ်၊ တရားမြတ်ကို၊ နာလတ်သောအခါ၊ မလှုပ်ရှားဘဲ ငါးပါးနိဝရဏ၊ ဆိတ်ငြိမ်ကြလျက်၊ သတ္တဗောဇ္ဈင်၊ ပွါးကြောင်းပင်တည်း၊ အကြွင်ကာလ၊ သမယကား၊ တလရှင်ကြွမ်၊ မွေ့သိမ်တရား၊ နာသောအားဖြင့်၊ မှတ်သားကျင့်မှု၊ အစဉ်ပြုလေ့၊ ပွါးမှုဝိပဿနာ၊ဘာဝနာဖြင့်၊ ကောင်းစွာကျိုးဆက်၊ အာသဝက်ညာဏ်၊ ကျွတ်ဆုပန်သည့်၊ နိဗ္ဗာန်ရောက်ကြောင်း၊ လမ်းကောင်းလမ်းမြတ်၊ မှတ်တုံ လတ်ရှင့်၊ သိမှတ်တဖြာ၊ သာသနာလျှင်၊ ရောင်ဝါလင်းကြောက်၊ မရှုစောက်ဌါ၊ ထွန်းတောက်ရာကား၊ တပည့်သားတို့၊ ညွှတ်တွားသဒ္ဓါ၊ တရားနာ၍၊ ကောင်းစွာသင်ဆောင်၊ မြားမြောင်ဓိပ္ပါယ်၊ အသွယ်သွယ်ကို၊ နည်းကျယ်မှတ်သား၊ ကိုးပါးအာချင့်၊ လျော်သဖြင့်လျှင်၊ ကျင့်ကုန်ရကား၊ငါးပါးအပေါင်း၊ ရှည်ကြောင်းအမွန်၊ တည်တည်မှန်၏၊ အပြန်ဝိပရိတ်၊ တရားဆိတ်က၊ ဘုရာ့သာသနာ၊ ကွယ်မည် သာတည်း၊ အခါအခါ၊ ကောင်းစွာ နှိုင်းချိန်၊ ပညိန်ရွှေ၊ ရင့်စေကောင်းစွာ၊ တရားနာသည်။ ။ပညာ သုတ–ပွါးများတည်း။ ။

[သံတော်ဆင့်မင်း ဦးကျော်ဇ]

တရားနာသောဘာသတ္တဝါဝဋ္ဋ၊

ဘားတိရစ္ဆာန်ပင်ဖြစ်သော်လည်း တရားအမှတ်ဖြင့်အာရုံကပ်၍
လျောက်ပတ်သင့်တင့်သောအခါ တရားနာရလေသောကြောင့် သေ

သည့်၏အခြားမဲ့၌ တာဝတိံသာနတ်ပြည်တွင် တဆဲ့နှစ်ယူဇနာ ရှိသော ရွှေဗိမာန်ဝယ် ကြီးကျယ်မြင့်မြတ်သော နတ်စည်းစိမ်ကို ခံရလေ၏။

[ဝိမာနဝတ္ထုအဋ္ဌကထာ]

သူဌေးသား ကာလဝတ္ထု

အနာထပိဏ် သူဌေး၏သား "ကာလ" သည် တခုသောလ ပြည့်နေ့တွင် ရှင်တော်ဘုရားဟောကြားသော တရားတော်မြတ် ကိုနာရ၍ သုံးပါဒအဆုံး၌ သောတာပတ္တိဖိုလ်သို့ရောက်လေ၏။

နောက်နေ့နံနက် "သူတော်ကောင်း တရားကို မသိသောသူ သာ ဥက္ကာ၌မက်မော၏၊ သူတော်ကောင်း တရားကို မြင်ပြီးသော သူကား ဥက္ကာကိုအလိုမရှိလေပြီ" ဟု ဟောတော်မူသည်၏အဆုံး၌ သကဒါဂါမိဖိုလ်သို့ရောက်လေ၏။

[ဓမ္မပဒအဋ္ဌကထာ-လောကဝဂ်]

ဤမင်္ဂလာနှင့် သက်ဆိုင်သော အခြားဝတ္ထုများ

(၁) ရဟန်းငယ်ဝတ္ထု။
(၂) နို့စို့သားငယ်ရှိသောမိန်းမဝတ္ထု။

[အင်္ဂုတ္တိုရ် ပထမ ပဏ္ဏာသကပဉ္စမဝဂ် ဌာနသုတ်အဋ္ဌကထာ။]

(၃) သဂ္ဂကဝတ္ထု။

[မဟာသဂ္ဂကသုတ်အဋ္ဌကထာ]

(၄) မယျှကနတ်သားဝတ္ထု။

[ဝိမာနဝတ္ထု-ပဉ္စမဝဂ်]

(၅) စပါးကြီးမြွေဝတ္ထု။

[မဟာဝင်္ဂကာ]

(၆) လင်းနို့ငယ်တို့၏ဝတ္ထု။

[အဋ္ဌသာလိနီ]

(၇) ကြက်မဝတ္ထု။

[ဓမ္မပဒအဋ္ဌကထာ]

၂၇-ခန္တီစ

ခန္တီဝဂ္ဂ၊ မြတ်သီလ၊ ကျင့်ကမင်္ဂလာ။
[သည်းခံရခြင်း။]

ခန္တီ-ဝိဂြိုဟ်

ခမနံ သဟနံ ခန္တီ။

ခမနံသဟနံ—သည်းခံခြင်း၊ခန္တီ-သည်းခံခြင်း။

[မင်္ဂလသုတ္တဝိဂ္ဂဟဒီပနီ-၄၉]

ဤမင်္ဂလာ၏အဓိပ္ပါယ်များ

(၁) ခန္တီစာတိ အကမ္မေန ပရဿ ဒေါသကရဏံ ခန္တီတိ ဝုစ္စတိ။

ခန္တီစာတိ-ခန္တီစဟူသည်ကား၊ ပရဿ-သူတပါး၏၊ဝါ-သူတပါးသည်၊အကမ္မေန-မဟုတ်သောအမှုဖြင့်၊ ဝါ-မတရားသောအမှုဖြင့်၊ ဒေါသကရဏံ-အမျက်ထွက်၍ ပြုခြင်းကို၊ ဝါ-ရိုက်ပုတ်ညှဥ်းဆဲ၍ ပြစ်မှားခြင်းကို၊ ခန္တီတိ-ခန္တီဟူ၍၊ ဝါ-သည်းခံခြင်းဟူ၍၊ ဝုစ္စတိ-ဆိုအပ်၏။

[မင်္ဂလာဂဏ္ဌိ-၁၁၂]

(၂) တတ္ထ ကတမာ ခန္တီ ခမနတာ အဓိဝါသနတာ အစဏ္ဍိက္ကံ နအသုရောပေါ အတ္တမနတာစိတ္တဿ။

တတ္ထ-ထိုစကား၌၊ ကတမာ-အဘယ်သည်၊ ခန္တီ-ခန္တီမည်သနည်း၊စိတ္တဿ-စိတ်၏၊ ခမန တာ-သည်းခံသည်၏ အဖြစ်သည်၊ အဓိဝါသနတာ-သူတပါးတို့သည် မကောင်းသဖြင့် ပြုအပ်သောအမှု၊ သူတပါးတို့သည် မကောင်းသဖြင့် ဆိုအပ်သော စကားကို ဆန့်ကျင်ဘက်မပြုသဖြင့် မိမိအပေါ်၌ နေစေသည်၏ အဖြစ်သည်၊

အစဏ္ဍိကတ္တ-အမျက်မထွက်ခြင်းသည်နှအသုရောပေါ်-သူတပါး တို့၏ပျက်စီးခြင်းတို့၌ ဖျက်ရည့်ကို မဖြစ်စေခြင်းသည်၊ အတ္တမနတာ နှစ်သက်ခြင်းနှင့် တကွဖြစ်သော စိတ်အားဖြင့် မိမိစိတ်၏အဖြစ်သည်၊ ခန္တီ ခန္တီ မည်၏။

[မင်္ဂလာသာရဒီပနီ ၁၆၈]

(၃) ယာခန္တီစ-အကြင်နားနှင့်မတန် မခံသာသော အနာဒရအဂါရဝလွန်သွားကဲ့သို့ ကြမ်းတမ်းသည့် ဆဲရှိပ်စက်သော စကားများကို ပြောဆိုသော်လည်း အမျက်ဒေါသမထွက်စေရ၊ မေတ္တာစိတ်ဖြင့် သည်းခံရခြင်းသည်ရင်း။

[မင်္ဂလသုတ်ဋီကာ ၉]

(၄) ခန္တီစ-သူယုတ်မာတို့၊ မျက်စိကိုမှိတ်၊ လည်ကိုညိတ်၍၊ လက်ဆိတ်တို့ကာ၊ ဆူသာမထွေရ၊ ပြစ်မှားကြ၍၊ ကြမ်းတမ်းသောအမှုကိုပြုခြင်း၊ ဆဲဆိုခြင်းတို့ကို သည်းခံ ရခြင်းသည်ရင်း။

[မင်္ဂလသုတ်နိသျ-၁၈]

(၅) ခန္တီစ-ချမ်းသာတွေ့သော်လည်း မတောက်ကြွ၊ ဒုက္ခတွေ့သော်လည်းစိတ်မပျက်၊ အသက်ကိုရန်မူသော်လည်း အမျက်မထန်၊ သည်းညည်းခံရခြင်းသည်လည်းကောင်း။

[မင်္ဂလသုတ်စိတ်လင်စုံ-၁၅]

(၆) ခန္တီစ-ဒေါသအမျက်၊ ဖွန်တက်လွှမ်းကဲ၊ ဆဲဆိုရေရွတ်၊ ညှဉ်းဆဲလတ်၍၊ ပုတ်ခတ်သူကို၊ တို့ယူအမျက်၊ လျှဉ်းမထွက်ဘဲ၊ စိတ်လက်မရောက်၊ မဖေါက်မြဲမြဲ၊ မေတ္တာနှင့်၍၊ သည်းခံရခြင်းသည်ရင်း။

[မင်္ဂလာအလင်း-၆၃]

(၇) ယာခန္တီစ-အကြင်ဒေါသမထန်၊ ကံသုံးတန်၌၊ မြဲမြံသဖြင့်၊ ခန္တီရခြင်းသည်လည်းကောင်း။

[ရွှေမင်းဝံ-၄က်တွင်းဆရာတော်]

(၈) သည်းခံခြင်းဆိုသည်ကား အထွေထွေ အမျိုးမျိုးဆဲဆို ရေရွတ်၊ ညှဉ်းဆဲရေရွတ်သော်လည်း၊ အမျက်မထွက်၊ နှုတ်တုံ့ လည်းမပြန်၊ ရန်တုံ့လည်းမမူ၊ သူပြုသမျှ၌ စိတ်ဖေါက်ပြန်ခြင်း မရှိသည်ကိုဆိုလိုသတည်း။

[မင်္ဂလာအလင်း–၃၃]

(၉) သည်းခံခြင်းဟူသော ခန္တီနှင့် ပြည့်စုံသော သူသည် ဆယ်ပါးကုန်သော အက္ကောသဝတ္ထုတို့ဖြင့် ဆဲရေးကုန်သည်တို့ ကို မကြားသကဲ့သို့ သတ်ခြင်းနှောင်ဖွဲ့ခြင်း အစရှိသည်တို့ဖြင့် ညှဉ်းဆဲကုန်သော ပုဂ္ဂိုလ်တို့ကိုမမြင်သကဲ့သို့ ဖောက်ပြန်ခြင်း မရှိသောအဖြစ်သည် ခန္တီမင်္ဂလာမည်၏။

[ပရိတ်ကြီးဂဏ္ဌိ-၅၇]

(၁၀) ခန္တီစဟူသော ပုဒ်၌၊ အဓိပ္ပါယ်ကား အဝတ်၌သည်းခံ ခြင်း၊ အပူနှိပ်စက်သည်၌ သည်းခံခြင်း၊ အချမ်းနှိပ်စက်သည်၌ သည်းခံခြင်း၊ အနာရောဂါဒုက္ခ ဝေဒနာနှိပ်စက်သည်၌ သည်းခံ ခြင်း၊ ရာဂဒေါသ မောဟ အစရှိသော ကိလေသာနှိပ်စက်သည် ၌ သည်းခံခြင်း၊ ရူပါရုံ၌ သည်းခံခြင်း၊ သဒ္ဒါရုံ၌ သည်းခံခြင်း၊ ဂန္ဓာရုံ၌သည်းခံခြင်း၊ ရသာရုံ၌သည်းခံခြင်း၊ ဖောဋ္ဌဗ္ဗာရုံ၌သည်း ခံခြင်း၊ မှက်ခြင်ယင်ရဲတို့ကို သည်းခံခြင်း၊ သုနာပရန္တတိုင်းသား အရှင်ပုဏ္ဏမထေရ်ကဲ့သို့ ကိုယ်ဖြင့်ရင်း၊ နှုတ်ဖြင့်ရင်း၊ သူတပါး တို့မထိမ့်မြင်ပြုခြင်း၊ ဆဲရေးရေရွတ်ခြင်းတို့ကို သည်းခံခြင်း၊ တုတ်လှံကန်၊ လက်ဆုပ်တတောင်ဖြင့် ညှဉ်းဆဲခြင်းကို သည်းခံ ခြင်း၊ ခန္တီဝါဒီရှင်ရသေ့၊ ဆဒ္ဒန်ဆင်မင်းတို့ကဲ့သို့ ဓားလှံလေး မြား၊ လက်နက်တို့ဖြင့် ညှဉ်းဆဲခြင်းကို သည်းခံခြင်းသည် မြတ် လှစွာသော သူတော်ကောင်းတို့၏ အကျင့်မည်၏။

[ပရိတ်ကြီးနိသျ-၄၁]

သည်းခံခြင်းသည်မြတ်၏

(၁) ခန္တျာ- ဘိယျော နဝိဇ္ဇတိ။

ခန္တျာ—ရန်ဟုန်ပယ်ခွင်း၊သည်းခံခြင်းတရားထက်၊ဘိယျော-လွန်ကဲထူးကဲမြောက်နိုင်သောတရားသည်၊ နဝိဇ္ဇတိ-မရှိ။

[သရဘင်္ဂဇာတ်]

(၂) သဗ္ဗေသံ ဝုတ္တံ ဖရုသံ ခမေထ၊
ဧတံခန္တိံ ဥတ္တမ မာဟုသန္တော။

သဗ္ဗေသံ—ခပ်သိမ်းကုန်သောသူတို့၏၊ဖရုသံ- ကြမ်းတမ်းစွာ၊ ဝုတ္တံ- ဆိုအပ်သောစကားကို၊ ခမေထ- သည်းခံကုန်လော့၊ ဧတံ ခန္တိံ- ထိုသည်းခံခြင်းကို၊ ဥတ္တမံ- မြတ်၏ဟူ၍၊ သန္တော- ရှေးပညာရှိတို့သည်၊အာဟု-ဆိုကုန်ပြီ။

[သရဘင်္ဂဇာတ်]

(၃) သဒတ္ထပရမာ အတ္ထော၊
ခန္တျာ ဘိယျော နဝိဇ္ဇတိ၊
ယော ဟဝေ ဗလဝါသန္တော၊
ဒုဗ္ဗလဿ တိတိက္ခတိ၊
တမာဟု ပရမံခန္တိံ၊
နိစ္စံ ခမတိ ဒုဗ္ဗလော။

မာတလိ-မာတလိ၊သဒတ္ထပရမာ-မိမိ၏အကျိုးမြတ်တို့သည်၊ သန္တိ- ရှိကုန်၏၊ တေသု— ထိုမိမိ၏ အကျိုးမြတ်တို့တွင်၊ ခန္တျာ-သည်းခံခြင်းထက်၊ ဘိယျော-လွန်ကဲသော၊ အတ္ထော— အကျိုးသည်၊ နဝိဇ္ဇတိ- မရှိ၊ ယော- အကြင်သူသည်၊ ဟဝေ- စင်စစ်၊ ဗလဝါ- အားကြီးသည်၊ သန္တော- ဖြစ်လျက်၊ ဒုဗ္ဗလဿ-အားနည်းသောသူအား၊ တိတိက္ခတိ- သည်းခံ၏၊ တံခန္တိံ-ထိုသည်းခံခြင်းကို၊ ပရမံ- မြတ်၏ဟူ၍၊ ဝါ- မြတ်သောအကျိုးတကာတို့ထက် လွန်ကဲသည်ဟူ၍၊ အာဟု-ဆိုကုန်၏၊ ဒုဗ္ဗလော-

အားနည်းသောသူသည်ကား၊ နိစ္စံ-အမြဲ၊ ခမတိ- မိမိထက် မြတ်သော အားရှိသောသူတို့ကိုနှိပ်စက်တိုင်းပင် သည်းခံရ၏။

[သရဘင်္ဂဇာတ်]

သည်းခံခြင်းသည်မြတ်၏

(၄) ခန္တီ ပရမံ တပေါ တိတိက္ခာ။

တိတိက္ခာ-သည်းခံခြင်းတည်းဟူသော၊ခန္တီ-ခန္တီအကျင့်သည်၊ ပရမံ-မြတ်လှစွာသော၊ တပေါ- သူတော်ကောင်းတို့၏ အကျင့်တည်း။

သည်းခံခြင်းသည်ငြိမ်းချမ်း၏

နဟိ ဝေရေန ဝေရာနိ၊
သမ္မန္တီဓ ကုဒါစနံ။
အဝေရေနစ သမ္မန္တိ၊
ဧသဓမ္မော သနန္တနော။ ။

ဣဓ-ဤလောက၌၊ ဝေရေန- ရန်ကိုသည်းမခံခြင်းနှင့် တကွ ရန်တုံ့မူသဖြင့်၊ ဝေရာနိ- ရန်တို့သည်၊ကုဒါစနံ- တရံတဆစ်မျှ၊ နဟိသမ္မန္တိ-ထင်းဆွေး၍ကျသော မီးကဲ့သို့တငွေ့ငွေ့ ပွါးသဖြင့် မငြိမ်းနိုင်ကုန်၊အဝေရေနစ-ရန်ကိုသည်းခံခြင်းနှင့်တကွ ရန်တုံ့မမူသဖြင့်လည်း၊ဝေရာနိ-ရန်တို့သည်၊သမ္မန္တိ-ရေစင်ဆွတ်ဖြန်းသကဲ့သို့ ငြိမ်းချမ်းသာယာကုန်၏၊ ဧသ-ဧသော-ဤသို့ရန်စကို သည်းခံခြင်းနှင့်တကွ၊ ရန်တုံ့မမူသဖြင့် ရေဆွတ်ဖြန်းသကဲ့သို့ ငြိမ်းချမ်းသာယာခြင်းသည်၊ သနန္တနော- ရှေးဘုရားအလောင်း သူတော်ကောင်းသူဟောင်းတို့ဓလေ့ဖြစ်သော၊ဓမ္မော-သဘောပင်တည်း။

ခန္တီအကျိုးတန်းခိုးပြဂါထာ

(၁) ခန္တီစိန်သွား-ရွှေဓါးကိုကိုင်၊
မေတ္တာချစ်အား-စစ်သားမြိုင်မြိုင်၊
ရန်သူတွေ့က -ရှေ့ကရင်ဆိုင်၊
အောင်ရမြဲ -မလွဲကိုယ်ကနိုင်။

[ဓမ္မပဒ-ယမကဝဂ်]

(၂) သည်းခံတော်အား–မြင့်မားလှလှ၊
ဝါးလုံ့လက်နက်–တချက်မကျ၊
လှုပ်ရှားလေဘဲ –အောင်ပွဲကိုယူ၊
အောင်လမ်းဖွင့်–အသင့်အောင်တော်မူ။

[ဥာဏစာရီမဟာထေရ်]

သည်းခံခြင်း၏အကျိုး

အက္ကောသံ ဝဓဗန္ဓဉ္စ၊
အဒုဋ္ဌော ယော တိတိက္ခတိ။
ခန္တိဗလံ ဗလာနိကံ၊
တမဟံ ဗြူမိ ဗြာဟ္မဏံ။ ။

တိက္ခဝေ-ရဟန်းတို့၊ ယောပုဂ္ဂလော- အကြင်ပုဂ္ဂိုလ်သည်၊ အက္ကောသံ- ဆဲရေးသောသူကိုရင်း၊ ဝဓဗန္ဓဉ္စ-သတ်ပုတ်သောသူ နှောင်ဖွဲ့သောသူကိုရင်း၊ အဒုဋ္ဌော-အမျက်မထွက်သည်ဖြစ်၍၊ တိတိက္ခတိ-သည်းခံ၏၊ခန္တိဗလံ-ခန္တီအားနှင့်ပြည့်စုံထသော၊ ဗလာနိကံ-ခန္တီအာ ဟူသော အဘန်တလဲလဲ ဖြစ်သော စစ်သည်အပေါင်းရှိထသော၊ တံပုဂ္ဂလံ–ထိုပုဂ္ဂိုလ်ကို၊ အဟံ-ငါဘုရားသည်၊ ဗြာဟ္မဏံ-မကောင်းမှုကို အပပြုပြီ သောသူဟူ၍၊ ဗြူမိ-ဟော တော်မူ၏။

[သံယုတ်ပါဠိတော်]

သည်းခံခြင်းအကျိုး ၅-ဖြာ

(၁) လူအများချစ်ခင်ခြင်း။ (၃) အပြစ်နည်းခြင်း။
(၂) ရန်ငြိမ်းခြင်း။ (၄) မတွေမဝေသေရခြင်း။
(၅) သုဂတိသို့လားရခြင်း။

သည်းခံခြင်းအကျိုး ၅-ဖြာ

(၁) သည်းခံခြင်း သူတော်ကောင်းတို့၏ လက္ခဏာနှင့်ပြည့်စုံပေ၏ဟု တပါးသော ပညာရှိတို့၏ ချီးမွမ်းခြင်း အကျိုးကိုရသည်လည်းတပါး၊
(၂) လူခပ်သိမ်းတို့ချစ်သည်လည်းတပါး၊
(၃) နတ်တို့ချစ်သည်လည်းတပါး၊
(၄) မတွေမဝေသေရသည်လည်းတပါး၊
(၅) သေလျှင် သုဂတိဘဝသို့ လားရသည်လည်းတပါး။-ဤသို့ ငါးပါးရှိ၏။

[ပရိတ်ကြီးနိသျ-၄၂]

သည်းမခံခြင်း၏အပြစ် ၅-ပါး

(၁) သည်းခံခြင်း သူတော်ကောင်းတို့၏ လက္ခဏာမရှိဟု တပါးသောပညာရှိတို့၏ ကဲ့ရဲ့ခြင်း အပြစ်တင်ခြင်းကိုခံရသည်လည်းတပါး၊
(၂) နတ်တို့မုန်းသည်လည်းတပါး၊
(၃) တွေဝေလျက်သေရသည်လည်းတပါး၊
(၄) လူတို့မုန်းသည်လည်းတပါး၊
(၅) သေလျှင် အပါယ်လားရသည်လည်းတပါး။-ဤသို့ငါးပါးရှိ၏။

[ပရိတ်ကြီးနိသျ-၄၂]

ရန်ငြိမ်မည်

ရန်မထောင်မှ -ရန်အောင်မည်၊
ရန်ထောင်လျှင်-ရန်လှောင်မိတတ်သည်၊
ရန်မလိုမှ -ရန်ငြိမ်မည်၊
ရန်လိုက -ရန်ပိုလှတတ်သည်၊

ဒေါသဟူသည်-မြွေဆိပ်တောက်၊
ပညာဟူသည်-ဆေးဖြင့်လှောက်၊

[ရွှေကျင်ဆရာတော်ဘုရား]

သည်းခံလေ့

နှစ်သိန်းလေးသောင်း၊ အထုပေါင်း၍၊ တည်ရှောင်းဤမြေ၊ ညစ်ကြေးပွေလျက်၊ ခွေးသေဘင်ပုပ်၊ သူကောင်ယုတ်နှင့်၊ စက်ဆုပ်ဘွယ်ရာ၊ စွန့်ပစ်လာလည်း၊ ခမာ တရှိ၊ သည်းခံချိ၏၊ ထိုပြို့တဘောင်၊ ရန့်သောင်မူ၊ အကျော်စမ္ပါ၊ နံ့သာကရမက်၊ မွှေးမျိုးပက်လည်း၊ နှစ်သက်မရှိ၊ ပကတိဖြင့်၊ ခံချိသည်းညည်း၊ ခံသည်တည်းရှင့်၊ ဤနည်းတူစွာ၊ လူတို့မှာလည်း၊ ကောင်းစွာသတိ၊ အမြဲရှိလေ့၊ ကိုယ်ထိလက်ရောက်၊ ခဲအုတ်ကျောက်ဖြင့်၊ ပစ်ဖောက်တုတ်ဓါး၊ ကိုင်ဆောင်ငြားလျက်၊ သေဘ်ကားရှေးရှု၊ သူရန်ရှုလည်း၊ သူပြုသူကံ၊ သူသာခံဟု၊ မြဲမြဲကျင့်ဝတ်၊ သည်းခံသတ်လေ့။ ။အတတ်လိမ္မာ၊ မိုက်မဲစွာသည်၊ ပညာမဲ့တွန်၊ လူမိုက်ကျွန်ကား၊ အလွန်အမှား၊ မစဉ်းစားဘဲ၊ တုတ်ဓါးနှင့်ပင်၊ မဆိုချင်ဦး၊ နှုတ်ကျူးယှဉ်ပြိုင်၊ မခံနိုင်၍၊ မိတိုင်ဘလဲ၊ ဆဲရေးရုံမျှ၊ အကြောဓဖြင့်၊ ဒေါသအမျက်၊ ဟူးဟူးထွက်၍၊ ရိုက်နှက်ပုတ်ခတ်၊ သေတတ်လက်နက်၊ ကျူးလွန်ချက်ဖြင့်၊ အသက်သေမှု၊ သတ်သောသူကို၊ နည်းတူမပျက်၊ စီရင်ချက်ဖြင့်၊ ကွပ်မျက်ဆုံးရှုံး၊ စည်းစိမ်တုံး၍၊ သက်လုံးထောင်ဒဏ်၊ ခံရပြန်လည်း၊ ပူပန်သောက၊ ကြီးကျန်ကြရှင့်၊ မိဘဆွေမျိုး၊ စိတ်နေညှိုးလျက်၊ အားကိုးမဲ့သား၊ သားမယားမှု၊ ကြီးမားကြောင့်ကြ၊ လောင်မီးကျသို့၊ ဒုက္ခမတုံး၊ ဘဝရှုံး၏၊ ပျက်ဆုံးခန္ဓာ၊ ရှုတိခါလည်း၊ ပါယ်ရွာ ငရဲ၊ လွန်ဆင်းရဲသည်။ ။အမြဲခန္တီ-လက်သုံးတည်း။

[မင်္ဂလာမျို-၉၂]

မင်္ဂလာမည်ပုံ

သည်းခံခြင်း အလေ့ဟူသော ခန္တီဝါဒဓတည်သော အဒေါသစေတသိက်၏ အစွမ်းသည် လူနတ်နိဗ္ဗာန် သုံးတန်သော ချမ်းသာ

ကို ရွက်ဆောင် ပေတတ်သော သင်္ဂမောဂ္ဂ အကြောင်းဖြစ်၍ ထိုခန္တီနှင့် ပြည့်စုံသောသူသည် ပဥ္စုပ္ပန် သံသရာ အကျိုးနှစ်ပါး ကြီးပွါးများပြားသည်၏ အဖြစ်ကြောင့် မင်္ဂလာမည်၏။

ခန္တီမင်္ဂလာသံပေါက်များ

က (၁) သည်းခံတုံငြား၊ မြတ်တရား၊ ဟောကြား မင်္ဂလာ၊
(၂) ခန္တီဝါဒီ၊ မြတ်ဗုဒ္ဓသိ၊ အညီပုံပြုရာ၊
(၃) မြေကြီးအတူ၊ သည်းခံမှု၊ စံယူနိဗ္ဗုတာ၊
(၄) နိဗ္ဗုတာနန်း၊ ရောက်လိုမှန်း၊ မကြမ်း သည်းခံရာ။

[မင်္ဂလတ္ထပုဏ္ဏောဝိသဇ္ဇနာ-၃၆]

ခ (၁) သည်းခံခြင်းကို၊ ခန္တီဆို၊ ထို၏အနက်ရင်း၊
(၂) ရိုက်ပုတ်ညှဉ်းဆဲ၊ တင်းတင်းဆဲ၊ အမြဲသည်းခံခြင်း၊
(၃) မပေါက်မပြန်၊ မေတ္တာသန်၊ ခန္တီဖြစ်နိုင်ခြင်း၊
(၄) ခန္တီဝါဒီ၊ ပမာညီ၊ နည်းမှီနှလုံးသွင်း၊
(၅) ညှဉ်းဆဲပေါ်ငြင်းပင်၊ အကောင်းဆင်၊ ကောင်းအင်လွန်မင်းမင်း၊
(၆) ပုဏ္ဏထေရ၊ သွေမကွာ၊ ပမာနှလုံးသွင်း၊
(၇) ဤသို့ခန္တီ၊ အမှုညီ၊ တန္တီ ကျော်သသင်း၊
(၈) လူနတ်သိကြား၊ မြတ်ဘုရား၊ များစွာချီးမွမ်းခြင်း၊
(၉) ချီးမွမ်းခံရ၊ စံမပျ၊ လျှံကြွဂုဏ်လင်းလင်း၊
(၁၀) သုရာသိကြား၊ ပြိုင်စကား၊ နိုင်ငြားဆုန္ဒာခင်း၊
(၁၁) သိကြားခန္တီ၊ မှန်ပေပြီ၊ ညီညီသြဘာသွင်း၊
(၁၂) မင်းအသုရာ၊ ရှုံးသည်မှာ၊ ဒေါသာ ပေးလိုခြင်း၊
(၁၃) သို့ရာတွင်မူ၊ သည်းခံသူ၊ လူညံ့ဆိုတတ်လျှင်း၊
(၁၄) ခုခေတ်ခါတွင်၊သည်းခံလျှင်၊ လူရှင်အညံ့သွင်း၊
(၁၅) ခန္တီမင်္ဂလာ၊ ထင်ဆင်ပြ၊ ခင်လှမြစင်းလျှင်း။

[မင်္ဂလတ္ထဒီပက-၃၂]

မင်္ဂလာပျို

မှတ်လေ့မှန်စွာ၊ တိတိကျွာဟု၊ ခမာတရေး၊ သည်းခံငြားကာ၊
ဘုရားမျိုးစေ့၊ သူတော်လေ့ကို၊ မမေ့စေလတ်၊ ခန္တီမြတ်၏၊ မှတ်
သားထို့ပြင်၊ ပုဂ္ဂိုလ်တွင်လည်း၊ အကြင့်ယောကျ်ား၊ မိုက်သော
အားဖြင့်၊တရားမဘာက်၊မငဲ့ကွက်ဘဲ၊ နှိပ်စက်ရန်သူ၊ညှဉ်းဆဲမှုဖြင့်၊
ကလူရက်ရက်၊ နိုင်ချင်ကြွက်သို့၊ ကိုယ်ထက်သာလွန်၊ အားမ
တန်က၊ မာန်ကိုချလော့၊ ကိုယ်မှယှဉ်မူ၊ အားအင်တူလည်း၊ နှုတ်
ကူလက်နိုင်၊ မခံနိုင်အောင်၊တုပြိုင်ရမည်၊စိုးရွံ့သည့်မှ၊ သည်းခံရ
၏၊ ကိုယ်မှတသီး၊ စစ်စီးနှိုင်းရှဲ့၊ ခွန်အားမဲ့သား၊ မိုက်သောအား
ဖြင့်၊ သည်းခံလင့်လော့၊တဖြင့်တထွေ၊နဝေနစည်း၊ရှုလုံးကြည်းမျှ၊
အထည်းညစ်လှ၊ အက္ကောသနှင့်၊ ဒသအက္ကောသ္တိ၊ ဆဲရေးဘိသား၊
လူမိုက်များတို့၊ သော်ကားကျူးလွန်၊ ဆိုတုံပြန်လည်း၊ပြန်လှန်မရှု၊
သူပြုသူသာ၊သူခံရာ၏၊ကိုယ်မှာအပြစ်၊ မမွန်းနစ်တည်း။ ။သရစ်
ဖူးစ၊ နှုပျိုလှသည်၊ ဂိမှကာလေ၊ချိန်ခါနွေဝယ်၊ မိုးရေကင်းကင်း၊
လွန်ပူပြင်းလျက်၊ မာန်တင်းခိုက်ဆည်း၊ မုန်တိုင်းသည်းလည်း၊
ဟည်းဟည်း အုတ်အော်၊ လာလတ်သော်မူ၊ ဖုံမြူတင်းကျမ်း၊ လွန်
ကြော့ကြမ်းလျက်၊ ပြည့်လျှံမ်းတက်ကြွ၊ ထောင်းထောင်း ထ
လည်း၊ မေဃပဇ္ဇုန်၊ တန်းခိုးဟုန်ဖြင့်၊ မြူမှုန်ရိုက်ကြူး၊ အမည်ဖုံး
လျက်၊မိုးလုံးပိတ်ကာ၊သည်းထန်စွာဖြင့်၊ရွာလတ်တုံမှ၊မြူဖုံမျှလည်း၊
မိန်မဟည်းဘဲ၊ ရမ်းပြည်းဆိတ်ညှံ့၊ ပျောက်ပျက်အံ့သို့၊ မှန်မချို
သည်၊လူတို့အပေါင်း၊စိတ်မကောင်းဖြင့်၊သံစောင်းမဲ့ရွှဲ့၊အပြစ်ဖွဲ့၍၊
ကဲ့ရဲ့နှုတ်ကြမ်း၊ ဒေါသလွှမ်း၍၊ ဘရမ်းဘတာ၊ ဆိုတုံလာလည်း၊
ခမာတပေါက်၊ မိုးရေရောက်က၊ လွင့်ပျောက် သည့်ချည်း၊ ဤ
သို့တည်းဟု၊ ယှဉ်နည်းမှတ်ပိုက်၊ ဝမ်းအင်ခြိုက်သည်။ ။ကိုယ်
၌ ခန္တီ—ကျင့်ထုံးတည်း။

[သံတော်ဆင့်မင်း—ဦးကျော်ဇေ]

ဤမင်္ဂလာနှင့် ပတ်သက်သော ဝတ္ထုများ

(၁) ခန္တီဝါဒီရှင်ရသေ့ဝတ္ထု

ရှေးသရောအခါ ဟိမဝန္တာတောမှ ခန္တီဝါဒီ ရသေ့သည် ချဉ်ဆားအလို့ငှါ ကလာဗုမင်း၏ ဥယျာဉ်၌နေလေ၏၊တနေ့သော် ရှင်ဘုရင်သည် ထိုဥယျာဉ်သို့ထွက်ပြီးလျှင်၊သုရာယစ်ကာ၊မောင်းမ မိဿံတို့နှင့် သိကုန်ကကုန်လျက် ပျော်ပါးကာ အိပ်ပျော်သွားလေ၏။

ထိုအခိုက်တွင် မောင်းမ မိဿံတို့သည် ခန္တီဝါဒီ ရသေ့ထံမှောက်သို့ သွားရောက်ကာ တရားနာ၍ နေကြကုန်၏၊ မင်းကြီးနိုးလတ်သော်၊ ၎င်းတို့အား မတွေ့ရကား ဒေါသအပြင်းအထန်ထွက်ကာ ရသေ့အားအချက်နှစ်ထောင်ရိုက်စေ၏၊ဒုတိယတဖန်လက်ကိုဖြတ်စေ၏၊ တတိယ၌ကား နားနှာခေါင်းတို့ကို ဖြတ်စေပြီး အဘယ်ဝါဒရှိသေး သနည်းဟုမေး၏၊ ရသေ့မြတ်က ခန္တီဝါဒရှိကြောင်း ပြန်ပြောင်း ပြောဆိုသည့်အခါ၊ ၎င်းကိုကျောက်ကန်ပြီး ထွက်သွားလေ၏။ ။အမျိုးမျိုး နှိပ်စက်ခံရသော ရသေ့သည်၊ အမျက်ထွက်ခြင်း အလျဉ်းမရှိဘဲ၊ "ငါ၏လက်ခြေ နားတို့ကို ဖြတ်သောမင်းသည် အသက်ရှည်ကြာ ချမ်းသာပါစေသတည်း"၊ ဟုဆို၏။

ကလာဗုမင်း ထွက်သွား၍ ရသေ့မြင်ကောင်းသော အရပ်ကို လွန်သောခဏ၌ မြေမျိုလေ၏၊ ရသေ့လည်း ထိုနေ့ပင် သေလွန်သည်နှင့် မှုးမတ်ပြည်သူပြည်သားတို့က ကောင်းမွန်စွာ သင်္ဂြိုဟ်လေသတည်း။

[စတုက္ကနိပါတ်-ဒုတိယဝဂ်]

(၂) သခ်ပါလနဂါးမင်းဝတ္ထု

လွန်လေပြီးသောအခါ ဓတရဋ္ဌနဂါးပြည်ကို အစိုးရသော နဂါးမင်းသည် လူ့ပြည်သို့လာ၍ တခုသော တောင်မို့ထိပ်၌ခွေလျက် ဥပုသ်သီတင်းစောင့်၍နေလေ၏၊ ထိုအခါ တကျိပ်ခြောက်ယောက်သော မုဆိုးတို့သည်လာ၍ "ထိုမြွေကြီးကို ငါတို့စားရ

လျှင် အလွန်ကောင်းအံ့” ဟု တံစို့ရှစ်ချောင်းချွန်၍ ထမ်းပိုး လုပ်ပြီးလျှင် ချီကြလေ၏။ ။ထိုအခါသင်္ခပါလ နဂါးမင်းသည် မျက်စိကိုဖွင့်၍ ကြည့်လိုက်သောအခါ ထိုသူတို့ အမူအရာကို မြင်လေသော် “ငါသည်ထိုသူတို့ကို မျက်စောင်းထိုးလိုက်သည် ရှိက ဖွဲပြာကျလေတော့မည်၊ ခန္တီပါရမီကို ငါဖြည့်၍ ငါလိုတိုင်း သောဆုနှင့်ပြည့်စုံတော့မည်၊ ဤသူတို့၌ ငါ၏အသက်ကို စွန့်တော့ မည်၊ ငါဤသူတို့ကို အန္တရာယ်မပြုပြီ” ဟုအဓိဋ္ဌာန်ပြု၍ မျက်စိ နှစ်ဘက်စုံမှိတ်ကာ နေလေ၏၊ မုဆိုးတကျိပ် ခြောက်ယောက်တို့ သည် တံစို့ရှစ်ချောင်းနှင့် ထုတ်ခြင်းပေါက် လျှိုပြီးမှထမ်း၍သွား သော် ခေါင်းလဲကျသဖြင့် နွယ်နှင့်နှာခေါင်းကို နှဖါးထိုး၍ ထမ်း ကာသွားသော်လည်း မတုန်မလှုပ် သည်းခံ၍ လိုက်ပါလေ၏။

[စတ္တာလီသနိပါတ်-သင်္ခပါလဇာတ်]

(၃) အရှင်ပုဏ္ဏမထေရ်ဝတ္ထု

အရှင်ပုဏ္ဏမထေရ်သည်သုနာပရန္တတိုင်းသို့ သွားလိုသည်ဖြစ် ၍ မြတ်စွာဘုရားထံ လျှောက်ထားရာ၊ “သုနာပရန္တတိုင်းသားတို့ သည် ငါဘုရား၏ တပည့်ရဟန်းတို့ကို မမြင်ဘူး၊ မတွေ့ဘူးသည် ဖြစ်၍ သင့်အား ညှဉ်းပန်းနှိပ်စက်ရာ၏၊”ဟု မြတ်စွာဘုရားကမိန့် တော်မူ၏၊ အရှင်ပုဏ္ဏသည် “သူတပါး၏ ဆဲရေး ရေရွတ်ခြင်း၊ လက်နှင့် ပုတ်ခတ်ခြင်း၊ အုတ်ခဲနှင့်ပုတ်ခတ်ခြင်း၊ တောင်ဝှေးနှင့် ပုတ်ခတ်ခြင်း၊ ဆောက်ပုတ်နှင့်ပုတ်ခတ်ခြင်း၊ လက်နက်နှင့် ပုတ်ခတ် ခြင်း၊ ဇီဝိတိန္ဒြေမှ ချခြင်းဟူကုန်သော ခုနစ်ပါးသော ဌာနဖြင့် ညှဉ်းပန်းကုန်လျှင်၊ အသီးသီးသော ဌာနတို့၌ ကျေးဇူးကို ရှုပါ မည်၊”ဟု လျှောက်ကြားလေလျှင် ဘုရားရှင်က ကောင်းချီးပေး၍ ခွင့်ပြုလိုက်လေ၏၊ အရှင်ပုဏ္ဏလည်း ဘုရားရှင်အားရှိခိုး၍၊ သုနာ ပရန္တသို့သွားကာမကုဠကျောင်း၌ ဝါကပ်တော်မူ၏၊ ထိုဝါတွင်း၌ ပင် ဝိဇ္ဇာသုံးပါးသို့ ရောက်၍ ပရိနိဗ္ဗာန် ပြုလေ၏။

[အဋ္ဌကထာပုဏ္ဏောဝါဒသုတ်]

(၄) လောမသ နာဂမထေရ်ဝတ္ထု၊
[သဗ္ဗာသဝသုတ်အဋ္ဌကထာ]

(၅) ပဓာနိယမထေရ်ဝတ္ထု၊
[သဗ္ဗာသဝသုတ်အဋ္ဌကထာ]

(၆) ပိဏ္ဍပါတိကမထေရ်ဝတ္ထု၊
[တိကအင်္ဂုတ္တိုရ် ပဉ္စမဝဂ် အဋ္ဌကထာ]

(၇) သည်းခံသောသိကြားမင်းဝတ္ထု၊
[သက္ကသံယုတ်]

(၈) ဝေဒေဟိကာဝတ္ထု။
[မူလပဏ္ဏာသ တတိယဝဂ် ကကစူပမသုတ်]

၂၈-သောဝစဿတာ

သူတော်အများ၊ ဆုံးမခြား၊မှတ်သားအလွယ်သာ။
[သူတော်ကောင်းတို့ဆုံးမစကားကို လိုက်နာလွယ်ရခြင်း။]

သောဝစဿတာဝိဂ္ဂြိုဟ်

က—သုခံ ဝစော အသ္မိန္တိ သုဝစော။

အသ္မိ°-ထိုပုဂ္ဂိုလ်၌၊သုခံ-ဆုံးမလွယ်သော၊ဝစော-စကားသည်၊ အတ္ထိ-ရှိ၏၊ ဣတိ-ထို့ကြောင့်၊သော-ထိုပုဂ္ဂိုလ်သည်၊ သုဝစော-သုဝစမည်၏။

[ပရိတ်ကြီးနိဿယ-၄၂]

ခ—ပဒက္ခိဏဂ္ဂါဟိတာယ သုဋ္ဌု ဝစော အသ္မိန္တိ သုဝစော။

အသ္မိ°-ထိုသူ၌၊ ပဒက္ခိဏဂ္ဂါဟိတာယ-ဆုံးမစကားကိုအပြား အားဖြင့် မြတ်နိုးတနာ ရိုသေစွာယူလေ့ရှိသည်၏ အဖြစ်ကြောင့်၊ သုဋ္ဌု-ကောင်းသော၊ ဝစော-စကားသည်၊ အတ္ထိ-ရှိ၏၊ ဣတိ-ထို့ကြောင့်၊ သုဝစော-သုဝစမည်၏။

[ပရိတ်ကြီးဂဏ္ဌိ-၂၁]

ဤမင်္ဂလာ၏အဓိပ္ပါယ်များ

(၁) သုဝစဿ ဘာဝေါ သောဝစဿံ၊
သုဝစဿ ဘာဝေါ သောဝစဿတာ။

သုဝစဿ-ကောင်းသော စကားရှိသောသူ၏၊ ဝါ-ဆုံးမလွယ်သောစကားရှိသောသူ၏၊ ဘာဝေါ-အဖြစ်တည်း၊ သောဝစဿံ-ကောင်းသောစကား ရှိသော သူ၏အဖြစ်၊ ဝါ-ဆုံ မလွယ်သော စကားရှိသောသူ၏အဖြစ်၊ သုဝစဿ-ဆုံးမလွယ်သော စကား ရှိသောသူ၏၊ဘာဝေါ-အဖြစ်တည်း၊သောဝစဿတာ-ဆုံးမလွယ် သော စကားရှိသောသူ၏အဖြစ်။

(၂) သောဝစဿတာတိ မာတာပိတုအာစရိယာဒယော သုဗ္ဗနာ သောဝစဿတာတိ အတ္တော။

သောဝစဿတာတိ- သောဝစဿတာဟူသည်ကား၊ မာတာပိတုအာစရိယာ ဒယော-အမိအဘ ဆရာအစရှိသော ပညာရှိ သူတော်ကောင်း အပေါင်းတို့သည်၊ သုဗ္ဗနာ- ဆိုဆုံးမသဖြင့်၊ ဝါ-ဆိုဆုံးမသည်ရှိသော်၊ သောဝစဿတာ-ဆိုဆုံးမလွယ်သော စကား ရှိသောသူ၏ အဖြစ်တည်း၊ ဣတိအယံ- ဤသည်လျှင်၊ အတ္တော-သောဝစဿတာဟူသောပုဒ်၏အနက်တည်း။

[မင်္ဂလာဂဏ္ဌိ-၁၁၃]

(၃) ယာသောဝစဿတာစ- အကြင်ဝစီ ဒုစ္စရိုက်အကုသိုလ် တရားလေးပါးတို့ကိုကြဉ်၍ တရားနှင့်စပ်သော စကားကိုနာလွယ် ရခြင်းသည်လည်းကောင်း၊

[မင်္ဂလာဋီကာ-၉]

(၄) သောဝစဿတာစ-သူတော်ကောင်းတို့ သွန်သင်ပြသ၊ ဆိုဆုံးမလျှင်၊ ဒေါသမလျှင်၊ကျေးဇူးတင်သဖြင့်၊ ဆုံးမချင်ဘွယ်၊ လွန်နာလွယ်သော သူ၏အဖြစ်သည်လည်းကောင်း။

[မင်္ဂလသုတ်မိတ်လင်္ခ-၁၅]

(၅) ယာသောဝစဿတာစ-အကြင်မုသာဝါဒ၊ပိသုဏာဝါစာ၊ ဖရုသဝါစာ၊ သမ္ဖပ္ပလာပ၊ ဝစီဒုစ္စရိုက်၊ အကုသိုလ်တရားလေးပါး တို့ကို ကြဉ်ရှောင်၍ တရားတော်နှင့် စပ်သော ကောင်းသောစ ကားကို နာလွယ်ရခြင်းသည်လည်းကောင်း။

[မင်္ဂလဏ္ဍဒီပနီ-၂၇]

(၆) သောဝစဿတာစ-ကောင်းပါစေချင်၊ပြသွန်သင်သား၊ မိခင်ဘဘွား၊ သမားဆရာ၊ ရတနာတည့်၊ သဟာ မိတ်ပေါင်း၊ သူတော်ကောင်းတို့၊ ကောင်းကြောင်းဆုံးမ၊ တစွန်းမျှကို၊ကောင်း လှပါပြီ၊ဝန်ခံချီ၍၊ မဗီမဖယ်၊နာလွယ်တဖာစ်၊သူ့အဖြစ်သည်ရင်း။

[မင်္ဂလာအလင်္ကာ-ဂ၃]

(၇) ယာသောဝစဿတာ-အကြွင်ပညာရှိတို့ ဆုံးမဆိုသည်ကို ရိုရိုသေသေ နာ:ထောင်ရခြင်းသည်လည်းကောင်း။

[ရွှေမင်းဝံ-၄က်တွင်းဆရာတော်]

(၈) ဘုရားပညတ်တော်မူအပ်သော သိက္ခာပုဒ်ဖြင့်ဆိုသည်ရှိသော် ပျံ့လွင့်ခြင်းသို့ရင်း၊ ဆိတ်ဆိတ်နေသောအဖြစ်သို့ရင်း၊ ဂုဏာဒေါသကိုကြံခြင်းသို့ရင်း မရောက်မူ၍ အလွန်လျှင်ရိုသေခြင်းကိုရင်း၊ အလေးပြုသည်၏အဖြစ်ကိုရင်း၊ ရှုတ်ချသော စိတ်ရှိသည်၏အဖြစ်ကိုရင်း ပြု၍ ရှေ့ရှု၍ နှိမ့်ချကောင်းပြီဟုဆိုခြင်းကို ပြုသည်၏ အဖြစ်သည် သောဝစဿတာမည်၏ဟူ၍ ဆို၏။

[အဋ္ဌကထာ]

(၉) ကောင်းသောတရားစကား ဖြင့် ဆုံးမသောပုဂ္ဂိုလ်သည်သုဝစမည်၏၊ ကောင်းသောစကားဖြင့် ဆုံးမအပ်သောစေတနာသည် သောဝစဿတာမည်၏၊ ထိုစေတနာရှိသောသူ၏ အဖြစ်သည် သောဝစဿတာမည်၏။

[မင်္ဂလာဒီပနီ-၁၇၅]

(၁၀) ဆုံးမစကားကို နာလွယ်သောသူ၏ အဖြစ်ဆိုသည်ကား ဘုရားအစရှိသော သူတော်ကောင်း အမိအဘ ဆရာအပေါင်းအဖော်တို့ ဆိုဆုံးမသည့်အခါ အမျက်မထွက် ပြန်လှန်၍လည်းမပြော၊ ဆိတ်ဆိတ်လည်းမနေဘဲ၊ ကောင်းပါပြီ၊ နာ:ထောင်ပါမည်ဟူ၍ အလွယ်တကူခံယူသူ၏အဖြစ်ကိုဆိုသတည်း၊ ဆုံးမလွယ်ရမည်ဟုဆိုလို၏။

[မင်္ဂလာအလင်း-၃၃]

(၁၁) ဆုံးမသောစကားကို နာလွယ်သူ၏ အဖြစ်ဟူသည် တခွန်းတည်းသောစကားဖြင့် အမျက်မထွက်မူ၍ ကောင်းပါ၏ဟုလိုက်နာလွယ်သောသူ၏ အဖြစ်ကိုဆိုလိုသည်။

[မင်္ဂလဏ္ဏပုဿာဝိသဇ္ဇနာကျမ်း-၃၇]

အဆုံးအမ တည်က အကျိုးပြည့်ဝ၏

အပိ အတရမာနာနံ၊ ဖလာသာ ဝ သမိဇ္ဈတိ။

အတရမာနာနံ—ပညာရှိတို့၏ အဆုံးအမ၌တည်၍ အဆောတလျင်မပြုမူ၍ အသင့်အားဖြင့် အမှုကိုပြုကုန်သောသူတို့အား၊ ဖလာသာဝ- တောင့်တအပ်သော အကျိုးသည်လျှင်၊ အပိသမိဇ္ဈတိ-ပြည့်စုံသည်သာတည်း။

[ကေနိပါတ်ဂါမဏိဇာတ်-အပဏ္ဏကဝဂ်]

ကိုးကွယ်ရာကိုပြုတတ်၏

ယမှိ ဘိက္ခဝေ ဘိက္ခု သုဝစော ဟောတိ၊
သောဝစဿ ကရဏေဟိ ဓမ္မေဟိ
သမန္နာဂတော ခမော ပဒက္ခိဏဂ္ဂါဟိ
အနုသာ သနိ၊အယမ္ပိဓမ္မော နာထကရဏော။

ဘိက္ခဝေ-ရဟန်းတို့၊ ယမှိ-အကြင် အကြောင်းကြောင့်လည်း၊ ဘိက္ခု-ရဟန်းသည်၊ သုဝစော-ကောင်းသော တရားဖြင့် ဆုံးမလွယ်သည်၊ဟောတိ-ဖြစ်၏၊ သောဝစဿ ကရဏေဟိ-ကောင်းသောတရားဖြင့် ဆုံးမလွယ်သော သူ၏စေတနာကို ပြုတတ်ကုန်သော၊ဓမ္မေဟိ-တရားတို့နှင့်၊ သမန္နာဂတော- ပြည့်စုံသည်၊ဟောတိ-ဖြစ်၏၊ ခမော-သည်းခံသည်၊ ဟောတိ-ဖြစ်၏၊ပဒက္ခိဏဂ္ဂါဟိ အနုသာသနိ-အရိုအသေပြု၍ ယူသောအဆုံးအမရှိသည်၊ ဟောတိ-ဖြစ်၏၊ အယမ္ပိဓမ္မော— ဤသို့ သဘောရှိသော သောဝစဿတာ တရားသည်လည်း၊ နာထကရဏော— ကိုးကွယ်ရာကိုပြုတတ်၏။

[ဒသအင်္ဂုတ္တိုရ်-ဒုတိယဝဂ်-သတ္တမသုတ်]

ဆုံးမလွယ်သူ

ဆုံးမလွယ်သောသူသည် ချမ်းသာကိုရ၏။

[ကေနိပါတ်-ဒုတိယဝဂ်-တိပလ္လတ္ထဇာတ်]

ဆုံးမခက်သူ

ဆုံးမခက်သောသူသည် ဆင်းရဲကိုခံရ၏။

[ကေနိပါတ် ပဋ္ဌမဝဂ် ဝေဠုကဇာတ်]

မင်္ဂလာမည်ပုံ

(၁) ဘုရားစသောသူတော်ကောင်းတို့၏ အဆုံးအမကိုနာယူလွယ်သော သုဝစ ပုဂ္ဂိုလ်သည် သာသနာတော်အရှည်စည်ပင်ခြင်း၊တည်ခြင်း၊ မကွယ်ခြင်း၊ မပျောက်ခြင်း၏အကြောင်းဖြစ်၍ ပဋ္ဌပြန် သံသရာအကျိုးနှစ်ပါး တိုးပွါးရာသည်၏ အဖြစ်ကြောင့် ထိုပုဂ္ဂိုလ်၌ တည်သော သောဝစဿတာဂုဏ်သည် မင်္ဂလာမည်၏။

[ပရိတ်ကြီးဂဏ္ဌိ-၅၉]

(၂) သောဝစဿတာသည် သီတင်းသုံးဘော်တို့၏ အထံမှ ဆုံးမခြင်း၊ မြစ်တားခြင်းကို ရခြင်း၏ အကြောင်းဖြစ်သောကြောင့်၎င်း၊အပြစ်ကိုပယ်ခြင်း၊ကျေးဇူးကိုရခြင်း၏ အကြောင်းဖြစ်သောကြောင့်၎င်း၊မင်္ဂလာမည်၏။

[မင်္ဂလာသာရဒီပနီ-၁၇၉]

(၃) သောဝစဿတာသည် တရားအထူးကို ရခြင်း၌ နည်းသည်၏အဖြစ်ကြောင့် မင်္ဂလာမည်၏။

[ညောင်ကန်ဆရာတော်]

သောဝစဿတာမင်္ဂလာသံပေါက်

က—(၁) ကောင်းရာစကား၊ညွှန်လေငြား၊မှတ်သားလွှန်လိုက်နာ။
(၂) ဆုံးမလွယ်ကူ၊ ထိုသူ၊ ကြည်ဖြူအပ်လှပါ။
(၃) တခွန်းတည်းမှု၊ သူထကြွ၊ကြားကနာလွယ်ရာ။

[မင်္ဂလတ္ထပုဏ္ဏဝိသဇ္ဇနာ-၃၇]

ခ– (၁) ဆုံးမစကား၊အပြားပြား၊ နားဝယ်နှလုံးသွင်း။
(၂) ရိုသေတွေးရှု၊ အလေးပြု၊ တခုဖယ်မယွင်း။
(၃) စိတ်ကိုနှိမ့်ချ၊ ဆိုဆုံးမ၊ကောင်းစွဝန်ခံခြင်း။
(၄) မေတ္တာသုတ်ဟော၊သုဝဏ္ဏ၊ သောဝစ်ထပ်တူသွင်း။

[မင်္ဂလတ္ထဒီပက-၃၇]

မင်္ဂလာပျို့

အန္တတမ၊ မိုက်မဲလှလျက်၊ မောဟာလွှမ်းဖုံး၊ အမိုက်ဆုံးဟု၊ ဆိုထုံးပြုသား၊ လူ့ငနွားလျှင်၊ တရားမဲ့စွာ၊ မလိမ္မာ၍၊ ဆရာမိဘာ၊ ရဟန်းစသည့်၊ မြတ်လှကုန်သား၊ သူတော်များတို့၊ တရားဓမ္မ၊ နည်းလမ်းပြလျက်၊ ဆုံးမပဲ့ပြင်၊ သွန်သင်ဟောပြော၊ သူ့သဘော ဝယ်၊ကျောက်ချောရေပက်၊ချောကျသက်သည့်၊သဲထက်ရေသွန်၊ ပမာညွှန်သို့၊ အလွန်ပေါ့ပျက်၊ ဆုံးမခက်မှင့်၊ ထို့ထက်ယုတ်သူ၊ တချို့လူကား၊ ရှေ့မှုနာဟန်၊ စဉ်းလဲညာထာဖြင့်၊ပြန်လှန်မရှိ၊ နာယူ ဘိယောင်၊ ပိညတ်ဆောင်လျက်၊ နောက်နောင်ကွယ်ရာ၊ ကျင့် ယုတ်မာကို၊ လိုရာအမှု၊ ပြုချင်သမျှ၊ပြုတတ်ကြ၏၊ထိုမှရှေ့နောက်၊ သဘောပေါက်၍၊ မဘောက်မပြန်၊ သူတော်မွန်ဟု၊ မှန်ကန် ရိုးစွာ၊ လူလိမ္မာကား၊ ဆရာမိဘာ၊ရဟန်းစသား၊သူတော်များတို့၊ ဟောကြားဆုံးမ၊ ဩဝါဒကို၊ကြည်ဆွသဒ္ဓါ၊ ရိုသေရာဖြင့်၊ ထိပ် မှာပန်ရွက်၊ မယ်နှုက်သို့၊ မပျက်မပြယ်၊ နာခံလွယ်သည်။ ။ လူဝယ်အခဲခက်ဆုံးတည်း။

[သံတော်ဆင့်မင်းဦးကျော်ခေ]

(၁) သံဝရမင်းသားဝတ္ထု

လွန်လေပြီးသောအခါ ဗာရဏသီပြည် ဗြဟ္မဒတ်မင်း၌ သား တရာရှိ၍ တယောက်လျှင် အမတ်တဦးကျ အပ်နှံ၍ ပညာသင် စေရာ အငယ်ဆုံး သံဝရမင်းသားမှာ ဘုရားအလောင်းအမတ် ထံ အပ်နှံခြင်းခံရ၏။

ပညာတတ်မြောက်သောသား ၉၉-ယောက်ကို ဓနပုဒ်များသို့ လွှတ်၍ သံဝရမှာကား ဘုရားအလောင်း အသုံးအမဖြင့် မြို့နေ ခွင့်ပန်ရာ နေခွင့်ရလေ၏။

ဘုရားလောင်း အသုံးအမကို လိုက်နာသဖြင့် အရာရှိအရာခံ တို့အား ဥယျာဉ်မှထွက်သော အသီးအနှံတို့ဖြင့်ထောက်ပံ့၏။ ။ မြို့တွင်းရှိလူများကို ထမင်းကျွေးခြင်း၊ဆင်၊မြင်း၊ကျွန်၊ မိုလ်ပါတို့ကို မှု ဝတ်နှင့် မယုတ်စေမူ၍ ပေး၏၊သံတမန်တို့၏ နေရာကိုငင်း၊ကုန် သည်တို့၏ အခွန်ကိုငင်း၊ မိမိသာပြု၏။

ဤသို့လျှင်ဘုရားလောင်း အသုံးအမ၌ တည်သဖြင့် အလုံးစုံ သော ပြည်သူပြည်သားနှင့်တကွ တပါးရပ်သားများပါ သံဝရ ကိုချစ်ခင်ကြည်ညို၏။

မင်းကြီးနတ်ရွာစံသော် အမတ်တို့နှစ်သက်ရာ နန်းတင်လေဟု မှာခဲ့သဖြင့် သံဝရမင်းသားအား နန်းတင်ကြလေ၏၊ သံဝရသည် အငယ်ဆုံးဖြစ်သော်လည်း ပညာရှိအသုံးအမ၌ တည်၍နန်းရ၏။

[ကောဒသနိပါတ်-သံဝရဇာတ်]

(၂) ရာဓမထေရ်ဝတ္ထု

ရာဓမထေရ်သည် ရှင်သာရိပုတ္တရာထံ ရဟန်းပြု၍ ၎င်းနှင့်အ တူ ရွာငယ်ကျောင်းတွင်နေထိုင်ရာ ရာဓမထေရ်ကို "ဤအမှုကို သင်ပြုအပ်၏၊ ဤအမှုကိုသင်မပြုအပ်"ဟုဆုံးမ၏။

ရာဓမထေရ်သည် ဆုံးမလွယ်၍ ဆုံးမတိုင်းကျင့်သဖြင့် နှစ် ရက်သုံးရက်အတွင်း၌ အရဟတ္တဖိုလ်သို့ရောက်၏။

ဤမထေရ်ကိုအကြောင်းပြု၍ ရှင်တော်ဘုရားက- "အသုံးအ မကိုပေးသောသူအား ရွှေအိုးရှိရာညွှန်လာသူကဲ့သို့ မှတ်အပ်၏၊ ဆင်းရဲသောသူသည် ဤရွှေအိုးကိုယူလော့ဟု ခြိမ်းခြောက်၍ငင်း၊ ပုတ်ခတ်၍ငင်း၊ရွှေအိုးကို ပြသည်ရှိသော် အမျက် ထွက်ခြင်းမပြု၊

ဝမ်းမြောက်ခြင်းသာရှိသကဲ့သို့၊ ထို့အတူပင် မလျောက်ပတ်သည့်ကိုရင်း၊ချွတ်ယွင်းသည့်ကိုရင်း၊ မြင်၍ကြားပေသောပုဂ္ဂိုလ်၌ အမျက်ထွက်ခြင်းကိုမပြုအပ်၊ နှစ်သက်သည့်သာလျှင်ဖြစ်ရာ၏ ဟု ဆုံးမတော်မူ၏။

[ဓမ္မပဒ ပဏ္ဍိတဝဂ်]

၂၉—သမဏာဝနဒွဒသဿနံ

သီလရှိပြား၊ ရဟန်းများ၊ ဝတ်တွားဖူးမျှော်ပါ။
[ရဟန်းသူမြတ်တို့ကိုဖူးမျှော်ရခြင်း။]

သမဏ—ဝိဂြိုဟ်

(က) ကိလေသေ သမေတိ တိ သမဏော။

ယောပုဂ္ဂလော-အကြင်ပုဂ္ဂိုလ်သည်၊ ကိလေသေ-ကိလေသာတို့ကို၊သမေတိ-ငြိမ်းစေတတ်၏၊ဣတိတသ္မာ-ထိုသို့ငြိမ်းစေတတ်သောသတ္တိကြောင့်၊ သောပုဂ္ဂလော-ထိုပုဂ္ဂိုလ်သည်၊ သမဏော-သမဏ မည်၏။

[မင်္ဂလသုတ္တဝိဂ္ဂဟဒီပနီ-၅၀]

(ခ) ကိလေသေ သမေန္တိ တိ သမဏာ။

ကိလေသေ-ကိလေသာတို့ကို၊ သမေန္တိ-ငြိမ်းစေတတ်ကုန်၏၊ ဣတိတသ္မာ-ထို့ကြောင့်၊ သမဏာ-သမဏ မည်ကုန်၏။

[ပရိတ်ကြီးနိဿယ-၁၂၇]

(ဂ) သမေတိသုစ္ဆတိ တိ သမဏော။

ယောပုဂ္ဂလော-အကြင်ပုဂ္ဂိုလ်သည်၊အတ္တနိသီလသမာဓိကေ-ဓိမိတို့သည် တည်ဆောက်အပ်သောသီလ သမာဓိတို့ကို၊သမေတိသုစ္ဆတိ-ဖြူစင်စေတတ်၏၊ဣတိ-ထို့ကြောင့်၊သောပုဂ္ဂလော-ထိုပုဂ္ဂိုလ်သည်၊ သမဏော-သမဏ မည်၏။

[မင်္ဂလာဂဏ္ဌိ-၁၁၅]

(ဃ) တဒင်္ဂပဟာနဝိက္ခမ္ဘနပဟာန သမုစ္ဆေဒပဟာနဝသေန ကိလေသေ သမေန္တိ တိ သမဏာ။

ယေဘိက္ခူ-အကြင်သီလဝန္တ ရဟန်းတို့သည်၊ တဒင်္ဂပဟာနဝိက္ခမ္ဘနပဟာနသမုစ္ဆေဒပဟာနဝသေန-တဒင်္ဂပဟာန်၊ဝိက္ခမ္ဘနပဟာန်၊သမုစ္ဆေဒပဟာန်တို့၏ အစွမ်းအားဖြင့်၊ ကိလေသေ-

တထောင့်ငါးရာ ကိလေသာတို့ကို၊ သမေန္တိ-ငြိမ်းချမ်းစေတတ်ကုန်၏၊ ဇာတိတသ္မာ-ထိုသို့တထောင့်ငါးရာကိလေသာတို့ကို ငြိမ်းစေတတ်သောသတ္တိကြောင့်၊ တေဘိက္ခူ-ထိုသီလဝန္တရဟန်းတို့သည်၊ သမဏာ-သမဏာ မည်ကုန်၏။

[ပရိတ်ကြီးနိဿယ-၄၂]

ဤမင်္ဂလာ၏အဓိပ္ပါယ်များ

(၁) သမဏာနဥ္စဒဿနန္တိ ဘိက္ခူပြာဟ္မဏာနံ
သန္တပသန္တေန ဒဿနံ တိအတ္ထော။

သမဏာနဥ္စဒဿနန္တိ- သမဏာနဥ္စဒဿနံ ဟူသည်ကား၊ ဘိက္ခုပြာဟ္မဏာနံ-သီလရှိသောရဟန်း ပုဏ္ဏားတို့အား၊ သန္တပသန္နေန-ကြည်ညိုသောစေတနာဖြင့်၊ဒဿနံ-ဖူးမြင်ရခြင်းတည်း၊ ဇာတိအယံ-ဤသည်လျှင်၊ အတ္ထော-သမဏာနဥ္စဒဿနံ ဟူသော ပုဒ်၏ အနက်တည်း၊ ဝါ-သီလရှိသော ရဟန်း ပုဏ္ဏားတို့အား ကြည်ညိုသော စေတနာဖြင့် ဖူးမြင်ရခြင်းတည်းဟူသော ပုဒ်၏ အနက်တည်း။

[မင်္ဂလာဂဏ္ဌိ-၁၁၅]

(၂) သမဏာနံ-ရှင်သာရိပုတ္တရာ အစရှိသော ရဟန်းပုဏ္ဏားတို့အား၊ဝါ-တနည်းကား၊ကာယာနုပဿနာ သတိပဋ္ဌာန်၊ ဝေဒနာနုပဿနာသတိပဋ္ဌာန်၊ စိတ္တာနုပဿနာသတိပဋ္ဌာန်၊ဓမ္မာနုပဿနာ သတိပဋ္ဌာန်၊သတိပဋ္ဌာန်လေးပါး၊ဥပ္ပန္နာနံ- ဖြစ်ကုန်ပြီးသော၊ ပါပကာနံ-အကုသိုလ်တရားတို့ကို၊ပဟာနာယ- ပယ်ခြင်းငှါ၊ ဝါယာမော-လုံ့လပြုခြင်းသည်လည်းကောင်း၊အနုပ္ပန္နာနံ-မဖြစ်ကုန်သေးသော၊ ပါပကာနံ-အကုသိုလ်တရားတို့ကို၊ အနုပ္ပါဒါယ-မဖြစ်စေခြင်းငှါ၊ဝါယာမော-လုံ့လပြုခြင်းသည်လည်းကောင်း၊အနုပ္ပန္နာနံ-မဖြစ်ကုန်သေးသော၊ကုသလာနံ-ကုသိုလ်တရားတို့ကို၊ဥပ္ပါဒါယ-ဖြစ်စေခြင်းငှါ၊ ဝါယာမော- လုံ့လပြုခြင်းသည်လည်းကောင်း၊ ဥပ္ပန္နာနံ- ဖြစ်ကုန်ပြီးသော၊ ကုသလာနံ- ကုသိုလ်တရားတို့ကို၊

ဘိယျောဘာဝါယ-အလွန်ပွါးများစေခြင်းငှါ၊ ဝါယာမော-လုံ့လ ပြုခြင်း သည်လည်းကောင်း၊ ဤသို့လျှင် သမ္မပ္ပဓာန် လေးပါး၊ ဆန္ဒိဒ္ဓိပါဒ်၊ ဝီရိယိဒ္ဓိပါဒ်၊ စိတ္တိဒ္ဓိပါဒ်၊ ဝီမံသိဒ္ဓိပါဒ်၊ ဣဒ္ဓိပါဒ်လေးပါး၊ သဒ္ဓိန္ဒြေ၊ ဝီရိယိန္ဒြေ၊ သတိန္ဒြေ၊ သမာဓိန္ဒြေ၊ ပညိန္ဒြေ၊ ဣန္ဒြေငါးပါး၊ သဒ္ဓါဗိုလ်၊ ဝီရိယဗိုလ်၊ သတိဗိုလ်၊ သမာဓိဗိုလ်၊ ပညာဗိုလ်၊ ဗိုလ် ငါးပါး၊ သတိသမ္ဗောဇ္ဈင်၊ ဓမ္မဝိစယသမ္ဗောဇ္ဈင်၊ ဝီရိယသမ္ဗောဇ္ဈင်၊ ပီတိသမ္ဗောဇ္ဈင်၊ ပဿဒ္ဓိသမ္ဗောဇ္ဈင်၊ သမာဓိသမ္ဗောဇ္ဈင်၊ ဥပေက္ခာ သမ္ဗောဇ္ဈင်၊ ဗောဇ္ဈင်ခုနစ်ပါး၊ သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာ သမာဓိ၊ မဂ္ဂင်ရှစ်ပါး၊ ဤသုံးဆဲ့ခုနစ်ပါးသော ဗောဓိပက္ခိယတရား တို့နှင့်လျော်ညီစွာ၊ အကျင့်ရှိသောရဟန်းတို့အား၊ ယံဒဿနဉ္စ- အကြင်ဖူးမြင်ရခြင်းသည်လည်းကောင်း။

[မင်္ဂလသုတ်ဋီကာ-၇၁]

(၃) သမဏာနံ-ရဟန်းသူမြတ်တို့အား၊ ဒဿနဉ္စ-ဉာဏသမ္ပယုတ်ဥက္ကဋ္ဌစေတနာဖြင့် ကြည်ညိုစွာဖူးမြင်ရခြင်းသည်ဝင်း။

[မင်္ဂလသုတ်နိသျ-၁၉]

(၄) သမဏာနံ-အကျင့်သိက္ခာ၊ သူတော်စွာတို့၊ ကောင်းစွာ ကျင့်ကြံ၊ နည်းလမ်းမှန်ကို၊ ဖေါက်ပြန်မရှိ၊ အရိယဝံသာ၊ လေးဖြာ ဓမ္မ၊ ကျင့်ကုန်ကြလျက်၊ မပြတ်ဖူးမြင်ရခြင်းသည်လည်းကောင်း။

[မင်္ဂလသုတ်မိတ်လင်စုံ-၁၅]

(၅) သမဏာ-ကိလေသာမီး၊ ငြိမ်းပြီးခန်းစွာ၊ ရဟန္တာနှင့်၊ သမ ဏာနွယ်ဝင်၊ ပြုစင်သီလ၊ အညီမှုလျက်၊ သမထဝိပဿ်၊ ဒွိနှစ်ရပ် လည်း၊ ရှိလတ်တခန်း၊ မြတ်ရဟန်းတို့အား၊ ဒဿနဉ္စ-ဆည်းကပ် ပေးလှူ၊ အရေးယူလျက်၊ ဆူဆူဂုဏ်အင်၊ စုံအလင်ကို၊ ကုန်စင် အောက်မေ့၊ တနေ့နေ့ဖြင့်၊ အလေ့များစွာ၊ တရားနာလျက်၊ သဒ္ဓါ မြူးရွှင်၊ အထူးဆင်၍၊ ဖူးမြင်မြတ်နိုးခြင်းသည်ဝင်း။

[မင်္ဂလတ္ထဒီပကာ-၃၃]

(၆) သမဏာနံ-သီလပြည့်စွာ၊ ကိလေသာခပ်သိမ်း၊ ရန်မှ ဒိမ်းတို့၊ ငြိမ်းပြီးငြိမ်းလတ္တံ့သော ရဟန်းတို့ကို၊ ဒဿနဉ္စ-ချဉ်းကပ်လုပ်ကျွေး၊ ဆွေးနွေးကြားနာ၊ ပြုခြင်းဌါလျှင်၊ ကြည်စွာညွှတ်ဦး၊ ဖူးမြင်ခြင်းသည်ရင်း။

[မင်္ဂလာအလင်း၈၃]

(၇) သမဏာနံ-ကိလေသာ ငြိမ်းအောင်ကျင့်သော သမဏဆိုထိုက်သော သူတော်ကောင်း အစစ်တို့အား၊ ယံဒဿနဉ္စ-အကြွင်ဥပါသကကျင့်ဝတ်ငါးပါးဖြင့် ဘိတ်ကြားကာ၊ဖူးမြင်လိုက်ရခြင်းသည်လည်းကောင်း။

[ရွှေမင်းဝံ့ငှက်တွင်းဆရာတော်]

(၈) ရဟန်းတို့ကိုဖူးမြင်ခြင်းဟူရာ၌ ဖူးမြင်ခြင်းဟူသည်ကား ရဟန်းတို့ထံသွား၍ ကြည်ညိုသောစိတ်ဖြင့် ကြည့်ရှုခြင်းကိုဆိုသည်၊ ဖူးမြင်ခြင်းအကြောင်းပြု၍ ချဉ်းကပ်ခြင်း၊ လက်အုပ်ချီခြင်း၊ ရှိခိုးခြင်း၊ တရားစကားနာခြင်း၊အောက်မေ့ခြင်း၊ လုပ်ကျွေးခြင်း စသည်တို့သည် ဖြစ်ပွါးကုန်သောကြောင့် ဖူးမြင်ခြင်းဆိုရာ၌ ဤတရားစုလည်း ပါဝင်လေတော့သည်သာတည်း။

[မင်္ဂလာအလင်း-၃၃]

(၉) ငြိမ်းပြီးသော ကိလေသာ ရှိကုန်သော ပွါးစေအပ်ပြီးသော ကာယ၊သီလ၊စိတ္တ၊ ပညာရှိကုန်သောမြတ်သောကျေးဇူးနှင့်ပြည့်စုံကုန်သော ရဟန်းတို့အား ဆည်းကပ်ခြင်း၊ လုပ်ကျွေးခြင်း၊ အောက်မေ့ခြင်း၊ နားထောင်ခြင်း၊ ဖူးမြင်ခြင်းတို့သည် သမဏဒဿနမည်၏။

[ညောင်ကန်မင်္ဂလတ္ထဒီပနီ-၆၆၈]

(၁၀) ငြိမ်းပြီးသော ကိလေသာရှိကုန်သော ရဟန်းသံဃာတော်မြတ်တို့ကို ဖူးမြင်ရခြင်းသည် သမဏဒဿနမည်၏။

ပဏ္ဍားဟူ၍ အနက်ပေးခြင်းကား ဋီကာ၌မဘွင့်၊ သို့မဘွင့်သော်လည်း ရှေးရှေးကျမ်းတတ် ပုဂ္ဂိုလ်ကြီးတို့၏ အာဘော်၌ ဗြာဟ္မဏဟူသည် ဇာတိဗြာဟ္မဏ၊ ဝိသုဒ္ဓိဗြာဟ္မဏဟူ၍ နှစ်ပါးအ

ပြား၍၊ ထိုနှစ်ပါးတို့တွင် ဝါဟိတော အာဏောယေနာတိ ဗြာဟ္မ
ဏောဟု ပြုပြီးလျှင် မျှောအပ်ပြီးသော မကောင်းမှုရှိသော ဒိဏာ
သဝဖြစ်သောဝိသုဒ္ဓိ ဗြာဟ္မဏကိုယူ၊ တနည်းလည်း၊ အရိယ
ဗြာဟ္မဏဝံသ၊ ပုထုဇ္ဇန ဗြာဟ္မဏဝံသနှစ်ပါးတို့တွင် ပုထုဇ္ဇန
ဗြာဟ္မဏဝံသကို မယူမူ၍ အရိယဗြာဟ္မဏဝံသကို သာယူသည်
ဟုမှတ်ရမည်။

[မင်္ဂလတ္ထပုဏ္ဍာဝိသဇ္ဇနာ-၃၇]

သမထာသံပေါက်များ

(၁) ကိလေသာမီးတောက်၊ ညီးညီးပျောက်၊ ငြိမ်းမြောက်
သမထာစစ်၊

(၂) ဝိပဿသမထ၊ နှစ်ဌာန၊ ကျင့်ကြဘယ်မလစ်။

(၃) ဂန္ထဓုရ၊ ကျမ်းဂန်ပြ၊ သမထာအနွယ်ဖြစ်၊

(၄) သီလဝဏ္ဏ၊ ရည်ညွှန်ပြ၊ သမထာအနွယ်စစ်။

(၅) သမထာပါဌ်ထွက်၊ ရဟန်းနက်၊ အဆက်မျှော်ကြည့်လစ်။

(၆) ဆည်းကပ်လှူငြား၊ နာတရား၊ ဂုဏ်များအောက်မေ့လစ်။

(၇) အဆင်းဖူးမြင်၊ အထူးလျှင်၊ ဦးတင်ဖူးမျှော်လစ်။

(၈) ဒဿနပုဒ်၊ အကျန်ချုပ်၊ အဟုတ်ဘော်ပြလှစ်၊

[မင်္ဂလတ္ထဒီပက-၃၄]

ဖူးမြင်ခြင်း ၂-မျိုး

(၁) မျက်စေ့ဖြင့်မြင်ခြင်း။

(၂) ဉာဏ်ဖြင့်မြင်ခြင်း။
ဟူ၍နှစ်ပါးအပြား ရှိ၏။

[ဗောဇ္ဈင်္ဂသံယုတ်အဋ္ဌကထာ]

ဆည်းကပ်ခြင်း

ဆည်းကပ်ခြင်းဟူသည်ကား အလှူကိုလှူအံ့၊ ပြဿနာကို မေးအံ့၊ ပူဇော်သက္ကာရကိုပြုအံ့၊ တရားကိုနာအံ့၊ ဤသို့သဘောရှိသောစိတ်ဖြင့် ရဟန်းတို့သို့ဆည်းကပ်ခြင်း။

[မင်္ဂလာသာရဒီပနီ-၁၈၂]

မေးမြန်းခြင်း

မေးမြန်းခြင်းဟူသည်ကား ရဟန်းတို့၏ ကျေးဇူးကို သိသဖြင့် ဆည်းကပ်၍၊ အရှင်ဘုရား၊ ကုသိုလ်သည်ကား အဘယ်နည်း ဤသို့အစရှိသောနည်းဖြင့် ပြဿနာကိုမေးခြင်းတည်း။

[မင်္ဂလာသာရဒီပနီ—၁၈၂]

အနုတ္တရိယခြောက်ပါး

(၁) ဒဿနာနုတ္တရိယ။
(၂) သဝနာနုတ္တရိယ။
(၃) လာဘာနုတ္တရိယ။
(၄) သိက္ခာနုတ္တရိယ။
(၅) ပါရိစရိယာနုတ္တရိယ။
(၆) အနုဿတာနုတ္တရိယ။

ရဟန်းမြတ်တို့ကိုဖူးမျှော်ရခြင်း၏အကျိုး

(၁) သာဓု ဒဿနံ အရိယာနံ၊

အရိယာနံ-အရိယာသူတော်ကောင်းတို့ကို၊ ဝါ-သီလရှိသောရဟန်းပုဂ္ဂိုလ်တို့ကို၊ ဒဿနံ-ကြည်ညိုသောစိတ်ဖြင့် ဖူးမြင်ရခြင်းသည်၊ သာဓု-ကောင်း၏။

[ကစ္စည်းကျမ်း]

(၂) ထိုသို့သော သဘောရှိသော ရဟန်းကို ဖူးမြင်ခြင်း၊ ဆည်းကပ်ခြင်း၊အောက်မေ့ခြင်း၊မေးမြန်းခြင်း၊အတုရဟန်းပြုခြင်း သည်လည်း ကျေးဇူးများ၏ဟူ၍ ငါဘုရား ဟောတော်မူ၏၊ အဘယ်ကြောင့်နည်းဟူမူကား၊"ရဟန်းတို့-ထိုသို့သဘောရှိသော ရဟန်းတို့ကို မှီဝဲဆည်းကပ် မေးမြန်းသော ရဟန်းအား မပြည့် သော သီလ၊မပြည့်သောသမာဓိ၊ မပြည့်သောပညာ၊မပြည့်သော ပစ္စဝေက္ခဏာတို့သည်လည်း ပွါးခြင်းပြည့်ခြင်းသို့ရောက်၏၊ ထို့ ကြောင့် ဟောတော်မူသတည်း။

[ဇာတိဝုတ်၊စတုက္ကနိပါတ်၊ပဥ္စမဝဂ်၊သမ္ပန္နသီလသုတ်]

(၃) သာသနာတော်ပသောကာလတို့၌၎င်း၊ ဘုရားမဖြစ်သော သုညကမ္ဘာတို့၌၎င်း၊ သီလဝန္တဖြစ်သော ရဟန်းသံဃာ သူတော် ကောင်းတို့ကို စက္ခုန္ဒြေဖြင့် ဖူးမြင်ရသည်ကို မဆိုလင့်ဦး၊သာမ ဏေ ရဟန်း သံဃာ ဟူသော အသံမျှကိုလည်း၊ ကြားရခဲကုန် ၏၊ သီလဝန္တဖြစ်သော ရဟန်းသံဃာတို့ကို ကြည်ညိုသောစိတ် ဖြင့် မေတ္တာနှင့်ယှဉ်သောစက္ခုပိညာဏ်တို့ဖြင့် စိမ်းစိမ်းကြည့်ကာ မျှဖြင့် ထိုကောင်းမှု ကံကြောင့် များစွာသော ဘဝအထောင်တို့ ပတ်လုံး မျက်စေ့အနာကင်း၏၊ ကမ္ဘာတသိန်းတို့ပတ်လုံး လူမင်း နတ်မင်းတို့၏ စည်းစိမ်ချမ်းသာတို့ကိုရလေ၏။

[ပရိတ်ကြီးနိဿယ-၄၃]

(၄) ရဟန်းတို့ကို မြင်၍ အယုတ်သဖြင့်လည်း ကြည်ညို သောစိတ်ဖြင့်သာ ကြည့်အပ်ဖူးမြင်အပ်ကုန်၏၊ထိုအဋ္ဌကထာ၌ အ စီးအပွါးကို အလိုရှိသော အမျိုးသားသည် အိမ်တံခါးသို့ရောက် လာကုန်သော သီလရှိကုန်သော ရဟန်းတို့ကိုမြင်၍ လှူဖွယ်ဝတ္ထု သည်အကယ်၍ရှိသည် ဖြစ်အံ့၊အစွမ်းအလျောက် လှူဖွယ်ဝတ္ထု ဖြင့် ပူဇော်အပ်၏၊ လှူဖွယ်ဝတ္ထုသည် အကယ်၍မရှိသည်ဖြစ် အံ့၊ငါးပါးသောတည်ခြင်းကိုပြု၍ရှိခိုးဖူးမြင်အပ်ကုန်၏၊ထိုရှိခိုးခြင်း သည် မပြည့်စုံလတ်သော် လက်အုပ်ချီသဖြင့် ရှိခိုးဖူးမြင်အပ်ကုန်

၏၊ထိုရှိခိုးခြင်းသည်လည်းမပြည့်စုံလတ်သော်ကြည်ညိုသောစိတ် ဖြင့်ချစ်သည်၏အဖြစ်ကို ပြုတတ်သော မျက်စေ့တို့ဖြင့် ကောင်း စွာဖူးမြင်အပ်ကုန်၏၊ ဤသို့ရဟန်းတို့အား ဖူးမြင်ခြင်းလျှင် အမှူး ရှိသော ကုသိုလ်ဖြင့်လည်း များစွာကုန်သော ဘဝအထောင်တို့ ပတ်လုံး မျက်စေ့၌ရောဂါတို့သည်၎င်း၊ ဒေါသသည်၎င်း၊ အသား တက်ခြင်းတို့သည်၎င်း၊ အိုင်းအမာပေါက်ခြင်းတို့သည်၎င်း၊ မဖြစ် ကုန်၊ မျက်စေ့တို့သည် အထူးသဖြင့် ကြည်လင်ကုန်သည်၊ငါးပါး ကုန်သော အဆင်းတို့ဖြင့် တင့်တယ်ကုန်သည်ဖြစ်၍၊ ရတနာဗိမာန် ကိုဖွင့်အပ်ကုန်သော ပတ္တမြားလေသာတံခါးရွက်တို့နှင့် တူကုန်၏၊ ကမ္ဘာတသိန်းပတ်လုံး နတ်ပြည် လူ့ပြည်တို့၌ ခပ်သိမ်းကုန်သော စည်းစိမ်တို့ကိုရကုန်၏။

[မူလပဏ္ဏာသဋ္ဌကထာ-ရူဠှသိဟနာဒသုတ်]

မင်္ဂလာမည်ပုံ

(၁) သီလသမာဓိပညာနှင့်ပြည့်စုံသောပုထုဇဉ်ရဟန်းတို့ကို ၎င်း၊ မှစ်ယောက်သော အရိယာသံဃာတော်တို့ကို၎င်း၊ ဖူးမြင်ရ ခြင်းသည် ပစ္စုပ္ပန်၌၎င်း၊သံသရာ၌၎င်း ချမ်းသာခြင်းအကျိုးစီးပွါး များဖြစ်ခြင်း၏အကြောင်းဖြစ်၍ မင်္ဂလာမည်၏။

[ပရိတ်ကြီးဋီကာ-၆၀]

(၂) ရဟန်းတို့ကိုဖူးမြင်သောသူသည် ကုသိုလ် စိတ်ကိုသာ ဖြစ်စေအပ်၏၊ ပြစ်မှားသောစိတ်ကို မဖြစ်စေအပ်၊ ထိုရဟန်းတို့ အားစိတ်ဖြင့်၎င်း၊နှုတ်ဖြင့်၎င်း၊ကိုယ်ဖြင့်၎င်း ကိုင်းညွှတ်ရိုသေခြင်း နှင့် တကွ ဖူးမြင်ရခြင်းသည် ပစ္စုပ္ပန်၌၎င်း၊ သံသရာ၌၎င်း၊ ချမ်း သာခြင်းအကျိုးစီးပွါးများသည်၏ အဖြစ်ကြောင့် သီလ သမာဓိ ပညာနှင့်ပြည့်စုံသောပုထုဇဉ်ရဟန်းတို့အား၎င်း၊ရှစ်ယောက်သော အရိယာသံဃာတို့အား၎င်း ဖူးမြင်ရခြင်းသည် ဒဿနမင်္ဂလာမည် ၏။

[မင်္ဂလာသာရဒီပနီ-၁၈၆]

သမဏဒဿနမင်္ဂလာသံပေါက်များ

(က) (၁)–ရဟန်းတော်များ၊ ဖူးမြင်ငြား၊မှတ်သားမင်္ဂလာ။
(၂) ဖူးမြင်ပါရ၊ ကျိုးများလှ၊ ဟောပြဒေသနာ။
(၃) သံဃာတော်များ၊ဖူးမြင်ငြား၊စည်ကားနေ့တိုင်းသာ။
[မင်္ဂလတ္ထပုန္တာဝိသဇ္ဇနာ-၃၈]

(ခ) (၁) သီလဝန်ရဟန်း၊ ရည်ညွှန်မှန်း၊ အိမ်နန်းရှေ့ရပ်လာ။
(၂) ရပ်လာမြင်မူ၊ ကြည်ညိုဖူး၊ လှူလေအားနှင့်စာ။
(၃) လှူရန်မရှိ၊ ရှိခိုးဘိ၊ အားရှိလွန်ဝမ်းသာ။
(၄) ရှိခိုးရန်ခွင့်၊ လမ်းမသင့်၊ ကြည်လင့်ကြည်စေနာ။
(၅) ကြည့်ရှုခြင်းကို၊ ဖူးမြင်ဆို၊ ထိုထိုကျမ်း၌လာ။
(၆) ဖူးမြင်ရုပ၊ ဂုဏ်အရ၊ ပညာအကျိုးမှာ။
(၇) မျက်စေ့မှာလျှင်၊ လွန်ကြည်လင်၊ မထင်များရောဂါ။
(၈) မေးမှုကြွက်ဆူး၊ ရှက်မကူး၊အထူးကြည်လင်စွာ။
(၉) ကပ်တသိန်းသာ၊ ကိန်းမှတ်ရာ၊လူးလာလူနတ်ရွာ။
(၁၀) ချမ်းသာတန်းခိုး၊ လျှမ်းစွာဖြိုး၊ တက်တိုးစည်းစိမ်မှာ။
(၁၁) ကျမ်းလာသမျှ၊ ဆရာပြ၊ ကျနသေချာစွာ။
(၁၂) သမဏာနဥ္စဒဿန၊ ပါဌ်အရ၊ မှတ်ကြနိဋ္ဌိတာ။
[မင်္ဂလတ္ထဒီပက-၃၄]

မင်္ဂလာပျို

အရိယဝံသာ၊ နွယ်တော်လာဟု၊ အင်္ဂါလေးပါး၊ သရိက်ထားသည်၊ မှတ်သားကုန်ကြ၊ အမြွက်ပြအံ့၊ သီလသမာ၊ ကျင့်သိက္ခာဖြင့်၊ သာသနာ၌၊ လွန်နှစ်ခြိုက်၍၊ သိုက်မြိုက် မွေလျော်၊ သူတော်တရား၊ အမြတ်ထားလျက်၊ လေးပါးပစ္စည်း၊ မသိမ်းဆည်းဘဲ၊ လိုနည်းမတွက်၊ မစုံမက်မြို့၊ မနှစ်လိုသည်၊ လူတို့ချက်တမ်း၊ကျောင်းပြီးဆွမ်းလျှင်၊ အားရမ်းမှုတ၊ ရသမျှဖြင့်၊ရောင့်ရဲလင့်၍၊ အခွင့်တပါး၊ လျော်သောအားဖြင့်၊တရားသက်ရေး၊တိုင်ပင်

ပါလည်း၊ အတ္တာဟိတ၊ ပရဟိတာ၊ နှစ်ဖြာအကျိုး၊ တိုးပွါးစိမ့်ငှါ၊ တိုင်ပင်ရာတည့်၊ ချမ်းသာပြကတော့၊ တောပျော်မွေ့သည်၊ နေလေ့ ဆိတ်ညံ၊ ကျင့်ခြိုးခြံလျက်၊ စိတ်ကြည်ညီညွတ်၊ မှန်တုံ လတ်တည့်၊ ဘေးလွတ်ရန်ရှင်း၊ ဗျာပါကင်းလျက်၊ ညှဉ်းပန်းမရှိ၊ သမုတိအရှင်၊ သူတော်စင်ကို၊ ဖူးမြင်ချက်တွေ့၊ ပူဇော် လေ့သား၊ အကျိုးအား ဖြင့်၊ တရားအောက်မေ့၊ ကြံစည်လေ့ဘိ၊ သတိသမ္ဗောဇ္ဈင်၊ ဉာဏ် လျှင်စိစစ်၊ ဝင်စားလစ်က၊ မဂ္ဂဝိစယာ၊ ပညာစိစွေး၊ အားသစ် ပေးသို့၊ အရေးမစွန့်၊ မတွန့်လုံ့လ၊ ဝီရိယတည်း။ ။အာမိသ ကင်း၊ နှစ်သက်ခြင်းလျှင်၊ ပီတိတွင်လတ်၊ ပဿစသား၊ တရား ငြိမ်းဘိ၊ ပဿဒ္ဓိမည်၊ တည်ကြည်ကုန်ပြီ၊ သမာဓိတည့်၊ နှိုင်းရှည့် အားပြု၊ လျစ်လျူရှုရာ၊ ဥပေက္ခာလျှင်၊ ဗောဇ္ဈင်တရား၊ ခုနစ်ပါးကို၊ ပွါးများလေ့လာ၊ နိုင်စေ့ငှာလျှင်၊ သံဃာလုပ်ကျွေး၊ ဆွေးနွေး မပြတ်၊ ဖူးမြင်လတ်သည်။ ။သူမြတ်သံဃာ–ညွှတ်ရုံးတည်း။

ဝတ္ထုသက်သေသာဓကများ

(၁) ဘုရားသခင်သည် ဝေရဥ္ဇတိုင်း၊ အလိုကျူတော၏ အချက် အခြာဘိလူးစောင့်သောတမာပင်ကြီးအရင်း၌ သီတင်းသုံးနေတော် မူသောအခါ ဝေရဥ္ဇာ ပုဏ္ဏားကြီးသည် မိမိအဖေါ်အပေါင်းနှင့် တကွ ကြည်ညိုသောစေတနာဖြင့် အဖူးအမြင်သွားကြ၏။

(၂) ဘုရားရှင်သည် ဝေသာလီပြည်ရလစ်မွန်းချွန်တပ်သော စရပ်၌ သီတင်းသုံး နေတော်မူသောအခါ လိစ္ဆဝီမင်းတို့သည် ကြည်ညိုသောစေတနာဖြင့် အဖူးအမြင်ထွက်တော်မူကြ၏။

[မင်္ဂလာဂဏ္ဌိ–၁၁၇]

ခင်ပုပ်ငှက်ဝတ္ထု

(၃) မြတ်စွာဘုရားသည် ဝေဒိယတောင်၊ ဣန္ဒသာလလိုဏ် ၌သီတင်းသုံးတော်မူသတတ်၊ ထိုအခါတခုသော ခင်ပုပ်ငှက်သည်

မြတ်စွာဘုရားရှုသည့်ဆွမ်းခံ ဝင်သည့်ရှိသော်လမ်းထက်ဝက်တိုင်အောင် လိုက်ပို့၏၊ ရွာမှထွက်တော် မူသည်ရှိသော် လမ်းထက်ဝက်တိုင်အောင် ကြိုဆို၏။

ထိုခင်ပုပ်ဌက်သည် တနေ့သ၌ ညချမ်းအခါ ရဟန်းသံဃာတော်ခြံရံလျက် နေတော်မူသော မြတ်စွာဘုရားကို တောင်မှသက်၍၊ ရှိခိုးပြီးအတောင်တို့ကိုညွတ်သဖြင့် လက်အုပ်ချီ၍ ဦးခေါင်းကိုချကာ မြတ်စွာဘုရားကို ညွတ်သောစိတ်ဖြင့်တည်၏၊ မြတ်စွာဘုရားသည် ခင်ပုပ်ဌက်ကိုကြည့်၍ ပြုံးတော်မူ၏၊ အရှင်အာနန္ဒာထေရ်သည် "အရှင်ဘုရားပြုံးတော်မူခြင်း၏ အကြောင်းကား အဘယ်နည်း"ဟု လျှောက်လတ်သော် "အာနန္ဒာ ဤခင်ပုပ်ဌက်ကို ကြည့်လော့၊ ဤခင်ပုပ်ဌက်သည် ငါဘုရား၌ရင်း၊ သံဃာ၌ရင်း၊ စိတ်ကိုကြည်ညိုစေ၍၊ ကမ္ဘာတသိန်းတို့ပတ်လုံး နတ်ပြည်လူ့ပြည် ကျင်လည်ပြီးနောက်၊ "သောမနဿ" မည်သော ပစ္စေကဗုဒ္ဓါ ဖြစ်လတ္တံ့"ဟု မိန့်တော်မူလေသည်။

[မူလပဏ္ဏာသ ဒုတိယဝဂ်-ဂူဠ္ဍသီဟနာဒသုတ်]

ပသေနဒီကောသလမင်းဝတ္ထု

(၄) မြတ်စွာဘုရားသည် ပွင့်တော်မူ၍ (၃)ဝါမြောက်၌ သာဝတ္ထိပြည်သို့ ရောက်သောအခါ၊ ဇေတဝန် ကျောင်းတော်၌ စံပြီးနောက် အတန်ကြာအောင် ပသေနဒီကောသလမင်းသည် မချဉ်းမကပ် မဖူးမမြော်ဘဲနေလေ၏၊ အဘယ်ကြောင့်နည်းဟူမူ၊ ထိုစဉ်အခါက ပူရဏကဿပ အစရှိသော ဒိဋ္ဌိခြောက်ယောက်တို့ကို ကိုးကွယ်လျက်ရှိသောကြောင့် ဖြစ်ပေ၏၊ ထိုဒိဋ္ဌိခြောက်ယောက်တို့သည် ဘုရားမဟုတ်ကြောင်းသိခါမှ အရှင်ဂေါတမထံ ဆည်းကပ်တော့၏၊ ဘုရားရှင်က–"မင်းကြီး–သားကိုရင်း၊ သမီးကိုရင်း၊ မြေးကိုရင်း၊ သီလဝန္တပုဂ္ဂိုလ်ဖြစ်ခဲ့လျှင် ကြီးသည်ငယ်သည်ဟူ

၍ မထိမဲ့မြင်မပြုရာ၊ ပြုခဲ့သော် ပဋ္ဋုပ္ပန်သံသရာ ပျက်စီးရာ၏''ဟု ဟောတော်မူသည့် နေ့မှစ၍၊ တနေ့သုံးကြိမ် သုံးကြိမ် ကျောင်းတော်သို့ ချဉ်းကပ်ကာ တရားကိုနာလေ၏။

[ဓမ္မပဒပါဠိတော်အဋ္ဌကထာ]

ဤမင်္ဂလာနှင့် ပတ်သက်သောအခြား ဝတ္ထုများကို ခေါင်းစဉ်နှင့် သက်ဆိုင်ရာကျမ်းများကိုသာ ရေးသားဖော်ပြလိုက်ပါဦးအံ့။

(၅) နန္ဒဘိလူးဝတ္ထု။

[ဥဒါန်းစတုတ္ထဝဂ်သာရိပုတ္တသုတ်]

(၆) ပါဍလိပုတ္တကပုဏ္ဏားဝတ္ထု။

[တိကအင်္ဂုတ္တိုရ် ဌာနသုတ်-အဋ္ဌကထာ]

(၇) ဆတ္တမာဏဝကဝတ္ထု။

[ဝိမာနဝတ္ထု-ပဌမဝဂ်]

(၈) မဋ္ဌကုဏ္ဍလီဝတ္ထု။

[ဝိမာနဝတ္ထု-သတ္တမဝဂ်]

(၉) သုပ္ပဗုဒ္ဓကုဋ္ဌိဝတ္ထု။

[ဥဒါန်း-ပဌမဝဂ်]

၃၀–ကာလေန မမ္ဗသာကစ္ဆာ

လျောက်ပတ်သောခါ၊ မြတ်ဓမ္မာ၊ မကြာဆွေးနွေးပါ။
[အခွင့်သင့်သောအခါ၊တရားစကားကို ဆွေးနွေးရခြင်း]

ဤမင်္ဂလာ၏ အဓိပ္ပါယ်များ

(၁) ကာလဟူသည်ကား အကာလခုနစ်ပါးမှ ကင်းလွတ်သောအခါသည် လျောက်ပတ်သောကာလမည်၏။

အကာလ -၇-ပါး

(၁) ဧွတိရင်ပြင်သို့ ဆည်းကပ်သောအခါကာလ၊
(၂) ရွာတွင်း၌ဆွမ်းခံသွားဆဲကာလ၊
(၃) ခရီး၌ ဆွမ်းခံသွားသောကာလ၊
(၄) ဆွမ်းစားစရပ်၌နေသောကာလ၊
(၅) ဆွမ်းကိုယူဆောင်၍နေသောကာလ၊
(၆) ဆွမ်းစားဆဲကာလ၊
(၇)နေ့သန့်ရာသို့သွားဆဲကာလ၊

[ပရိတ်ကြီးဂဏ္ဌိ–၆၀]

(၂) ကာလဟူသည်ကား အကာလခုနစ်ပါး၊ အခွင့်မတောင်းဘဲမေးခြင်းနှင့်တကွ ၈စ်ပါးသောအပြစ်မှ ကင်းလွတ်သောအခါသည် လျောက်ပတ်သောကာလမည်၏။

(၃) သဟာ ကထနံ သာကစ္ဆာ။

သဟာ-ပညာရှိတို့နှင့်တကွ၊ ကထနံ-ဆွေးနွေး တိုင်ပင်ခြင်း၊ ပုစ္ဆာပြု၍ မေးမြန်းခြင်း၊ သာကစ္ဆာ-ပညာရှိတို့နှင့်တကွ ဆွေးနွေးတိုင်ပင်ခြင်း၊ ပုစ္ဆာပြု၍မေးမြန်းခြင်း။

[ပရိတ်ကြီးနိဿယ–၄၄]

(၄) ကာလေန ဓမ္မဿာကစ္ဆာတိ
ပကတိဥပေါသထဒိဝသေ
ဥပေါသထကာလေ ဝိပဿနာနုရူပတော
ဓမ္မံ သောတေန သဝနန္တိ အတ္ထော။

ကာလေနဓမ္မဿာကစ္ဆာတိ-ကာလေန ဓမ္မဿာကစ္ဆာဟူသည်ကား၊ ပကတိဥပေါသထဒိဝသေ- ပကတိဥပုသ်နေ့၌၊ ဝါ၊ပကတိဥပုသ်၊ ပတိဇာဂရဥပုသ်၊ ပါဋိဟာရိယဥပုသ် နေ့၌၊ဝါ-ဥပုသ်နေ့သို့ရောက်သည့်ရှိသော်၊ ဥပေါသထကာလေ-ဥပုသ် ဆောက်တည်သောအခါကာလ၌၊ ဝိပဿနာနုရူပတော- ဝိပဿနာ အားလျော်စွာ၊ ဝါ-ဘာဝနာတရားကိုဖြစ်ပွါးစေခြင်း အကျိုးငှါ၊ ဓမ္မံ-တရားတော်မြတ်ကို၊ ဝါ- မြတ်စွာဘုရားရှင်သည် ဟောတော်မူအပ်သော ခြောက်ပါးသော ဂုဏ်တော်တို့နှင့် ပြည့်စုံတော်မူသောတရားတော်ကို၊ သောတေန- သောတပသာဒဖြင့်၊ သဝနံ-နာရခြင်းတည်း၊ ဝါ- သောတပသာဒဖြင့် တရားတော်ကို နာရခြင်းတည်း၊ ဣတိအယံ - ဤသည်လျှင်၊ အတ္ထော- ကာလေနဓမ္မဿာကစ္ဆာ-ဟူသောပုဒ်၏ အနက်တည်း၊ ဝါ- လျောက်ပတ်သောအခါကာလ၌ တရားတော်မြတ်ကို တကွ ပြောဟော ဆွေးနွေး မေးမြန်းရခြင်းတည်း။

[မင်္ဂလာဂဏ္ဌိ-၁၁၇]

(၅) လီနုဒ္ဓစ္စဝိစိကိစ္ဆာဘိ ဘူတစိတ္တဝိသောဓနတ္ထံ။

လီနုဒ္ဓစ္စ ဝိစိကိစ္ဆာဘိ ဘူတစိတ္တဝိသောဓနတ္ထံ-တွန့်ခြင်း၊ ပျံ့လွင့်ခြင်း၊ ယုံမှားခြင်းဖြင့် နှိပ်စက်သော စိတ်ကို သုတ်သင်အံ့သောငှါ၊ သပ္ပါယကာလေ-လျောက် ပတ်သောကာလ၌၊ အာဘိဓမ္မိကာဒိဟိ-အဘိဓမ္မဓရ အစရှိသောရဟန်းတို့နှင့်၊သဟာကထနံ-တကွ ဆွေးနွေးခြင်းတည်း။

[ပရိတ်ကြီးဋီကာနိသျ-၁၂၇]

(၆) ကာလေန-သင့်တင့် လျောက်ပတ်သောအခါ၌၊ ယာဓမ္မသာကစ္ဆာစ-အကြောင်းမာန တည်းဟူသော တမ်းခွန်ဖျားကို မသွားမဖြန့်၊နူးညံ့သိမ်မွေ့စွာ သာယာပြေပြစ်သော သဘောဖြင့် တရားစကားကို နှီးနှောဆွေးနွေး မေးမြန်းခြင်းသည် လည်းကောင်း။

[မင်္ဂလသုတ်ဋီကာ-၁၀]

(၇) ကာလေန-သင့်တင့်လျောက် ပတ်သောအခါ၌၊ ဓမ္မသာကစ္ဆာစ-မိမိမတွေ့မမြင်မထင်ရှားသော တရားတို့ကို ကောင်းစွာ ဆွေးနွေးမေးမြန်းရခြင်းသည်၎င်း။

[မင်္ဂလသုတ်နိဿယ-၁၉]

(၈) ကာလေန-မကြာမကြာ၊ အခါခါ၌၊ ဓမ္မသာ ကစ္ဆာ-လူကောင်းရှင်ကောင်း သူတော်ကောင်းတို့နှင့် ပေါင်းဆုံပြား၍၊တရားကျမ်းဂန်၊ အတန်တန်ကို၊ ဉာဏ်သွားသန့်ရှင်း၊ လင်းထက် လင်းအောင်၊ အချင်းချင်းနှီးနှော ပြောဆိုရခြင်းသည် လည်းကောင်း။

[မင်္ဂလသုတ်မိတ်လင်စုံ-၁၇]

(၉) ကာလေန-တုပ်ကွလက်ချီ၊စေတီဆည်းကပ်၊ဆွမ်းစရပ်၌၊နေ့အပ်အခါ၊ဆွမ်းရှာသွားဆဲ၊ရွာထဲဆွမ်းရပ်၊ဆွမ်းယူကပ်နှင့်၊စားအပ်အခါ၊ နေ့သန့်ရာတည့်၊မှတ်ပါကုန်ကြ၊အကာလဟု၊ ရှောင်ရမေးဖြေ၊ညနစ်ထွေကင်းလွတ်၊သင့်လျောက်ပတ်သောအခါ၌၊ ဓမ္မသာကစ္ဆာစ—သက်ာယုံမှား၊ မြွတ်တရားကို၊ ကွဲပြား ရှင်းလင်း၊ ချင်းချင်းဆွေးနွေး၊ မေးမြန်းခြင်းသည် ၎င်း။

[မင်္ဂလာအလင်း-၄၈]

(၁၀) ကာလေန-ရဟန်းရှင်လူ သူတော်မွန်သူတော်ကောင်း အစစ်ကိုတွေ့သောကာလ၌၊ ယာဓမ္မသာကစ္ဆာစ-အကြောင်းသံသရာ ဘေး၊ အလွန်တွေး၍၊ လွတ်ရေးမသာ၊ နိဗ္ဗူတာသို့၊ ဘယ်ဝါ ဘယ်သူ၊ဘယ်သို့မှူ၍၊ ယူပါသနည်း၊ ရှင်ခမည်းဟု၊ ဆည်းကပ် မေးမြန်းရခြင်းသည်လည်းကောင်း။

[ရွှေမင်းဝံ့ငှက်တွင်းဆရာတော်]

(၁၁) ညဥ့်ဦးယံ၌ဖြင်း၊ မိုးသောက်ထ၌ဖြင်း၊ နှစ်ပါးကုန်သော ကာလတို့၌ သုတ္တန်ကိုဆောင်ကုန်သော ရဟန်းတို့သည် အချင်းချင်း သုတ္တန်ကိုဆွေးနွေးကုန်၏၊ ဝိနည်းကို ဆောင်ကုန်သော ရဟန်းတို့သည် ဝိနည်းကိုဆွေးနွေးကုန်၏၊ အဘိဓမ္မာကို ဆောင်ကုန်သောရဟန်းတို့သည် အဘိဓမ္မာကိုဆွေးနွေးကုန်၏၊ ဇာတ်ကို ဆောင်ကုန်သော ရဟန်းတို့သည် ဇာတ်ကိုဆွေးနွေးကုန်၏၊ အဋ္ဌကထာကိုဆောင်ကုန်သော ရဟန်းတို့သည် အဋ္ဌကထာကို ဆွေးနွေးကုန်၏၊ ဤသည်ကား ကာလေနဓမ္မသာကစ္ဆာမည်၏။

(တနည်းကား)အကြင်အခါ၌စိတ်သည်တွန့်၏၊ အကြင် အခါ၌ စိတ်သည် ပျံ့လွင့်၏၊ အကြင် အခါ၌စိတ်သည် ဝိစိကိစ္ဆာ နှိပ်စက်၏၊ထိုထိုအခါ၌တွန့်ခြင်း၊ပျံ့လွင့်ခြင်း၊ယုံမှားခြင်းသည်နှိပ်စက်သော စိတ်ကို သုတ်သင်အံ့သောငှါတရားကိုဆွေးနွေးကုန်၏၊ ဤသည်ကား ကာလေနဓမ္မသာကစ္ဆာမည်၏။

[မင်္ဂလာသာရဒီပနီ-၁၀၆]

(၁၂) လျောက်ပတ်သင့်တင့်သောကာလ၌ ပြဿနာမေးခြင်း ဖြေခြင်း၏ အစွမ်းအားဖြင့်ဖြစ်သောတကွဆွေးနွေးပြောဟောခြင်း သည်ကာလေနဓမ္မသာကစ္ဆာမည်၏။

(၁၃) သင့်တင့်လျောက်ပတ်သောအခါ၌ ဆွေးနွေးမေးမြန်း ခြင်းဟူသည်ကား ဆွေးနွေးမေးမြန်းရာ သင့်တော်သောကာလ ၌တရားကျမ်းဂန်အတန်တန်ကို သိသာရှင်းလင်း ရစေခြင်းငှါ၊အချင်းချင်း နှီးနှောပြောဆိုခြင်းကိုဆိုလိုသည်။

မှတ်ရန်—မိမိတတ်ကြောင်းကို ဖော်ပြလျက်၊ သူတပါးကို ဖိစီးနှိပ်စက်လို၍ မေးမြန်းခြင်းကား မင်္ဂလာမမည်၊ ရန်စသည် သာမည်သည်ဟုမှတ်။

[မင်္ဂလာအလင်း၃၄]

(၁၄) ကာလေနဓမ္မသာကစ္ဆာသည် အရဟတ္တဖိုလ်ကိုရခြင်း၏အကြောင်းသည်လည်း ဖြစ်သလျှင်ကတည်း။

[ညောင်ကန်ဆရာတော်]

ကာလေနဓမ္မသာကစ္ဆာလင်္ကာ

အတင်အချေ၊ အဖြေအမေး၊ အနှေးအလျင်၊ အရွှင်အထက်၊ အနက်အနဲ၊ အခွဲအခြမ်း၊ အစမ်းအစုံ၊ အာဂုံဥပမာ၊ အရောရောဖြင့်၊ ပညာရှိထွန်၊ သူဆိုဟန်ကို၊ အကျွန်မှတ်သား၊ စေ့စေ့ကြားမှု၊ လေးပါးကဝိ၊ ပဋိတစ်စစ်၊ အနှစ်ပြည့်စွာ၊ ဆရာကောင်းထံ၊ ကျိုးနွံဆည်းကပ်၊ အပ်မအပ်ကို၊ ကြပ်ကြပ်သိမှု၊ ပုစ္ဆာပြု၍၊ ဗာဟုသစ္စ၊ သုတစိန္တာ၊ ဘာဝနာဖြင့်၊ သုံးဖြာဉာဏ်ထူး၊ တတ်ဦးရှေးခါ၊ ဝါသနာကြောင့်၊ ဖြစ်ပါသော်ငြား၊ ဂုဏ်မြောက်မြားမှု၊ တရားလမ်းကြီး၊ ခရီးသိတတ်၊ ရည်ညွှန်းမှတ်သည်။ ။မပြတ်ယှဉ်ပါစေသတည်း။

[ရှေးပညာရှိ]

တရားနာခြင်းအကျိုး ၅—ပါး၊ ၈—လုံးဘွဲ့ကဗျာ

မကြားဘူးငြား—နာကြားရပါ၊
ကြားနာဘူးပ—ဖြူစင်သေချာ၊
ယုံမှားပျောက်ကင်း—ဖြောင့်စင်းဝါဒ၊
စိတ်ကြည်လှ—မြလွန်သာယာ။

မကြားစဘူး—ကြားရထူးသည်၊
ကြားဘူးတရား—စင်ငြားစေသည်၊
ယုံမှားကင်း၍—ဖြောင့်စင်းစိတ်ကြည်၊
တရားနာ—ငါးဖြာကျိုးရသည်။

[ဦးပညာဝံသ-စလင်း]

မင်္ဂလာမည်ပုံ

ကာလေန ဓမ္မဿဝနဿဝနံသည် ပရိယတ်၏ ထင်ခြင်း အစ ရှိကုန်သော ကျေးဇူးတို့၏ အကြောင်း ဖြစ်သောကြောင့် မင်္ဂလာ မည်၏။

[မင်္ဂလသုတ်-အဋ္ဌကထာ]

ကာလေနဓမ္မဿဝနံသံပေါက်

(က) (၁) သင့်တင့်ကာလ၊ မြတ်ဓမ္မ၊ စစဆွေးနွေးရာ၊
(၂) ပြဿနာမေး၊ ဖြေဆိုရေး၊ ဆွေးနွေးနှီးနှောပါ၊
(၃) နှီးနှောစကား၊ဖြေလေငြား၊ပြန့်ပွါးမင်္ဂလာ။

[မင်္ဂလတ္ထပုဏ္ဏဝိသဇ္ဇနာ-၃၉]

(ခ) (၁) ညဦးနံနက်၊ မှန်မပျက်၊ နှစ်ချက်ချိန်အခါ၊
(၂) ဆွေးနွေးသင့်လျော်၊ အခွင့်တော်၊ တဘော်မှတ်အခါ၊
(၃) သုတ္တန်ဝိနယ၊ ဘိဓမ္မ၊ တကွပြောဆိုပါ၊
(၄) ဆွေးနွေးစုံစမ်း၊ ဖုံဖုံကျမ်း၊ ကမ်းလှမ်းစိစစ်ရာ၊
(၅) ကျမ်းဂန်အရ၊ လမ်းမှန်ကျ၊ မချမှတ်ဘို့ရာ၊
(၆) ကာလေနဓမ္မဿဝနံ၊ မကွာဖြစ်၊ အစစ်မင်္ဂလာ။

[မင်္ဂလတ္ထဒီပက-၃၅]

မင်္ဂလာပျို

ဂိမှကာလေ၊ ချိန်ခါနွေဝယ်၊ မိုးရေကျစ၊ ပထမဟု၊ ဗာလ ဝဿန်၊ ပျိုနှုဟန်နှင့်၊ လေပြန်သွန်းသွန်း၊ ဝိထိစွန်းက၊ လေဝန်း ရမ်းပြည်း၊ ဖြည်းဖြည်းသာသာ၊ ကြည်စွာနှင့်၊ ဖြာဖြာတွေတွေ၊ စိမ့်စမ်းရေလျှင်၊ တွေတွေသက်ဆင်း၊ မြိုင်သနင်းလည်း၊ ပင်ချင်း ယှက်ခါ၊ ယှဉ်ပြိုင်လာသို့၊ ပင်ဝါနိမ့်မြင့်၊ ဆင့်ရရင့်လျှင်၊ပင်သင့် ပင်ကျပ်၊ အထပ်ထပ်ဖြင့်၊ သေသပ်စုံစွာ၊ ရွက်ဝါရင့်ညောင်း၊ ရွက်သစ်လောင်းလျက်၊ ညွန့်ပေါင်းကိုယ်ရုံ၊ ပွင့်ဖူးဖုံလည်း၊သင်း

ထုံပျံ့စွာ၊ ရှုတိုင်းသာသည်၊ ဂန္ဓာမြိုင်နှယ်၊ တန္တိုင်းဆွယ်သား၊အခွံ ဘွယ်ရှစ်ဖြာ၊ ဂုဏ်ခြောက်ဝါနှင့်၊ အင်္ဂါကိုးပါး၊ တရားသုဒ္ဓိ၊ ပိဋကတ္တိဟု၊ ပါဠိသုဒ္ဒန်၊ ပါဠိအဋ္ဌကထာ၊ ဖွေထုတ်ဂန္ထန်၊ ဘိခါန် လင်္ကာ၊ သဒ္ဒါတောဒည်း၊ လွန်သိပ်သည်းလျက်၊ သင်နည်းကုန် စင်၊ ကျမ်းရိုးမြင်သည်၊ အာဝင်ငါးပါး၊ ဆရာများကို၊ တွေ့ပြား လတ်ဘိ၊ အစွင့်သိလျက်၊ ပါဠိအဏ္ဏ၊ ဝါကျဏ္ဏနှင့်၊ ပါဒသဘော၊ ယောနိသောဖြင့်၊ စောကျောသုံးသပ်၊ မှီဆည်းကပ်၍၊ မေးအပ် သမျှ၊ ဓိပ္ပါယ်ကို၊ ဓမ္မသာကစ္ဆာ၊ မေးဖြေကျောက်ရာသည်။ ။ ပညာသုတမဆုံးတည်း။

[သံတော်ဆင့်မင်း-ဦးကျော်]

ဝတ္ထုသက်သေသာဓကများ

(၁) မဟာနိပါတ်၊ ဘူရိဒတ်ဇာတ်၌ ဘူရိဒတ်နဂါးမင်း၊ သား အဘတို့ တာဝတိံသာနတ်ပြည်သို့ သွား၍ ဥပုသ်စောင့်ကြသော အခါကာလ၌၊ သိကြားနတ်မင်းတို့သည် ဘူရိဒတ်နဂါးမင်းသား ငယ်အား မိမိတို့မဖြေနိုင်သော တရားကိုမေးကြ၏၊ ဘူရိဒတ် နဂါးမင်းသားငယ်ကလည်းဖြေဆို၏။

[ဇာတ်ကြီး-၁၀-ဘွဲ့]

(၂) ဝိဓုရဇာတ်၌လည်း ကောရဗ္ဗမင်းကြီး၊ ဝရုဏ်၊ နဂါး၊ သိကြား၊ ဤသူလေးယောက်တို့ ဥပုသ်စောင့်ကြသည့်ကာလ၊ တရားစကားကိုဆွေးနွေးမေးမြန်းကြသဖြင့်၊အချင်းချင်း သူစောင့် သည့်ဥပုသ်သည်ပင်မြတ်သည်ဟု ဝိဝါဒရှိကြရာ ဝိဓုရပညာရှိ အမတ်ကိုမေးမြန်း၍ မိမိတို့ဝိဝါဒပျောက်ကင်းကြသည်။

[ဇာတ်ကြီး-၁၀-ဘွဲ့]

(၃) မြတ်စွာဘုရားလက်ထက်တော်တွင် ပုဏ္ဏားကြီးလေး ယောက်. ဥပုသ်စောင့်ရာတွင်၊ကမ္မဋ္ဌာန်းစီးဖြန်းရခြင်းကို မသိနိုင် ၍၊ ဇေတဝန်ကျောင်းတော်သို့သွားပြီးလျှင် မြတ်စွာဘုရားရှင်အား

လျှောက်ထား မေးမြန်း၏၊ မြတ်စွာဘုရားရှင်လည်း စရိုက်အား လျော်စွာ ကမ္မဋ္ဌာန်းနည်းကိုပေး၍၊ ကမ္မဋ္ဌာန်းကိုစီးဖြန်းကြလျှင်၊ မျှားမကြာမီ မဂ်တရား ဖိုလ်တရားများကိုရကြလေ၏။

[မင်္ဂလာဂဏ္ဍိ-၁၀၉]

သုဘပုဏ္ဏားသည် မြတ်စွာဘုရားထံသို့သွားပြီးလျှင် "အရှင်ဂေါတမ—လောက၌—

(၁) သတ္တဝါအပေါင်းတို့သည် အချို့လည်းအသက်ရှည်၏၊ အချို့လည်း အသက်တို၏။

(၂) အချို့လည်းအနာရောဂါနည်း၏၊ အချို့လည်းအနာရောဂါများ၏။

(၃) အချို့လည်းအဆင်းလှ၏၊ အချို့လည်းအဆင်းမလှ။

(၄) အချို့လည်း အခြွေအရံများ၏၊ အချို့လည်း အခြွေအရံမရှိ။

(၅) အချို့လည်းဥစ္စာများ၏၊ အချို့လည်းဥစ္စာမရှိ။

(၆) အချို့လည်းအမျိုးမြတ်၏၊ အချို့လည်းအမျိုးယုတ်၏။

(၇) အချို့လည်းလာဘ်သပ်ပကာများ၏၊ အချို့လည်းလာဘ်သပ်ပကာနည်း၏။

(၈) အချို့ကား ပညာရှိ၏၊ အချို့ကား ပညာမရှိ— ဟုမေးလျှောက်၏။ ပုဏ္ဏား……

(၁) သူ၏အသက်ကိုမသတ်သောသူသည် အသက်ရှည်၏၊ သတ်သောသူသည် အသက်တို၏။

(၂) သူအားသနားတတ်သူသည် အနာရောဂါနည်း၏၊ ညှဉ်းဆဲတတ်သောသူသည် အနာရောဂါများ၏။

(၃) အမျက်နည်းသောသူသည် အဆင်းလှ၏၊ အမျက်ကြီးသောသူသည် အဆင်းမလှ။

(၄) သူ၏အခြွေအရံကိုမဖျက်ဆီးတတ်သောသူသည် အခြွေအရံများ၏၊ သူ၏အခြွေအရံကိုဖျက်ဆီးတတ်သောသူသည်အခြွေအရံနည်း၏။

(၅) လာဘ်သပ်ပကာကို မငြူစူဘဲ ဝမ်းမြောက် သောသူသည် လာဘ်သပ်ပကာများ၏၊ လာဘ်သပ်ပကာကို ငြူစူသောသူသည် လာဘ်သပ်ပကာနည်း၏။

(၆) အလှူပေးသောသူသည် ဥစ္စာများ၏၊ အလှူမပေးသောသူသည်ဥစ္စာနည်း၏။

(၇) မာနချသောသူသည် အမျိုးမြတ်၏၊ မာနရှိသောသူသည် အမျိုးယုတ်၏။

(၈) ကျမ်းဂန်လေ့ကျက်သော သူသည် ပညာကြီး၏၊ မသင်မကြား ပျင်းရိသောသူကား ပညာနည်း၏ဟု ရှင်တော်ဘုရားက ဖြေကြားလိုက်၏။

ဤသို့ဖြေတော်မူသည့်အဆုံး၌ သုတပုဏ္ဏားသည် သရဏဂုံ၌တည်၍၊ "အရှင်ဂေါတမ အံ့ဘွယ်ရှိစွတကား၊ အရှင်ဂေါတမ၏ဥပမာကား မှောက်၍ထားသောအိုးကို လှန်ပြသကဲ့သို့၊ ဖုံးထားသော ပတ္တမြားကို ဖွင့်ပြသကဲ့သို့၊ ဥမင်ကို ဆီမီးဖြင့်ထွန်းသကဲ့သို့၊ လမ်းမှားသောသူကို လမ်းပြသကဲ့သို့၊ ရူပါရုံကို စက္ခုပသာဒ်ဖြင့်မြင်စေသကဲ့သို့ ပြတော်မူသော တရားတော်ကို ကြည်ညိုလှပါသည်၊ ဤယနေ့မှစ၍ အသက်ထက်ဆုံး၊ ဘုရား၊ တရား၊ သံဃာကို ကိုးကွယ်ပါ၏၊ ကျွန်ုပ်ကိုဥပါသကာဟုမှတ်တော်မူပါလော့" ဟုလျှောက်၏၊ များစွာသော ပစ္စည်းဥစ္စာကို သာသနာ၌ စွန့်ကြဲလှူဒါန်းပူဇော်၏။

[သုံးဆွန်တွင်လာ၏]

၃၁–တပေါစ

မြိုးမြဲစွဲတာ၊ ကျင့်သိက္ခာ၊ ခေမာရောက်ကြောင်းမှတ်၊
[မြိုးမြဲစွာကျင့်ရခြင်း]

တပေါ–ဝိဂြိုဟ်

ကိလေသေ တပေတီတိ တပေါ။

ယောပုဂ္ဂလော-အကြင်ပုဂ္ဂိုလ်သည်၊ ကိလေသေ-ကိလေသာတို့ကို၊ တပေတိ-ပူပန်စေတတ်၏၊ ဣတိတသ္မာ-ထိုသို့ပူပန်စေတတ်သောသတ္တိကြောင့်၊ သောပုဂ္ဂလော-ထိုပုဂ္ဂိုလ်သည်၊ တပေါ-တပမည်၏။

[မင်္ဂလသုတ္တဝိဂ္ဂဟဒီပနီ-၅၀]

ရင်းအဓိပ္ပါယ်များ

(၁) ဣန္ဒြေကိုစောင့်ခြင်းသတိ၊ အပျင်းကိုပူပန်စေခြင်း ဝီရိယသည် တပ မည်၏။

[မင်္ဂလာအဖွင့်အကျယ်လက်စွဲ-၂၀၂]

(၂) ဣန္ဒြေကို စောင့်ရှောက်လျက် ဟိရိဩတ္တပ္ပတရား မပျက်စေရာ၊ ထိုဟိရိဩတ္တပ္ပတရားကို ရစေခြင်း၌ ဣန္ဒြေကိုမပျက်စေရ၊ မြိုးမြဲစွာ အားထုတ်ခြင်းသည် တပမည်၏။

[မင်္ဂလာသာရဒီပနီ-၁၉၆]

ဤမင်္ဂလာ၏အဓိပ္ပါယ်များ

(၁) တပေါစာတိ အတ္တနော ကာယံတပိယာတီတိအတ္ထော။

တပေါစာတိ–တပေါစဟူသည်ကား၊ အတ္တနော-မိမိ၏၊ ကာယံ-ကိုယ်ကို၊ တပိယတိ-မြိုးမြဲစွာ ကျင့်အင်၏၊ ဣတိအယံ-ဤသည်လျှင်၊ အတ္ထော-တပေါစဟူသောပုဒ်၏အနက်တည်း။

[မင်္ဂလာဂဏ္ဌိ-၁၁၉]

(၂) တပေါစ—ဒါန၏ပြည့်စုံခြင်း ဒါနပါရမီ၊ သီလ၏ပြည့်စုံခြင်း သီလပါရမီ၊ ကိလေသာမှဝေးခြင်း၏ ပြည့်စုံခြင်း နိက္ခမပါရမီ၊ ကောင်းသော အမှုကိုထားတော့မည်ဟု အဓိဋ္ဌာန်ထားခြင်း၏ ပြည့်စုံခြင်း အဓိဋ္ဌာန်ပါရမီ၊ အဓိဋ္ဌာန်အတိုင်း ကောင်းမှုပြုနိုင်ခြင်း၏ပြည့်စုံခြင်း သစ္စာပါရမီ၊ သည်းခံခြင်း၏ ပြည့်စုံခြင်း ခန္တီပါရမီ၊ ကောင်းသောအမှုကို အားထုတ်ခြင်း၏ ပြည့်စုံခြင်း ဝီရိယ ပါရမီ၊ သတ္တဝါတို့ ချမ်းသာပါစေဟူသော မေတ္တာ၏ပြည့်စုံခြင်း မေတ္တာပါရမီ၊ ကံစီမံရာ သတ္တဝါ ခံရှာရတော့မည်ဟူသော ဥပေက္ခာနှင့်ပြည့်စုံခြင်း ဥပေက္ခာပါရမီ၊ သံသရာနိဗ္ဗာန်၊ ဤနှစ်တန်၌ ပိုင်းခြား၍သိခြင်း၊ ထိုးထွင်း၍သိခြင်း ပညာပါရမီ၊ ဤသည့် တရားတို့ကို ပွါးများအောင် ကျင့်ရခြင်း သည်လည်း ကောင်း။

[မင်္ဂလသုတ်နိဿယ-၁၉]

(၃) မြိုးခြိစ္စာကျင့်ခြင်းဟူသည်ကား အဘိဇ္ဈာဒေါမနဿအစ ရှိသော အကုသိုလ်တရားတို့ကို ပူပန်စေတတ်၊ ဖျက်ဆီးတတ်သော ဣန္ဒြိယသံဝရတည်းဟူသော သတိတရား၊ ပျင်းရိဆုတ်နစ်တတ်သော ကောသဇ္ဇတရားကို ပူပန်စေတတ်သော ဝီရိယ တရား၊ ဤတရားနှစ်ပါးတို့ကို မယုတ်လျော့စေမူ၍၊ မဆုတ်မနစ် အရိုးကြွင်းစေ၊ အရေအကြောကြွင်းစေ၊ အသားအသွေးခန်း ခြောက်စေ၊ အကျင့်ကျေးဇူးသို့ရောက်အောင် ဉာဏ်နှင့်ယှဉ် လျက် အားထုတ်ဆောက်တည်ခြင်းကိုဆိုသည်။

[မင်္ဂလတ္ထပုစ္ဆာဝိသဇ္ဇနာ-၄၁]

(၄) ယောတပေါစ၊ အကြင်မကောင်းစဖွယ်၊ အပါယ် လေးဝ၊ ကျစေလားစေတတ်သော လောဘ၊ ဒေါသ၊ မောဟ၊ မာန၊ ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ ထိန၊ မိဒ္ဓ၊ ဥဒ္ဒစ္စ၊ အဟိရိက၊ အနောတ္တပ္ပ၊ အတ္တကိလမထာနုယောဂ၊ ရူပကာမဂုဏ်၊ သဒ္ဒကာမဂုဏ်၊ ဂန္ဓ ကာမဂုဏ်၊ ရသကာမဂုဏ်၊ ဖေါဋ္ဌဗ္ဗကာမဂုဏ် တည်းဟူသော

ကာမသုခလ္လိကာနုယောဂ၊ ထိုအယုတ်တရားနှစ်ပါးတို့ကို ရှိုးခြိ စွာကျင့်ရခြင်းသည်လည်းကောင်း။

[မင်္ဂလသုတ်ဋီကာ-၁၀]

(၅) တပေါစ-ဆုန္ဒြေခြောက်ပါး၊ မမှောက်မှားအောင်၊တံခါး ချိတ်ဘိ၊ သတိမျိုးမှန်၊ အဘိုးတန်ဖြင့်၊ ရှိုးခြိစွာ ကျင့်ခြင်းလည်း ကောင်း၊ဝါ-ဣန္ဒြိယ၊သံဝရဟု၊သီလမျိုးမှန်၊အဘိုးတန်ကို ရှိုးခြိစွာ ကျင့်ခြင်းလည်းကောင်း၊ ဝါ-မပျင်းမရိ၊လုံ့လရှိလျက်၊ ဝီရိယဖြင့် သာ၊သမ္မာအာဇီဝ၊ သီလမျိုးမှန်၊ အဘိုးတန်ကို၊ ရှိုးခြိစွာကျင့်ခြင်း လည်းကောင်း။

[မင်္ဂလဏ္ဏဒီပက-၃၅]

(၆) တပေါစဟူသောပါဠိ၌ တပဟူသည်ကား အဘိဇ္ဈာ ဒေါမနဿ အစရှိကုန်သော အကုသိုလ်တရားတို့ကို ပူပန်စေ တတ်၊ ပျက်စီးစေတတ်သော ဣန္ဒြိယသံဝရတည်းဟူသော သတိ တရားတည်း၊ ဝါ-ပျင်းရိဆုတ်နစ်တတ်သော ကောသဇ္ဇကိုပူပန် စေတတ်သော ဝီရိယတရားတည်း။

[မင်္ဂလာသာရဒီပနီ-၁၉၀]

(၇) ရှိုးခြိစွာကျင့်ခြင်းသည်ကား သူတပါးတို့၏ စည်းစိမ် ကိုလိုချင်တပ်မက်ခြင်း၊ အမျက်ထွက်ခြင်း အစရှိသော မကောင်း မှုတရားတို့ကို ပယ်ဖျက်ခြင်း၄၊ သီလဆောက်တည်ခြင်း၊ ဈာန် မဂ်တရားကိုအားထုတ်ခြင်း စသောဆင်းရဲပင်ပန်းခံမှုကိုဆိုသည်။

[မင်္ဂလာအလင်း-၃၆]

(၈) တပေါစ-ဒေါသအမျက်၊တပ်မက်ဝန်တို၊ မလိုစိတ်ချ၊ မ ကောင်းမှုကို၊ မပြုပယ်ရှား၊စောင့်သားဣန္ဒြေ၊အခြေဈာန်မဂ်၊ထက် သည့်အကြံ၊ လုံ့လရှဲ၍၊ ရှိုးခြိစွာကျင့်ခြင်းသည်လည်းကောင်း။

[မင်္ဂလာအလင်း-၈၅]

(၉) ယောတပေါစ-အကြြင်တပသီအကျင့်၊ဆယ်ဆင့်သီလ၊ အာဇီဝဖြင့်၊ ကာမတရား၊ မတက်ပွါးအောင်၊ ကြိုးစား၍ စိတ်ကို နှိမ်ရခြင်းသည့်ရင်း။

[ရွှေမင်းဝံ့ငှက်တွင်းဆရာတော်]

(၁၀) တပေါစ—ငါးပါး ၇စ်ပါး ဆယ်ပါး ဥပုသ်၊စောင့်ချုပ် ထိန်းသိမ်းခြင်းစသော မြိုးမြ်ရွှေတာမှုသည် လည်းကောင်း။

[မင်္ဂလသုတ်မိတ်လင်္ကာ-၁၇]

(၁၁) တပေါစ-အဘိဇ္ဈာ ဒေါမနဿ၊ စသည်ထိုထို၊ အကု သိုလ်တို့၊မခိုမကပ်၊ မတန့်ရပ်နိုင်အောင်၊ ဟိရောတ္တပ်နှစ်ဦးကို၊ အာ မှုးတင်မြှောက်၍၊ ၆-ပါးသောဇာနေ္ဒြ၊ခြောက်ထွေသော တံခါးကြီး တို့ကို၊ အပြီးလုံခြုံစွာ၊ ဆို့ပိတ်ရခြင်း၊ ပျင်းရိ ဆုတ်နစ်သော ကောသဇ္ဇရန်သူကို၊ ဆုညံ့မနေ၊ ပူပန်စေလျက်၊ အရေနွမ်းညှိုး၊ အရိုးငေါငေါ၊ အကြောပြိုင်းပြိုင်း၊ ဆိုင်းစေကြွင်းစေ၊ သွေးသား ကုန်ပျောက်၊ ခြောက်စေခန်းစေ၊ လေးထွေအင်္ဂါ၊ စဉ်လာအား သွန်၊ တရားမွန်ကို၊ လွန်စွာကျင့်ကြံရခြင်း၊ ယင်းသို့ဇာန္ဒြိယသံဝရ၊ ဝီရိယတို့ဖြင့်၊ ကောသဇ္ဇအဘိဇ္ဈာတို့၊ ကွာရန်ကင်းရန်၊ အမျိုးမျိုး ကြံပြီးလျှင် မြိုးမြ်စွာကျင့်ရခြင်းသည်လည်းကောင်း။

[မဟာပရိတ်တော်ကြီးနိဿယသစ်-၃၁]

နောင်တပူပန်ရတတ်သည်

အဥ္ဈဂိကာ၊ တပစရိ၊ သုဒ္ဓိသီလ၊ မြတ်ဓမ္မကို၊ ကာလချိန်သင့်၊ မပြုလင့်ကနောင်ကာလ။ ။နောင်တပူပန်-ရတတ်သည်။

[အရှင်ပါလိတမဟာထေရ်]

မင်္ဂလာမည်ပုံ

(၁) တရားနှင့်ညီစွာ မြိုးမြ်သောအလေ့အကျင့်သည် ကောင်း သောမင်္ဂလာမည်၏။

[နရဒက္ခဒီပနီ-၃၆၆]

(၂) တပေါ်စဟူသောပုဒ်၌ ထိုသို့ဆိုအပ်ပြီးသောဆူဖြိုယသံဝရ၊ ဣရိယဟူသောတပသည် အဘိဇ္ဈာအစရှိသည်ကိုပယ်ခြင်း၊ဈာန်မဂ်ဖိုလ်ကိုရခြင်း၏ အကြောင်းဖြစ်သောကြောင့် မင်္ဂလာမည်၏။

[မင်္ဂလာသာရဒီပနီ-၁၉၀]

(၃) အကုသိုလ် တရားတို့ကို မပြုမလုပ်တဲ့ ခြိုးခြံစွာကျင့်ခြင်း၊ ကိလေသာကာမဂုဏ်၏ အလိုသို့ မလိုက်စားတဲ့ ခြိုးခြံစွာကျင့်ရခြင်း၊ အဝတ်အစား အပျော်အပါးနောက်သို့ မလိုက်တဲ့ ခြိုးခြံစွာကျင့်ခြင်း၊ ဤသို့အစရှိသော ခြိုးခြံစွာကျင့်ခြင်းတို့သည် မင်္ဂလာမည်၏။

[မင်္ဂလာသာရလက်စွဲ-၁၉၉]

တပေါ်စမင်္ဂလာသံပေါက်

က—(၁) ခြိုးခြံကျင့်က၊ တပေါ်စ၊ ဟောပြမင်္ဂလာ၊
(၂) အကျင့်ခြိုးခြံ၊ မကောင်းရန်၊ ပယ်လှန်ဖျက်ဆီးရာ၊
(၃) ခုကောင်းနောက်ကောင်း၊ နှစ်ရပ်ကောင်း၊ အကြောင်းထူးလှစွာ၊

[မင်္ဂလဗ္ဗုဒ္ဓါဝိသဇ္ဇနာ-၄၁]

ခ—(၁) ဆဲ့ခြောက်ချရှိ၊ ဥပက္ကိ၊ မငြိဝေးစေမင်း၊
(၂) ကုသလစိတ်စွဲ၊ ဥပါဒ်ဆဲ၊ ဘက်တွဲအကုကင်း၊
(၃) စဥ်လာဖြစ်ပျက်၊ ဘဝင်ဆက်၊ စိတ္တက်လွှန်မြန်ခြင်း၊
(၄) စိတ္တက္ခဏ၊ မြန်ပါလှ၊ ဒွါရခြောက်ပါးယွင်း၊
(၅) အာသဝေါလေးဖြာ၊ ထွေးရှုပ်ဖြာ၊ ခြောက်ဖြာတံခါးသွင်း၊
(၆) သတိချိတ်ထား၊ ဝိတ်တံခါး၊ ဝိတ်ထားပယ်သွားကင်း၊
(၇) ဆူဖြိုသသံဝရ၊ အမှန်ရ၊ တပကျင့်တင်းတင်း၊
(၈) တရားကိုယ်အရ၊ ကြားဆိုပြ၊ မှတ်ကြသတိရင်း၊

(၉) အပျင်းယုတ်မှန်၊ ရှင်းချုတ်ရန်၊ ဖန်ဖန်လုံ့လတင်း၊
(၁၀) ဗိရိယကို၊ တပဆို၊ ပြလိုတနည်းလင်း၊
(၁၁) သမ္ဘာအာဇီဝ၊ အညီမျှ၊ သီလကျင့်မယွင်း၊
(၁၂) တပေါ်စမင်္ဂလာ၊ ထင်ထင်ပြ၊ မဂ္ဂချာန်ကြောင်းရင်း၊

[မင်္ဂလတ္ထဒီပက-၃၆]

မင်္ဂလာပျို

မှတ်သားသေချာ၊စေ့စေ့နာလော့၊ သဋ္ဌာယတန၊ စက္ခုစသား၊ ဒွါရခြောက်ပါး၊ တံခါးလဟာ၊ ခြောက်မျက်နှာလျှင်၊ ပမာတင်ဘိ၊ သတိမပျက်၊ တံခါးရွက်တည့်၊ ဝင်ထွက်တံခါး၊ မပိတ်ငြားမူ၊ မြို့တွင်းသူတို့၊ ပူပူဆားဆား၊ မချမ်းသာအောင်၊ ဗျာပါဒသောက၊ အိမ်မှစ၍၊ များဖုဉ္ဖွာ၊ ရတနာရွှေငွေ၊ အထွေထွေကို၊ ယူလေ ခိုးသူ၊ ဖျက်ဆီးယူမှု၊ ပမာရူလော့၊ စက္ခုစသား၊ အာရုံအားဖြင့်၊ ခြောက်ပါးဒွါရာ၊ မလုံပါမူ၊ အဘိဇ္ဈာဒေါမနဿ၊ များလတ်ထိုထို၊ အကုသိုလ်တို့၊ ပျက်ပြိုပြုန်းတီး၊ အသီးသီးဖြင့်၊ ဖျက်ဆီးရာတွင်၊ မချွတ်ပင်တည်း၊မြို့ဝင်တံခါး၊လုံခြုံငြားက၊မြို့သားတဝေး၊ချမ်းငြိမ်း အေးလျက်၊ခိုးသေးထားပြု၊မတိုက်ရမှု၊ပမာပြုလော့၊စက္ခုစသား၊ အာရုံအားဖြင့်၊ ခြောက်ပါးဒွါရာ၊ လုံခြုံပါမူ၊ အဘိဇ္ဈာဒေါမနဿ၊ စရိုလတ်သား၊ တရားယုတ်မာ၊ မဝင်ရာဘိ၊ ကောင်းစွာသိလော့၊ ဟိရီဩတ္တပ္ပ၊ မြဲစောင့်အပ်သည့်၊ ကိုယ်ကြပ်တရား၊ ကပ်သော အားဖြင့်၊ ခြောက်ပါးဇာနေ၊ လုံခြုံစေမှ၊ သီလသမာ၊ ပညာသုပုဒ်၊ အနုတ္တရ၊ ဉာဏမျက်စိ၊ တိတိလင်းလင်း၊ အမြင်ပြင်းလျက်၊ သန့် ရှင်းအထွတ်၊ ပဋိဝေဓဉာဏ၊ ဆင်ခြင်ခါဖြင့်၊ ချမ်းသာဝိမုတ်၊ လောကုတ်တရား၊ အာရုံထားသည်၊–ခြောက်ပါး ဇာနေ–စောင့် လတ်တည်း၊

[သံတော်ဆင့်မင်း-ဦးကျော်ဇေ]

ဝတ္ထုသက်သေသာဓကများ

သုဝဏ္ဏသာမ

(၁) ဒုကူလ၊ပါရိကာ ရှင်ရသေ့တို့သည် မေထုန်အမှုများကို ပြုကျင့်သင့်လျက် မပြုမကျင့်မူ၍ မြိုးမြိစွာကျင့်ဘူးချေသည်။

[သုဝဏ္ဏသာမဇာတ်]

ဝေဿန္တရာ

(၂) ဝေဿန္တရာမင်းကြီးနှင့် မဒ္ဒီမိဖုရားတို့လည်း ဝင်္ကဘာ တောင်သို့ထွက်၍ ရသေ့ပြုကြသည့် ကာလ၊ မိမိတို့သောက် တည်အပ်သော သီလကို မပျက်စီးစေမူ၍ မေထုန် အမှုများကို ကြဉ်ရှောင်ကာ မြိုးမြိစွာကျင့်ဘူးလေသည်။

[ဝေဿန္တရာဇာတ်]

ဘုရားအလောင်းရသေ့

(၃) ဘုရားအလောင်းတော်သည် သုဒ္ဒိယအမျိုး၌ ဖြစ်သည့် ကာလ၊ အချိန်အရွယ်သို့ ရောက်လျှင်၊ အမိအဘဖြစ်သော သူတို့ သည် အမျိုးတူသတိုးသို့်းနှင့် ထိမ်းမြား၍ အိမ်ထောင်အမှုများ ကို အပ်နှင်းလေ၏၊ နောက်များမကြာမီ၊ကာမဂုဏ်အပြစ်များကို ဆင်ခြင်၍ အိမ်ထောင် ပရိဘောဂကို စွန့်ကြကာ နှုတ်ဦးသဘော တူ တောထွက်ကြလေသည်၊ ထိုရှင်ရသေ့တို့သည်လည်း မေထုန် အမှုကို ပြုကျင့်သင့်လျက် မပြုကျင့်မူ၍ မြိုးမြိစွာသောအကျင့်ကို ကျင့်ကြလေသည်။

လောမသ-ကဿပ

(၄) လွန်လေပြီးသော အခါ ဘုရားအလောင်းသည် ဟိမ ဝန္တာ၌ လောမသ ကဿပမည်သော ရသေ့ဖြစ်၍၊ ၎င်း၏ပြင်း

ထန်သော အကျင့်အာနုဘော်ကြောင့် သိကြားမင်း၏နေရာ တုန်လှုပ်ခြင်းဖြစ်လေ၏၊ သိကြားမင်းလည်း ဗာရာဏသီမင်းထံ ချဉ်းကပ်၍၊ ရသေ့အကျင့်ကို ဖျက်ရန်ညွှန်ကြား၏၊ မင်းကြီးက သ္မီးတော် စန္ဒဝတီနှင့် အမတ်သေယျတို့ကို လွှတ်လိုက်၍ တွေ့ကြသောအခါ "ရှင်ရသေ့-မင်း၏ ယဇ်ပူဇော်ခြင်းကိုပြုလျှင် ဤမင်းသ္မီးကိုပေးမြန်းမည်" ဟုလျှောက်ထားရာ၊ ရသေ့သည် ဈာန်ကိုဖျက်၍ စန္ဒဝတီကို ကြည့်သောအခါ အလွန်တပ်စွန်းသောစိတ်ရှိသည်၏အဖြစ်ကြောင့် ဈာန်သုတ်၍၊ ဟိရိဩတ္တပ္ပကိုပယ်ပြီး၊ "ကောင်းပြီဟု"ဝန်ခံလေ၏။

ယဇ်ပူဇော်မည့်နေ့တွင် ရသေ့သည် သံလျက်ကိုချီ၍၊ မင်္ဂလာဆင်ကိုခုတ်မည်ပြုသောအခါ၊သေဘေးမှကြောက်သဖြင့်ဆင်သည်သည်းထန်စွာ အော်လေရာ၊ ကြွင်းသော ဆင်မြင်းနွား တို့လည်း ဖေါက်ပြန်သော အသံဖြင့် မြည်တမ်း ဟစ်အော်ကြ၏၊ ရသေ့သည် ထိုအသံကိုကြားသောအခါ ထိတ်လန့်ခြင်းဖြစ်လျက်၊ နှလုံးမသာမယာဖြစ်ပြီးလျှင် သတိတရားရကာ မသတ်တော့ဘဲ၊ မင်းသ္မီးကိုလိုချင်သောရမက်မှ ငြိုးငြံ၍ ကသိုဏ်းကိုနှလုံးသွင်းမိလေရာ၊ ပျောက်သောဈာန် အဘိညာဉ်တို့သည် ခဏခြင်းထ၍၊ ကောင်းကင်၌ထက်ဝယ်ဖွဲ့ခွေနေပြီးလျှင် မင်းအားတရားဟောပြဆုံးမလေ၏။

[နဝနိပါတ်လောမသကဿပဇာတ်]

တောတွင်းသားယောက်ျား

(၅) လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဂန္ဓအမည်ရှိသော သူဌေးတယောက်သည် ၇-ရက်တကြိမ် ထမင်းစားပွဲသဘင်ပြု၍ ပြည်သူပြည်သားတို့အား ကြည့်စေ၏၊ တောတွင်းသားတယောက်သည် ကြီးကျယ်ခမ်းနားသော ထမင်းစားပွဲကို မြင်၍ အလွန်စားချင်ရကား သူဌေးအားပြောကြားသော်၊သူဌေးက ငါကဲ့သို့စားလိုလျှင် ငါ့အိမ်၌ ၃-နှစ်တိုင်တိုင် အစေခံ၍၊

မြိုးမြိစွာ နေမှုစားရမည် ဟုပြောလျှင် တောတွင်းသားလည်း သဘောတူလေ၏။

သုံးနှစ်စေ့ရောက်သော် ဘောဇဉ်စားဘွယ်တို့ကို မလျှာပ်နှင့် ပြင်၍ထားရာ၊ ပြည်သူတို့လည်း သုံးနှစ်မြိုးမြိ၍ရသော တောတွင်းသား ထမင်းစားသဘင်ကို ကြည့်အံ့ဟု စည်းဝေးလာကြကုန်၏၊ ထိုအခိုက် သုမနအမည်ရှိသော ရှင်ပစ္စေကဗုဒ္ဓါသည်လည်း ကြွလာလေရာ တောတွင်းသားလည်း မိမိပင်ပန်းဆင်းရဲစွာ ဒုက္ခနှင့်ရင်းနှီး၍ ရရှိအပ်သော ဘောဇဉ်တို့ကို စားလိုသည့် အာသာရမ္မက်မှမြိုးမြိ၍ ရှင်ပစ္စေကဗုဒ္ဓါအား လှူလိုက်လေ၏၊ ဤအခြင်းအရာကိုမြင်သော ဂန္ဓသူဌေးကြီးသည် သာဓုအနုမောဒနာပြုကာ မိမိစည်းစိမ်ကို ထက်ဝက်ပေးလေ၏၊ ဤအကြောင်းကို မြဟ္မဒတ်မင်းကြီးကြားပြန်လေရာ ဝမ်းသာရွှင်ပြ အမျှခံယူကာ၊ မြို့ရွာကျေးကျွန်များ ထပ်မံပေးလေ၏။

[မင်္ဂလာသာရဒီပနီ-၅၂]

ဤမင်္ဂလာနှင့် သက်ဆိုင်သော အခြားဝတ္ထုအနည်းငယ်တို့၏ ခေါင်းစဉ်နှင့် ကျမ်းကိုးကျမ်းကားများကို ရေးသားဖော်ပြလိုက်ပါဦးအံ့။

(၆) မဟာသီလဝဇာတ်။

[ဧကနိပါတ်-ဆဋ္ဌမဝဂ်]

(၇) အာဒေဒ္ဒဇာတ်။

[ဧကနိပါတ်-တတိယဝဂ်]

(၈) ဂေါဓာနိယဇာတ်။

[ဧကနိပါတ်-တတိယဝဂ်]

(၉) ဝဏ္ဏုပထဇာတ်။

[ဧကနိပါတ်-အပဏ္ဏကဝဂ်]

၃၂-ဖြဟ္မစရိယသုတ္တ

ဗြဟ္မစရိယ၊ ဗြဟ္မစင်လှုးကျင့်ကြစရိယာ၊

(၁)-မေထုန်ခုနစ်ပါးမှ ကြဉ်ရှောင်၍၊ မြတ်သော အကျင့်ကို ကျင့်ရခြင်း။

(၂)-မေတ္တာ၊ကရုဏာ၊မုဒိတာ၊ဥပေက္ခာတည်းဟူသောမြတ်သောဗြဟ္မဝိဟာရ တရားလေးပါးကို ကျင့်သုံးဆောက်တည်ခြင်း။

ဗြဟ္မစရိယဝိဂြိုဟ်

ဗြဟ္မံစရတီတိ ဗြဟ္မစရိယံ။

ယောပုဂ္ဂလော အကြင်ပုဂ္ဂိုလ်သည်၊ဗြဟ္မံ-မြတ်သော အကျင့်ကို၊ စရတိ- ကျင့်တက်၏၊ဇာတိတသ္မာ-ထိုသို့ ကျင့်တတ်သောသတ္တိကြောင့်၊ သောပုဂ္ဂလော- ထိုပုဂ္ဂိုလ်သည်၊ ဗြဟ္မစရိယံ-ဗြဟ္မစရိယမည်၏။

[မင်္ဂလသုတ္တဝိဂ္ဂဟဒီပနီ-၅၁]

အဗြဟ္မစရိယ

(က)-ကာယဒွါရ၌ဖြစ်သော မသူတော်အကျင့်ကို မှီဝဲခြင်း၏ အကြောင်းဖြစ်သော လွန်ကျူးခြင်း စေတနာသည် အဗြဟ္မစရိယ မည်၏။

[ခုဒ္ဒကပါဌအဋ္ဌကထာ]

(ခ)-မသူတော်အကျင့်ကို မှီဝဲလိုသဖြင့် ကာယဒွါရ၌ ဖြစ်သောမဂ်ဖြင့် မဂ်၌မှီဝဲခြင်းကို ဖြစ်စေတတ်သော စေတနာသည် အဗြဟ္မစရိယ မည်၏။

ထိုအဗြဟ္မစရိယ၏ သမ္ဘာရတို့သည် မှီဝဲလိုသည်၏အဖြစ်ဟူသောစိတ်လည်းတပါး၊ မဂ်ဖြင့် မဂ်၌ မှီဝဲခြင်းလည်း တပါးဟူ၍ နှစ်ပါးအပြားရှိကုန်၏။

[ဗြဟ္မဇာလသုတ်ဋီကာ]

ဤမင်္ဂလာ၏ အဓိပ္ပါယ်များ

(၁)-ဖြဟ္မစရိယဥ္စာတိ မေထုနံ ဓမ္မံ အကတွာ ဖြဟ္မံ စရိယတိတိ အတ္ထော။

ဗြဟ္မစရိယဥ္စာတိ- ဗြဟ္မစရိယဥ္စဟူသည်ကား၊မေထုနံ-ရွာသူ တို့သည် ပြုကျင့်အပ်သော(ဝါ)သူယုတ်တို့သည် ပြုကျင့်အပ်သော၊ ဓမ္မံ-တရားကို၊အကတွာ-မပြုမူ၍၊ (ဝါ)မကျင့်မူ၍၊ (ဝါ)မေထုန်မှီဝဲ ခြင်းအမှုကိုမပြုမကျင့်မူ၍၊ဗြဟ္မံ -မြတ်သောအကျင့်ကို၊(ဝါ)ရသေ့ ရဟန်းတို့အကျင့်ကို၊ စရိယတိ–ကျင့်အပ်၏၊ ဣတိအယံ-ဤသည် လျှင်၊အတ္ထော-ဗြဟ္မစရိယ ဟူသော ပုဒ်၏အနက်တည်း၊ မေထုန် အမှုကိုကြဉ်ရှောင်၍ ကျင့်သောအကျင့်ကို ဗြဟ္မစရိယအကျင့်ဟု မှတ်ရမည်။

[မင်္ဂလာဂဏ္ဌိ-၁၂၀]

(၂) ဗြဟ္မစရိယံနာမ မေထုနဝိရတိ။
မေထုနဝိရတိ-မေထုန်အကျင့်မှ ကြဉ်ခြင်းသည်၊ ဗြဟ္မစရိယံနာမ- ဗြဟ္မစရိယမည်၏။

[ပရိတ်ကြီးနိဿယ-၄၆]

(၃) ဗြဟ္မစရိယဥ္စ-ကာမဂုဏ်နှင့်အာရုံမစပ်၊မြတ်သောရသေ့ ရဟန်း အကျင့်ကိုကျင့်ရခြင်းသည်လည်းကောင်း။

[မင်္ဂလသုတ်မိတ်လင်စုံ-၁၇]

(၄) မြတ်သောမေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာတည်း ဟူသော ဗြဟ္မစိုရ်တရားကို ကျင့်ရခြင်းသည်လည်းကောင်း။

[မင်္ဂလာခွဲအမေးအဖြေ–၁၈]

(၅) ဗြဟ္မစရိယဉ္စ- မိန်းမယောကျ်ားနှစ်ပါး ပျော်မွေ့ရွာဓ လေ့ဟု၊ အတွေ့ကြဉ်ဖယ်၊ စင်ကြယ်ကောင်းလတ်၊ အကျင့်မြတ် ကို၊ မပြတ်ကျင့်ခြင်းသည်လည်းကောင်း။

[မင်္ဂလာအလင်း-၈၅]

(၆) ယံဖြဟ္မစရိယဉ္စ-အကြင် ဖြဟ္မာ့နတ်လို၊ ဖြဟ္မစိုရ်အဝါး ဝလျက်၊ကာလရှည်ကြာ၊ မရဏာသန္ဓ၊စုတိကျအောင်၊ဖြဟ္မဝိဟာ ရ-၉-ပါးပွါးစီးလျက် နေထိုင်ရခြင်းသည်လည်းကောင်း။

[ရွှေမင်းဝံ့ငှက်တွင်းဆရာတော်-၃၀]

(၇) မကောင်းသော အကျင့်ကိုမကျင့်၊ရွာသူတို့၏အလေ့အ ကျင့်ဖြစ်သော မေထုန်အကျင့်ကိုမကျင့်၊ သူတော်ကောင်းတို့၏ အကျင့်ဖြင့်သာလျှင် ကျင့်သည်ကို မြတ်သောအကျင့်ဆိုပါသည်။

[မင်္ဂလတ္ထဒီပနီ ဘာသာဋီကာ နာကျမ်း-၄၁]

(၈) ဖြဟ္မစရိယဉ္စ-မမြတ်သော မေထုနသေဝန စသည်တို့မှ ကြဉ်ရှောင်၍ သတ္တဝါအများ ချမ်းသာပါစေဟူသော မေတ္တာ၊ ဆင်းရဲမှ လွတ်ပါစေဟူသော ကရုဏာ၊ ချမ်းသာသောသတ္တဝါ ချမ်းသာအတိုင်း တည်ပါစေဟူသော မုဒိတာ၊ ကံပြုပြင်ရာ သတ္တဝါ စံရာဖြစ်ပေသည်ဟူသော ဥပေက္ခာဖြစ်အောင် မြတ် သောတရားကိုကျင့်ရခြင်းသည်လည်းကောင်း၊

[မင်္ဂလသုတ်နိဿယ-၁၉]

(၉) ဖြဟ္မစရိယဉ္စ-အကြင်သတ္တဝါတို့၌ ချစ်အပ်သောမေတ္တာ တည်း ဟူသော အဒေါသ စေတသိက်တရား၊ ဆင်းရဲသောသတ္တ ဝါတို့၏ ဒုက္ခကိုမြင်သောအခါ ချမ်းသာစေခြင်းငှါ အလိုရှိ သော ကရုဏာ စေတသိက်တရား၊သား မြေး ရွှေငွေ ဘဏ္ဍာအခြံ အရံတို့နှင့် ပြည့်စုံသော သုခိတသတ္တဝါတို့ကို မြင်သောအခါ ဝမ်းမြောက်ဝမ်းသာရှိခြင်းဟူသော မုဒိတာ စေတသိက်တရား၊ အလိုရှိအပ်သောဣဋ္ဌာရုံ၊ အလိုမရှိအပ်သော အနိဋ္ဌာရုံတို့၌ လျစ် လျူရှုအပ်သော ဥပေက္ခာ တည်းဟူသော တတြမဇ္ဈတ္တတာ စေ တသိက်တရား၊ ဤဖြဟ္မဝိဟာရ တရားလေးပါးနှင့် ပျော်ညီစွာ ကျင့်ရခြင်းသည်လည်းကောင်း။

[မင်္ဂလသုတ်ဋီကာ-၁၀]

တချို့နေရာတွင် တရားဟောခြင်းသည် ဖြဟ္မစရိယမည်၏၊ အခြားတနေရာတွင် မြတ်သောအလိုသည် ဗြဟ္မစရိယမည်၏ ဟု-ဆိုထားပေသည်၊ ထို့ပြင် လေးပါးသော သင်္ဂဟဝတ္ထုသည် လည်း မြတ်သောအကျင့်ဖြစ်သောကြောင့် ဗြဟ္မစရိယမည်၏-ဟုဆိုထားပေသေး၏။

ဗြဟ္မစရိယတရား ၁၀-ပါး

(၁)-ဒါန၊ (၆)-မိမိမယားဖြင့်ရောင့်ရဲခြင်း၊
(၂)-ဝေယျာဝစ္စ၊ (၇)-ဝီရိယ၊
(၃)-ပဉ္စသီလ၊ (၈)-ဥပုသ်အင်္ဂါ၊
(၄)-အပ္ပမညာ၊ (၉)-အရိယမဂ်၊
(၅)-မေထုန်မှကြဉ်ခြင်း၊ (၁၀)-သာသနာ၊
ဤသို့ အားဖြင့် ၁၀-ပါးအပြားရှိ၏။

[ဇာတိဂုတ်-အဋ္ဌကထာ]

အောက်ပါ ၂-မျိုးထည့်သော် ၁၂-ပါးရ၏။
၁၁-တရားဟောခြင်း၊ ၁၂-မြတ်သောအလို၊

[မဟာသီဟနာဒသုတ်အဋ္ဌကထာ]

မေထုန် ၇-ပါး

(၁) မိန်းမ၏နံ့သာဖြင့် လိမ်းကျံ၍ ပေးခြင်း၊ နင်းနှိပ် ဆုပ်နယ်ခြင်း၊ ရေချိုး၍ ပေးခြင်းကိုသာယာခြင်း။

(၂) မိန်းမနှင့်အတူတကွ ပြင်းစွာရယ်ခြင်း၊ ကစားခြင်းကို သာယာခြင်း။

(၃) မိန်းမ၏မျက်စိ စသော အဆင်းသဏ္ဌာန်ကိုမိမိမျက်စိဖြင့် တစိမ့်စိမ့်ကြည့်ရှုသာယာခြင်း။

(၄) တိုက်နံရံတဘက်မှနေ၍ မိန်းမ၏ရယ်သံ၊ စကားပြော သံ၊ သီချင်းဆိုသံကိုသာယာခြင်း။

(၅) ဈေးကမိန်းမနှင့်တကွ ရယ်ရွှင်ဘူးခြင်း၊ စကားပြောဆိုဘူးခြင်း၊ ကစားဘူးခြင်း တို့ကို အောက်မေ့၍သာယာခြင်း။

(၆) သူတပါးတို့ကာမဂုဏ်ငါးပါး၌ ခံစားသည်ကိုမြင်သ‌ဖြင့် သာယာခြင်း။

(၇) လူ့ပြည်နတ်ပြည်ကိုတောင့်တ၍ အလှူပေးခြင်းစသည် ကို သာယာခြင်း။

[ဝိသုဒ္ဓိမဂ်အဋ္ဌကထာ]

ရင်းသံပေါက်

(၁) ကြည့်ထိစကား၊အသံကြား၊ ကြံငြားကာမဂုဏ်။

(၂) စည်းစိမ်သာယာ၊ ဝတ်ပဏ္ဏာ၊ သဏ္ဍာငယ်မေထုန်။

မင်္ဂလာမည်ပုံ

(က)-အဗြဟ္မစရိယဟုဆိုအပ်သော ယုတ်မာခြင်း၊ မမြတ်ခြင်းရှိသောမေထုန်အကျင့်ကို ပြုကျင့်ခြင်းမှကြဉ်ခြင်းဟု ဆိုအပ်သော မြတ်သောအကျင့်ဟု ဘုရားချီးမွမ်းတော်မူအပ်သော ဗြဟ္မစရိယ တရားကိုကျင့်ခြင်းသည် အရဟတ္တဖိုလ်တိုင်အောင် အကျိုးစီးပွါး များရသော အကြောင်းဖြစ်သောကြောင့် မင်္ဂလာမည်၏။

[မင်္ဂလာသာရဒီပနီ-၂၀၅]

(ခ)-ဗြဟ္မစရိယသည် အထူးထူးအပြားပြားသော တရားဝိသေသကိုရခြင်း၏အကြောင်း ဖြစ်သောကြောင့် မင်္ဂလာမည်၏။

[မင်္ဂလာသာရဒီပနီ-၇၀၁]

အသက်ရှည်-အနာကင်းခြင်းအကြောင်း ၅-ပါး

(၁) သပ္ပါယကာရီ-သင့်တင့်သော အမှုကိုပြုခြင်း။

(၂) သပ္ပါယဘောဇနံ-သင့်တင့်သော အစာကိုစားခြင်း။

(၃) ဘောဇနေမတ္တညုတာ-အစာစားခြင်း၌ အတိုင်းအရှည်ကိုသိခြင်း။
(၄) ကာလစာရီ-ဥတုရာသီ အခါကာလ အလျောက်ကျင့်ခြင်း။
(၅)-ဗြဟ္မစရိယ-မြတ်သော အကျင့်ကို ကျင့်ခြင်း၊-ဟူ၍ငါးပါးတည်း။

[မင်္ဂလာပျို-၁၀၄]

ဗြဟ္မစရိယမင်္ဂလာသံပေါက်

(၁) မြတ်သောတရား၊ကျင့်သုံးငြား၊ မှတ်သားဗြဟ္မစရိယာ။
(၂) မြတ်သောတရား၊ ဟူသည်ကား၊ ရှောင်ရှားမေထုနာ။
(၃) မေထုန်အကျင့်၊ ရှောင်ကုန်လင့်၊ မည်သင့်မင်္ဂလာ။

[မင်္ဂလတ္ထပုစ္ဆာဝိသဇ္ဇနာကျမ်း-၄၁]

(၁)-မေထုန်လွှင့်ထား၊ ကျင့်တရား၊ဖွင့်ကြားဗြဟ္မစရိယာ။
(၂)-ရဟန်းတရား၊ လပ်းမှာ၊ ကျင့်ငြားဗြဟ္မစရိယာ။
(၃)-သာသနာတော်နှင့်၊အလျော်ကျင့်၊ခေါ်လင့်ဗြဟ္မစရိယာ။
(၄)-မင်္ဂလာသုတ်၊ တင်ပြထုတ်၊ အဟုတ်ကျမ်းမှကထာ။
(၅)-ခမ္ဘပါလဇာတ်၊ ဟောဆတ်ဆတ်၊ ပြောဘတ်တနည်းမှာ။
(၆)-ငါးပဥ္စသီ၊ ယှဉ်ကာမှီ၊ တလီဗြဟ္မစရိယာ။
(၇)-အဗြဟ္မစရိယ၊ ရှောင်ကြဉ်က၊ ရလိမ့်ကျိုးရှစ်ဖြာ။
(၈)-ဗြဟ္မစရိယ၊ ရှိလေက၊ ရလိမ့်ချမ်းမဂ္ဂါ။

[မင်္ဂလတ္ထဒီပက-၃၇]

မင်္ဂလာပျို

ဗြဟ္မစရိယ၊မြတ်လှတရား၊ ထိုဆယ်ပါးကို၊ ထင်ရှားဒေသနာ၊ ကျမ်းဂန်လာသည်၊ ဆိုင်ရာဆိုင်ရာ၊ မင်္ဂလာဖြင့်၊သွင်းပါကြွလျှင်၊ ဗြဟ္မစရိယာ၊ ဤအရာမှု၊တပါးယူလော့၊ကြင်သူမယား၊ ညာဘက်ထားမှ၊ တပါးအကျင့်၊ ရောင့်ရဲလင့်၍၊ မသင့်အပ်စွာ၊ ရှောင်ကြဉ်

ရာလည်း၊ ဗြဟ္မစရိယတ်၊ အကျင့်မြတ်သာ၊ သူတော်စွာတို့၊ကျင့်ရာလမ်းဟောင်း၊ တံမျဉ်းကြောင်းဟု၊ ထုံးဟောင်းမှတ်သား၊ကျင့်ကြံပြားမြို့၊ မှန်မချိုလျှင်၊ ဤသို့ကျင့်သား၊အကျိုးအားမူ၊လေးဆူကျွန်းမြတ်၊ စိုးမိုးလတ်သည့်၊ မန္ဓာတ်စကြာ၊တုန်းရောင်ဖြာ၍၊အခြာချုပ်တည်း၊ အုပ်စီးချမ်းငြိမ်၊ မင်းစည်းစိမ်လျက်၊ မန္တီးဘက်သာ၊ အထက်ခြောက်ရွာ၊ဒေဝါဒေဝ၊ ပရနိမ္မိ၊နတ်ဘုံရှိတို့၊စည်းစိမ်မြို့ဖြင့်၊ လူတို့အသက်၊ ချင့်တွက်သင်္ချာ၊ကိုးရာနှစ်ဆယ်၊ စွန်းကယ်မသွေ့၊ တကုဋေ့စစ်၊ ထိုနှစ်တိုင်တိုင်၊ ပြီးခိုင်စည်းစိမ်၊ နတ်ရိပ်ငြိမ်ဖြင့်၊ မွေ့သိမ်ချမ်းသာ၊ခံစားရာ၏၊တဖြာထိုမှ၊ပစ္စက္ခလည်း၊မချမပျက်၊ အသက်ရှည်ရာ၊ အနာကင်းခြင်း၊ ကြောင်းရင်းငါးပါး၊ ထိုတရားတွင်၊ တပါးဝင်ဟု၊ ဆင်ခြင်မှတ်သား၊သတိထားသည်။ ။တရားဗြဟ္မစရိယတည်း။

ဗြဟ္မစရိယ၊ ဆင့်၍ပြအံ့၊ လောကခမ္ဘတာ၊ လူ့တံထွာလျှင်၊ကာမာရတိ၊ ရွံ့ဘွယ်လိဟု၊ လောကီစည်းစိမ်၊ ဘင်ပုပ်အိမ်သို့၊ ကြိမ်ကြိမ်များစွာ၊ ကိလေသာကို၊ အာသာငမ်းငမ်း၊ တပ်မက်လွှမ်းလျက်၊ သော့သွမ်းရမ္မက်၊ ပုပ်နံချက်ဖြင့်၊ ကလက်ကလိန်း၊ ညာဏ်မထိန်းဘဲ၊ မိန်းမနိုင်ငံ၊ ဆက်ဆံမြူတူး၊ လိုက်စားကြူးလျှင်၊ကျေးဇူးမပြူး၊ တန်းခိုးယုတ်စွာ၊ ပညာယုတ်ပြား၊ ခွန်အားယုတ်ပျက်၊ ကိုယ်လက်ကိုက်ခဲ၊ ဆင်းရဲပူဆာ၊ ရုပ်ဝါမလန်း၊ အားကုန်ခန်းပြီး၊ ပင်ပန်းကြီးလျက်၊ ကုတ်ဟီးချောင်းဆိုး၊ ဘေးထိုးရင်ကြပ်၊ ဖြူဖပ်သားရေ၊ မူးမှိုင်ဝေလျက်၊ အနေမကောင်း၊ အညောင်းအကိုက်၊ ကိုယ်၌ပေါင်းစု၊ ဆနုဇဆိုး၊ ရောဂါအိုးလျှင်၊ နာမျိုးတည်ရာ၊ လွန်ယုတ်မာ၏၊ ဓမ္မတာဝန်၊ မလွန်နိုင်ကြ၊ သင့်ရုံမျှသာ၊ဝစ္စာအိမ်လျှင်၊ ထွက်ဝင်သွားလာ၊ ထိုအခါသို့၊ ပညာချင့်လျက်၊ ဆင့်ဆင့်မပွါး၊ စောင့်စည်းပြားက၊ ခေါင်းပါးရောဂါ၊ ကင်းအနာနှင့်၊ ရသာယန၊ ဘေသဇ္ဇသို့၊ ကာယမန္တမ်း၊ ကြည်ချမ်းသည်။ ။သက်တမ်းရှည်မှုကြည်လတ်တည်း။

[သံတော်ဆင့်မင်း—ဦးကျော်—၁၀၃]

ဝတ္ထုများ

၁–မိပ္ပလိနှင့် မယ်ဘဒ္ဒါဝတ္ထု

ရှေးသရောအခါ ရာဇဂြိုဟ်ပြည်၌ ကပိလပုဏ္ဏားတွင် မိပ္ပလိမည်သော သားတယောက်ရှိ၏၊ သာဂလမြို့၌လည်း ဘဒ္ဒါကာပိလာနီမည်သော ကောလိယအနွယ်ဝင် အပျိုစင်တဦး ရှိလေ၏၊ နှစ်ဦးစလုံးပင် အပြဟ္မစရိယာ အလုပ်ကိုစက်ဆုပ်ကြသူများဖြစ်ကြ၏၊ သို့သော် နှစ်ဘက် မိဘများ၏ ပေးစား ထိမ်းမြားသည့်အတွက် လက်ထပ်ကြရ၏၊ တိုညကပင်စ၍၊ ခုတင်ပေါ်တွင် နှစ်ကိုးသော ပန်းဆိုင်းတို့ကို ခြား၍ အိပ်ကြ၏၊ မိဘတို့ကွယ်လွန်ကြသောအခါ၊ ရဟန်းပြုကြပြီးလျှင်၊ ဘုရားရှင်ထံသို့ တသမ်းစီခွဲ၍ သွားကြ၏၊ ထိုနှစ်ဦးတို့သည် မေထုန်မှကြဉ်ခြင်း တည်းဟူသော ဗြဟ္မစရိယာကိုကျင့်၍ အရဟတ္တဖိုလ်သို့ ရောက်ကုန်၏။

[ကဿပသံယုတ်အဋ္ဌကထာ]

(၂)–အင်္ဂိဒတ္တပုဏ္ဏား

လွန်လေပြီးသောအခါ သာဝတ္ထိပြည်၌ ပသေနဒီကောသလမင်းကြီးထံဝယ် ပုရောဟိတ် ပုဏ္ဏားသည် တပည့်ငါးရာနှင့် အမှုထမ်းလေ၏၊တနေ့သောအခါ ဗြဟ္မစရိယာကို ကျင့်ရသော်ကောင်းမည်ဟု အကြံပေါ်၍၊ မင်းကြီးထံမှခွင့်ပန်ပြီးလျှင်၊ နေရဥရုရာမြစ်နားသို့သွားလေ၏၊ မီးပုံကို မပြတ်ပူဇော်လျက် ရှိသောကြောင့် အင်္ဂိဒတ္တဟုအမည်တွင်၏၊ ၎င်းနေရာအနီးသို့ ဘုရားရောက်သောအခါ ရှင်မောဂ္ဂလာန်ကို ဆုံးမစေ၍ မြတ်စွာဘုရား၏ တရားတော်ကို ကြားနာမှ ရဟန္တာ ဖြစ်ကြလေကုန်၏။

(၃)–ဥဒယဘဒ္ဒဇာတ်

လွန်လေပြီးသောအခါ ကာသိတိုင်း သုရုန္ဓနမြို့၌ ကာသိကရာဇ်မင်းသည်မင်းပြု၏၊ မိဖုရားကြီး၌ ဥဒယဘဒ္ဒမည်သော သား ဖွား

ဖြင်၏၊ အခြားမိဖုရားတပါး၌ ဥဒယဘဒ္ဒါမည်သော သမီးတော်တပါး ဖွားမြင်၏။

ဥဒယဘဒ္ဒမင်းသား အရွယ်သို့ ရောက်လတ်သော် မယ်တော်ခမည်းတော်တို့က ကြင်ယာရွေးချယ်ရန်ပြောဆိုရာ၊ အဗြဟ္မစရိယအလုပ်ကို စက်ဆုပ်သည့် အတွက် ကြင်ယာလောင်း မရစိမ့်သောငှါ ရွှေရုပ်နှင့်တူသောမိန်းမကိုရှာစေရာ မတွေ့သဖြင့် နောက်ဆုံး၌ ဥဒယဘဒ္ဒါမင်းသမီးနှင့် လက်ထပ်စေ၏။

ထိုနှစ်ယောက်တို့သည် အဗြဟ္မစရိယသိက္ခာပုဒ်ကိုစောင့်ထိန်းကာ မြတ်သော အကျင့်ဖြင့်သာ နေကြလေ၍ သေသည့်၏ အခြားမဲ့၌ သိကြားမင်းနှင့် သိကြားမိဖုရား ဖြစ်ကြလေကုန်၏။

[ဧကာဒသနိပါတ်-ဥဒယဘဒ္ဒဇာတ်]

(၄)—ဇနကရသေ့၊ တေမိရသေ့၊ နေမိရသေ့၊ ကိတ္တိရသေ့၊ ထိုရသေ့တို့ ကျင့်ကြသော အဋ္ဌသီလ၊ ဒသသီလတို့ကို ဆောက်တည်သောကာလ၌ သမာဒါန ဝိရတီအကျင့်မည်၏၊ ဤအကျင့်ကိုလည်း ဗြဟ္မစရိယ အကျင့်ဟု မှတ်ရမည်။

[မင်္ဂလာဂဏ္ဌိကျမ်း-၁၂၁]

(၅)—နကုလပိတာ၊ နကုလမာတာ သူဌေးခင်ပွန်း၊ ဥဂ္ဂသူကြွယ်၊ ဒုကုလနှင့် ပါရိကာစသည်တို့သည် ဗြဟ္မစရိယ ကျင့်သောပုဂ္ဂိုလ်တို့တည်း။

[ပရိတ်ကြီးဂဏ္ဌိကျမ်း-၆၄]

၃၃—အရိယသစ္စာနဒဿနံ

အရိယာသစ္စ၊ ဒဿန၊ သိကြမျိုးလေးဖြာ။
[အရိယာသစ္စာတို့ကိုသိမြင်ရခြင်း]

အရိယဝိဂြိုဟ်

မဂ္ဂဖလဓမ္မေ အရတိအဓိဂစ္ဆတီတိ အရိယော။

ယောပုဂ္ဂလော-အကြင်ပုဂ္ဂိုလ်သည်၊ မဂ္ဂဖလဓမ္မေ-မဂ်ဖိုလ်တရားတို့ကို၊ အရတိအဓိဂစ္ဆတိ-ရတတ်၏၊ ဣတိတသ္မာ-ထိုသို့ရတတ်သော သတ္တိကြောင့်၊ သောပုဂ္ဂလော- ထိုပုဂ္ဂိုလ်သည်၊ အရိယော-အရိယမည်၏။

သစ္စဝိဂြိုဟ်

သရတိ ဒုက္ခံ ဟိံသတီတိ သစ္စံ။

ယံဓမ္မဇာတံ- အကြင်တရားသဘောသည်၊ ဒုက္ခံ–ဆင်းရဲကို၊ သရတိ ဟိံသတိ-ညှဉ်းဆဲတတ်၏၊ ဣတိတသ္မာ- ထိုသို့ညှဉ်းဆဲတတ်သော သတ္တိကြောင့်၊ တံဓမ္မဇာတံ-ထိုတရားသဘောသည်၊ သစ္စံ-သစ္စမည်၏။

[မင်္ဂလသုတ္တဝိဂ္ဂဟဒီပနီ-၅၁]

အရိယသစ္စာ

(က) ဘုရားသည်အရိယာမည်၏၊ အရိယာဖြစ်သော ဘုရားသည် သိအပ်သည်၏ အဖြစ်ကြောင့်လည်းကောင်း၊ ဟောအပ်သည်၏ အဖြစ်ကြောင့်လည်းကောင်း၊ ထိုဒုက္ခ အစရှိကုန်သော လေးပါးကုန်သော တရားတို့သည် ဘုရား၏သစ္စာ မည်ကုန်၏၊ ထိုဘုရား၏သစ္စာမည်သောကြောင့်“အရိယာသစ္စာ”မည်၏။

[ညောင်ကန်မင်္ဂလသုတ်ဒီပနီ-၇၀၅]

(၁) အရိယသစ္စာနံ ဟူသောပုဒ်၏အရ သစ္စာကား ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာအားဖြင့် လေးပါးကိုယူအပ်၏၊

[မင်္ဂလာသာရဒီပနီ-၂၀၅]

ဒဿနအဓိပ္ပါယ်

(၁) "ဒဿန" ဟူသည်ကား သစ္စာလေးပါးတို့ကို ထိုးထွင်း၍သိသည်၏ အစွမ်းအားဖြင့် မဂ်ဉာဏ်ဖြင့် မြင်ခြင်းတည်း။

[ပရိတ်ကြီးဂဏ္ဌိ-၆၄]

(၂) "ဒဿန" ဟူသည်ကား စတုန္နံအရိယသစ္စာနံ အဘိသမယဝသေနမဂ္ဂဒဿနံ ဟူသောအဋ္ဌကထာပါဌ်နှင့်အညီ၊ သစ္စာလေးပါးတို့ကို ထိုးထွင်း၍ သိသည်၏ အစွမ်းအားဖြင့် မဂ်ဉာဏ်ဖြင့်မြင်ခြင်းတည်း။

[မင်္ဂလာသာရဒီပနီ-၂၀၅]

ဤမင်္ဂလာ၏အဓိပ္ပါယ်များ

(၁) အရိယသစ္စာန ဒဿနဉ္စာတိ စတုသစ္စဓမ္မေ ဒဿနန္တိ အတ္ထော။

အရိယသစ္စာန ဒဿနဉ္စာတိ-အရိယသစ္စာန ဒဿနံ ဟူသည်ကား၊ စတုသစ္စဓမ္မေ-သစ္စာတရား လေးပါးတို့ကို၊ ဝါ-သမုဒယသစ္စာ၊ ဒုက္ခသစ္စာ၊ မဂ္ဂသစ္စာ၊ နိရောဓသစ္စာဟု ဆိုအပ်ကုန်သော သစ္စာလေးပါးတရားတို့ကို၊ ဒဿနံ-သိမြင်ရခြင်းတည်း။

[မင်္ဂလာဂဏ္ဌိ-၁၂၁]

(၂) အရိယသစ္စာနံ-လောကီစိတ် ၈၁ ရှစ်ဆယ့်တခု၊ လောဘကြဉ်သောစေတသိက် ၅၂ ငါးဆယ့်တခု၊ ဇာတိရုပ်ဗဒ္ဓ ဖြစ်သော ရုပ်အဋ္ဌဝီသနှစ်ဆဲ့ရှစ်ခုဟု ဆိုအပ်သော ဒုက္ခသစ္စာ၊ ရူပကာမဂုဏ်၊ သဒ္ဒကာမဂုဏ်၊ ဂန္ဓကာမဂုဏ်၊ ရသကာမဂုဏ်၊ ဖေါဋ္ဌဗ္ဗကာမဂုဏ် တည်းဟူသော ကာမဂုဏ်ငါး

ပါးတို့ကို တပ်တတ်သော လောဘစေတသိက်ဟု ဆိုအပ်သော သမုဒယသစ္စာ။ ။ဝါနတော နိက္ခန္တံ နိဗ္ဗာနံဟူသည်နှင့်အညီ၊ ဒုက္ခသစ္စာ၊ သမုဒယသစ္စာ နှစ်ပါးတို့၏ချုပ်ရာ ငြိမ်းရာနိဗ္ဗာန် ဟုဆိုအပ်သော နိရောဓသစ္စာ။ ။ထိုနိရောဓသစ္စာသို့ ရောက်ကြောင်းဖြစ်သော သောတာပတ္တိမဂ်၊သကဒါဂါမိမဂ်၊ အနာဂါမိမဂ်၊ အရဟတ္တမဂ်စိတ်-၄-ခုနှင့်ယှဉ်သော မဂ္ဂသစ္စာ။ ။ဤအရိယသစ္စာလေးပါးတို့ကို၊ ယံဒဿနဥ္စ-အကြောင်ကုသိုလ်၊ အကုသိုလ်တို့သည် ပြုပြင်အပ်သော လောကီခန္ဓာငါးပါး၊ ရုပ်နာမ်တရား နှစ်ပါးတို့ကို သတိပဋ္ဌာန်တင်၍၊ အနိစ္စသာဖြစ်သည်၊ ဒုက္ခသာဖြစ်သည်၊ အနတ္တသာဖြစ်သည်၊ အသုဘသာဖြစ်သည်၊ ကေသာ၊ လောမာ၊ နခါ၊ ဒန္တာအစရှိသော သုံးဆဲ့နှစ်ပါးသော ဒွတ္တိံသာကာရ အပေါင်းအစုသာဖြစ်သည်၊ သွေးပြည်အပေါင်း အစုသာဖြစ်သည်၊ ပဋိသန္ဓေနေခြင်း၊ အိုခြင်း၊ နာခြင်း၊ သေခြင်းဆင်းရဲ ဒုက္ခအစုသာဖြစ်သည်ဟု အထပ်ထပ်ရှုဆင်ခြင်၍၊ လောကီခန္ဓာငါးပါး၊ ရုပ်နာမ်တရား နှစ်ပါးတို့ကို များစွာငြီးငွေ့ စက်ဆုပ်၍ နေသဖြင့် သိမြင်ရခြင်း သည်လည်းကောင်း။

[မင်္ဂလသုတ်ဋီကာ-၁၁]

(၃) အရိယသစ္စာနံ- ခန္ဓာဝဋ်ဆင်းရဲကို ပိုင်းခြားထိုးထွင်း၍ သိခြင်း ဒုက္ခသစ္စာ၊စုံမက်တွယ်တာ တဏှာကို မြင်ခြင်း သမုဒယ သစ္စာ၊တဏှာ၏ချုပ်ရာခန္ဓာဝဋ်၏ငြိမ်းရာနိဗ္ဗာန်ကိုမြင်ခြင်းနိရောဓ သစ္စာ၊သမ္မာဒိဋ္ဌိ၊သမ္မာသင်္ကပ္ပ၊သမ္မာဝါစာ၊သမ္မာကမ္မန္တ၊သမ္မာအာဇီဝ၊သမ္မာဝါယာမ၊သမ္မာသတိ၊သမ္မာသမာဓိ၊မဂ္ဂင်ရှစ်ပါး ပွါးခြင်း မဂ္ဂသစ္စာဟူသော သစ္စာလေးပါးတို့ကို၊ဒဿနဉ္စ– သိမြင်ရခြင်း သည်ရင်း။

[မင်္ဂလသုတ်နိဿယ-၁၉]

(၄) အရိယသစ္စာနံ-ခံစားရမှု၊အစုစုကို၊ ရှုသားဒုက္ခ၊ထိုဒုက္ခ၏၊ မချမြစ်ရင်း၊ဆင်းရဲခြင်းမှ၊ ကင်းကြောင်းကင်းရာ၊ သစ္စာလေး

ပါး၊မှန်တရားတို့ကို၊ဒဿနဥ္စ-ဤကားဒုက္ခ၊ဤရောဂမှာ၊ဒုက္ခဖြစ်ရင်း၊ ပယ်ရှင်းရောဂ၊ ဤမှုတရား၊ ထိုကားရောဂါ၊ ချုပ်ငြိမ်းရာဟု၊ စဉ်လာရှိတိုင်း၊ မိုင်းမိုင်းခြားခြား၊ ဉာဏ်မိတ်ပြား၍၊ မျက်ဝါးထင်ထင်၊ သိမြင်ရ ခြင်းသည့်ရှင်း။

[မင်္ဂလာအလင်း-၈၅]

(၅) အရိယာသစ္စာနံ-ဒုက္ခသမုဒယ၊ နိရောဓဟု၊မဂ္ဂဟူသည့်၊ လောကီလောကုတ်၊ နှစ်ပါးချုပ်သော၊ အရိယာသစ္စာတို့ကို၊ ယံ ဒဿနဥ္စ- အကြောင်းအမြစ်အရင်း၊ တျင်းတျင်းကုန်စင်၊ သိမြင်ရခြင်း သည့်လည်းကောင်း၊ ဝါ-လေးပါးလေးပြန်၊ လေးတန်အနူ၊ စတု သစ္စ၊ ဆုံးခန်းရှိအောင်၊ သိမြင်ရခြင်းသည့်လည်းကောင်း။

[ရွှေမင်းဝံ့ငှက်တွင်းဆရာတော်]

(၆) အရိယာသစ္စာနံ-ဒုက္ခသမုဒယ၊ နိရောဓနှင့်၊ မဂ္ဂဟူသည့်၊ မြူစင်ဖြောင့်မတ်၊ လွန်ထူးမြတ်သည့်၊ လေးရပ်သစ္စာ၊ နက်နဲစွာ တို့ကို၊ ဒဿနဥ္စ-ပြက်ပြက် ထင်ထင်၊ ဉာဏ်၌ မြင်ရခြင်းသည့် လည်းကောင်း။

[မင်္ဂလသုတ်မိတ်လင်းစုံ-၁၇]

သိမြင်ခြင်း

အရိယာသစ္စာတို့ကို သိမြင်ရခြင်းဆိုသည်ကား

(၁) ဒုက္ခသစ္စာ။ ။လောက၌ခံစားမှု စံစားမှုဟူသမျှသည် ဆင်းရဲဒုက္ခအမှန်ဖြစ်ကြောင်း။

(၂) သမုဒယသစ္စာ။ ။သိုချင်တပ်မက်တွယ်တာမှုဟူသမျှ သည် ထိုအမှုနှင့်ဆိုင်သောအကျိုးတည်းဟူသော ခံစားစံစားခြင်း ဒုက္ခကိုဖြစ်စေသည့် အကြောင်းတရားအမှန်ဖြစ်ကြောင်း။

(၃) နိရောဓသစ္စာ။ ။လောက၌ ခံစားစံစား ခြင်းတည်းဟူ သောဆင်းရဲဒုက္ခ အပေါင်းတို့၏ အကြွင်းမဲ့ ချုပ်ငြိမ်းခြင်း တည်း ဟူသော နိဗ္ဗာန်ချမ်းသာသည် အမှန်ရှိကြောင်း။

(၄) မဂ္ဂသစ္စာ॥ ။လိုချင်တပ်မက် တွယ်တာခြင်းကို ပယ်ဖြတ်ကြောင်းတည်းဟူသော သီလ သမာဓိ ပညာသည် နိဗ္ဗာန်ချမ်းသာကိုရကြောင်းတရား အမှန်ဖြစ်ကြောင်း။

ဤလေးပါးသော အမှန်တရားကို ထင်ထင်ရှားရှားသိမြင်ခြင်းကိုဆိုသတည်း။

သစ္စာလေးပါးဆိုသည် ဤအမှန်တရားလေးပါးကိုဆိုသတည်း။

[မင်္ဂလာအလင်း-၃၆]

လွတ်မြောက်ခြင်း

အကြင်သူသည် ဒုက္ခသစ္စာကို သိ၍၊ ထိုမှတပါး ဒုက္ခ၏အကြောင်းဖြစ်သော သမုဒယသစ္စာကိုလည်း သိ၍၊ ခပ်သိမ်းသော အပြားအားဖြင့် ဒုက္ခအကြွင်းမဲ့ချုပ်သော နိဗ္ဗာန်ကိုလည်းသိ၍၊ ထိုနိဗ္ဗာန်သို့ သွားကြောင်းဖြစ်သော မဂ္ဂင်ရှစ်ပါးကိုလည်း သိ၍၊ ထိုအခါ အရဟတ္တဖိုလ် သမာဓိ၊ အရဟတ္တဖိုလ် ပညာတို့နှင့်ပြည့်စုံ၍၊ ဝဋ်ဆင်းရဲမှ လွတ်မြောက်ပြီးလျှင် ပဋိသန္ဓေနေခြင်း၊၊ အိုခြင်း နာခြင်း၊ မဖြစ်တော့ချေပြီ၊

[သုတ္တနိပါတ်-ဒွယတာနုပဿနာသုတ်]

အရိယသစ္စာမည်ပုံ

သစ္စာတရားလေးပါးကို အဘယ်ကြောင့် အရိယသစ္စာဟုဆိုလေသနည်း။

(၁) သောတာပတ္တိမဂ်ကိုရသော ပုဂ္ဂိုလ်တို့မှသာလျှင် နည်းတထောင်ကို ရသည်ဖြစ်၍၊ ရှေးဦးစွာ သမုဒယသစ္စာကို ပယ်ခြင်း၊ မဂ္ဂသစ္စာကို ပွါးစေခြင်း၊ နိရောဓသစ္စာကို မျက်မှောက်ပြုခြင်း၊ ဒုက္ခသစ္စာကို ပိုင်းခြား၍သိခြင်းတို့ကြောင့် ဤသစ္စာလေးပါးကို အရိယာဖြစ်သော ပုဂ္ဂိုလ်တို့မှသာ သိနိုင် မြင်နိုင်သည်ဖြစ်၍ အရိယသစ္စာဟု ဆိုလေသည်။

(၂) ဘုရားအစရှိကုန်သော အရိယာတို့၏ သစ္စာဖြစ်သောကြောင့် အရိယသစ္စာ မည်၏။

(၃) ဘုရားသည် အရိယာမည်၏၊ အရိယာဖြစ်သော ဘုရားသည် သိအပ်သည်၏ အဖြစ်ကြောင့်ရင်း၊ ဟောအပ်သည်၏ အဖြစ်ကြောင့်ရင်း၊ ထိုဒုက္ခ အစရှိကုန်သော လေးပါးကုန်သော တရားတို့သည် ဘုရား၏ ဥစ္စာဖြစ်ကုန်၏၊ ထို့ကြောင့် ထိုဘုရား၏ ဥစ္စာဖြစ်သော သစ္စာသည် အရိယသစ္စာ မည်၏။

(၄) ထိုသစ္စာ တရားတို့ကို သိသဖြင့် အရိယာ၏ အဖြစ်ပြီးသည်၏ အဖြစ်ကြောင့်လည်း အရိယသစ္စာ မည်၏။

(၅) မဖေါက် မပြန်သော သဘောအားဖြင့် သိအပ်သော သစ္စာ ဖြစ်သောကြောင့်လည်း အရိယသစ္စာ မည်၏။

(၆) အစီးအပွါး၌ ဖြစ်သောကြောင့် အရိယာဟူ၍ သမုတ်အပ်ကုန်သော အစီးအပွါးမဲ့၌ မဖြစ်တတ်သည်၏ အဖြစ်ကြောင့် အရိယာဟူ၍ သမုတ်အပ်ကုန်သော သုံးဆဲ့ခုနစ်ပါးသော ဗောဓိပက္ခိယ တည်းဟူသော အရိယာတို့၏ တရားနှင့် ယှဉ်သည်၏ အဖြစ်ကြောင့် အရိယာဟူ၍ သမုတ်အပ်ကုန်သော ဘုရားပစ္စေကဗုဒ္ဓါ သာဝကတို့သည် သိအပ်သော သစ္စာဖြစ်သောကြောင့်လည်း အရိယ သစ္စာမည်၏။

[မင်္ဂလာသာရဒီပနီ-၂၀၃]

ပျင်းရိခြင်းသည် အညွန့်တုံးခြင်း၏ လမ်းကြောင်းပေတည်း

ပျင်းရိတွန့်ရှုံး—ညွန့်တုံးရှာမယ်၊
ခရေးနှောင်ရေး—ကျိုးပေးမကြွယ်၊
မှန်မှန်သွားလို—ကြိုးစားရာဝယ်၊
အညွန့်ဖြိုး—အကျိုးသန်၍နွယ်၊

[လယ်တီပဏ္ဍိတ]

သူတော်ချင်းချင်းသတင်းလွှလွှပေါင်းဘော်တွေ

အရိယာသ အရိယေန သမေတိ သဒိ
ပညသ ပညာဏ ဂတာယ သမေတိ။

အရိယာသ– မြတ်သောသူ၏၊ အရိယေန– မြတ်သောသူနှင့်၊ သဒိ– ခင်ပွန်းသဘောသည်၊ သမေတိ- ညီ၏၊ ပညသ-ဉာဏ်ပညာနှင့် ပြည့်စုံသောသူ၏၊ ပညာဏဂတာယ–ဉာဏ်ပညာနှင့် ပြည့်စုံသောသူနှင့်၊ သဒိ-ခင်ပွန်းသဘောသည်၊သမေတိ–ညီ၏။

ချမ်းသာ၏

သာဟု ဒဿန မရိယာနံ၊
သန္နိဝါသော သဒါ သုခေါ။
အဒဿနေန ဗာလာနံ၊
နိစ္စမေဝ သုခီ သိယာ။

အရိယာနံ–သူတော်ကောင်းတို့ကို၊ ဒဿနံ– ဖူးမြင်ရခြင်းသည်၊သာဟု–သာဓု-ကောင်း၏၊သန္နိဝါသော–သူတော်ကောင်းတို့နှင့် ပေါင်းဘော်ရခြင်းသည်၊ သဒါ–အခါခပ်သိမ်း၊ သုခေါ–ချမ်းသာ၏၊ ဗာလာနံ– လူမိုက်တို့ကို၊ အဒဿနေန– မမြင်ခြင်းကြောင့်၊ နိစ္စမေဝ- အမြဲသာလျှင်၊ သုခီ–ချမ်းသာခြင်း ရှိသည်၊ သိယာ–ဖြစ်ရာ၏။

[ဓမ္မပဒ-သုခဝဂ်]

သစ္စာလေးပါးကိုမမြင်သော်

အကြင်သူသည် သစ္စာလေးပါးကိုမမြင်၊ ထိုသူသည် ဒုက္ခကို မလွန်နိုင်၊ထိုသို့သဘောရှိသောသူအား သံသရာသည်ရှည်၏။

[သစ္စသံယုတ်တတိယဝဂ်]

မင်္ဂလာမည်ပုံ

(၁) အရိယသစ္စာန ဒဿနံနာမ စတုန္နံအရိယသစ္စာနံ
အဘိသမယဝသေန မဂ္ဂဒဿနံ၊ တံ
သံသာရဒုက္ခဝိတိက္ကမဟေတုတော မင်္ဂလန္တိ ဝုစ္စတိ။

အရိယသစ္စာန ဒဿနံနာမ– အရိယသစ္စာန ဒဿနမည်သည် ကား၊ စတုန္နံ အရိယသစ္စာနံ-လေးပါးကုန်သော အရိယသစ္စာတို့ကို၊ အဘိသမယဝသေန-သိသည်၏အစွမ်းအားဖြင့်၊ မဂ္ဂဒဿနံ-မင်္ဂဖြင့်မြင်ခြင်းတည်း၊ တံ–ထိုလေးပါးကုန်သော အရိယသစ္စာတို့ကိုသိသည်၏ အစွမ်းအားဖြင့် မင်္ဂဖြင့်မြင်ခြင်းကို၊ သံသာရဒုက္ခဝိတိက္ကမဟေတုတော- သံသရာ ဆင်းရဲကို လွန်ခြင်း၏ အကြောင်းဖြစ်ခြင်းကြောင့်၊မင်္ဂလန္တိ-မင်္ဂလာဟူ၍၊ဝုစ္စတိ-ဆိုအပ်၏။

[အဋ္ဌကထာ]

(၂) အရိယသစ္စာလေးပါးတို့ကို မင်္ဂလေးပါးဉာဏ်ဖြင့် မြင်နိုင်ရခြင်းသည် နိဗ္ဗာန်သို့ရောက်ခြင်း၏ အကြောင်း၊သံသရာဝဋ်ဒုက္ခငြိမ်းခြင်း၏ အကြောင်းဖြစ်သောကြောင့် မင်္ဂလာ မည်ပါလေသတည်း။

[ပရိတ်ကြီးနိသျ-၄၇]

(၃) ဖြပ္ပစရိယ သည်လည်း အထက်အထက်၌ အထူးထူး အပြားပြားသော တရားဝိသေသကိုရခြင်း၏အကြောင်းဖြစ်သော ကြောင့် မင်္ဂလာမည်၏။

[မင်္ဂလာဒီပနီ-၂၁၂]

အရိယသစ္စာနံသံပေါက်

က (၁) သစ္စာလေးအင်၊ မင်္ဂဖြင့်မြင်၊ သိလျှင်မင်္ဂလာ။
(၂) လေးပါးသစ္စာ၊ ရလိုပါ၊ မှန်စွာတရားရှာ။
(၃) အရဟတ္တဖိုလ်၊ပညာကို၊လို၏ဤအရာ။

[မင်္ဂလတ္ထပုဏ္ဏာဝိသဇ္ဇနာ-၄၂]

၁ (၁) ဒု-သ-နိ-မ၊ ရှိအစ၊ အရိယာသစ္စခေါ်။
(၂) ပိုင်းခြားတိတိ၊ ဒုကိုသိ၊ ပယ်ဘိသကိုနေ၍။
(၃) ဆင်းရဲကိစ္စ၊ သတိရ၊ ဒုက္ခသစ္စာခေါ်။
(၄) ငါဟုလွဲရူ၊ စွဲလမ်းမှု၊ သမုသစ္စာခေါ်။
(၅) ငါစွဲခြင်းရှိ၊ ကင်းရှင်းဘိ၊ နိရောသစ္စာခေါ်။
(၆) နိဗ္ဗာန်ထင်ပြက်၊ မြင်နိုင်ချက်၊ မဂ္ဂသစ္စာခေါ်။
(၇) သစ္စာအနက်၊ ဆဲ့ခြောက်ချက်၊ နှုတ်တက်ဆောင်ကြ
သော်။
(၈) နှမာန်ရေးဖြင့်၊ လေးလေးပွင့်၊ အသင့်မြင်ပူဇော်။
(၉) အနှမာန်ပင်၊ ထင်မြင်လျှင်၊ မင်္ဂလာဖြစ်ပါသော်။
(၁၀) နိကိုမြင်အောင်၊ မကိုဆောင်၊ပြောင်ပြောင်ပွါးကြနေ၍။
(၁၁) ကိစ္စလေးချက်၊ နှေးမပျက်၊ မဂ်ဖြင့်သိပါသော်။
(၁၂) အရိယာသစ္စာန့၊ ဒဿန့၊ မှတ်ကြပြီးလိမ့်နေ၍။
(၁၃) လေးပါးပြည့်ထ၊ ရှိလေက၊ အရိယဧကန်ခေါ်။
(၁၄) အကျယ်လျှင်ဖွက်၊ ကယ်ပင်ခက်၊ လေးချက်သစ္စာ
ကျော်။

[မင်္ဂလတ္ထဒီပက-၃၇]

မင်္ဂလာပျို

အာသဝတရား၊ လေးပါးဖြစ်ချက်၊ ဒေသနက်လျှင်၊ မြွေးယှက်အဝိဇ္ဇာ၊ တဏှာ လောဘ၊ မူလနှစ်ပါး၊ ပဋ္ဌာန်း အားဖြင့်၊ ခြောက်ပါးသိမှု၊ ပစ္စည်းပြုလျက်၊ ဟေတုဖလ၊ ကြောင်းကျိုးမျှသာ၊ နေတ္တိမှာကား၊ ကုသလာကုသလ၊ နှစ်ဌာနဖြင့်၊ မူလတရား၊ ဆဲ့ရှစ်ပါးကို၊ မှတ်သားသိမြင်၊ ဒွါရသင်လျှင်၊ စုံလင်ပေါင်းစည်း၊ အကျဉ်းနည်းက၊ ဧကတ္တတည့်၊ ယင်းမှအပြား၊ တပါးတပါး၊ အကျယ်အားဖြင့်၊ ဟောကြားနယ၊ နာနတ္တတည့်၊ ထိုမှတဝ၊ ဒွါဒသဟာ၊ ပဒိဋ္ဌတရား၊ ပိုင်သားစိုးရ၊ ဘန်ဆင်းစသည်၊ အတ္တကင်းစင်၊ ပြုပြင်ကင်းရာ၊ အဗျာပါရ၊ နည်းမှတ်ကြမြို့၊ မှန်မချွတ်တည့်၊ ယင်း

သို့ဗျာပါ၊ မရှိရာဘဲ၊ ကြောင်းကျိုးစွဲ၍၊ ဖြစ်မြဲနိယံ၊ သာမုက္ကံကား၊ ဇဝံဓမ္မတာ၊ နည်းလေးဖြာကို၊ ကောင်းစွာစိစစ်၊ ကြံစည်တွေး လျက်၊ အရေးကြီးစွ၊ ကြိုးပမ်းကြလော့၊ နိစ္စသုခ၊ အတ္တကာယာ၊ သညာဝိပ္ပလ်၊မဘောက်ပြန်သည်၊နည်းမှန်လမ်းရိုးမှတ်ရာတည်း။

သဗ္ဗဝါသ၊ ဘုံကိုးဝတ္ထင်၊ အစသည်းဆိတ်၊ ဖိုလ်ဟိတ်စပ်မှာ၊ အင်္ဂါဆဲ့နှစ်ရပ်၊ အစပ်သုံးပါး၊ အလွှားလေးသွယ်၊ နှစ်ဆယ် ခြင်းရာ၊ သုံးဖြာဝဋ္ဋ၊ ကာလသုံးဖြာ၊ သံသရာဝယ်၊ ချာချာလည် တတ်၊ ရဟတ်စက်လား၊ ဆုံလည်နွားသို့၊ မနားမရပ်၊ ထပ်ကာ ထပ်ကာ၊ ခန္ဓာဇာတိ၊ ရှိတုံဘိက၊ ဗျာဓိဇရာ၊မရဏာလည်း၊ ရှိရာ စမြဲ၊ ဘောက်လွဲမငြိမ်၊ စိုးရိမ်ပူဆွေး၊ ငိုကြွေးဆင်းရဲ၊ အမြဲဖြစ် တုံး၊ နှလုံးဆာပူ၊ ချစ်သူကွေကွင်း၊ မုန်းခြင်းတူနေ၊ တတွေ့ထိမှ၊ တောင့်တလိုရာ၊ မရပါ၍၊ ကြီးစွာပင်ပန်း၊ မှတ်ခန်းအချုပ်၊ ပဉ္စုပ္ပါ ဒါ၊ ဆင်းရဲသာတည်း၊ ဤနည်းတည်တည်၊ ကျင်လည်သမျှ၊ တေ ဘုမ္မက၊ သင်္ခါရကား၊ ဖြစ်ကပျက်ကြို၊ တလုံလဲလဲ၊ တမွဲမွဲဖြင့်၊ ဘောက်လွဲဘောက်ပြန်၊ တန့်တန်မျှောရ၊ လောဘတဏှာ၊ ကြည် အပ်ရာသား၊ ဤတရားသည်။ ။မှတ်သားဒုက္ခ—သစ္စာတည်း။

[သံတော်ဆင့်မင်းဦးကျော်ဇေ]

ရဟန်းသုံးကျိပ်ဝတ္ထု

မြတ်စွာဘုရားသည် သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်းတော်၌ နေတော်မူသောအခါ သုံးကျိပ်သောရဟန်းတို့သည် တောရ ဆောက်တည်၍ တောဝါကျွတ်မှ ဘုရားသခင်ကို ဖူးမျှော်အံ့ဟု လာကြလေသော် ဘုရားသခင်က၊—

ပရိညာတဗ္ဗံ ပဟာတဗ္ဗံ သစ္ဆိကာတဗ္ဗံ ဘာဝေတဗ္ဗံ
ဘိက္ခဝေ ယထာဘူတံ ဒဿနံ။ ။ဟုဟောတော်မူ၏။

အဓိပ္ပါယ်ကား။-ချစ်သားရဟန်းတို့။-ဒုက္ခသစ္စာကို ပိုင်းခြား၍သိအပ်၏၊ သမုဒယသစ္စာကို ပယ်အပ်၏၊ နိရောဓသစ္စာကို မျက်မှောက်ပြုအပ်၏၊မဂ္ဂသစ္စာကို ပွါးစေအပ်၏ဟုဟောတော်မူသော အဆုံး၌ အကျွတ်တရားကို ရကြလေကုန်၏။

မဋ္ဌကုဏ္ဍလီဝတ္ထု

သာဝတ္ထိပြည်၌ အဒိန္နပုဗ္ဗက သူဌေးသား မဋ္ဌကုဏ္ဍလီအမည်ရှိသော လုလင်သည် ဒါန၊ သီလ၊ အစရှိသော ကုသိုလ်တို့ကို တစုံတခုမျှ မပြုဘူးဘဲ သေခါနီး၌ ဆွမ်းခံကြွတော်မူသော ဘုရားရှင်ကိုမြင်၍ ကြည်ညိုကာမျှဖြင့် စုတိကျ၍၊ တာဝတိံသာ၌ ယူဇနာသုံးဆယ်ရှိသော ရွှေဗိမာန်ဝယ် နတ်သို့းတထောင် အခြံအရံရှိသော နတ်သားဖြစ်၏၊ ထို့နောက်ဗိမာန်နှင့်တကွ ဘုရားထံတော်သို့လာ၍ မြတ်စွာဘုရားကို ရိုသေစွာရှိခိုးပြီးလျှင် မိမိ၏အဖြစ်သနစ်အခြင်းအရာတို့ကို ပြန်၍လျှောက်ကြား၏။

[ဓမ္မပဒ-ယမကဝဂ်]

၃၄–နိဗ္ဗာနသစ္ဆိကိရိယာစ

သစ္ဆိကိရိယာ၊ နိဗ္ဗာန၊ ရှုကြအပ်သည်သာ။
(နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်း)

နိဗ္ဗာန်ဝိဂြိုဟ်

ရာဂဂ္ဂိအာဒိကော နိဗ္ဗာတိ ဧတေနာတိ နိဗ္ဗာနံ။

ဧတေနဓမ္မဇာတေန-ထိုတရားသဘောဖြင့်၊ရာဂဂ္ဂိအာဒိကော-ရာဂမီးစသည်သည်၊နိဗ္ဗာတိ-ငြိမ်းတတ်၏၊ဣတိတသ္မာ-ထိုသို့ငြိမ်းကြောင်းဖြစ်သော သတ္တိကြောင့်၊ တံဓမ္မဇာတံ-ထိုတရား သဘောသည်၊ နိဗ္ဗာနံ-နိဗ္ဗာန်မည်၏။

သစ္ဆိကိရိယာဝိဂြိုဟ်

သစ္ဆိကိရိယတေ တိ သစ္ဆိ ကိရိယာ။

ယောသဘာဝေါ-အကြင်သဘောတရားကို၊သစ္ဆိကိရိယတေ-မျက်မှောက်ပြုအပ်၏၊ဣတိတသ္မာ-ထိုသို့မျက်မှောက်ပြုအပ်သော သတ္တိကြောင့်၊ သောသဘာဝေါ– ထိုတရားသဘောသည်၊ သစ္ဆိကိရိယာ-သစ္ဆိကိရိယာမည်၏။

[မင်္ဂလသုတ္တဝိဂ္ဂဟဒီပနီ-၅၂]

ဤမင်္ဂလာ၏အဓိပ္ပါယ်

(၁) နိဗ္ဗာနသစ္ဆိကိရိယာစာတိနိဗ္ဗာနအရဟတ္တဖလံ
သစ္ဆိကိရိယာ သစ္ဆိကာဘုကာဝ တိ အတ္ထော။

နိဗ္ဗာန သစ္ဆိကိရိယာစာတိ- နိဗ္ဗာနသစ္ဆိကိရိယာစ ဟူသည်ကား၊ နိဗ္ဗာနအရဟတ္တဖလံ-နိဗ္ဗာန်ဟုဆိုအပ်သော အရဟတ္တဖိုလ်ကို၊ ဝါ-သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်ပုဂ္ဂိုလ်တို့သည် ပယ်ခြင်းငှါ မစွမ်းနိုင်သော လောဘမူ ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ်တို့ကို ရန်သူ၏ဦးခေါင်းကို ထန်းသီးခိုင်ကဲ့သို့ တပြိုင်နက်တချက်တည်း၊

ခေါးသံလျှက်ကဲ့သို့ ပယ်ဖျက်ခြင်းငှါ စွမ်းနိုင်သော အရဟတ္တမဂ် စိတ်၏ ချုပ်ဆဲအခြားမဲ့၌ ဖြစ်လာသော အရဟတ္တဖိုလ်စိတ်ကို၊ သန္တိကိရိယာ သန္တကာတုကာမ- မျက်မှောက် ပြုခြင်း ရောက်ခြင်းငှါအလိုရှိသည်၊ဟောတိ–ဖြစ်၏၊ ဣတိအယံ-ဤသည် လျှင်၊အတ္ထော- နိဗ္ဗာနသန္တိကိရိယာဟူသော ပုဒ်၏အနက်တည်း၊ ဝါ-အရဟတ္တဖိုလ်စိတ်ဟုဆိုအပ်သော နိဗ္ဗာန်ကို မျက်မှောက်ပြုရ ပါလို၏၊ ရောက်ရပါလို၏ ဟူသောအနက်တည်း၊ ဝါ-ဘုရား ရဟန္တာတို့၏ ဗုတိစိတ်ဟုဆိုအပ်သော နိဗ္ဗာန်ကို မျက်မှောက် ပြုရပါလို၏ဟူသော အနက်တည်း။

(၂) နိဗ္ဗာနံ-ရူပက္ခန္ဓာ၊ ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါ ရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာ၊ ခန္ဓာငါးပါးနှင့်တကွသော သဉပါဒိ သေသနိဗ္ဗာန်၊ထိုခန္ဓာငါးပါးတို့မှအကြွင်းမရှိသောအနုပါဒိသေသ နိဗ္ဗာန်၊ကံ၊စိတ်၊ဥတု၊အာဟာရတည်းဟူသော အကြောင်းတရား လေးပါးတို့သည် မပြုပြင်အပ်သော၊ အသင်္ခတဓာတ်၊ မြတ်သော နိဗ္ဗာန်ချမ်းသာကို၊ယာသန္တိကိရိယာစ-အကြင်နှစ်ဆဲ့ခြောက်ဘုံ၌ သံသရာချားရဟတ်ကဲ့သို့လည်ပတ်ကာ၊သုခဝေဒနာ၊ဒုက္ခဝေဒနာ၊ သောမနဿဝေဒနာ၊ ဒေါမနဿဝေဒနာ၊ ဥပေက္ခာဝေဒနာ၊ အနု ပဿနာသညာဝဝဋ္ဋာန်တရားကို ရှုဆင်ခြင်၍၊ ဤသံသရာ ဝဋ် ဆင်းရဲအပေါင်းမှ ထွက်မြောက်ရာ ထွက်မြောက်ကြောင်း ဖြစ် သောအလောဘ၊အဒေါသ၊အမောဟ၊လောကီသမ္မာဒိဋ္ဌိဝိပဿနာ ဉာဏ်ဖြင့် ရှုဆင်ခြင်၍၊ ကံစိတ်ဥတုအာဟာရတည်းဟူသော အ ကြောင်းတရားလေးပါးတို့၏ ပြုပြင်ခြင်းသည် သင်္ခါရ၊ ဖြစ်ခြင်း ပျက်ခြင်းသည် အနိစ္စ၊ ဓာတ်ဇရာဗျာဓိမရဏာတို့သည် ဒုက္ခ၊ အစိုး မရခြင်းသည်အနတ္တ၊ လောကီခန္ဓာငါးပါး၊ လက္ခဏာရေးသုံး ပါး၊ သစ္စာလေးပါးသို့ပေါက်အောင် ရှုဆင်ခြင်၍၊ ထိုနောက်မှ ရုပ်နာမ်နှစ်ပါးတို့သည် စုတိနောင်ပဋိသန္ဓေ၊ ပဋိသန္ဓေနောင်စုတိ၊ ဖြစ်ခြင်းပျက်ခြင်း၊ ပင်ပန်းစွာလည်းဖြစ်ခြင်းကို ငြီးငွေ့စက်ဆုပ်၍၊ သမ္မာ ဆန္ဒ၊ ဒါန၊ သီလ၊ ဘာဝနာ၊ နိဗ္ဗာန်ဟု ဆိုအပ်သော

နိဿရဏ၊အဗျာကာဘတရားကိုမျက်မှောက်ပြု၍၊အတ္တ္ထ-မိမိဒါန သီလ၊ဘာဝနာတို့ကိုလည်း ကဲ့ရဲ့ရှုတ်ချခြင်းကို၊အနုပဟာစ္စ-မကဲ့ရဲ့ မချီးမြှောက်မထိပါးစေမှု၍၊ လှူဒါန်းစွန့်ကြဲခြင်း၊ ဆုတောင်းခြင်းစ သော ကုသိုလ်ကို အားထုတ်၍မျက်မှောက်ပြုရခြင်းသည်လည်း ကောင်း။

[မင်္ဂလသုတ်ဋီကာ-၁၂]

(၃) နိဗ္ဗာန်–ခံစံချင်ဘိ၊ တွယ်မိတွယ်ရာ၊ တဏှာညစ်ဆိုး၊ ပူပန်မျိုးမှု၊ လွတ်ကျိုးဟူလတ်သော အရဟတ္တဖိုလ်ကို၊ သစ္ဆိ ကိရိယာစ–လုံ့လကူလှောက်၊ စိတ်စိုက်ဆောက်၍၊ မျက်မှောက် ပြုရခြင်းသည်ရှင်း။

[မင်္ဂလာအလင်း-၈၅]

(၄) နိဗ္ဗာန်–အို၊ နာ၊ သေ၊ ရေး၊ ဒုက္ခဘေးနှင့်၊ ရစ်ထွေးသုံး ကြ၊ တဏှာတည်းဟူသော ဝါနကင်းရာ၊ အောင်ခေမာသို့၊ သစ္ဆိ ကိရိယာစ– လင်းလင်းထင်ထင်၊ တွေ့မြင်သမှု၊ မျက်မှောက်ပြုရ ခြင်းသည်ရှင်း။

[မင်္ဂလသုတ်မိတ်လင်ခုံ-၁၇]

(၅) နိဗ္ဗာန်–မီးဆဲ့တဖြာ ငြိမ်းရာမှန်သည့် နေရဗာန်မည် သော ဝိမုတ္တိရသကို၊ ယာသစ္ဆိကိရိယာစ-အကြင် ဝီရိယကူ၊ ဉာဏ်တံချူဖြင့်၊ ဂေါတြဘူတိုင်ဖျား၊ ရပ်တံ့နားလျက်၊ ထင်ရှား စွာမျက်မှောက်ပြုရခြင်းသည်လည်းကောင်း။

[ရွှေမင်းဝံ့ကုက်တွင်းဆရာတော်]

(၆) အရဟတ္တဖိုလ်ဟူသည်ကား လိုချင်ခြင်း၊တပ်မက်တွယ် တာခြင်း အစရှိသော စိတ်ကို ညစ်ညမ်း ပူပန်စေတတ်သော တရားအလုံးစုံကို အကုန်ပယ်ဖြတ် ဖျက်ဆီးသဖြင့်၊ ထိုတရားရ ချုပ်ငြိမ်းခြင်းတည်းဟူသောအကျိုးကိုဆိုသတည်း။

မျက်မှောက်ပြုခြင်းဆိုသည်မှာ မျက်စိအောက်မှာထားပါဟု ဆိုသည်၊ မျက်စိအောက်မှာထားဟု ဆိုသည်မှာလည်း ဂရုစိုက်ပါ၊ ပြုလုပ်ပါဟုဆိုရာရောက်သည်။

အရိယာသစ္စာကို မျက်မှောက်ပြုခြင်း ဟူသည်ကား စိတ်ကို ညစ်ညမ်းပူပန်စေသော တရားအားလုံး ပျက်ပြုန်း ချုပ်ငြိမ်းခြင်း တည်းဟူသော အကျိုးကိုရအောင်ပြုခြင်းတည်း။

[မင်္ဂလာအလင်း-၃၇]

(၇) အရိယာသစ္စာသည် ဝါနဟုသမုတ်အပ်သော တဏှာမှ၊ ဝိသယာတိက္ကမအားဖြင့် ထွက်မြောက်သည်၏ အဖြစ်ကြောင့် နိဗ္ဗာန်ဟုခေါ်ဆိုရပါသည်၊ အရိယာသစ္စာမှတပါးသော အသင်္ခတနိဗ္ဗာန်ကိုမူ အရိယသစ္စာတို့ကို မဂ်၏မြင်ခြင်းဖြင့် မြင်သောကြောင့်သာလျှင် မျက်မှောက်ပြုခြင်းသည်အမြီးသို့ ရောက်လေ၏၊ အသင်္ခတဓာတ်နိဗ္ဗာန်ကို ဤနိဗ္ဗာနသစ္ဆိကိရိယာ ပါဌ်၌ အလိုမရှိအပ်။

[မင်္ဂလတ္ထပုဏ္ဏဝိသဇ္ဇနာ-၄၂]

(၈) အရိယာသစ္စာသို့ရောက်ခြင်းသည်၎င်း၊ အရိယာသစ္စာကို ဆင်ခြင်ခြင်းသည်၎င်း၊ အကြင်ဆိုအပ်ပြီးသော အရိယာသစ္စာနိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းသည်၎င်း၊ မျက်မှောက်သောကိုယ်၏ အဖြစ်၌ သုခဝိဟာရဖြစ်၍ ဖြစ်သော အရိယာဖလသမာပတ်၏ အကြောင်းဖြစ်သောကြောင့် မင်္ဂလာမည်၏။

နိဗ္ဗာန်ဟူသည်ကား

အတ္ထိ ဘိက္ခဝေ တဒါယတနံ ယတ္ထ နေဝပထဝီ၊
နအာပေါ နတေဇော နဝါယော နအာကာသာနဉ္စာယတနံ၊
နဝိညာဏဉ္စာယတနံ နအာကိဉ္စညာယတနံ၊
နနေဝသညာ နာ သညာယတနံ နာယံလောကော နပရ
လောကော။

နဥဘောစန္တိမသူရိယာ တတြာပါဟံ ဘိက္ခဝေ နေဝ
အာဂတိံ ဝဒါမိ၊ နဂတိံ နဌိတိံ နစုတိံ နဥပပတ္တိံ။
အပတိဋ္ဌံ အပဝတ္တံ အနာရမ္မဏမေဝ တံ၊
ဧသေဝန္တော ဒုက္ခဿာ တိ။

ဘိက္ခဝေ-ဤလောက၌၊ ရေ၊မြေ၊လေ၊မီး၊ဓာတ်ကြီး လေးပါး ရှိမှသာ သတ္တဝါတို့တည်နေရာဘုံဌာနရှိနိုင်၏၊ မြေ၊ရေ၊ လေ၊မီး၊ ဓာတ်ကြီးလေးပါးမရှိပါဘဲလျက်၊ ရဟန္တာအရှင်မြတ်တို့ ပျော်စံ တည်နေရာဘုံဌာနမည်သည် ပရမတ္ထအားဖြင့် ထင်ရှားမရှိနိုင်ရာ ဟု၊ သက်ာယံမှား၊တွေးတောခြင်းများကြကုန်သော အို–ငါ၏ ချစ်သားရဟန်းများတို့၊ ယတ္ထ–အကြင် ရဟန္တာ အရှင် မြတ်တို့ ပျော်စံတည်နေရာ နိဗ္ဗာန်တည်းဟူသော ရွှေမြို့နန်းမ၊ဘုံဌာန၌၊ နေဝ ပထဝီ၊ ဤကာမဘုံ၊ ရူပဘုံများ၌ကဲ့သို့၊ မြေကြီး မြေဓာတ်လည်း မရှိ၊နအာပေါ-ရေဓာတ်လည်းမရှိ၊နတေဇော– မီးဓာတ်လည်းမရှိ၊ နဝါယော-လေဓာတ်လည်းမရှိ၊တံအာယတနံ-ထို မြေ၊ရေ၊ လေ၊ မီးဓာတ်ကြီးလေးပါးလည်း မရှိပါဘဲလျက်၊ရဟန္တာအရှင်မြတ်တို့ ပျော်စံတည်နေရာနိဗ္ဗာန်ဟူသောရွှေမြို့နန်းမ၊ဘုံဌာနကြီးတခုသည်၊ အတ္ထိ–ပရမတ္ထအားဖြင့် ထင်ရှားဧကန်ရှိပေ၏၊ ဘိက္ခဝေ -သက်ာ ယံမှား၊တွေးတောခြင်းများကြကုန်သော အို-ငါ၏ချစ်သားရဟန်း များတို့၊ တံအာယတနံ-ထို မြေ၊ရေ၊လေ၊မီး၊ ဓာတ်ကြီး လေးပါး လည်းမရှိပါဘဲလျက်၊ ရဟန္တာအရှင်မြတ်တို့ ပျော်စံတည်နေရာ လွှန်စွာထူးဆန်းအံ့မခန်းဘိ၊ ထင်ရှားရှိသောနိဗ္ဗာန် ဟူသော ရွှေမြို့ နန်းမ၊ ဘုံဌာနကြီး တခုဟူသည်၊ နအာကာသာနဥ္စာယတနံ– အကနိဋ္ဌဘုံ အထက်ယူဇနာ ငါးသန်း ငါးသိန်း ရှစ်ထောင်ကွာခြား သော ကောင်းကင်ဒေသ၊ ပထမအရူပဗြဟ္မာကြီးတို့၏ တည်နေ ရာ အာကာသာနဥ္စာယတနဘုံလည်းမဟုတ်သေး၊ နဝိညာဏဥ္စာ ယတနံ- အာကာသာနဥ္စာယတနဘုံ အထက်ယူဇနာ ငါးသန်း ငါး သိန်း ရှစ်ထောင် ကွာခြားသော ကောင်းကင်ဒေသ၊ဒုတိယအရူပ ဗြဟ္မာကြီးတို့၏ တည်နေရာ ဝိညာဏဥ္စာယတနဘုံလည်း မဟုတ်

သေး၊ နအာကိဉ္စညာယတနံ– ဝိညာဏဉ္စာယတနဘုံ အထက် ယူဇနာငါးသန်းငါးသိန်းရှစ်ထောင် ကွာခြားသော ကောင်းကင်ဒေသ၊ တတိယအရူပ ဗြဟ္မာကြီး တို့၏ တည်နေရာ အာကိဉ္စညာယတန ဘုံလည်း မဟုတ်သေး၊ နနေဝသညာနာသညာယတနံ-အာကိဉ္စညာယတနဘုံ အထက် ယူဇနာ ငါးသန်း ငါးသိန်း ရှစ်ထောင် ကွာခြားသော ကောင်းကင်ဒေသ စတုတ္ထအရူပ ဗြဟ္မာကြီးတို့၏ တည်နေရာ နေဝသညာ နာသညာယတန ဘုံလည်းမဟုတ်သေး၊ နာယံလောကော၊ ဤပစ္စုပ္ပန် လောကလည်း မဟုတ်သေး၊ ဝါ–ဤလူ့ဘုံ လောကလည်း မဟုတ်သေး၊ နပရလောကော-နောင်တမလွန်လောကလည်းမဟုတ်သေး၊ဝါ-ဤလူ့ဘုံ လောကမှ တပါးသော ဘုံဘဝလောကလည်း မဟုတ်သေး၊ နဥဘောစန္ဒိမသူရိယာ- နက္ခတ်တာရာနှင့်တကွ လနေ နှစ်ပါးတို့လည်းမရှိကုန်၊ဝါ-လနေနှစ်ပါးတို့မရှိကုန်ငြား သော်လည်း၊ မှောင်မိုက်ခြင်းမရှိ၊ မိမိ၏ဂုဏ်ရောင်တို့ဖြင့် ပြောင်ပြောင်ဝင်းဝင်း၊ထွန်းလင်းတောက်ပ၍နေ၏။ ။ဘိက္ခဝေ-သက်ာယိမ်များ၊ တွေးတောခြင်းများကြကုန်သော ဒို-ငါ၏ချစ်သားရဟန်းများတို့၊ တဗြာပိ–ထို၊ မြေ၊ရေ၊လေ၊မီး၊ ဓာတ်ကြီးလေးပါးရှိသော ကာမဘုံ၊ ရူပဘုံလည်းမဟုတ်၊ မြေ၊ ရေ၊ လေ၊ မီး၊ လေးပါး မရှိသော ကောင်းကင်ဒေသ၊ အရူပဘုံစုလည်း မဟုတ်၊ ဤပစ္စုပ္ပန် လောက၊ ဤလူ့ဘဝလည်းမဟုတ်၊ နောင်တမလွန်လောက၊ တပါးသော ဘုံဘဝလည်းမဟုတ်၊ နက္ခတ်တာရာလနေနှစ်ပါးတို့မရှိငြားသော်လည်းမှောင်မိုက်ခြင်းမရှိဘဲ၊ မိမိဂုဏ်ရောင်အလင်းတို့ဖြင့် ပြောင်ပြောင်ဝင်းဝင်း ထွန်းလင်းတောက်ပ၍နေသော ထိုနိဗ္ဗာန်ဟူသော ရွှေဘုံဌာန၊ အမတမြို့တော်ကြီး၌လည်း၊ အာဂတိ–ဤလူ့ဘုံ လူ့ရွာ၌ တပါးသောရပ်ရွာဌာန ဘုံဘဝက ပဋိသန္ဓေ နေခြင်းငှါ၊ ပြောင်းရွှေ့၍လာသသူ ရှိဘိသကဲ့သို့ တပါးသောရပ်ရွာဌာန၊ ဘုံဘဝက ပဋိသန္ဓေနေခြင်းငှါ၊ ပြောင်းရွှေ့၍ လာသသူရှိ၏ဟူ၍လည်း၊နေဝဝဒါမိ–ငါဘုရားဟောတော်မမူသည်သာလျှင်တည်း၊

ဂတိ-ဤလူ့ဘုံလူ့ရွာ၌ တပါးသောရပ်ရွာဌာနဘုံဘဝကလာပြီး၍ ပဋိသန္ဓေနေသသူရှိဘိ သကဲ့သို့၊တပါးသောရပ်ရွာဌာနဘုံဘဝကလာ၍ပဋိသန္ဓေနေသသူရှိ၏ဟူ၍လည်း၊နဝဒါမိ-ငါဘုရားဟောတော်မမူသည်သာလျှင်တည်း၊ ဌိတိ–ဤလူ့ဘုံလူ့ရွာ၌ တပါးသောရပ်ရွာဌာန ဘုံဘဝကလာ၍ ပဋိသန္ဓေနေပြီးလျှင်၊ မသေမပျောက်၊ ကောင်းမွန်မြင့်ရှည်၊ တည်နေသော ပုဂ္ဂိုလ်သတ္တဝါ၊ ရှိဘိသကဲ့သို့၊ တပါးသောရပ်ရွာဌာန ဘုံဘဝကလာ၍ ပဋိသန္ဓေနေပြီးလျှင်၊ မသေမပျောက်၊ ကောင်းမွန်မြင့်ရှည်၊ တည်နေသော ပုဂ္ဂိုလ်သတ္တဝါရှိ၏ ဟူ၍လည်း၊ နဝဒါမိ-ငါဘုရားဟောတော်မမူသည်သာလျှင်တည်း၊ စုတိ-ဤလူ့ဘုံ လူ့ရွာ၌ တပါးသောရပ်ရွာဌာန ဘုံဘဝက လာ၍ ပဋိသန္ဓေနေပြီးကာ၊ မသေမပျောက်၊ ကောင်းမွန်မြင့်ရှည်၊ တည်နေပြီးလျှင်၊ သက်တမ်းစေ့က၊ စုတေမနေ၊ သေဆုံး ရွှေ့လျောရသောသူ ရှိဘိသကဲ့သို့၊ တပါးသောရပ်ရွာဌာနဘုံဘဝကလာ၍၊ ပဋိသန္ဓေနေပြီးကာ၊ မသေမပျောက် ကောင်းမွန်မြင့်ရှည်၊ တည်နေပြီးလျှင်၊ သက်တမ်းစေ့က၊ စုတေမနေ၊ သေဆုံးရွှေ့လျောရသော သူရှိ၏ ဟူ၍လည်း၊ နဝဒါမိ–ငါဘုရားမဟောသည်သာလျှင်တည်း၊ ဥပပတ္တိ-ဤလူ့ဘုံလူ့ရွာ၌ သက်တမ်းစေ့၍၊ စုတေမနေ၊ သေဆုံးရွှေ့လျောပြီးလျှင်၊ နောင်တဘန် ပဋိသန္ဓေနေပြန်ရသောသူရှိဘိသကဲ့သို့၊ သက်တမ်းစေ့၍၊ စုတေမနေ သေဆုံးရွှေ့လျောပြီးလျှင်၊ နောင်တဘန်ပဋိသန္ဓေ နေပြန်ရသောသူရှိ၏ ဟူ၍လည်း၊ နဝဒါမိ–ငါဘုရား မဟောသည်သာလျှင်တည်း၊ တံ· ထိုနိဗ္ဗာန်ဟူသော ရွှေဘုံဌာန အမတမြို့တော်ကြီးသည်ကား၊ အပတိဋ္ဌံဧဝ-ဤလောက၌ သတ္တဝါတို့ တည်ရပ်ထိုင်နေရာ၊ ဗိမာန်မြေတောင် စသည်များကဲ့သို့၊မားမား စွင့်စွင့်၊ မြင့်နိမ့်ညီမျှ၊ ပြူနိတိုရှေ၊ အလုံးအခဲ၊အထည်ဝတ္ထု၊အနေနှင့်တည်ရာဌာနလည်း မဟုတ်သည်သာလျှင်တည်း၊ အပဝတ္တံဧဝ-ရုပ်နာမ်ခန္ဓာ၊ သင်္ခတ တရားများလည်း မြင့်ကြာတာရှည်၊ အစိအစဉ်ဖြစ်၍တည့်ဘိသကဲ့သို့ မြင့်ကြာတာရှည်၊ အစိအစဉ်ဖြစ်၍

တည်နေသော အရာလည်းမဟုတ်သည်သာလျှင်တည်း၊ အနာဂရမ္မဏ်ဝေ-နာမက္ခန္ဓာ လေးပါးများကဲ့သို့၊ အာရုံပြုတတ်သောတရားလည်း မဟုတ်သည်သာလျှင်တည်း၊ ဘိက္ခဝေ-သံသရာရေး၊ ဒုက္ခဘေးကို၊ မနှေးလျင်စွာ၊ စွန့်လိုပါ၍၊ ဃရာလူ့ဘောင်၊ ခွါရှောင်စွန့်လျက်၊ တောသို့ထွက်လား၊ ငါ့ထံပါး၌၊ တရေးရသာ၊ အမြိုက်ကိုရှာကြသော အို-ငါ၏ချစ်သား၊ရဟန်းများတို့၊ဧသော-ဤသို့စင်လောက်၊ ပွေလီထူးဆန်း၊ အံ့မခန်းသော၊ နိဗ္ဗာန်ရွှေမြို့နန်းကြီးသည်သာလျှင်၊ ဒုက္ခဿ-အဝိဇ္ဇာအစ၊ ဇရာမရဏာအဆုံး၊ တဆဲ့နှစ်လုံးသော ပဋိစ္စသမုပ္ပါဒ်၊ စက်ပုတီးကုံး၊ ဒုက္ခတုံးကြီး၏၊ အန္တော-မလည်မပတ်၊ တန့်ရပ်ပျက်ပြုန်း၊အစတုံးချုပ် ဆုံးရာဌာနကြီးပေတည်း၊ ဝါ-အဝိဇ္ဇာအစ၊ ဇရာမရဏာအဆုံး၊ တဆဲ့နှစ်ပါးသော ပဋိစ္စသမုပ္ပါဒ် စက်ရထားကြီး၏၊ အန္တော-အပြေးမသွား၊ ရပ်နားပျက်ပြုန်း၊ အစတုံးချုပ် ဆုံးရာဌာန၊ အမတဘုတာရုံကြီးပေတည်း။

[ဥဒါန်းပါဠိတော် ပါဋလိဂါမိဝဂ် တဒါယတနနိဗ္ဗာန်သုတ်]

နိဗ္ဗာန်နှစ်မျိုး

(၁) သဥပါဒိသေသနိဗ္ဗာန်။
(၂) အနုပါဒိသေသနိဗ္ဗာန်။

(၁) ခန္ဓာငါးပါးအကြွင်းရှိ၍၊ ကိလေသာငြိမ်းသောနိဗ္ဗာန်။
(၂) ခန္ဓာငါးပါးအကြွင်းမရှိမူ၍၊ကိလေသာငြိမ်းသောနိဗ္ဗာန်။

[ဣတိဝုတ်-ဒုတိယဝဂ်-သတ္တမသုတ်]

သန္တိကိရိယာသံပေါက်

က—(၁) အရဟတ္တံ၊ ဖိုလ်နိဗ္ဗာန်၊ ဧကန်မျက်မှောက်မှာ။
(၂) နိဗ္ဗာန်မျက်မှောက်၊ အာရုံရောက်၊ မဖေါက်မင်္ဂလာ။
(၃) ဝိသယာတိက္ကမ၊ ထွက်မြောက်က၊ ဝါနမရှိပါ။

[မင်္ဂလတ္ထပုဏ္ဏဝိသဇ္ဇနာ-၄၃]

ခ—(၁) အရဟတ္တဖိုလ်ကို၊ နိဗ္ဗာန်ဆို၊ ခေါ်လိုဤ၌မှာ၊

(၂) ဖိုလ်ကိုဝင်စား၊ ဆင်ခြင်ပွား၊ မှတ်သားသန္တိကိရိယာ၊

(၃) နိဗ္ဗာန်ကိုရှု၊ အာရုံပြု၊ ထင်မှုမျက်မှောက်သာ၊

(၄) နိဗ္ဗာန်ကိုမြင်၊ ချမ်းသာအင်၊ မင်္ဂလာမှတ်ရာ၊

(၅) နိဗ္ဗာနသန္တိကိရိယာစ၊ ဂုဏ်ပုဒ်ရ၊ မချရဟန္တာ။

[မင်္ဂလတ္ထဒီပက-၃၈]

မင်္ဂလာပျို

သမ္မာသန့်၊ စသည်ဆယ်တန်၊ ပွါးသောဉာဏ်ဖြင့်၊ ထက်သန်ဆင့်ဆင့်၊ ရင့်ထက်ရင့်မှ၊ ဒုက္ခသမုဒယ၊ နိရောဓဟု၊ မဂ္ဂသစ္စာ၊ ထိုလေးဖြာတွင်၊ အကြိုးဝင်သည့်၊ ဤလျှင်သစ္စာ၊ နိရောဓာကို၊ ကောင်းစွာမြင်သိ၊ သဉပါဒိ၊အနုပါဒိဟု၊မည်ရှိနိဗ္ဗာန်၊ မြတ်မွန်တရား၊ ထိုနှစ်ပါးတွင်၊ လေးပါးဝိပ္ပလ်၊ ဘောက်ပြန်သမှု၊ ကိုယ်ဟုစွဲကြ၊ သက္ကာယကို၊ လက်စသိမ်းချုပ်၊ လက်ငုပ်မကျန်၊ ပယ်လှန်ဖြုတ်ချ၊ လောဘဒေါသ၊ မောဟဒိဋ္ဌိ၊ အစရှိသည်၊ များဘိထွေထွေ၊ သံကိလေညစ်၊ စွန့်ပစ်မလ၊ ဩဃယောဂ၊အာသဝနှင့်၊ဂန္ထကင်းကွာ၊ သစ္စာလေးချက်၊ ဆယ့်ခြောက်နက်ကို၊ ဖိုလ်မင်္ဂစိတ်သန့်၊ နိဗ္ဗာန်ညွတ်ဘိ၊ ဝိမုတ္တိတရား၊ ထင်ရှား မျက်မှောက်၊ ရောက်လတ်ကုန်ရာ၊ ခန္ဓာအစဉ်၊ ဝိညာဉ်နာမ်ရုပ်၊ မချုပ်သေးဘိ၊ သန္တိလက္ခဏာ၊ တည်ကြည်စွာလျှ၊ သဉပါဒိသေသ၊နိဗ္ဗာနတည့်၊ ပဋိသန္ဓေ၊ မနေတာဘန်၊ ခန္ဓာမကြွင်း၊ တျင်းတျင်းကုန်စင်၊ အသင်္ခတဓာတ်၊ အနုပါဒိသေသတ်၊ အမြတ်နိဗ္ဗာန်၊ ငြိကန်ထုတ်ချောက်၊ မျက်မှောက်ရှေးရှု၊ အာရုံပြုသည်။ ။လွတ်မှု တရား—မြတ်စွာတည်း။

[သံတော်ဆင့်မင်း ဦးကျော်ဧ]

နိဗ္ဗာန်ချမ်းသာ

နိဗ္ဗာနံ ဒဿနဥ္စာယ ဘဝါမိ။

အဟံ-ငါသည်၊ဝါ-ဒါနသီလအစရှိသော ကုသိုလ်ကောင်းမှုကို ပြုလေ့ရှိသောငါသည်၊ နိဗ္ဗာနံ-နိဗ္ဗာန်ကို၊ ဝါ-ရာဂဂ္ဂိ၊ ဒေါသဂ္ဂိ၊ မောဟဂ္ဂိ အစရှိသော ကိလေသာတို့၏ ကင်းငြိမ်းရာဟု ဆို အပ်သော နိဗ္ဗာန်ကို၊ ဝါ-သမုဒ္ဒရာ၏အလယ်၌ နစ်မွန်းမျောပါး သောသတ္တဝါသား ဒုက္ခိတသတ္တဝါတို့၏ မှီခိုရာ ကျွန်းကြီးသ ဖွယ်နှင့်တူသော နိဗ္ဗာန်ကို၊ ဝါ-ကိလေသာနှင့် အနှောင့်အယှက်မရော မပြွမ်းသော နိဗ္ဗာန်ကို၊ဝါ-ပဋိသန္ဓေနေရခြင်း၊နာရခြင်း၊သေရခြင်း၊ အိုရခြင်းတို့မှကင်းသော နိဗ္ဗာန်ကို၊ ဝါ-ခပ်သိမ်းသော သူတော် ကောင်းတို့၏ သွားရာလမ်းမနှင့်တူသောနိဗ္ဗာန်ကို၊ဒဿနဥ္စာယ- မြင်ခြင်းအကျိုးငှါ၊ ဝါ-မြင်ခြင်းငှါ၊ ဘဝါမိ-ဖြစ်ရပါလို၏။

[မင်္ဂလာဂဏ္ဍီ-၁၂၃]

ဝတ္ထုသက်သေသာဓက

သရဏဂုံ၊ ပဉ္စသီအဋ္ဌသီ၊ ဒသသီ၌မြဲမြံစွာတည်စေ၍၊ မကျိုး မပေါက် မပြောက်မပျက်ရအောင် စောင့်ရှောက် ဆောက်တည် ခြင်းသည်· သန္တိကိရိယာ ပဂူသော မင်္ဂလာနှင့် ညီညွတ်သော ကြောင့် ဝိသာခါ အနာထပိဏ် စသော သူတို့သည် ဆောက် တည်ကြသဖြင့် သောတာပတ္တိဖိုလ် အစရှိသည်သို့ အသီး အသီးရောက်ကြလေသော အဖြစ်ကိုသိရာ၏။

၃၅-ဖုဋ္ဌဿဿလောကဓမ္မေဟိစိတ္တံယဿ နကမ္ပတိ

လောကဓံရှစ်ပါး၊ တွေ့ကြုံငြား၊ လှုပ်ရှားမရှိရာ၊

[လောကဓံတရားရှစ်ပါးနှင့် တွေ့ကြုံငြားလည်း ရဟန္တာပုဂ္ဂိုလ် တို့၏စိတ်၌တုန်လှုပ်ခြင်းမရှိ။]

မှတ်ရန်····ဤမင်္ဂလာကား ကိလေသာကုန်ပြီးသော ရဟန္တာ ပုဂ္ဂိုလ်တို့၌သာ မုချအားဖြင့်ရအပ်ကုန်၏၊ ပညာကြီးတော်မူကုန် သော ပုထုဇဉ်ပုဂ္ဂိုလ်၊ သေက္ခပုဂ္ဂိုလ်တို့၌ကား ဥပစာအားဖြင့် သာရအပ်ကုန်၏ ဟုယူအပ်ကုန်၏ ဟူလိုသောဝ်။

[ပရိတ်ကြီးနိဿယ-၄၈]

ဤမင်္ဂလာ၏အဓိပ္ပါယ်များ

(၁) ဖုဋ္ဌဿတိ သံသာရ ပဝတ္တ ဘဝေသု
ကာယိက သုခဒုက္ခံ စေတသိက သုခဒုက္ခံ
ဖုဋ္ဌဿတိ အတ္ထော။

ဖုဋ္ဌဿတိ-ဖုံ့ဋ္ဌဿဟူသည်ကား၊ သံသာရပဝတ္တဘဝေသု- သံသရာဘဝ၊ ယခုပစ္စုပ္ပန်ဘဝတို့၌၊ ကာယိကသုခဒုက္ခဥ္စ-ကိုယ် ၏ချမ်းသာခြင်း၊ ကိုယ်၏ဆင်းရဲခြင်းကို လည်းကောင်း၊ စေတသိ ကသုခဒုက္ခဥ္စ-စိတ်၏ချမ်းသာခြင်း၊ စိတ်၏ ဆင်းရဲခြင်းကို လည်း ကောင်း၊ ဝါ-လောကဓံတရား ရှစ်ပါးကိုလည်းကောင်း၊ ဖုဋ္ဌဿ- တွေ့ရသော ရဟန္တာ ပုဂ္ဂိုလ်၏၊ ဣတိ အယံ- ဤ သည်လျှင်၊ အတ္ထော-ဖုဋ္ဌဿဟူသော ပုဒ်၏အနက်တည်း။

[မင်္ဂလာဂဏ္ဌိ-၁၂၃]

(၂) လုဒ္ဓတိ ပလုဒ္ဓတိတိလောကော၊

ယောသဘာဝေါ-အကြင်သဘော တရားသည်၊လုဒ္ဓတိပလုဒ္ဓတိ-ပျက်တတ် အပြားအားဖြင့် ပျက်တတ်၏၊ ဣတိ-ထို့ကြောင့်၊ သောသဘာဝေါ- ထိုသဘော တရားသည်၊ လောကော-လောကမည်၏။

(၃) ခါရေတိတိ ခမ္မော၊

ယောသဘာဝေါ - အကြင်သဘောတရားသည်၊ ခါရေတိ-ဆောင်တတ်၏၊ ဝါ-လောကဓံတရား ၅စ်ပါးကို ဆောင်တတ်၏၊ ဣတိ-ထို့ကြောင့်၊ သောသဘာဝေါ-ထိုသဘော တရားသည်၊ ခမ္မော-ဓမ္မမည်၏။

[မင်္ဂလာဂဏ္ဌိ-၁၂၅]

(၄) လောကဓမ္မေဟိတိ လာဘော
အလာဘော ယသော အယသော
နိန္ဒ ပသံသနံ သုခံ ဒုက္ခဉ္စ အဋ္ဌော။

လောကဓမ္မေဟိတိ-လောက ဓမ္မေဟိဟူသည်ကား၊လာဘော-လာဘ်ရသောအခါလည်းရှိ၏၊ အလာဘော-လာဘ်မရသောအခါလည်းရှိ၏၊ ယသော-စည်းစိမ်ချမ်းသာ အခြံအရံအကျော်အစောရှိသောအခါလည်း ရှိ၏၊ အယသော-စည်းစိမ်ချမ်းသာ အခြံအရံအကျော်အစော မရှိသောအခါလည်းရှိ၏၊နိန္ဒ-အကုသိုလ်ထောက်ပံ့သဖြင့် နိမ့်ကျသည်ဖြစ်၍၊ သူတပါးတို့ အကဲ့ရဲ့ကိုခံရသောအခါလည်းရှိ၏၊ပသံသနံ-ကုသိုလ်ကောင်းမှု ထောက်ပံ့သဖြင့် မြင့်မြတ်သည်ဖြစ်၍၊သူတပါးတို့အချီးအမွမ်းကို ခံရသည်လည်းရှိ၏၊သုခံ-ချမ်းသာကိုခံစားရသော အခါလည်းရှိ၏၊ ဒုက္ခံ-ဆင်းရဲကိုခံစားရသောအခါလည်းရှိ၏၊ ဣတိအယံ-ဤသည်လျှင်၊ အဋ္ဌော-လောကဓမ္မေဟိဟူသောပုဒ်၏အနက်တည်း။

[မင်္ဂလာဂဏ္ဌိ-၁၂၄]

(၅) စိတ္တံယဿနကမ္ပတီတိ ဝိပါကကြိယာစိတ္တံ
ယဿအရဟန္တဿ စိတ္တန္တိ ဝုတ္တံ၊
နကမ္ပတီတိ အတ္ထော။

စိတ္တံယဿ နကမ္ပတီတိ-စိတ္တံယဿနကမ္ပတိ ဟူသည်ကား၊ ဝိပါကကြိယာစိတ္တံ—ဝိပါက်ကြိယာစိတ်ကို၊ ယဿအရဟန္တဿ-အကြင်ရဟန္တာ ပုဂ္ဂိုလ်၏၊စိတ္တန္တိ-စိတ်ဟူ၍၊ ဝုတ္တံ—ဆိုအပ်၏၊ တဿအရဟန္တဿ-ထိုရဟန္တာ ပုဂ္ဂိုလ်၏၊ ဝိပါကကြိယာစိတ္တံ-ဝိပါက်ကြိယာ စိတ်သည်၊ ဝါ-မဂ်ဖြင့် ကိလေသာကို၊ ပယ်အပ်ပြီးသော ပုဂ္ဂိုလ်၏ ဝိပါက်ကြိယာစိတ်သည်၊ နကမ္ပတိ-မတုန်လှုပ်၊ ဝါ-မထိတ်လန့် မကြောက်ရွံ့၊ ဣတိအယံ- ဤသည်လျှင်၊ အတ္ထော-ဖုဋ္ဌဿလောကဓမ္မေဟိ စိတ္တံယဿနကမ္ပတိဟူသောပုဒ်၏အနက်တည်း၊ ဝါ-ရဟန္တာပုဂ္ဂိုလ်တို့၏စိတ်သည် လောကဓံတရားရှစ်ပါးနှင့် တွေ့ငြားသော်လည်း မတုန်လှုပ်၊ မထိတ်လန့်၊ မကြောက် ရွံ့ ဟူသော အနက်တည်း။

(၆) လောကဓမ္မေဟိ-သတ္တလောက၊ သင်္ခါရလောက၊ သုခဒုက္ခ-ခြွေရံကျူးရှုံ၊မစုံတခါ၊ စုံတခါတည့်၊ လာဘာလာဘာ၊ လာဘ်ရချေခါ၊ မရခါနှင့်၊ ကျော်ညာဝေနီး၊ ချီးမွမ်းပြောဆို၊ မကြည်ညိုမူ၊ ထိုသူကိုပင်၊ အပြစ်တင်သည်၊ သို့စင်တကာ၊ ဤရှစ်ပါးသော၊ လောကဓံတရားတို့နှင့်၊ ဖုဋ္ဌဿ- ဖုံတထောင်းထောင်းထသလို တွေ့ထသော၊ ယဿ-အကြင်မဟာသတိပဋ္ဌာန်ဂိုဏ်းဝင်ရဟန်းရှင်လူ၊မိန်းမယောက်ျား၏၊စိတ္တံ-ဓာဂရိယာနုယောဂနှင့်၊ယှဉ်သော လောကုတ္တရာ စတုဘုမ္မိက စိတ်သည်၊ ဝါ- ပါရမီ မဂ်လာနှင့် ယှဉ်သော စိတ်သည်၊ နကမ္ပတိ-ငါ့ကံသာလျှင် ပြုစီရင်ဟု ပကတိ မတုန်မလှုပ်ဘဲ သည်းခံနိုင်၏။

[ရွှေမင်းဝံ-ငှက်တွင်းဆရာတော်]

(၇) လောကဓမ္မေဟိ-လောကဓံတရားရှစ်ပါးတို့နှင့်၊ ဖုဋ္ဌဿ-ခိုက်တိုက်တွေ့ကြုံရသော၊ ယဿ-အကြင်တာဒိဂုဏ်နှင့်၊ ပြည့်စုံ

ပေလတ်၊ ယောကျ်ားမြတ်၏၊ စိတ္တံ-စိတ်သည်၊ နကမ္ပတိ-မတုန်လှုပ်။

[မိုးညှင်းဆရာတော်]

(၈) လောကဓမ္မေဟိ- လာဘ အလာဘ၊ ယသ အယသ၊ နိန္ဒာပသံ၊သုခံဒုက္ခ၊လောကဓမ္မာ၊ပမာရေလှိုင်း၊နိမ့်ရှိုင်းမြင့်မောက်၊ တောက်တောက် ပြန်ပြန်၊ ဖြစ်မြဲမှန်သော လောကဓံတရား ရှစ်ပါးတို့နှင့်၊ဖုဋ္ဌဿ-ဘုံဝေလေ့လိုက်၊တွေ့ကြုံကြိုက်သော်လည်း၊ယဿ-အကြင်တာဒိဂုဏ်နှင့် ပြည့်စုံပေလတ်၊ ယောကျ်ား မြတ်၏၊စိတ္တံ-စိတ်သည်၊ နကမ္ပတိ-မတုန်လှုပ် မချောက်ချား။

(၉) ယော-သဘောပြုစင်၊ ပညာသမာဓိ၊ စရိုက်ရှိ၊ အကြင်ပုဂ္ဂိုလ်သည်၊လောကဓမ္မေဟိ-ဖြစ်ဘိလောက၊လာဘ်ရ လာဘ်စဲ၊ ဆင်းရဲချမ်းသာ၊ ချီးမွမ်းကဲ့ရဲ့၊ ရှိမဲ့ခြံရံ-လောကဓံ တရား၏ရှစ်ပါးတို့နှင့်၊ ဖုဋ္ဌော-ထူပြောနည်းပါး၊ ကံအားထိုက်လိုက်၊ တိုက်ဆိုက်တွေ့ကြုံသည်၊အဿ-ဖြစ်ရာ၏၊တဿ-သီလပြုစင်၊ပညာသမာဓိ၊ စရိုက်ရှိ၊ ထိုပုဂ္ဂိုလ်၏၊ စိတ္တံ-ကြံတတ်အာရုံ၊ သိတုံ့စွဲသုံး၊စိတ်နှလုံးသည်၊နကမ္ပတိ-လောကီထုံးတမ်း၊ ဝမ်းသာဝမ်းနည်း၊ ထန်သည်းအမျက်၊မာန်တက်ထောင်လွှား၊ခြင်းရာအားဖြင့်၊ချောက်ချားမသုန်၊ မတုန်မလှုပ်သတည်း။

[မင်္ဂလသုတ် မိတ်လင်စုံ-၁၈]

(၁၀) လောကဓမ္မေဟိ-ဘုရား ပစ္စေကဗုဒ္ဓါ၊ အရိယာ အရှင်မြတ်၊ နတ်နှင့်တကွသော လူအပေါင်းတို့၊ အကြောင်းအားလျော်စွာ၊ တွေ့ကြုံမြဲမွတာဖြစ်သော၊လာဘော-အလာဘော၊ ယသော၊ အယသော၊ နိန္ဒာ၊ ပသံသံ၊ သုခံ၊ ဒုက္ခံ၊ တည်းဟူသော လောကဓံတရား ရှစ်ပါးတို့နှင့်၊ ဖုဋ္ဌဿ-အကုသလဝိပါက်၊ ကုသလဝိပါက်၊ ပြီးယှက်ထိုက်လိုက်၊ တိုက်ဆိုက် တွေ့ကြုံသော၊ ယဿ-အကြင် ရဟန္တာ ပုဂ္ဂိုလ်၏၊ စိတ္တံ-စိတ်သည်၊ နကမ္ပတိ-လာဘ် ရခြင်း၊

အခြံအရံ များခြင်း၊ သူတပါးတို့ ချီးမွမ်းခြင်း၊ ချမ်းသာသုခနှင့် ပြည့်စုံခြင်း တည်းဟူသော ဣဋ္ဌလောကဓံ လေးရပ်၊ လာဘ်ရှား ပါးခြင်း၊ အခြံအရံ နည်းပါးခြင်း၊ သူတပါးတို့ ကဲ့ရဲ့ရှုတ်ချခြင်း၊ ဆင်းရဲဒုက္ခနှင့် တွေ့ကြုံခြင်း တည်းဟူသော အနိဋ္ဌလောကဓံလေး ထိ၊ ဤရှစ်ပါးသောဣဋ္ဌာရုံ၊ အနိဋ္ဌာရုံတို့ကြောင့် တစုံတရာမျှတုန် လှုပ်ခြင်းမရှိသည် လည်းကောင်း။

[မင်္ဂလာအလင်း-၈၇]

မတုန်လှုပ်

(၁) သေလော ယထာဧကဃနော၊
ဝါတေန နသမီရတိ။
ဧဝံ နိန္ဒာပသံသာသု၊
နသမိဉ္ဇန္တိ ပဏ္ဍိတာ။

ဧကဃနော–တခဲနက်သော၊ သေလော-ကျောက် အတိပြီး သောတောင်ကြီးသည်၊ဝါတေန-လေကြောင့်၊ နသမီရတိယထာ-မတုန်လှုပ်သကဲ့သို့၊ဧဝံတထာ-ထို့အတူ၊ပဏ္ဍိတာ-ဉာဏ်ရှိကပိန်၊ သုခမိန် တို့သည်၊ နိန္ဒာပသံ သာသု-ကဲ့ရဲ့ခြင်း၊ ချီးမွမ်းခြင်းတို့ ကြောင့်၊ နသမိဉ္ဇန္တိ-မတုန်လှုပ်ကုန်။

[ဓမ္မပဒ-ပဏ္ဍိတဝဂ်]

(၂) လောကဓံတရား ရှစ်ပါးတို့နှင့် တွေ့ကြုံ ရသောအခါ ကမ္ပဋ္ဌာန်းနှင့် ယှဉ်သော ယောဂီပုဂ္ဂိုလ်တို့သည် မတုန်လှုပ်။

[မင်္ဂလာသာရဒီပနီ-၅၆]

မတုန်လှုပ်ဆိုသည်ကား

(၁) စိတ်မတုန်လှုပ်ခဆိုသည်ကား။ ။စိတ်ခိုင်ခြင်းစိတ်တည် ခြင်းကိုဆိုသတည်း၊ ဥစ္စာပစ္စည်း၊ အခြွေအရံ၊ ချီးမွမ်းခြင်း၊ ချမ်း သာခြင်း၊တခုခုကိုရသောသူ၏ စိတ်သည်ခိုင်ခဲ၍၊ တည်ခဲ၍၊ ခိုင် မတည်နိုင်ဘဲ၊ ဝမ်းသာလာတတ်သည်၊ မာနကြီးလာတတ်သည်၊

ထိုသို့ဝမ်းသာခြင်း၊ မာနကြီးလာခြင်းကို စိတ်တုန်လှုပ်သည်ဟု ဆို၏၊ ထိုသို့တုန်လှုပ်လျှင် မင်္ဂလာမဖြစ်၊ စိတ်မတုန်လှုပ်မှသာ မင်္ဂလာဖြစ်၏၊ ဥပစ္စာပစ္စည်း အခြံအရံအရေး ရနည်းခြင်း၊ ပျက်စီးခြင်း၊ ဆင်းရဲခြင်း၊ ကဲ့ရဲ့ခြင်းတရခုကို ရသောအခါ၌လည်း၊ စိတ်မခိုင်မတည်နိုင်ဘဲ၊ ဝမ်းနဲခြင်းအမျက်ထွက်ခြင်း၊ စသောစိတ်တုန်လှုပ်ခြင်း ဖြစ်လာတတ်၏၊ ထိုသို့စိတ်တုန်လှုပ်ခြင်းသည် မင်္ဂလာမဖြစ်၊ စိတ်မတုန်လှုပ်ဘဲ ခိုင်မြဲတည်ကြည်မှသာ မင်္ဂလာဖြစ်၏၊ ရဟန္တာ၏ စိတ်သာ ဤသို့ ခိုင်မြဲတည်ကြည်နိုင်၏။

[မင်္ဂလာအလင်း-၃၇]

(၂) အကြားအမြင်မရှိသော ပုထုဇဉ်ပုဂ္ဂိုလ်တို့၏ စိတ်သည် ကား လာဘ်ရခြင်း၌၎င်း၊ အခြံအရံပြည့်စုံခြင်း၌၎င်း၊ ချီးမွမ်းသည်ကိုခံရခြင်း၌၎င်း၊ အလိုပြည့်ခြင်းအနာမဲ့ခြင်းဖြင့်ချမ်းသာခြင်း၌၎င်း၊ ငါ၌ယာချဖြစ်လာသော လာဘ်အစရှိသည်နှင့် ပြည့်စုံခြင်းတို့သည် လောကဓံတရားမျှဖြစ်၍၊ စင်စစ်အားဖြင့် မမြဲတတ်ခြင်း၊ ပျက်စီးတတ်ခြင်း၊ ဖောက်ပြန်တတ်ခြင်း တည်းဟူသော သဘာဝရဓမ္မ ဝိပရိဏာမဓမ္မဖြစ်သည်ဟူ၍ မဆင်ခြင်၊ ယထာဘူတဉာဏ်ဖြင့် ဟုတ်မှန်တိုင်းမသိ၊ အလွန်လျှင် တုန်လှုပ်ခြင်းရှိကုန်၏။ အကြင်ပုထုဇဉ် ပုဂ္ဂိုလ်တို့၏ စိတ်သည်လည်း လာဘ်မရခြင်း၌၎င်း၊ အခြွေအရံ မပြည့်စုံခြင်း၌၎င်း၊ ကဲ့ရဲ့စွပ်စွဲ ဆဲရေးသည်ကို ခံရခြင်း၌၎င်း၊ အလိုသို့မကျခြင်း၊ ရောဂါရခြင်းဖြင့် ဒုက္ခကိုတွေ့ရခြင်း၌၎င်း၊ ငါ၌ယာချဖြစ်လာသော လာဘ်မရခြင်းစသော သဘောတရားတို့သည် လောကဓံတရားဖြစ်၍၊ စင်စစ်အားဖြင့် မမြဲတတ်၊ ပျက်စီးတတ်၊ ဖောက်ပြန်တတ်ခြင်း တည်းဟူသော သဘာဝရဓမ္မ ဝိပရိဏာမဓမ္မမျှ ဖြစ်သည်ဟူ၍ မဆင်ခြင်၊ ယထာဘူတ ဉာဏ်ဖြင့် ဟုတ်မှန်တိုင်းမသိ၊ ထိုပုထုဇဉ်ပုဂ္ဂိုလ်တို့၏ စိတ်သည် ထိုတွေ့ကြုံအပ်သော ဣဋ္ဌဖလ၊ အနိဋ္ဌဖလ၏ အကြောင်းတို့ကြောင့် အလွန်လျှင် တုန်လှုပ်ခြင်း၊ ဒေါသဖြစ်ခြင်းသို့ ရောက်ကုန်၏၊ ရဟန္တာဖြစ်

ကုန်သော အရိယာ သူတော်ကောင်းတို့၏ စိတ်သည်ကား အာကြင်ဆိုအပ်ပြီးသော လာဘ်အစရှိသော ရှစ်ပါးကုန်သော လောကဓံတရားတို့ကိုတွေ့၍၊ ထိုသို့တွေ့သည့်ရှိသော် ဘူတ၊ တစ္စ ဖြစ်သော တရားကိုသာလျှင် ယထာဘူတဉာဏ်ဖြင့် သိနိုင်သည်ဖြစ်၍၊ ထိုဣဋ္ဌဖလ အနိဋ္ဌဖလတို့၏ အကြောင်းဖြစ်သော လာဘအာစရှိသော တရားတို့သည် ထိုရဟန္တာဖြစ်ကုန်သော အရိယာသာဝကတို့၏ စိတ်ကို ထိတ်လန့် တုန်လှုပ် စေခြင်းငှါ၊ မတတ်နိုင်ကုန်သည်သာလျှင်ကတည်း။

[မင်္ဂလာသာရဒီပနီ-၂၂၅]

လောကဓံတရား-၈-ပါး

(၁) လာဘ-လာဘ်ရခြင်း။
(၂) အလာဘ-လာဘ်မရခြင်း။
(၃) ယသ-အခြံအရံရှိခြင်း။
(၄) အယသ-အခြံအရံမရှိခြင်း။
(၅) နိန္ဒာ-ကဲ့ရဲ့ခြင်း။
(၆) ပသံသာ-ချီးမွမ်းခြင်း။
(၇) သုခ-ချမ်းသာခြင်း။
(၈) ဒုက္ခ-ဆင်းရဲခြင်း။

[မင်္ဂလာအလင်း-၃၈]

(၁) နိန္ဒာ-ပသံသ၊သုခ-ဒုက္ခာ၊ အဖြာဖြာ၊ မကွာဤလေးပါး။
(၂) လာဘာ-လာဘ၊ ယသ-အယသာ၊ ပေါင်းသောခါ၊ မှတ်ပါ ရှစ်သွယ်ပြား။
(၃) လောကမှာဖြစ်၊ ဓမ္မတာစစ်၊ မိန့်လှစ် ဤရှစ်ပါး။
(၄) လောကဓံမည်၊ ဤရှစ်လီ၊ အတည် မြဲမှတ်ထား။

[မင်္ဂလတ္ထဒီပက-၃၉]

မင်္ဂလာမည်ပုံ

(၁) မတုန်မလှုပ် တည်ကြည်သော စိတ်ရှိခြင်းသည် လွန်နိုင်ခဲသော လောကဓံရှစ်ပါးကို လွန်မြောက်၍ ချမ်းသာကြီးပွါးခြင်း၏ အကြောင်းဖြစ်သောကြောင့် မင်္ဂလာမည်၏။

[ပရိတ်ကြီးဂဏ္ဌိ-၆၇]

(၂) လောကဓံရှစ်ပါး၌ မတုန်မလှုပ် တည်သော စိတ်ရှိခြင်းသည် လောကသုံးပါးထက် လွန်မြတ်သည်၏ အဖြစ်ကြောင့် မင်္ဂလာမည်၏။

[မင်္ဂလာ့သာရဒီပနီ-၂၂၆]

(၃) လာဘ၊ အလာဘ အစရှိသော လောကဓံ တို့သည် တွေ့အပ်လွှမ်းမိုးအပ်သော အကြင် အငယ် အလတ် မထေရ်ဖြစ်သော ပုဂ္ဂိုလ်၏စိတ်သည် မတုန်လှုပ်၊ ထိုအငယ်အလတ် မထေရ်ဖြစ်သော ပုဂ္ဂိုလ်၏ တစုံတခုသော လောကဓံသည် မတုန်လှုပ်စေနိုင်သော ထိုစိတ်သည် လောက၌မြတ်သည်၏ အဖြစ်ကို ဆောင်တတ်သည်၏ အဖြစ်ကြောင့် မင်္ဂလာမည်၏။

[မင်္ဂလတ္ထဒီပနီ-၇၂၃]

နကမ္ပတိမင်္ဂလာသံပေါက်

က–(၁) လောကဓံရှစ်၊ တွေ့ကြုံလစ်၊ မနစ်ရဟန္တာ၊
(၂) တုန်လှုပ်မရှိ၊ မြဲနိုင်ဘိ၊ မှတ်သိမင်္ဂလာ၊
(၃) လူနတ်ပြဟ္မာ၊ သတ္တဝါ၊ လိုက်ပါမြဲမကွာ။

[မင်္ဂလတ္ထပုဏ္ဏောဝါဒသင်္ဂဟ-၄၄]

ခ–(၁) လောကဓံမည်၊ ထိုရှစ်လီ၊ အတည်မြဲမှတ်သား၊
(၂) လောကဝန်ကြီး၊ လွန်မပြီး၊ သီးသီးတွေ့တတ်ငြား၊
(၃) လောကဓမ္မဟိ၊ အခြေသိ၊ မိမိစွဲမှတ်သား၊
(၄) ရဟန္တာဖြစ်ငြား၊ ဤရှစ်ပါး၊ တွေ့ငြားမတုန်လှုပ်။

[မင်္ဂလတ္ထဒီပက-၃၉]

မင်္ဂလာပျို

မှတ်သားသေချာ၊ စေ့စေ့နှာလေ့၊ လာဘာလာဘ၊ ယသအယသာ၊ နိန္ဒာပသံ၊ သုခံဒုက္ခ၊ လောကဓမ္မတာ၊ ပမာရေလှိုင်း၊ နိမ့်ရှိုင်းမြင့်မောက်၊ ဘောက်ဘောက်ပြန်ပြန်၊ ဖြစ်မြဲမှန်ရှင့်၊ လေးတန်ရပ်ရွာ၊ လေးမျက်နှာမှ၊ သံဝါ ဟည်းဟည်း၊ မုန်တိုင်းသည်းလည်း၊ ခိုက်ဆည်းထွေရော်၊ လာလတ်သော်မူ၊ နူမြူမတိမ်း၊ မယိမ်းမယိုင်၊ ကြံ့ကြံ့ခိုင်ဖြိုး၊ ရွှေတိုင်ကြိုးသို့၊ ညီးညီးဝါဝါ၊ သန္တာရက္ခိ၊ ရဲရဲညီသည်၊ ဒိဏ္ဍာသဝ၊ ရဟန္တစိတ်၊ အာသဝေါဆိတ်၍၊ ဈာန်မှာနိဋ္ဌ၊ သည်းခံကြံလျက်၊ ဘဝဆုံးချုပ်၊ မတုန်လှုပ်ဟူ၊ လျစ်လျူသဘော၊ ဖိုလ်စိတ်စောသည်။ ။မြတ်သောစိတ်လျှင်ငြိမ်းချမ်းတည်း။

[သံတော်ဆင့်မင်း-ဦးကျော်ဇ]

ဝတ္ထုသက်သေသာဓကများ

(၁) အရှင်သောဏထေရ်သည် "အခေါင်းမရှိ၊ကျောက်အတိပြီးသော တောင်သည် အရှေ့မှလာသောလေဖြင့် မတုန်မလှုပ်မရွေ့ဘိသကဲ့သို့၊သည်းခံခြင်းနှင့်ပြည့်စုံသော ရဟန်း၏စိတ်သည် လောကဓံတရားရှစ်ပါးနှင့် တွေ့ကြုံငြားလည်း မတုန်မလှုပ်" ဟု ရှင်တော်ဘုရားအားလျှောက်ထားလေသည်။

[အင်္ဂုတ္တိုရ်ဒုတိယပဏ္ဏာသက-ပဥ္စမဝဂ်]

(၂) ပုထုဇဉ်သာမဏေ အစရှိသည်တို့သည် လကုဏ္ဍကဘဒ္ဒိယမထေရ်၏ ဦးခေါင်း၊ နားရွက်၊ နှာခေါင်းတို့ကိုကိုင်ပြီးလျှင် "ဘထွေး-သင်သည် သာသနာ့ဘောင်၌ ငြီးငွေ့သလော၊ မွေ့လျော်ပါ၏လော" ဟုဆို၏၊ သို့သော် မထေရ်သည်၊ အမျက်မထွက်သည်သာလျှင်ကတည်း၊ ၎င်းကိုအကြောင်းပြု၍၊ ရှင်တော်ဘုရားက "ရဟန္တာတို့မည်သည် အမျက်မထွက်ကုန်သည်သာလျှင် ကတည်း" ဟု မိန့်တော်မူဘူးလေသည်။

[ဓမ္မပဒပါဠိတော်-ပဏ္ဍိတဝဂ်]

(၃) ဘူရိဒတ်နဂါးမင်း ဖြစ်တော်မူသောကာလ အာလမ္ပါယ်သမား၏နှိပ်စက်ညှဉ်းပန်းခြင်း၌မတုန်လှုပ်။

[ဇာတ်ကြီးဆယ်ဘွဲ့-ဘူရိဒတ်ဇာတ်]

(၄) စမ္ပေယျနဂါးမင်းဖြစ်တော်မူသောအခါ အာလမ္ပါယ်လာ၍ ညှဉ်းဆဲခြင်း၌ မတုန်လှုပ်။

[ဝီသတိနိပါတ် စမ္ပေယျဇာတ်]

(၅) ကျွဲမင်းဖြစ်စဉ်ကလည်း မျောက်၏ညှဉ်းဆဲခြင်း၌မတုန်လှုပ်။

[တိကနိပါတ် အရညဝဂ်၊မဟိံသရာဇဇာတ်]

(၆) ခန္တိဝါဒီရသေ့ ဖြစ်တော်မူသော ကာလ၌ ကလာဗုမင်းက နား၊ နှာခေါင်း၊ ခြေလက်တို့ကို ဖြတ်သော်လည်း၊ တုန်လှုပ်ခြင်းမရှိ။

[စတုက္ကနိပါတ် ပုစိမန္ဒဝဂ်-ခန္တိဝါဒီဇာတ်]

၃၆–အသောကံ

စိုးရိမ်သောက၊ စိတ်မစွ၊ ကင်းထလွတ်သည်သာ။
စိုးရိမ်ခြင်းမရှိသည်လည်းမင်္ဂလာတပါး။

''သောက''အဓိပ္ပါယ်

သောကဟူသောကား ဆွေမျိုးစည်းစိမ်စသည် ပျက်စီးခြင်းအစရှိသော အကြောင်းကြောင့်ဖြစ်သော စိုးရိမ်ခြင်းတည်း။

[မဟာသတိပဋ္ဌာနသုတ်]

မှတ်ရန်။ ။(က) ဤမင်္ဂလာကား ကိလေသာကုန်ပြီးသော ရဟန္တာပုဂ္ဂိုလ်တို့၌သာ မုချအားဖြင့် ရအပ်ကုန်၏၊ ပညာကြီးတော်မူသော ပုထုဇဉ်ပုဂ္ဂိုလ် သေက္ခပုဂ္ဂိုလ်တို့၌ကား ဥပစာအားဖြင့်သာ ရအပ်ကုန်၏ဟု မှတ်အပ်ကုန်၏၊ ယူအပ်ကုန်၏ ဟူလိုသော်။

[ပရိတ်ကြီးနိဿယ-၄၈]

(ခ) ပုထုဇဉ်တို့၏ စိတ်သည်ကား အခါခပ်သိမ်း စိုးရိမ်ခြင်းကင်းသည်ကိုမရ၊ ဥပနိဿယဖြစ်သော သဒ္ဓါရဝဓမ္မ၊အနိစ္စလက္ခဏာ တရားတို့ကို နာကြားရှုက်ဆောင်၊လေ့ကျက် ပွါးများခြင်းဖြင့်သာလျှင် အသောကဟူသော မင်္ဂလာကိုရံခါရံခါရနိုင်၏ ဟူ၍ မှတ်အပ်၏။

[မင်္ဂလာသာရဒီပနီ-၂၂၉]

(ဂ) ရဟန္တာ ပုဂ္ဂိုလ်တို့၏စိတ်သည် သမုစ္ဆေဒပဟာန်ဖြင့် ပယ်လှန်ချိုးဖျက်ပြီး ဖြစ်သောကြောင့်စင်စစ်မုချ စိုးရိမ်ခြင်းမရှိ၊ ပုထုဇဉ်တို့၏ စိတ်သည်ကား အခါခပ်သိမ်းစိုးရိမ်ခြင်း ကင်းသည်ကိုမရ၊ ဥပနိဿယရှိသော ဘုရားလောင်း ပညာရှိတို့သာလျှင် ဤအသောကဟူသော မင်္ဂလာကို ရံခါရံခါ ရနိုင်၏ ဟူ၍ မှတ်အပ်၏။

[ပရိတ်ကြီးဂဏ္ဌိ-၆၇]

ဤမင်္ဂလာ၏အဓိပ္ပါယ်

(၁) နတ္ထိသောကော ဧတဿာ တိ အသောကော။

ဧတဿအရဟန္တဿ - ထိုရဟန္တာပုဂ္ဂိုလ်အား၊ သောကော- လောကဓံတရား ရှစ်ပါးကိုတွေ့၍၊ စိုးရိမ်တတ်သော စိတ်သည်၊ ဝါ-ကြောင့်ကြတတ်သော စိတ်သည်၊နတ္ထိ-မရှိ၊ဣတိ-ထို့ကြောင့်၊ သော-ထိုရဟန္တာ ပုဂ္ဂိုလ်တို့၏ စိတ်သည်၊ အသောကော-အ သောကမည်၏၊ ဝါ-လောကဓံ ရှစ်ပါးကို တွေ့ကြုံသော်လည်း၊ စိုးရိမ်ခြင်းမရှိ၊ ဝါ-ကြောင့်ကြခြင်းမရှိဟု ဆိုလိုသည်။

[မင်္ဂလာဂဏ္ဌိ-၁၂၆]

(၂) နတ္ထိသောကော ဧတဿာတိ အသောကော။ ။ဟုဝိဂြိုဟ် လာရကား ရဟန္တာအရှင်မြတ်တို့၏ စိတ်သည် အရဟတ္တမဂ် ခဏ၌ သမုစ္ဆေဒပဟာန်ဖြင့် ကိလေသာတရားတို့ကို ပယ်လှန် ချိုးဖျက်ပြီးဖြစ်သောကြောင့် စင်စစ်မချစိုးရိမ်ခြင်းမရှိဟု ဆိုလို သည်။

[မင်္ဂလတ္ထပုစ္ဆာဝိသဇ္ဇနာ-၄၅]

(၃) စိုးရိမ်ခြင်းမရှိဟူရာ၌၊ စိုးရိမ်ခြင်း ဆိုသည်ကား ငါ့ကို ရန်သူတို့နှိပ်စက်လိမ့်မည်လော၊ ငါ့ရောင်းဝယ်မှု ဆုံးရှုံးလိမ့်မည် လော၊ငါ့ဥစ္စာပစ္စည်းပျက်စီးလိမ့်မည်လော၊ ငါ့သားမယားမကျန်း မမာရှိလိမ့်မည်လော စသည်ဖြင့် မိမိအတွက်၊သူတပါးအတွက်၊ တွေးတောပူပန်ခြင်းကိုဆိုသတည်း။ ။ရဟန္တာ၏စိတ်သည် ဤ ကဲ့သို့သောစိုးရိမ်ခြင်းမှကင်းလွတ်၏။

[မင်္ဂလာအလင်း-၃၉]

(၄) လောကဓမ္မေဟိ- သတ္တလောက၊ သင်္ခါရ၌၊ သုခဒုက္ခ၌၊ ခြွေရံကျူးရုံ၊ မစုံကခါ၊ စုံတခါတည့်၊ လာဘာ လာဘ၊ လာဘ်ရ ချေခါ၊ မရခါနှင့်၊ကျော်ညာဝေးနီး၊ ချီးမွမ်း ပြောဆို၊ မကြည်ညိုမှု၊ ထိုသူကိုပင်၊ အပြစ်တင်သည်၊ သို့စဉ်တကား၊ ဤရှစ်ပါးသော၊

လောကဓံ တရားတို့နှင့်၊ ဖုဋ္ဌဿ-ဖုံတထောင်းထောင်း ထသလို တွေ့ထသော၊ ယဿ-အကြင် မဟာသတိပဋ္ဌာန်ဂိုဏ်းဝင်၊ရဟန်း ရှင်လူ၊မိန်းမယောကျ်ား၏၊စိတ္တံ-ဇာဂရိယာနုယောဂနှင့်ယှဉ်သော လောကုတ္တရစတုဘုမ္မိကစိတ်သည်၊ဝါ-ပါရမီမဂ်လာနှင့်ယှဉ်သော စိတ်သည်၊ အသောကံ-စည်းစိမ်ခြွေရံ၊ ပျောက်ပျက် ပြန်လည်း၊ ပူပန်စိုးရိမ်ခြင်းမရှိ။

[ရွှေမင်းဝံငှက်တွင်းဆရာတော်]

(၅) လောကဓမ္မေဟိ-လောကဓံတရားရှစ်ပါးတို့နှင့်၊ဖုဋ္ဌဿ-ခိုက်တိုက်တွေ့ကြုံရသော၊ ယဿ-အကြင်တာဒိဂုဏ်နှင့် ပြည့်စုံ ပေလတ်၊ ယောကျ်ားမြတ်၏၊ စိတ္တံ-စိတ်သည်၊ အသောကံ-ဒုက္ခ မျိုးကြောင့် စိုးရိမ်ပူပန်ရခြင်းမရှိ။

[မိုးညှင်းဆရာတော်]

(၆) လောကဓမ္မေဟိ- လာဘာလာဘာ၊ ယသအယသာ၊နိန္ဒာ ပသံ၊ သုခံဒုက္ခ၊ လောကဓမ္မာ၊ ပမာရေလှိုင်း၊ နိမ့်ရှိုင်းမြင့်မောက်၊ ဘောက်ဘောက်ပြန်ပြန်၊ ဖြစ်မြဲမှန်သော၊လောကဓံတရားရှစ်ပါး တို့နှင့်၊ဖုဋ္ဌဿ-ဘုံခလေ့လိုက်၊တွေ့ကြုံကြိုက်သော်လည်း၊ယဿ-အကြင်တာဒိဂုဏ်နှင့်၊ ပြည့်စုံပေလတ်၊ ယောကျ်ားမြတ်၏၊ စိတ္တံ-စိတ်သည်၊အသောကံ-ဒုက္ခမျိုးကြောင့်၊ စိုးရိမ်ပူပန်ခြင်းမရှိ။

[မင်္ဂလသုတ်မိတ်လင်စုံ-၁၈]

(၇) ယော-သဘောဖြူစင်၊ ပညာသမာဓိ၊ စရိုက်ရှိ၊ အကြင် ပုဂ္ဂိုလ်သည်၊ လောကဓမ္မေဟိ-ဖြစ်မိလောက၊ လာဘ်ရလာဘ်စဲ၊ ဆင်းရဲချမ်းသာ၊ချီးမွမ်းကဲ့ရဲ့၊ရှိမဲ့ခြံရံ၊ လောကဓံတရား၊ ဤရှစ်ပါး တို့နှင့်၊ဖုဋ္ဌော-ထူပြောနည်းပါး၊ကံအားထိုက်လိုက်၊ တိုက်ဆိုက် တွေ့ကြုံသည်၊ အဿ-ဖြစ်ရာ၏၊ တဿ- သဘောဖြူစင်၊ ပညာ သမာဓိ၊ စရိုက်ရှိ၊ ထိုပုဂ္ဂိုလ်၏၊စိတ္တံ- ကြံတတ်အာရုံ၊ သိတုံစွဲ သုံး၊ စိတ်နှလုံးသည်၊ အသောကံ-ခြံရံမျိုးဆွေ၊ရှိလေဥစ္စာ၊ ခန္ဓာ

အသက်၊ ဤအတွက်နှင့်၊ စပ်ယှက်ကြောင်းစ၊ ကြောင့်ကြပူပန်
စိုးရိမ်ခြင်းလည်းမရှိ။

[မင်္ဂလာအလင်း-၈၇]

(၈) လောကဓမ္မဟိ– ဘုရားပစ္စေကဗုဒ္ဓါ၊ အရိယာအရှင်
မြတ်၊နတ်နှင့်တကွသော လူအပေါင်းတို့၊ အကြောင်းအားလျော်
စွာ၊တွေ့ကြုံမြဲ ဓမ္မတာဖြစ်သော လာဘောအလာဘော၊ ယသော
အယသော၊ နိန္ဒာ ပသံသံ၊ သုခံဒုက္ခံတည်းဟူသော လောကဓံ
တရားရှစ်ပါးတို့နှင့်၊ ဖုဋ္ဌဿ–အကုသလဝိပါက်၊ ကုသလဝိပါက်
ပြီယှက်ထိုက်လိုက်၊ တိုက်ဆိုက်တွေ့ကြုံသော၊ ယဿ-အကြင်
ရဟန္တာပုဂ္ဂိုလ်၏၊ စိတ္တံ- စိတ်သည်၊ အသောကံ–ဉာတိဗျသန၊
စသည်အမျိုးမျိုး၊ မီးပြင်းထိုးသကဲ့သို့သော၊ညှိုးတမှိန်မှိန်၊ ခိုးအရှိန်
ကြောင့်၊ စိုးရိမ်ကြောင့်ကြမရှိခြင်းဧင်း။

[မဟာပရိတ်တော်ကြီးနိသျှသစ်-၃၂]

စိုးရိမ်ခြင်း

စိုးရိမ်ခြင်းသည် လွန်လေပြီးသော အကျိုးစီးပွါးကိုမဆောင်၊
လာလတ္တံ့သောချမ်းသာကိုမရွက်ဆောင်၊ စိုးရိမ်ခြင်း၌ အဆွေခင်
ပွန်း၏ အဖြစ်သည်မရှိ။

[မဏိရာဇဇာတ်]

ချမ်းသာလိုလျှင်

စိုးရိမ်ခြင်း၏ အကြောင်းဖြစ်ကုန်သော လောကဓံတို့သည်
တွေ့အပ်လွယ်မရိုးအပ်သည်ရှိသော်၊ ဖွေးဦးစွာ စိုးရိမ်ငြားစေကာ
မူ၊နောက်၌ ထိုစိုးရိမ်ခြင်းကို တရားနာခြင်းအစရှိသည်ဖြင့် ပျောက်
ရာ၏၊ ဤစိုးရိမ်ခြင်းကိုပျောက်သောသူသည် ချမ်းသာကိုရ၏။

[ဥဒ္ဒါလသနိပါတ်-ကာမဇာတ်]

မင်္ဂလာမည်ပုံ

(၁) ရဟန္တာပုဂ္ဂိုလ်တို့၏ စိတ်သည် သမုစ္ဆေဒပဟာန်ဖြင့် ပယ်လှန်ချိုးဖျက်ပြီးဖြစ်သော သောကဒေါမနဿရှိသည်၏အဖြစ်ကြောင့် အသောကမင်္ဂလာ မည်၏။

(၂) ဉာတိဗျသနအစရှိသော ပျက်စီးခြင်းတို့ကို မိမိကိုယ်၌ရင်း၊ သားသမီးဆွေမျိုးတို့၌ရင်း၊ တွေ့ကြုံခြင်း အကြောင်းရှိသော သောကဒေါမနဿဟု ဆိုအပ်သော စိုးရိမ်ခြင်း၊ နှလုံးမသာယာခြင်းစသော တရားတို့သည် ရဟန္တာပုဂ္ဂိုလ်တို့၏ စိတ်ကိုကားလွှမ်းမိုးဖိစီးခြင်းကို မရောက်နိုင်ကုန်၊ ထို့ကြောင့် ရဟန္တာပုဂ္ဂိုလ်တို့၏ စိတ်သည် သမုစ္ဆေဒပဟာန်ဖြင့် ပယ်လှန်ချိုးဖျက်ပြီးဖြစ်သော သောကဒေါမနဿရှိသည်၏ အဖြစ်ကြောင့်နိဗ္ဗာနသုခဖြစ်၍ အသောကဟုဆိုအပ်သော စိုးရိမ်ခြင်းကင်းသော စိတ်သည် မင်္ဂလာမည်၏။

[မင်္ဂလာသာရဒီပနီ-၂၂၉]

(၃) ရဟန္တာ ပုဂ္ဂိုလ်တို့ကဲ့သို့ သမုစ္ဆေဒပဟာန်ဖြင့် ပယ်ခြင်းငှါ မတတ်စွမ်းသော်လည်း ဗျသနအကြောင်းကြောင့် ဖြစ်လာသော သောကဒေါမနဿ စသော တရားတည်းဟူသော ဥပနိဿယကိုယူပြီးလျှင် တဒင်္ဂပဟာန်ပင် ဖြစ်သော်လည်း၊ ပဟာန်ပေါင်း များသည်ဖြစ်က မင်္ဂလိုလ်အခြေကို ရလေသည် ဖြစ်သောကြောင့် အသောကစေတနာသည် မင်္ဂလာမည်၏။

[မင်္ဂလာသာရဒီပနီ-၂၃၄]

အသောကမင်္ဂလာသံပေါက်

က–(၁) စိုးရိမ်ကြောင့်ကြ၊ မရှိစွ၊ မြတ်လှရဟန္တာ၊
(၂) ဗျသနကျော့ကွင်း၊ လွတ်ကင်းရှင်း၊ မြတ်ခြင်းမင်္ဂလာ၊
(၃) ကိလေသာစက်၊ သုံးထောင်ဝက်၊ ချိုးဖျက်ပြီးရို့သာ။

[မင်္ဂလဆွပုန္နာဝိသဇ္ဇနာ-၃၅]

ခ–(၁) ရဟန္တာဖြစ်ပြီး၊ "ဓံ" ရှစ်ပါး၊ တွေ့ကြားမတုန်လှုပ်၊

[မင်္ဂလတ္ထဒီပက–၄၀]

မင်္ဂလာပျို

သားသို့းလင်၊ ကျွန်သခင်ကား၊ ငါးယောက်အားနှင့်၊ ဆွေသား မျိုးရင်း၊ ပျက်စီးခြင်းလျှင်၊ အရင်းဖြစ်လတ်၊ ဒေါမနဿသည်၊ သောကမည်ရှင်၊ ယခင်သောက၊ အနိဋ္ဌသာ၊ လက္ခဏာတည့်၊ ဤ သည့်တရား၊ ခံစားခြင်းမှ၊ ရသမည်ထိုက်၊ စိတ်၌မှိုရာ၊ ကြင်နာ သမှု၊ ပစ္စုပ္ပန်ယှဉ်း၊ ပျက်စီးခြင်းမှာ၊ နီးစွာ လည်းကောင်း၊ တ ကြောင်းထိုမှ၊ ဒုက္ခမငြိမ်၊ စိုးရိမ်ပူဆွေး၊ ငိုကြွေးမြည်တမ်း၊ ညှိုး နွမ်းသောစိတ်၊ အတိတ်နာဂတ်၊ ဆုံးဖြတ်ကင်းဘာ၊ ယုတ်စွာအ ကျိုး၊ မရှိနိုးတည့်၊ ဆဲခိုးစိတ်ရွှင်လျော့၊ ဖျော့တော့အဆင်း၊ ဘောက် ပြန်ခြင်းဖြင့်၊ ထမင်းရေစာ၊ အရသာကို၊ ကောင်းစွာမစား၊ ရန်သူ များကို၊ ဝမ်းမြောက်ဘို့သာ၊ ရှိတို့ရာ၏၊ ဩဃာယောဂ၊ အာသ ဝနှင့်၊ ဂန္ထမကင်းမှောင်အတွင်းမှ၊ ပွင့်လင်းသစ္စာ၊ ဉာဏ်ရောင် ဝါဖြင့်၊ ခီဏာသဝ၊ ရဟန္တစိတ်၊ ဝိပရိတ်ကင်း၊ ကြောက်ခြင်း ဆိတ်ငြိမ်၊ မစိုးရိမ်ရ၊ တည်ကြည်လှသည်။ ။သောကလွတ် မြောက်–ချမ်းတည်း။

[သံတော်ဆင့်မင်း ဦးကျော်စ]

ဝတ္ထုသက်သေသာဓကများ

သုဇာတဇာတ်

(၁) လွန်လေပြီးသောအခါ သုဇာတမည်သော သူကြွယ်၏ အဘိုးသည်သေရာ၊ သုဇာတ၏ အဘသည်၊ သောကကြီးစွာ ငိုယို၍ အရိုးကိုယူကာ၊ ဥယျာဉ်၌ စေတီတည်ပြီး၊ နေ့စဉ်သွား ရောက်ငိုကြွေး၏။

သုဇာတသည် အဘ၏ စိုးရိမ်ခြင်းပူဆွေးခြင်း၊ သောက လိုက်မှို ငိုယိုခြင်းမှသက်သာစေလိုသော၌ ဟာနေ့သောအခါ ရွာပြင်

တွင်ရှိသောနွားသေရှေ့တွင် မျက်နှင့် ရေကိုချကာ၊ “စားလော့ သောက်လော့”ဟုကျွေးမွေး၏။

အနီးအနားမှ သွားလာသောသူတိုင်းက၊“သုဇာတ-သင်ရူးသလော” ဟုမေးကြ၏၊ သုဇာတကအဖြေမပေး၊ အချို့သောသူတို့သည် သုဇာတ၏အဘထံသွား၍ ပြောကြား၏၊ အဘလည်းသားထံချက်ခြင်းသွား၍၊ “ငါ့သား-သင်သည်ပညာရှိပါလျက် အဘယ့်ကြောင့် ဤနွားသေကိုမျက်နှင့်ရေကိုကျွေးသနည်း”ဟုမေး၏။

သုဇာတက“ဘခင်-ဤနွားသေမှာ ခြေလက်ဦးခေါင်းရှိသေး၍ ထသော်လည်းထရာ၏၊ ကျွန်ုပ်အဘိုးကား ခြေလက်ဦးခေါင်းမှစ၍ မရှိတော့ပြီကို ဘခင်သည်မြေစေတီသို့သွား၍၊ နေ့စဉ်ငိုကြွေးခြင်းသည်ပညာမဲ့၍ မဟုတ်လော”ဟု ဆို၏၊ ထိုအခါ ဘခင်က “ချစ်သား-သင်သည်ငါ့အား ဆုံးမအပ်ပြီဖြစ်၍ မမြဲသောတရားကိုငါမြင်ပြီ၊ ငါ့၌ပူဆွေးခြင်းမရှိ” ဟုဆိုလေသတည်း။

[ပဥ္စကနိပါတ်-မဟာတိုက္က္စဝင်]

ဘုရားလောင်းပုဏ္ဏားဝတ္ထု

(၂) ရှေးသရောအခါ ရွာတရွာ၌ ဘုရားလောင်း ပုဏ္ဏားသည် မယား သားသမီး၊ ချွေးမအစေခံမနှင့် ခြောက်ဦးသားလယ်ယာလုပ်ကိုင်လျက်ရှိ၏။

တနေ့သော် သားအဖနှစ်ယောက် လယ်ထွန်သွားရာ သားမှာ မြွေကိုက်၍သေလေ၏၊ တရားသိသောဘခင်မှာ စိုးရိမ်ပူဆွေး ငိုကြွေးခြင်းမရှိဘဲ၊ အိမ်ရှိလူတို့သာ ထမင်း တယောက်စာ ယူ၍ လာကြဟုမှာလိုက်၏၊

ဇနီး၊ သမီး၊ချွေးမ၊ အစေခံမတို့သည် လာကြ၍ သေသူကို တွေ့ကြသော်လည်း ငိုကြွေးခြင်းမပြုကြကုန်။

ဤအခြင်းအရာကို မြင်သော သိကြားမင်းသည် လာလတ်၍ "သင်တို့သည် သေသူအတွက် အဘယ်ကြောင့်ငိုကြွေးခြင်းမပြုသနည်း"ဟုမေးရာ။

ဖခင်ဖြစ်သူက "အရှင်-မြွေသည်အရေဟောင်းကို စွန့်ပစ်သကဲ့သို့၊ အကျွန်ုပ်၏ သားလည်း မိမိလားရာ ဂတိသို့သွားလေပြီ၊ ငါသည်သားအတွက် မစိုးရိမ်ပါ"ဟုဆို၏။

မိခင်ဖြစ်သူက "အရှင်- ထိုသားသည် ကျွန်ုပ်တို့မခေါ်ဘဲ၊ ကျွန်ုပ်တို့အိမ်၌ ဖြစ်လာ၏၊ ကျွန်ုပ်တို့ ခွင့်မပြုဘဲ၊ ဘဝတပါးသို့ပြောင်းသွား၏၊ ထိုသို့အလိုအလျောက်လာ၍၊ အလိုအလျောက်သွားသောသားအတွက် ငို၍အဘယ်အကျိုးရှိအံ့နည်း၊မိဘဆွေမျိုးတို့ငိုကြွေးသည်ကို သိသည်မဟုတ်ဘဲ၊ ဘဝတပါးသို့သွားလေပြီတကား"ဟုဆို၏။

ဧနီးဖြစ်သူက "အရှင်-သေလေပြီးသော သူအတွက်ငိုကြွေးခြင်းသည် သွားလေသော လမင်းကိုပေးပါဟုငို၍ တောင်းသောသူငယ်နှင့်တူ၏၊ အကျွန်ုပ်လင်သည် ထိုက်ရာ၌လားလေပြီ၊ အဘယ်မှာ ပူဆွေးရန် ရှိတော့သနည်း"ဟုဆို၏။

နှမကမူ"အရှင်-အကျွန်ုပ်တို့ ငိုသော်ကြုံလို့၍၊ အဆွေခင်ပွန်းချစ်ကျွမ်းဝင်သူတို့ စိတ်မချမ်းသာရုံရှိမည်၊ အကျွန်ုပ်၏မောင်သည် ထိုက်ရာသို့လားလေပြီ၊ အဘယ်မှာပူဆွေးရန်ရှိတော့သနည်း"ဟုဆို၏။

အစေခံကလည်း "သေပြီးသူကိုတောင့်တ ငိုကြွေးသူသည် ကွဲပြီးသောအိုးကိုပြန်ပြီးစေ့စပ်ရန် တောင့်တသည်နှင့်တူ၏၊ အကျွန်ုပ်အရှင်သည် ထိုက်ရာသို့လားလေပြီ၊ အကျွန်ုပ်တို့ပူရန်မရှိ" ဟုဆိုသည်။

ထိုအခါသိကြားမင်းသည် ထိုသူတို့အားကြည်ညိုလျက်"သင်တို့သည် ဤနေ့မှစ၍ အလုပ်မလုပ်ကြနှင့်၊ သင်တို့အိမ်၌ ရတနာ

ခုနစ်ပါးနှင့်ပြည့်စေအံ့၊ ဒါန၊ သီလ၊ ဘာဝနာ-တို့ကိုသာ ကြိုးစား ပြုကြပါလေတော့''ဟုဆို၍ပြန်လေသတည်း။

[ပဉ္စကနိပါတ်-မဏိကုဏ္ဍလဝဂ်၊ဥရဂဇာတ်]

ပညာရှိသူငယ်တဦး ဝတ္ထု

(၃) ပညာရှိသူငယ်နှင့်တကွ၊ ကစားဘော် သူငယ်တို့အား ဆေးဆရာသတ်မှုနှင့်တခန်း၍၊ ဘုရင့်ထံသို့ပို့ရာ၊ မျက်နှာညှိုးနွမ်း ခြင်းမရှိသဖြင့်မေး၍၊ ပညာရှိသူငယ်က မင်းကြီး-ယခုမှုံးရိမ်၍ ငိုကြွေးကအဘယ်မှာ အကျိုးရှိအံ့နည်း၊ ထိုသို့စိုးရိမ်ငိုကြွေးက ရန်သူတို့ ဝမ်းသာတော့အံ့၊ ပညာရှိတို့သည် စိုးရိမ်ပူပန်ခြင်းမရှိ သဖြင့် ရန်သူတို့သာလျှင်ဆင်းရဲကုန်၏''ဟု လျှောက်ထားလေ၏။

[ပဉ္စကနိပါတ်–ဝဏ္ဏာရောဟဝဂ်-တစသာရဇာတ်]

၃၇–ဝိရဇံ

ကိလေသာမျိုး၊ နှောင်ဖွဲ့ကြိုး၊ ဖြတ်ချိုးရှင်းရှင်းကွာ၊
[ရမ္မက်ဟူသော မြူမရှိခြင်းလည်းတပါး။]

ရဇံ=မြူ။

ရာဂ၊ ဒေါသ၊ မောဟတို့ကိုမြူနှင့်ဥပမာနှိုင်း၍ထား၏။

မှတ်ရန်။ ။ဤမင်္ဂလာကား ကိလေသာ ကုန်ပြီးသော၊ ရဟန္တာပုဂ္ဂိုလ်တို့၌သာ မုချအားဖြင့် ရအပ်ကုန်၏၊ ပညာကြီးတော်မူကုန်သော ပုထုဇဉ်ပုဂ္ဂိုလ်၊ သေက္ခပုဂ္ဂိုလ်တို့၌ကား ဥပစာအားဖြင့်သာ ရအပ်ကုန်၏ ဟုမှတ်အပ်ကုန်၏၊ ယူအပ်ကုန်၏ ဟူလိုသောဝ်။

[ပရိတ်ကြီးနိဿယ-၄၈]

"ရဇ"အဓိပ္ပါယ်

ရာဂ၊ ဒေါသ၊ မောဟတို့သည် မြူမည်ကုန်၏၊ ပကတိမြူသည် အကြင် အကြင်ဝတ္ထု၌ကျ၏၊ ထိုထိုဝတ္ထုကို ညစ်ညူးစေတတ်သကဲ့သို့၊ ထို့အတူ ရာဂ၊ ဒေါသ၊ မောဟတို့သည်၊ ထိုထိုစိတ်ကို ညစ်ညူးစေတတ်သဖြင့် မြူနှင့်တူသည်၏ အဖြစ်ကြောင့် ရဇော ဝိယာတိရဇောဟူသော ဝစနတ္ထနှင့်အညီ"ရဇ"မည်ကုန်၏။

[မင်္ဂလတ္ထဒီပနီ-၇၄၀]

ဤမင်္ဂလာ၏အဓိပ္ပါယ်များ

(၁) ဝိရဇော့တေသအတ္ထိတိဝိရဇိကော။

တေသအရဟန္တသ– ထိုရဟန္တာ ပုဂ္ဂိုလ်အား၊ ဝိရဇော ရမ္မက်တည်းဟူသော အထူးထူး အပြားပြားသော၊ ကိလေသာတည်းဟူသောမြူမှကင်းစင်တော်မူသော သတ္တိသည်၊အတ္ထိ-ရှိ၏၊ ဣတိ–ထို့ကြောင့်၊ သော-ထိုရဟန္တာပုဂ္ဂိုလ်သည်၊ ဝိရဇိကော-

ဝိရဇ်ကမည့်၏၊ဝါ- ထိုရဟန္တာပုဂ္ဂိုလ်တို့၏ စိတ်သည် ရမ္မက်တည်းဟူသော အထူးထူးအပြားပြားသော၊ ကိလေသာတည်းဟူသော မြူမရှိဟု ဆိုလိုသည်။

[မင်္ဂလာဂဏ္ဌိ-၁၂၆]

(၂) လောကဓမ္မေဟိ-လောကဓံတရားရှစ်ပါးတို့နှင့်၊ဖုဋ္ဌဿ-ခိုက်တိုက်တွေ့ကြုံရသော၊ ယဿ-အကြင်တာဒိဂုဏ်နှင့် ပြည့်စုံပေသော ယောကျ်ားမြတ်၏၊ စိတ္တံ-စိတ်သည်၊ ဝိရဇံ- သုခမျိုးကြောင့်၊ ကြွကြွကြွကြွ၊ စိတ်ရွှင်ပြသည့်၊ ရာဂဟူသော မြူလည်းမရှိ။

[မိုးညှင်းဆရာတော်]

(၃) လောကဓမ္မေဟိ-သတ္တလောက၊ သင်္ခါရဌ်၊ သုခဒုက္ခံ၊ ခြွေရံကျူရုံ၊ မစုံတခါ၊ စုံတခါတည့်၊ လာဘာလာဘ၊ လာဘ်ရချေခါ၊ မရခါနှင့်၊ကျေညာဝေးနီး၊ ချီးမွမ်းပြောဆို၊ မကြည်ညိုမှု၊ ထိုသူကိုပင်၊ အပြစ်ဘင်သည်၊ သွေ့စင်တကား၊ ဤရှစ်ပါးသော လောကဓံတရားတို့နှင့်၊ဖုဋ္ဌဿ-ဖုံတထောင်းထောင်းထသလို၊တွေ့ထသော၊ယဿ-အကြင်မဟာသတိပဋ္ဌာန် ဂုဏ်းဝင်ရဟန်းရှင်လူ၊ မိန်းမ ယောကျ်ား၏၊ စိတ္တံ-ဓာဂရိယာ နှယောဂနှင့် ယှဉ်သော လောကုတ္တရာ စတုဘုမ္မိကစိတ်သည်၊ဝါ-ပါချမိမင်္ဂလာနှင့် ယှဉ်သောစိတ်သည်၊ ဝိရဇံ-စည်းစိမ်ရတနာ၌၊တဏှာစေးထပ်၊လောဘကပ်၍၊ တပ်မက်ခြင်းမရှိ။

[ရွှေမင်းဝံ့ငှက်တွင်းဆရာတော်]

(၄) လောကဓမ္မေဟိ-လာဘာလာဘ၊ ယသအယသာ၊ နိန္ဒာပသံ၊ သုခံဒုက္ခ၊လောကဓမ္မာ၊ ပမာရေလှိုင်း၊ နိမ့်ရှိုင်းမြင့်မောက်၊ ဘောက်ဘောက် ပြန်ပြန်၊ ဖြစ်မြဲမှန်သော၊ လောကဓံရှစ်ပါးတို့နှင့်၊ ဖုဋ္ဌဿ-ဘုံလေလှေ့သိုက်၊ တွေ့ကြုံကြိုက်သော၊ ယဿ-အကြင်တာဒိဂုဏ်နှင့် ပြည့်စုံပေလတ်၊ ယောကျ်ားမြတ်၏၊ စိတ္တံ-စိတ်သည်

ဝိရဇ္ဇ-သုခမျိုးကြောင့်၊ ကြိုးကြိုးကြွကြွ၊ စိတ်ရွှင်ပြသည့်၊ ရာဂဟူသော မြူလည်းမရှိ၊

[မင်္ဂလသုတ်မိတ်လင်နံ-၁၀]

(၅) ယော-သဘောဖြူစင်၊ ပညာသမာဓိ၊ စရိုက်ရှိ၊ အကြွင်ပုဂ္ဂိုလ်သည်၊ လောကဓမ္မေဟိ-ဖြစ်ဘိလောက၊ လာဘ်ရလာဘ်ဆဲ၊ဆင်းရဲချမ်းသာ၊ ချီးမွမ်းကဲ့ရဲ့၊ရှိမဲ့ခြံရံ၊လောကဓံတရား ဤ၈ပါးတို့နှင့်၊ ဖုဋ္ဌော-ထုပြောနည်းပါး၊ ကံအားထိုက်လိုက်၊ တိုက်ဆိုက်တွေ့ကြုံသည်၊အဿ-ဖြစ်ရာ၏၊တဿ-သဘောဖြူစင်၊ပညာသမာဓိ၊စရိုက်ရှိ၊ထိုပုဂ္ဂိုလ်၏၊စိတ္တံ-ကြီးတတ်အာရုံ၊သိတုံစွဲသုံး၊စိတ်နှလုံးသည်၊ ဝိရဇ္ဇံ-မင်ညာဏ်အခြေ၊ တွေဝေအမျက်၊ တပ်မက်တွယ်တာ၊ကိလေသာ တည်းဟူသော မြူလည်းမရှိ။

[မင်္ဂလာအလင်း-၈၇]

(၆) လောကဓမ္မေဟိ-ဘုရား ပစ္စေကဗုဒ္ဓ၊ အရိယာအရှင်မြတ်၊နတ်နှင့်တကွသောလူအပေါင်းတို့၊အကြောင်းအားလျော်စွာ၊ တွေ့ကြုံမြဲဓမ္မတာဖြစ်သော၊ လာဘောအလာဘော၊ ယသောအယသော၊ နိန္ဒာ၊ ပသံသံ၊ သုခံဒုက္ခံ၊တည်းဟူသော၊ လောကဓံတရား ၈ပါးတို့နှင့်၊ဖုဋ္ဌဿ-အကုသလဝိပါက်၊ကုသလဝိပါက်၊ငြိယှက်ထိုက်လိုက်၊ တိုက်ဆိုက် တွေ့ကြုံသော၊ ယဿ-အကြွင်ရဟန္တာပုဂ္ဂိုလ်၏၊ စိတ္တံ-စိတ်သည်၊ ဝိရဇ္ဇံ-ရာဂဒေါသ၊ မောဟတို့ကို၊ မြူဟုဆိုသဖြင့်၊ ထိုမြူရစ်ထွေး၊ ညစ်အကြေးကို၊ လေးပါးသော၊ မင်္ဂရေစင်ဖြင့်၊ သုတ်သင် ဆေးလျှော်ရကား၊ ကြေးသွော်ဟူသော မြူကိလေသာ၊ မရှိခြင်းသည် လည်းကောင်း။

[မဟာပရိတ်တော်ကြီးနိဿယသစ်-၃၂]

(၇) ရာဂ ဒေါသ မောဟ ရဇ္ဇာနံ ဝိဂ တတ္တာ ဝိရဇ္ဇံ။ ဟူသောအဋ္ဌကထာ စကားနှင့်အညီ၊ ရဟန္တာပုဂ္ဂိုလ်၏စိတ်၌ ရမ္မက်တဏှာ ကိလေသာတို့သည် ကင်းကွာလေကုန်ပြီ ဖြစ်ရကား

ပဋိသန္ဓေ အဘိညာဉ် သမာပတ်တို့ကို၊ဆတ်ဆတ်မချ၊ ရသည့်၏ အဖြစ်ကြောင့်၊ ဝိရဇမြူမရှိဟူ၍ မှတ်ယူရသည်။

[မင်္ဂလတ္ထပုဗ္ဗာဝိသဇ္ဇနာ-၄၅]

(ဂ) ရမ္မက်ဟူသောမြူလည်းမရှိ ဟူရာ၌ မြူတို့သဘောသည် ကျူထင်အပ်သော အရာဝတ္ထုကို ညစ်ညူးစေဘိသကဲ့သို့ ရမ္မက်တည်းဟူသော လိုချင်တပ်မက် တွယ်တာခြင်း၊ အမျက်ထွက်ခြင်း၊ ရိုက်မဲတွေဝေခြင်း တရားတို့သည် တပ်မက်တွယ်တာသူ၊ အမျက်ထွက်သူ၊ တွေဝေသူတို့၏ စိတ်ကိုညစ်ညူးစေ၏၊ထို့ကြောင့် ရမ္မက်သည်မြူနှင့်တူ၏။ ။ရဟန္တာ၏စိတ်သည် မြူနှင့်တူသောရမ္မက်ကင်းလွတ်၏။

[မင်္ဂလာအလင်း-၃၉]

တဏှာကြောင့်သာဆင်းရဲလာ

တဏှာယ ဇာယတေ သောကော၊
တဏှာယ ဇာယတေ ဘယံ၊
တဏှာယ ဝိပ္ပမုတ္တဿ၊

တဏှာယ–တဏှာကိုမှီ၍၊ဒုက္ခံ–ဆင်းရဲခြင်းသည်၊ဇာယတိ–ဖြစ်၏၊တဏှာယ–တဏှာကိုမှီ၍၊ ဒေါမနဿံ–နှလုံးမသာယာခြင်းသည်၊ ဇာယတိ–ဖြစ်၏၊တဏှာယ–တဏှာကိုမှီ၍၊ ဘယံ–ဘေးသည်၊ ဇာယတိ–ဖြစ်၏။

ရာဂတမှုမီးနှင့်တူ

နတ္ထိ ရာဂသမော အဂ္ဂိ။

ရာဂဂ္ဂိနာ–ရာဂတည်းဟူသော မီးနှင့်၊ သဒိသော–တူသော၊ အဂ္ဂိနာမ–မီးမည်သည်၊ နတ္ထိ–မရှိသည်သာလျှင်တည်း။

[ဓမ္မပဒအဋ္ဌကထာ]

ရာဂများမှာ၊ မီးပမာ၊ လွန်စွာလောင်ကျွမ်းတတ်

နတ္ထိ ရာဂသမော အဂ္ဂိ၊
နတ္ထိ ဒေါသသမော ဂဟော၊
နတ္ထိ မောဟသမံ ဇာလံ၊
နတ္ထိ တဏှာသမာ နဒီ၊

ရာဂသမော-ရာဂနှင့်တူသော၊ အဂ္ဂိ-မီးသည်၊ နတ္ထိ-မရှိ၊ ဒေါသသမော—ဒေါသနှင့်တူသော၊ ဂဟော—ဖမ်းတတ်သော သဘောသည်၊ နတ္ထိ-မရှိ၊ မောဟသမံ—မောဟနှင့်တူသော၊ ဇာလံ-ကွန်ယက်သည်၊ နတ္ထိ—မရှိ၊ တဏှာသမာ-တဏှာနှင့်တူသော၊ နဒီ—မြစ်သည်၊ နတ္ထိ—မရှိ။

[ဓမ္မပဒ-မလဝဂ်]

ရာဂအရာ ပင့်ကူအိမ်ပမာ

ယေ ရာဂရတ္တာ နုပတန္တိ သောတံ၊
သယံကတံ မက္ကဋကောဝ ဇာလံ။
ဧတံပိ ဆေတွာန ဝဇန္တိ ဓီရာ၊
နာပေက္ခိနော သဗ္ဗဒုခံ ပဟာယ။

ယေ-အကြင်သူတို့သည်၊ ရာဂရတ္တာ-ရာဂဖြင့် တပ်မက်မောကုန်၏၊တေ-ထိုတပ်မက်မောသောသူတို့သည်၊ မက္ကဋကော-ပင့်ကူသည်၊ သယံကတံ-မိမိသည်ပြုအပ်သော၊ ဇာလံ-ပင့်ကူမျှင်သို့၊ အနုပတတိဣဝ-ကျသကဲ့သို့၊သယံကတံ-မိမိတို့ပြုအပ်သော၊ သောတံ-တဏှာအယဉ်သို့၊အနုပတန္တိ-ကျကုန်၏၊ဓီရာ-ပညာရှိတို့သည်၊ ဧတံပိ-ထိုတဏှာကိုလည်း၊ ဆေတွာန—ဖြတ်၍၊ အနပေက္ခိနော- မငဲ့ကွက်ကုန်သည်ဖြစ်၍၊ သဗ္ဗဒုက္ခံ-ခပ်သိမ်းသော ဆင်းရဲကို၊ပဟာယ-စွန့်၍၊ ဝဇန္တိ-သွားကုန်၏။

[ဓမ္မပဒတဏှာဝဂ်-ခေမာမိဖုရားကြီးဝတ္ထု။]

ဆင်းရဲအပေါင်းကိုအောင်ခြင်း

တဏှက္ခယော သဗ္ဗဒုက္ခံ ဇိနာတိ။

တဏှက္ခယော- တဏှာကုန်ရာဖြစ်သော အရဟတ္တဖိုလ်သည်၊ သဗ္ဗဒုက္ခံ-ခပ်သိမ်းသော ဆင်းရဲကို၊ ဇိနာတိ-အောင်၏။
[ဓမ္မပဒ-တဏှာဝဂ်]

လောဘ၏အပြစ်

(၁) အနတ္ထဇနနော လောဘော။
လောဘော စိတ္တပ္ပကောပနော၊
ဘယမန္တရတော ဇာတံ။
တံ ဇနော နာဝဗုဇ္ဈတိ။

လောဘော- လောဘသည်၊ အနတ္ထဇနနော- မိမိ၏အကျိုးမဲ့၊ သူတပါး၏အကျိုးမဲ့ကို၊ ဖြစ်စေတတ်၏၊ လောဘော-လောဘသည်၊စိတ္တပ္ပကောပနော-စိတ်ကိုချောက်ချားစေ၏၊အန္တရတော-မိမိ၏စိတ်၌လျှင်။ ဇာတံ-ဖြစ်သော၊ တံဘယံ-အကျိုးမဲ့၏ဖြစ်ခြင်း၊ စိတ်၏ချောက်ချားခြင်း အစရှိသော ထိုဘေးကို၊ ဇနော-များစွာသော လူမိုက်သည်၊ နာဝဗုဇ္ဈတိ-မသိ။

(၂) လုဒ္ဓေါ အတ္ထံ န ဇာနာတိ၊
လုဒ္ဓေါ ဓမ္မံ န ပဿတိ။
အန္ဓတမံ တဒါ ဟောတိ။
ယံ လောဘော သဟတေ နရံ။

လုဒ္ဓေါ-လောဘနှိပ်စက်သောသူသည်၊ အတ္ထံ—မိမိ၏အကျိုးစီးပွါးစသော အားဖြင့် များပြားသောအကျိုးစီးပွါးကို၊နဇာနာတိ-မသိ၊ လုဒ္ဓေါ-လောဘနှိပ်စက်သော သူသည်၊ ဓမ္မံ-ဆယ်ပါးသောကုသလ ကမ္မပထတရားကိုလည်း၊ နပဿတိ-မမြင်၊ ဥတ္တရိမနုဿဓမ္မံ- ဥတ္တရိမနုဿဓမ္မကို၊ပဂေဝ- အဘယ်ဆိုဘွယ်ရှိအံ့

နည်း၊ ယံ-အကြင်အခါ၌၊ လောဘော-လောဘသည်၊ နရံ-လူကို၊ သဟတေ-နှိပ်စက်၏၊ တဒါ-ထိုအခါ၌၊ အန္ဓတမံ- ကန်းသည်၏ အဖြစ်ကို ပြုတတ်သော အမိုက်သည်၊ ဟောတိ-ဖြစ်၏(တနည်းကား)ယံ-အကြင်ကြောင့်၊ လောဘော-လောဘသည်၊ ဥပ္ပဇ္ဇမာနော-ဖြစ်လတ်သော်၊ နရံ-လူကို၊ သဟတေ-နှိပ်စက်၏၊တသ္မာ-ထိုကြောင့်၊တဒါ- ထိုလောဘဖြစ်သော အခါ၌၊ အန္ဓတမံ- ကန်းသည်၏အဖြစ်ကိုပြုတတ်သော အမိုက်သည်၊ဟောတိ-ဖြစ်၏။

ဒေါသ၏အပြစ်

(၁) အနတ္ထ ဇနနော ဒေါသော၊
ဒေါသော စိတ္တပ္ပကောပနော၊
ဘယမန္တရတော ဇာတံ၊
တံဇနော နာဝ ဗုဇ္ဈတိ။

ဒေါသော-ဒေါသသည်၊ အနတ္ထဇနနော- မိမိ၏အကျိုးမဲ့၊သူတပါး၏၊ အကျိုးမဲ့ကိုဖြစ်စေတတ်၏၊ ဒေါသော- ဒေါသသည်၊ စိတ္တပ္ပကောပနော-စိတ်ကိုချောက်ချားစေတတ်၏၊ အန္တရတော-မိမိ၏စိတ်၌လျှင်၊ဇာတံ-ဖြစ်သော၊ တံဘယံ-အကျိုးမဲ့၏ ဖြစ်ခြင်း၊ စိတ်၏ချောက်ချားခြင်း၊ အစရှိသော ထိုဘေးကို၊ ဇနော-များစွာသောလူမိုက်သည်၊ နာဝဗုဇ္ဈတိ-မသိ။

(၂) ဒုဋ္ဌော အတ္ထံ န ဇာနာတိ၊
ဒုဋ္ဌော ဓမ္မံ န ပဿတိ။
အန္ဓတမံ တဒါ ဟောတိ၊
ယံ ဒေါသော သဟတေ နရံ။

ဒုဋ္ဌော-ဒေါသနှိပ်စက်သောသူသည်၊ အတ္ထံ-မိမိ၏ အကျိုးစီးပွါးစသောအားဖြင့်၊ များပြားသော အကျိုးစီးပွါးကို၊ နဇာနာတိ-မသိ၊ ဒုဋ္ဌော-ဒေါသနှိပ်စက်သောသူသည်၊ ဓမ္မံ-ဆယ်ပါးသော ကုသလကမ္မပထတရားကိုလည်း၊ နပဿတိ-မမြင်၊ ယံ-

အကြင်အခါ၌၊ဒေါသော-ဒေါသသည်၊ နရံ-လူကို၊ သဟတေ-နှိပ်စက်၏၊တဒါ-ထိုအခါ၌၊အန္ဓတမံ-ကန်းသည်၏ အဖြစ်ကို ပြုတတ်သော အမိုက်သည်၊ ဟောတိ-ဖြစ်၏။ ။(တနည်းကား)ယံ-အကြင်ကြောင့်၊ ဒေါသော-ဒေါသသည်၊ ဥပ္ပဇ္ဇမာနော-ဖြစ်လတ်သော်၊ နရံ-လူကို၊ သဟတေ-နှိပ်စက်၏၊ တသ္မာ-ထို့ကြောင့်၊ တဒါ-ထိုဒေါသဖြစ်သောအခါ၌၊ အန္ဓတမံ-ကန်းသည်၏ အဖြစ်ကိုပြုတတ်သော အမိုက်သည်၊ ဟောတိ-ဖြစ်၏။

မောဟ၏အပြစ်

(၁) အနတ္ထဇနနော မောဟော၊
မောဟော စိတ္တပ္ပကောပနော။
ဘယ မန္တရတော ဇာတံ၊
တံဇနော နာဝဗုဇ္ဈတိ။

မောဟော- မောဟသည်၊ အနတ္ထဇနနော-မိမိ၏ အကျိုးမဲ့သူတပါး၏အကျိုးမဲ့ကို ဖြစ်စေတတ်၏၊မောဟော-မောဟသည်၊ စိတ္တပ္ပကောပနော-စိတ်ကိုချောက်ချားစေတတ်၏၊ အန္တရတော-မိမိ၏စိတ်၌လျှင်၊ ဇာတံ-ဖြစ်သော၊ တံဘယံ-အကျိုးမဲ့၏ဖြစ်ခြင်း၊ စိတ်၏ ချောက်ချားခြင်း အစရှိသော ထိုဘေးကို၊ ဇနော-များစွာသောလူမိုက်သည်၊ နာဝဗုဇ္ဈတိ-မသိ။

(၂) မူဠှော အတ္ထံ နဇာနာတိ၊
မူဠှော ဓမ္မံ နပဿတိ၊
အန္ဓတမံ တဒါ ဟောတိ၊
ယံ မောဟော သဟတေ နရံ။

မူဠှော-မောဟနှိပ်စက်သောသူသည်၊ အတ္ထံ-မိမိ၏ အကျိုးစီးပွါးစသောအားဖြင့်၊များပြားသောအကျိုးစီးပွါးကို၊နဇာနာတိ-မသိ၊ မူဠှော-မောဟ နှိပ်စက်သော သူသည်၊ ဓမ္မံ-ဆယ်ပါး

သော ကုသလကမ္မပထတရားကိုလည်း၊ နပဿတိ-မမြင်၊ယံ-အကြင်အခါ၌၊ မောဟော-မောဟသည်၊ နရံ-လူကို၊သဟတေ-နှိပ်စက်၏၊ တဒါ-ထိုအခါ၌၊ အန္ဓတမံ-ကန်းသည်၏ အဖြစ်ကို ပြုတတ်သော အမိုက်သည်၊ ဟောတိ-ဖြစ်၏။ ၊(တနည်းကား) ယံ-အကြင်ကြောင့်၊ မောဟော-မောဟသည်၊ ဥပ္ပဇ္ဇမာနော-ဖြစ်လတ်သော်၊နရံ-လူကို၊သဟတေ-နှိပ်စက်၏၊ တသ္မာ-ထို့ကြောင့်၊ တဒါ-ထိုမောဟဖြစ်သောအခါ၌၊ အန္ဓတမံ-ကန်းသည်၏အဖြစ်ကို ပြုတတ်သော အမိုက်သည်၊ ဟောတိ-ဖြစ်၏။

[ဇာတိဝုတ်-တိကနိပါတ်-စတုတ္ထဝဂ်-မင်္ဂလသုတ်ပါဠိတော်]

မောဟကြီးခြင်းသည် ပျက်စီးခြင်း၏ လမ်းကြောင်းပေတည်း

မောဟမှောင်ကြီး-ဖိတ်ဆီးပြင်ပြင်၊
သိညာဏ်မှိန်မှေး -သိမ်သေးအမြင်၊
ယွင်းချော်တိမ်းပါး-မှောက်မှားကိန်းဆင်၊
ခွင့်ရေးကြီး -ပျက်စီးလေသည့်အင်။

[လယ်တီပဏ္ဍိတ-ဦးမောင်ကြီး]

မမက်မောသင့်

မတရားသဖြင့်ရသော ပစ္စည်းသည် ကြာရှည်စွာမတည်တံ့ဘဲ ပြန်၍ ထွက်တတ်စမြဲဖြစ်၏၊ ၎င်းပစ္စည်းမျိုးပြန်ထွက်သောအခါ ရှိရင်းစွဲ ပစ္စည်းများကိုပါ အဖော်ခေါ်၍သွားတတ် လေသည်၊ထို့ကြောင့်မတရားသဖြင့် ရအပ်သောပစ္စည်းများကို မမက်မောသင့်။

[ပညာရှိ]

မင်္ဂလာမည်ပုံ

(၁) က—ရဟန္တာပုဂ္ဂိုလ်တို့၏စိတ်၌ ရမ္မက်တဏှာ ကိလေသာတည်းဟူသော မြူအညစ်အကြေး အပေါင်းတို့သည် ကင်းလေကုန်ပြီဖြစ်၍ မင်္ဂလာမည်၏။

၁-ပုထုဇဉ်တို့၏ စိတ်၌ကား ရဟန္တာပုဂ္ဂိုလ်ကဲ့သို့ သမုစ္ဆေဒအစွမ်းဖြင့်ပင် မပယ်နိုင်သော်လည်း တဒင်္ဂပဟာန အစွမ်းဖြင့်ပင်လျှင် သမ္ဗာဆန္ဒ ဝီရိယမည်သော အာရက္ခဓာတ်စသည်တို့ဖြင့် ရာဂအစရှိသော ရဇဟူသော အညစ်အကြေးတို့ကို ဆေးကြော သုတ်သင်၊ ပယ်ထွင်သန့်ရှင်းခြင်း၌လည်း လောကဝဇ္ဇ, ပဏ္ဏတ္တိဝဇ္ဇအားဖြင့်၊ နှစ်ပါးသော အပြစ်တို့သည်၊ သလ္လဟုက ပေါ့ပါးခြင်းသို့ရောက်နိုင်သည့်၏အဖြစ်ကြောင့်ရင်း၊အတိသေဋ္ဌဟုဆိုအပ်သော သေတစ္ဆတ္တရှစ်ဝသော ထီးဖြူတို့ကို၊ လှစ်ထူဖြန့်မိုးလျက်၊ အလွန်မြတ်နိုး နှစ်သက်အပ်စွာသော၊ပဋိသမ္ဘိဒါအဘိညာဉ် သမာပတ်တို့ကို ဆတ်ဆတ်မချ ရနိုင်သည့်၏၊ အဖြစ်ကြောင့်ရင်း၊ ထို တဒင်္ဂပဟာန အစွမ်းဖြင့် ပယ်လှန်သုတ်သင်၊ ခုတ်ထွင်ရိပ်လှီးအပ်သော ဝိရဇတရားသည် မင်္ဂလာမည်၏။

[မင်္ဂလာသာရဒီပနီ-၂၄၂]

(၂) ရဟန္တာပုဂ္ဂိုလ်တို့၏စိတ်၌ ရမ္မက်တဏှာ ကိလေသာတို့သည် ကင်းကွာလေကုန်ပြီးရကား အတိသေဋ္ဌ၊ သေတစ္ဆတ္တရှစ်ဝထီးဖြူ၊ လှစ်ထူဖြန့်မိုးလျက်၊ အလွန်မြတ်နိုး နှစ်သက်အပ်စွာသော ပဋိသမ္ဘိဒါ အဘိညာဉ် သမာပတ်တို့ကို ဆတ်ဆတ်မချ၊ ရနိုင်သည့်၏ အဖြစ်ကြောင့် မင်္ဂလာမည်၏။

[ပရိတ်ကြီးဋီကာ-၆၀]

(၃) လောဘ၊ဒေါသ၊ မောဟတရားတို့ကို ပယ်ခြင်းသည်လည်း အရဟတ္တမဂ်ဉာဏ် ဖိုလ်ဉာဏ်တို့ကို မြင်နိုင်သော ဝိဇ္ဇာမယိဒ္ဓိ အဖြစ်သို့ ရောက်နိုင်သည့်၏ အဖြစ်ကြောင့် မင်္ဂလာမည်၏၊

[မင်္ဂလာသာရဒီပနီ-၂၄၅]

ဝိရဇမင်္ဂလာသံပေါက်

က (၁) ကိလေသာမြူ၊ မရှိဟူ၊ ငြိမ်းသူရဟန္တာ၊

(၂) ကိလေ ညစ်ကြေး၊ကင်းလွတ်ဝေး၊မှတ်ရေးမင်္ဂလာ၊

(၃) ကိလေသာကား၊ အင်ဆယ်ပါး၊ ဆိုးဝါးမြူပမာ။

[မင်္ဂလတ္ထပုဏ္ဏ္ဏာဝိသဇ္ဇနာ-၄၅]

ခ–(၁) ရာဂဒေါသ၊မောဟဆူပွက်၊ မြူမယှက်၊ သက်သက်ကင်းကွာပြတ်။

[မင်္ဂလတ္ထဒီပက-၄၀]

မင်္ဂလာပျို

သမ္ဗုသနဲ၊ စသည်ဆယ်တန်၊ ညာဏ်ဝိပဿနာ၊ ရင့်သန်စွာဖြင့်၊ သစ္စာလေးအင်၊ အစမြင်လျက်၊ ပထမမဂ်၊ လက်မှန်တက်မှ၊ ဇောဇိဇံ၊ ကောလံကောလ၊ သတ္တက္ခတ္တုပ၊ ဆုံးဆပိုင်းခြား၊ ဘဝအားဖြင့်၊ အခွင့်ကြိုက်ကြို၊ လူ့ဘုံနတ်ရပ်၊ ရောစပ်သောထွေ၊ ခုနစ်ကြိမ်နေခြင်း၊ ဇာတိကင်း၍၊ အချင်းခပ်သိမ်း၊ ငြိမ်းဇောကန်၊လမ်းမှန်ကုန်သိ၊ ဒိဋ္ဌိကင်္ခါ၊ ပယ်အပ်ခွါမှ၊ အပါယဒုက္ခ၊ ကင်းကုန်ကြ၏၊ ဒုတိယကား၊ ကာမရာဂ၊ ဒေါသခေါင်းပါး၊ တရားမွေ့သိမ်၊ ကာမအိမ်ကို၊ တကြိမ်သာစံ၊ သကဒါဂါမ်မှ၊ တတိယကား၊ ခေါင်းပါးကုန်ထ၊ ကာမရာဂ၊ ဒေါသမကြွင်း၊ ပယ်ရှင်းကုန်ရာ၊ အောက်ကာမာသို့၊ တခါမပြန်၊ ဗြဟ္မာဆန်၍၊ နိဗ္ဗာန်လက်နီး၊နာဂါမ်ပြီး၏၊ ခရီးလမ်းထောင့်၊ မျှောင့်ရောင့်အဝိဇ္ဇာ၊ တဏှာကိလေ၊ ရန်ညှစ်တေကို၊ အနဝသေသ၊ ပဟာနဖြင့်၊ ကျန်ရမရှိ၊ ပယ်ကုန်ဘိက၊ စတုတ္ထပုဂ်၊ အရဟတ္တမဂ်၊ စိတ္တက္ခဏ၊ တချက်မျှဖြင့်၊ ဖလသမာ၊ ဝိဏာသဝ၊ ပုဂ္ဂလကား၊ လောဘဒေါသ၊မောဟဟူသည်၊ မြူ ရဇကင်း၊ စိတ်သန့်ရှင်းသည်။ ။ကိုယ်တွင်းအရေး–ဧချမ်းတည်း။

[သံတော်ဆင့်မင်း-ဦးကျော်ဧ]

ဝဏ္ဏသက်သေ သာဓကများ

ဆေတ္တာသည်၏သားဝဏ္ဏ

(၁) ရဇမည်သော ရာဂ၊ ဒေါသ၊ မောဟတို့ကို တဒင်္ဂမျှမပယ်မူ၍ ရာဂ၏အလိုသို့လိုက်သော ဝေသာလီပြည်၌

တဦးသောဆေဗ္ဗာသည်၏သားသည်၊လိစ္ဆဝိမင်း၏သွီးကို၊ လိုချင်နှစ်သက်၊ စုံမက်တပ်စွန်းခြင်း မိစိး၍ လျှံညီးပြောင်ပြောင်၊ တောက်လောင်ငြိစွဲအပ်သော၊ တဏှာထက်သန်၊ဥပါဒါန်လောင်မီးကြောင့် ပျက်စီးခြင်းသို့ရောက်လေသည်။

[ဒုကနိပါတ်-ပထမဝဂ်၊သိင်္ဂါလဇာတ်အဋ္ဌကထာ]

ရမ္မက်ကြီးသောယောကျ်ားဝတ္ထု

(၂) ရှေးသရောအခါ၊ တယောက်သော ယောကျ်ားသည်၊ အစ်ကို၏မယားနှ၌မိစ္ဆာစာရကိုကျင့်သတတ်၊ ထိုမိန်းမလည်း၊မိမိလင်ရင်းထက်၊ ညီကိုလွန်၍ချစ်သဖြင့်၊ လင်ယယ်ကို ''အမောင်-ဤအကြောင်းကို လူအများကြားသိသော်၊ကဲ့ရဲ့လတ္တံ့၊ သင့်အစ်ကိုကိုသတ်လော့'' ဟုဆို၏၊ ဤသို့သုံးကြိမ် တိုင်တိုင်ဆိုသော် ယောကျ်ားလည်း၊ မယားစကားကိုယူ၍၊ အစ်ကိုကိုသတ်လေ၏၊ ထိုအစ်ကိုလည်းမယား၏ ချစ်ခြင်းကိုမစွန့်နိုင်၍၊ ကျွိုင်းကောင်ဖြစ်သည်တွင် မယားရင်ခွင်၌ ခဏခဏကျသောကြောင့် မယားကလင်ကြီးမှန်းသိ၍၊သတ်လေ၏၊ ထိုကျွိုင်းကောင်သည်၊ မယားကိုမစွန့်နိုင်၍၊ ထိုအိမ်မှာပင်ခွေးဖြစ်ပြန်သော် သွားတိုင်းလိုက်သောကြောင့်၊ သတ်ပြန်၏၊ ခွေးသည်ထိုမိန်းမ၌၊ ချစ်ခြင်းရမ္မက်ပြင်းပြသောကြောင့်၊ ထိုအိမ်၌ နွားဖြစ်ပြန်ရာ၊ မိန်းမသွားတိုင်းလိုက်သောကြောင့် သတ်ပြန်၏၊ ထိုနွားသည်လည်း မိန်းမ၌စွဲလမ်းသော ရမ္မက်ကိုမစွန့်မူ၍၊ ထိုမိန်းမဝမ်း၌၊ဇာတိဿရကိုရသော၊ သူဖြစ်ပြန်၏၊ဤအခါ၌ကား အလွန်ထိတ်လန့်တုန်လှုပ်လျက်၊ထိုမိန်းမလက်နှင့်တိုးမည်ကို ကြောက်လန့်ကာငိုကြွေး၍၊ အဘိုးအဘွားကယူ၍ကျွေးမွေးရ၏၊ ကြီးပြင်းသောအခါ အကြောင်းစုံကိုအဘိုးအားပြောကြား၍၊ မြေးအဘိုးနှစ်ယောက်တို့သည် ကျောင်းသို့ကပ်၍ ရဟန်းပြုကြ၏။

[ဓမ္မပဒအဋ္ဌကထာ]

၃၈—ခေမံ

အဏ္ဍပရ၊ နုဂါဒ၊ ဘယပျောက်ရှင်းကွာ။
[အဏ္ဍာနုဝါဒဘေး၊ ပရာနုဝါဒဘေးတို့မှ ကင်းဝေးခြင်းတပါး။

မှတ်ရန်၊ ဤမင်္ဂလာကား၊ ကိလေသာကုန်ပြီးသော ရဟန္တာပုဂ္ဂိုလ်တို့၌ သာမညအားဖြင့်၊ ရအပ်ကုန်၏၊ ပညာကြီးတော်မူကုန်သော ပုထုဇဉ်ပုဂ္ဂိုလ် သေက္ခ ပုဂ္ဂိုလ်တို့၌ကား ဥပစာအားဖြင့်သာရအပ်ကုန်၏ ဟု မှတ်အပ်ကုန်၏၊ ယူအပ်ကုန်၏ဟူလိုသောဝ်။

[ပရိတ်ကြီးနိဿယ-၄၈]

ဘေး၂—ပါး

(၁) အဏ္ဍာနုဝါဒဘေး-မိမိကိုယ်ကိုမိမိစွပ်စွဲခြင်း။
(၂) ပရာနုဝါဒဘေး-မိမိကိုယ်ကို သူတပါးတို့စွပ်စွဲခြင်း။

[ပရိတ်ကြီးနိဿယ-၄၈]

ဤမင်္ဂလာ၏ အဓိပ္ပါယ်များ

(၁) လေးပါးကုန်သော ယောဂတို့ဖြင့် ဘေးကင်းသော စိတ်သည် ခေမာမည်၏။

ယောဂလေးပါးကား

(၁) ကာမယောဂ။
(၂) ဘဝယောဂ။
(၃) ဒိဋ္ဌိယောဂ။
(၄) အဝိဇ္ဇာယောဂ။

[ပရိတ်ကြီးဂဏ္ဌိ-၆၉]

(၂) ခေမာတေသအဏ္ဍိတိခေမိကော။

တေသအရဟန္တာသ- ထိုရဟန္တာပုဂ္ဂိုလ်အား၊ ခေမာ-ဓာတိ၊ ချော၊ဖျာမိ၊မရဏာစသော၊မီးတဆဲ့တပါးတည်းဟူသော၊ဘေး

မှာကင်းစင်တော်မူသော သတ္တဝါသည်၊အတ္တ-ရှိ၏၊ ဇာတိ-ထို့ကြောင့်၊ သော-ထိုရဟန္တာပုဂ္ဂိုလ်သည်၊ခေမိကော-ခေမိကမည်၏။

ထိုရဟန္တာပုဂ္ဂိုလ်တို့၏စိတ်သည် ဇာတိ၊ဇရာ၊ ဗျာဓိ၊ မရဏ အစရှိသောမီးတဆဲ့တပါးတည်းဟူသော၊ဘေးမရှိဟုဆိုလိုသည်။
[မင်္ဂလာဂဏ္ဌိ-၁၂၇]

(၃) စတူဟိ ယောဂေဟိ ခေမတ္တာ ခေမံ၊ ခေမန္တိအဘယံ။ ။ဟူ၍ သုတ္တန်ပါတ် အဋ္ဌကထာ လာရကား ငါးပါးသော ကာမဂုဏ်၌ ဖြစ်သော ကာမ ယောဂ၊ ရူပ ဘဝ အရူပဘဝတို့၌ တပ်သောဘဝယောဂ၊ ဈာန်၌တပ်သော ဘဝဒိဋ္ဌိနှင့် တကွဖြစ်သော ရာဂဟုဆိုအပ်သော ဘဝယောဂ၊ ၆၂-ပါးသော ဒိဋ္ဌိဟုဆိုအပ်သော ဒိဋ္ဌိယောဂ၊ သစ္စာလေးပါး တရားတို့ကို မသိခြင်းဟူသော အဝိဇ္ဇာယောဂ၊ ဤယောဂလေး ပါးတည်းဟူသော ဘေးဘယတို့သည် မြူမျှမရှိမစွန်းမငြိသည် ကို ဘေးမရှိဆိုသည်ဟုမှတ်ရမည်။
[မင်္ဂလတ္ထပုန္နာဝိသဇ္ဇနာ-၄၆]

(၄) လောကဓမ္မေဟိ- သတ္တလောက၊ သဠ်ါရ၌၊ သုခဒုက္ခ၊ ခြွေရံကျူးရုံ၊ မစုံတခါ၊ စုံတခါတည့်၊ လာဘာလာဘ၊ လာဘ်ရ ချေခါ၊ မရခါနှင့်၊ ကျေညာဝေးနီး၊ချီးမွမ်းပြောဆို၊ မကြည်ညိုမှု၊ ထိုသူကိုပင်၊ အပြစ်တင်သည်၊ သို့စင်တကား၊ ဤရှစ်ပါးသော၊ လောကဓံတရားတို့နှင့်၊ ဖုဋ္ဌဿ-ဖုံတထောင်းထောင်း ထသလို တွေ့ထသော၊ ယဿ-အကြင်မဟာသတိပဋ္ဌာန်ဂိုဏ်းဝင်၊ ရဟန်း ရှင်လူ၊ မိန်းမယောကျ်ားအ၏၊ စိတ္တံ-ဇာဂရိယာ နှယောဂနှင့် ယှဉ် သော၊ လောကုတ္တရာ၊ စတုဘုမ္မိကစိတ်သည်၊ ဝါ-မင်္ဂလာနှင့်ယှဉ် သောစိတ်သည်၊ ခေမံ-သဠ်ါရတရား ပျက်တတ်ငြားဟု၊ ဘေး ဘယလွတ်စွာ၊ ဘာဝနာဖြင့်၊ ချမ်းသာစွာနေလေ့ရှိ၏။
[ရွှေမင်းဝံ့ငှက်တွင်းဆရာတော်]

(၅) လောကဓမ္မဟိ-လောကဓံတရားရှစ်ပါးတို့နှင့်၊ဖုဋ္ဌဿ-ခိုက်တိုက်တွေ့ကြုံရသော၊ ယဿ-အကြင်တာဒိဂုဏ်နှင့် ပြည့်စုံပေလတ် ယောကျ်ားမြတ်၏၊ စိတ္တံ-စိတ်သည်၊ခေမံ-အတ္တာနုဝါဒဘေး၊ ပရာနုဝါဒဘေးတို့မှလည်း ကင်းစေ၏။

[မိုးညှင်းဆရာတော်]

(၆) လောကဓမ္မဟိ-လာဘာလာဘာ၊ ယသအယသာ၊ နိန္ဒာပသံ၊ သုခံဒုက္ခ၊ လောကဓမ္မာ၊ ပမာရေလှိုင်း၊ နိမ့်ရှိုင်းမြင့်မောက်၊ ဖောက်ဖောက် ပြန်ပြန်၊ဖြစ်မြဲမှန်သော၊ လောကဓံတရား ဤရှစ်ပါးနှင့်၊ ဖုဋ္ဌဿ-ဘုံဝလေ့လိုက်၊ တွေ့ကြုံကြိုက်သော၊ ယဿ-အကြင်တာဒိဂုဏ်နှင့် ပြည့်စုံပေလတ်၊ ယောကျ်ားမြတ်၏။ စိတ္တံ-စိတ်သည်၊ ခေမံ-အတ္တာနုဝါဒဘေး၊ ပရာနုဝါဒဘေးတို့မှ ကင်းဝေးတော်မူ၏။

[မင်္ဂလသုတ်မိတ်လင်စုံ-၁၈]

(၇) လောကဓမ္မဟိ-ဘုရားပစ္စေကဗုဒ္ဓါ အရိယာအရှင်မြတ်နှင့်တကွသော လူအပေါင်းတို့၊ အကြောင်းအား လျော်စွာ၊ တွေ့ကြုံမြဲ ဓမ္မတာဖြစ်သော၊ လာဘော၊ အလာဘော၊ ယသော၊ အယသော၊ နိန္ဒာ၊ ပသံသံ၊ သုခံ၊ ဒုက္ခံတည်းဟူသော၊ လောကဓံတရားရှစ်ပါးတို့နှင့်၊ ဖုဋ္ဌဿ-အကုသလဝိပါက်၊ ကုသလဝိပါက်၊ ငြိယှက်ထိုက်လိုက်၊ တိုက်ဆိုက်တွေ့ကြုံသော၊ ယဿ-အကြင်ရဟန္တာပုဂ္ဂိုလ်၏၊ စိတ္တံ-စိတ်သည်၊ ခေမံ-ဝဋ်နှင့်မပြတ်၊ ယှဉ်စေတတ်သော၊ ယောဂကင်းသဖြင့် အချင်းခပ်သိမ်း၊ ငြိမ်းငြိမ်းသော ဘေးရန်ရှိခြင်း သည်လည်းကောင်း။

[မဟာပရိတ်တော်ကြီးနိဿယသစ်-၃၂]

(၈) ယော-သဘောဖြူစင်၊ ပညာသမာဓိ၊ စရိုက်ရှိ၊ အကြင်ပုဂ္ဂိုလ်သည်၊ လောကဓမ္မဟိ-ဖြစ်ဘိလောက၊လာဘ်ရလာဘ်စဲ၊ ဆင်းရဲချမ်းသာ၊ ချီးမွမ်းကဲ့ရဲ့၊ ရှိမဲ့ခြံရံ၊ လောကဓံတရား ဤရှစ်ပါးတို့နှင့်၊ ဖုဋ္ဌော-ထူပြောနည်းပါး ကံအားထိုက်လိုက်၊ တိုက်

ဆိုက်တွေ့ကြုံသည်၊အသေ-ဖြစ်ရော့၏၊ တသေ-သဘောဖြူစင်၊ပညာ သမာဓိ၊ စရိုက်ပဲရို၊ ထိုပုဂ္ဂိုလ်၏၊စိတ္တံ-ကြံတတ်အာရုံ၊ သိတုံစွဲသုံး၊ စိတ်နှလုံးသည်၊ခေမံ-ကြောက်ရွံ့ဘွယ်ရာ၊ငါးဖြာအာရုံ၊ကာမဂုဏ်ကို၊ စုံမက်ခြင်းဘေး၊ ဖြစ်ရေးလူနတ်၊ အမြတ်ဘဝ၊ တောင့်တ ရက်ရက်၊ တပ်မက်ခြင်းဘေး၊ မြင်ရေးမှားမှောက်၊ ခြောက်ဆဲ့ နှစ်ဖြာ၊ နှစ်မပါသည်၊ မိစ္ဆာဒိဋ္ဌိ၊ ယူမိခြင်းဘေး၊ လေးမည်သစ္စာ၊ နှစ်ဖြာထင်ထင်၊ မမြင်ခြင်းဘေး၊ ဤဘေးလေးရပ်၊ ယောဂတပ် လည်း၊ငြိကပ်မရှိ။

[မင်္ဂလာအလင်း-၈၇]

(၉) ဘေးမရှိဟူရာ၌ ဘေးဟူသောစကားမှာ “ဘယ”ဟူ သောမာဂဓစကား မှလာ၏၊ ဘယ၏အနက်ကား “ကြောက် ဖွယ်”ဟု ဆိုလို၏၊ ဘေးသည်ဘေးတွေ့သူကို နှိပ်စက်ညှဉ်းပန်း တတ်သောကြောင့် ကြောက်ဖွယ်မည်၏၊ ဘေးအမျိုးမျိုးရှိသည် တွင်၊ မင်္ဂလာ၌လိုအပ်သောဘေးလေးပါးကား။-

(က) မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ ဤငါးပါးဖြင့် ခံစား စံစားခြင်းကို တပ်မက်ခြင်း ဘေးတပါး။ ။ဤဘေးကို 'ကာ မယောဂဟုခေါ်၏။

(ခ) ငါဘဲ၊ သူဘဲဟုမှားသော အစွဲအမှတ်ရှိသည် ဖြစ်၍ လူ အဖြစ်နတ်အဖြစ်စသော အဖြစ်ဘဝကို တပ်မက်ခြင်းဘေးတပါး။ ဤဘေးကို ဘဝယောဂဟုခေါ်၏။

(ဂ) ခြောက်ဆဲ့နှစ်ပါးသော မှောက်မှားသော ဒိဋ္ဌိအယူ ကိုယူခြင်းဘေးတပါး။ ။ဤဘေးကို ဒိဋ္ဌိယောဂဟု ခေါ်၏။

(ဃ) သစ္စာလေးပါးဟုခေါ်သော အမှန်လေးချက်ကို ကွက် ကွက် ထင်ထင်မမြင်ခြင်း ဘေးတပါး။ ။ဤဘေးကိုအဝိဇ္ဇာ ယောဂဟုခေါ်၏။

[မင်္ဂလာအလင်း-၃၉]

ဘေး ရှိ-မရှိ

ဘုရားရဟန္တာတို့၌၊ ဘေး-ရှိ—မရှိစသော စောဒကတို့အတွက်၊ အောက်ပါ သက်သေ သာဓကတို့ကို၊ ဘေဉ်ပြလိုက်ပေဦးအံ့။

(၁) မြတ်စွာဘုရားရှင်ကို ဒေဝဒတ်၊ ကျောက်တုံးကြီးဖြင့်ပစ်ချ၍၊ ယင်ငယ်တကောင်သောက်မျှ၊ သွေးခြေတော်ဥချေသည်၊ ဇီဝကသည်သင်ရန်းခါးငယ်ဖြင့်ခွဲ၍၊ ဆေးကုရချေသည်၊ ထိုထုံးကိုဆင်ခြင်စဉ်းစားလျှင် ကာယိကဒုက္ခဖြင့်ဖြစ်စရာရှိသည်၊စေတသိကဒုက္ခဖြင့် ဖြစ်စရာမရှိ၊ အဘယ်ကြောင့်နည်း၊ စေတသိကဒုက္ခကို၊ စတုတ္ထမဂ်ဖြင့်ပယ်လျှင် ပယ်ခြင်း၄ါ စွမ်းနိုင်ရာချေသည်၊ ရှောင်တခင်ဖြစ်သည့်အရာများမှာ ကာယိကဒုက္ခ၊ စေတသိကဒုက္ခ၊ နှစ်ပါးပင်ဖြစ်စရာရှိသည်။

(၂) ရဟန္တာပုဂ္ဂိုလ်တို့မှာ ဒဏ်ကိုမလန့်ဟုဆိုသည့် အရာမှာ ကြောက်ရွံ့ခြင်း၊ ထိတ်လန့်ခြင်းကို ဖြစ်စေတတ်သော ဒိဋ္ဌိဝိစိကိစ္ဆာတရားများကို ပယ်ပြီးဖြစ်၍ဆိုလေသည်၊ ကာယိကဒုက္ခ၊ စေတသိကဒုက္ခကိုဆိုသည့်အရာမဟုတ်ဟု မှတ်ရမည်။ ။ မချုပ္ပအမိပ္ပါယ်မှာ၊ ဘုရားရဟန္တာတို့မှာ စေတသိကဒုက္ခကို စတုတ္ထမဂ်ဖြင့်သာပယ်ခြင်း၄ါ စွမ်းနိုင်သည်ဟုမှတ်ရမည်။ ။ ကာယိကဒုက္ခကိုပယ်ခြင်း၄ါ မစွမ်းနိုင်သည်ကို အဝုတ္တသိဒ္ဓိနည်းဖြင့် သိစရာရှိသည်၊ ဤအရာ၌ အလွန်အသိခက်သည့် အရာဟုမှတ်၍ ကျမ်းဂန်ကိုကြည့်ကာ ကြံစည်ကြရာသည်။

(၃)- ရှင်မဟာမောဂ္ဂလာန်၊ မထေရ်မြတ်ကို၊ ခိုးသားငါးရာ ရိုက်၍၊ ပရိနိဗ္ဗာန်ပြုရကြောင်းကိုဆိုသည့် အရာမှာ၊ တခုသော တောအုပ်၌၊ ရုက္ခမူရတင်ကို၊ ဆောက်တည်၍နေခိုက်၊ အမှတ်မဲ့ ရိုက်လေလျှင်၊ ဝေဒနာ၏ အစွမ်းအားဖြင့်၊ မေ့လျော့၍သွားချေသည်၊ နောက် သတိ သမ္ပဇဉ် တရားကိုရမှ စတုတ္ထမဂ်ဖြင့်

ဝေဒနာကိုပယ်ချ၍ မြတ်စွာဘုရားထံ ပရိနိဗ္ဗာန ပနိုဉာတကရ ဏာအခွင့်ကိုတောင်း၍ ပရိနိဗ္ဗာန်ပြုတော်မူချေသည်။ ။ဤသည် ကိုထောက်ပြန်က၊ ရှောင်တခင် အမှုဖြစ်လျှင် ကာယိကဒုက္ခ၊ စေတသိကဒုက္ခကိုပင်၊ ဘုရားရဟန္တာတို့ တွေ့တတ်သည်ဟုမှတ် ရမည်၊ တွေ့ပြန်လျှင် မတုန်မလှုပ်၊ စိုးရိမ်ခြင်းလည်းမရှိ၊ ရမ္မက် ဟူသောမြူလည်းမရှိ၊ ဘေးလည်းမရှိဟု ဆိုခြင်းသည်ကား ယေ ဘုယျနည်းဟုမှတ်ရမည်၊ အဘယ်ကြောင့်နည်း၊ သတိသမ္ပဇဉ် ကင်းသည့်အခါ ဖြစ်သောကြောင့်တည်း၊ ထို့ကြောင့် ရဟန္တာ ပုဂ္ဂိုလ်တို့ပမာဒ ရှိကြောင်းကိုလည်း ကျမ်းအစောင်စောင်ကပင် ဆိုချေပြီ။

(၄) ရာဇဂြိုဟ်ပြည် ဗိမ္ဗိသာရမင်း၏ အဆွေတော်ဖြစ်သော တက္ကသိုလ်ပြည်မှပက္ကုသာတိမင်းသည် ဗိမ္ဗိသာရကစေအပ်သော ရွှေပေလွှာ၌ပါသော ဘုရားတည်းဟူသောအသံ, တရားတည်းဟူ သော အသံ,သံဃာတည်းဟူသောအသံတို့ကိုကြား၍ ရဟန်းပြုအံ့ သော၄ါ ရာဇဂြိုဟ်ပြည်သို့လာရာတွင် ပြည်၏အနီးသို့ ရောက် သည့်ကာလ တရားသဖြင့်ကြွဆိုတော်မူသော ဘုရားရှင်နှင့်တွေ့၍ တရားဟောလျှင် လူအသွင်နှင့်ပင် အနာဂါမ်ဖြစ်လေ၏၊ ရဟန်း ပြုလို၍ မြို့ဈေး၌ ပရိက္ခရာရှာရာ ခရီးလမ်းတွင် နွားရိုင်းခတ်၍ ကိလေသ ပရိနိဗ္ဗာန်ပြုရလေသည်။ ။ဤပုဂ္ဂိုလ်သည် စေတသိက ဒုက္ခကို ပယ်ရမည်လည်း စတုတ္ထဈာန်ကိုလည်းမရ၊ လောကခံ တရား ၈ပါးကိုလည်း တွေ့တော်မူရချေသည်။

မင်္ဂလာမည်ပုံ

(၁) ရဟန္တာတို့၏ စိတ်သည် ဘဝသစ်၌ ဥပါဒ်နွေကကြ ဝန်၏ မဖြစ်ခြင်း အစရှိသည်ကို ဆောင်တတ်သည်၏ အဖြစ် ကြောင့် မင်္ဂလာမည်၏။

(၂) ရဟန္တာမှတပါးသောသူ၏ အသောက၊ ဝိရဇ၊ ခေမ ဟူသော သုံးပါးအပြားရှိသော စိတ်သည် မင်္ဂလာမည်၏။

(၃) ပါယာသိရာဇညသည် မိမိစိတ်ကို တဒင်္ဂ၏ အစွမ်းဖြင့် ဝိဥ္စိယောဂမှကင်းသည်ကိုပြု၍ နတ်ပြည်၌ ဖြစ်၏၊ထို့ကြောင့် ပါယာသိရာဇည၏ ထိုစိတ်သည်လည်း မင်္ဂလာမည်၏။

[မင်္ဂလာသာရဒီပနီ-၂၅၄]

(၄) အကြင်သူသည် တဒင်္ဂ၏ အစွမ်းအားဖြင့်လည်း ဝိဥ္စိယောဂကိုစွန့်၏၊ ထိုသူ၏စိတ်သည် ခေမမည်၏၊ ထိုစိတ်သည်လည်း မင်္ဂလာမည်၏။

[မင်္ဂလတ္ထဒီပနီ-၇၅၆]

ခေမမင်္ဂလာသံပေါက်

က—(၁) ယောဂလေးပါး၊ဘေးရှောင်ရှား၊မှတ်သားရဟန္တာ။
(၂) အတွင်းအပ၊နှစ်ဌာန၊ ဘေးမှလွတ်မည်သာ။
(၃) မျက်မှောက်သုခ၊မင်္ဂလ၊ဟောပြကျမ်းအလာ။

[မင်္ဂလတ္ထပုဏ္ဏောဝိသဇ္ဇနာ]

ခ—(၁) ယောဂလေးလီ၊ ဘေးမသီ၊ ငြိမ်းမှန်အဟုတ်။

[မင်္ဂလတ္ထဒီပက-၄၀]

မင်္ဂလာပျို

လောဘဒေါသ၊ မောဟဟူသား၊ ဝဋ်သုံးပါးနှင့်၊ ယှဉ်ငြား တတ်သည်၊ ယောဂမည်၏၊ ဤသည်ယောဂ၊ တဒင်္ဂတည့်၊ ဝိဥ္စိ ယောဂ၊ စွန့်လတ်ကမူ၊ ခေမမည်လစ်၊ စင်စစ်မုကား၊ တရားလုံး ရုံ၊ တေဘုမ္မက၊ သင်္ခါရတွင်၊ လောဘကြဉ်ထ၊ ဒုက္ခသစ္စာ၊ပိုင်း ခြားကာဖြင့်၊ ကောင်းစွာသိမှု၊ သမုဒယသစ္စာ၊ ပယ်အပ်ရာကို၊ ကောင်းစွာပယ်ဘိ၊ နိရောဓသစ္စာ၊ မှန်စွာမဘောက်၊ မျက်မှောက် ရှုရှု၊ အာရုံပြုတတ်၊ မဂ္ဂင်မြတ်ကို၊ ပွါးလတ်တုံမှ၊မဂ္ဂသစ္စာ၊ယင်း လေးဖြာကို၊ ယထာဘူတ၊ ဟုတ်မှန်ကျအောင်၊ သိစွမ်းဆောင်

ဘိ၊ ဓိဋ္ဌာ-သဝ၊ ဝိရာဂဟု၊ ဘဝမကြို၊ ဇာတိမြို့မှ၊ ခေမကင်းလွတ်၊ မြတ်ထက်မြတ်၏၊ ဥပဒ်သိမ်ဖျင်း၊ မှောင့်ရောင့်ကင်းသည်။ ။ ကိုယ်တွင်းကုန်ခန်း ဘေးဘျမ်းတည်း။

[သံတော်ဆင့်မင်း ဦးကျော်ဓ]

ပါယာသိရာဇညဝတ္ထု

မြတ်စွာဘုရား ပရိနိဗ္ဗာန်စံဝင်တော်မူပြီးနောက် သုတ်ဝိနည်း အဘိဓမ္မာတို့ကို သင်္ဂါယနာတင်အံ့သောငှါ သံဃာတော်အရှင်မြတ်တို့စည်းဝေးလာကြရာဝယ်အရှင်ကုမာရကဿပသည်ရဟန်း ငါးရာတို့နှင့် သေတဗျမြို့သို့ရောက်၍ ယင်းတိုက်တော၌ နေ၏၊ ထိုအခါ ပါယာသိမင်းသည် အရှင်ကုမာရ ကဿပထံ ဆည်း ကပ်၍ ပဒိုသန္တာရပြုစဉ် လောကတပါးသည်မရှိ စသည်ဖြင့် မိမိ၏ မိစ္ဆာဒိဋ္ဌိကိုပြလေရကား ပါယာသိ သုတ်ကိုဟော တော်မူသောအားဖြင့် ဘောက်ပြန်သော အယူမှ ကင်းစေ၍ ကောင်းသောအယူ၏ ပြည့်စုံခြင်း၌ တည်စေ၏၊ ဤကဲ့သို့မိစ္ဆာ ဒိဋ္ဌိအယူမှ သမ္မာဒိဋ္ဌိအယူကို ကူးပြောင်းသည့် အတွက်သေ သည်၏ အခြားမဲ့၌ နတ်ဖြစ်လေ၏။

သို့သော်ထိုမင်း၏ ကြမ်းကြုတ်ခက်ထန်ဘော သဘောဖြင့် ရုန့်ရင်းသော အဝတ်၊ ပအုံးရည်လျှင် အဘော်ရှိသော ဆန်ခွဲ ထမင်းကိုသာလှူသောကြောင့် စတုမဟာရာဇ်၌ ဆိတ်ငြိမ်သော ကုက္ကိုပင်ရောက်သော ငွေဗိမာန်၌ နတ်ဖြစ်ရလေ၏။

ထိုပါယာသိရာဇည၏ ကိစ္စကြီးငယ်တို့၌ မပြတ်အစဉ် ပါဝင် ကူညီလုပ်ကိုင်သော ဥတ္တရလုလင်ကား ထိုမင်း၏ အလှူတို့၌၊ ရိုသေစွာ လုံ့လထုတ်၍၊ ဆောင်ရွက်သောကြောင့် တာဝတိံ သာနတ်ပြည်၌ တဆဲ့နှစ်ယူဇနာ ရှိသောဗိမာန်တွင် နတ်ဖြစ်ရ လေ၏။

[ဥတ္တရဝိမာန-သေရိသကဝိမာန-ပါယာသိရာဇည-အဋ္ဌကထာ]

အပိုင်း–၃

ဝိဝါဒအကွဲအပြားများ

မင်္ဂလသုတ်နှင့်ပတ်သက်၍ ဝိဝါဒအကွဲအပြားများ တွေ့ရှိရပေ၏၊ထိုကွဲသို့ရှိနေရာ နောင်လာ နောက်သားများနှင့် ဗဟုသုတလိုလားသော ပုဂ္ဂိုလ်များအတွက် မိမိတို့နှစ်သက်ရာ အလိုရှိရာများကို ခွဲခြားစိစစ်၍ ယူနိုင်ကြရန် အတန်တန်သော ကောက်နုတ်ချက်များကို ထင်ရှားစွာ ဘော်ပြလိုက်ပါအံ့။

နတ်လော သိကြားလော

ငါးစောင်တွဲ၊ ဆယ်စောင်တွဲ၊ ဆဲ့ငါးစောင်တွဲ စသည်ဖြင့် အများသုံး မင်္ဂလသုတ်စာအုပ်များတွင်၊ "ဘောဒေဝပုတ္တ-အိုနတ်သား" ဟုတွေ့ရှုလေ့လာဘတ်ကြား၊ သင်ယူထားကြသည့် အားလျော်စွာ လူတကာသိလိုပင် မထင်ရှားသောနတ်သားတယောက် ဘုရားရှင် မျက်မှောက်သို့ လာရောက်ကာ မင်္ဂလာတရားတော်အတွက်၊ လျှောက်ထားချက် ပြုသည်ဟု ယူဆခြင်း မှတ်သားခြင်းများပြုကြပေ၏၊သို့သော် မင်္ဂလသုတ်ကို အဟုတ်တကယ်၊ လိုက်စားသည့်အခါကျကာမှ၊ အချို့က"နတ်သား"အချို့က "သိကြား-နတ်သား"အချို့က"သိကြား"ဟု၊ဝိဝါဒ၊ ကွဲပြားလျက်ရှိကြသည်ကို တွေ့ရှိရပေ၏။

နတ်သားဟုယူဆချက်များ

(၁) အရှင်ဗုဒ္ဓဃောသ မဟာထေရ် ရေးသားတော်မူအပ်သော၊ "ပရမတ္ထဇောတိက" အမည်ရသည့်၊ ခုဒ္ဒကပါဌ အဋ္ဌကထာ·စာမျက်နှာ-၁၂၃-တွင်၊–

ဧကံ ဒေဝပုတ္တံ အာဏာပေသိ၊ တံဘဂဝန္တံ ပုစ္ဆာတိ။

ဧကံ-တပါးသော၊ ဒေဝပုတ္တံ-နတ်သားကို၊ အာဏာပေသိ-စေခိုင်း၏၊ တံဘဂဝန္တံ-ထိုမြတ်စွာဘုရားကို၊ ပုစ္ဆ-မေးလျှောက်လော့၊ ဣတိ-ဤသို့၊ အာဏာပေသိ-စေခိုင်း၏။-ဟုဘာတ်ရှုရပေသည်။

(၂) မုံရွေးမြို့၊ "ဇာနန္ဒဝဇိရာဘိလင်္ကာရ သိရိဓဇမဟာ ဓမ္မရာဇာ ဓိရာဇဂုရု" ဘွဲ့ရ၊ အရှင်အရိယဝံသ အာဒိစ္စရံသီ၊ စီရင်ရေးသားတော်မူအပ်သော၊ **မင်္ဂလာ မျှို** စာမျက်နှာ-၁၁-တွင်။

ဖေဖတဝန်၌၊ လေးတန်ယာပိုထ်၊ နေသောကြိုက်တွင်၊ ဆူလိုက်ဂဏ်အင်၊ မထင်မပေါ်၊ မကျော်စောဟု၊ သုခသမွတ်၊ စည်းစိမ်မြတ်နှင့်၊ အညတြ၊ နတ်ဒေဝကို၊ မာဃစေဟန်၊ နတ်တမန်သည်။ ဟုတွေ့ရှိရလေသည်။

(၃) စလင်းမြို့၊ ဂုဏာဝံသဓဇလင်္ကာရ မဟာဓမ္မရာဇာဓိရာဇဂုရု၊ တံဆိပ်ရ။ ပန်းလွှားမဟာထေရ်၊ ရေးသားတော်မူအပ်သော **လက်စွဲပရိတ်ကြီးနိသျ** စာမျက်နှာ ၂၅-တွင်-

အညတြ-အမျိုးအမည်အားဖြင့်၊ မထင်ရှားသော၊ ဒေဝတာ-တာဝတိံသာနတ်ပြည်မှ၊ သိကြားမင်းစေခိုင်းအပ်သော၊ နတ်သားသည်၊ ဟုတွေ့ရှိရလေသည်။

(၄) မြင်းခြံမြို့၊ ဂိဏ်းထောက်၊ ဇ-ဆောင်တိုက်၊ အုတ်ကျောင်းဆရာတော်၊ အရှင်ဝေပုလ္လာဘိဓဇရေးသားတော်မူသော၊ **မဟာပရိတ်တော်ကြီးနိသျသစ်** စာမျက်နှာ ၂၁-တွင်-

အညတရာဒေဝတာ-ဘယ်အမျိုးဇာတိ၊ ဘယ်အမည် ရှိသည်ဟု၊ မသိသာမထင်ရှား၊ တဦးသော နတ်သားသည်- ဟုတွေ့ရှိရလေသည်။

(၅) ကျွန်းတောကုန်း အရှင် အာသဘထေရ် ရေးသားစီရင်တော်မူအပ်သော၊ **မင်္ဂလသုတ်ဒီပကာ** စာမျက်နှာ ၆၂-တွင်-

အညတြာ-အမျိုးအမည်အားဖြင့်၊မထင်ရှားသော၊ ဒေဝတာ–နတ်သားသည်- ဟုတွေ့ရှိရလေသည်။

(၆) ဓေယျာပူရတိုင်း စစ်ကိုင်း ရွှေမင်းဝံဂှက်တွင်း တောကျောင်းဆရာတော်၊ကဝိဓဇဒိသာ ပါမောက္ခ တိပိဋကာလင်္ကာရ၊ ဂုဏ်ထူးဝိသေသ ရရှိတော်မူသော၊ အရှင်ပညာဒီပ မဟာထေရ် ရေးသားတော်မူအပ်သော၊ **မင်္ဂလသုတ်နိသျ** တွင်–

ဇမ္ဗူဒိပါ သိကြားမင်းလည်း၊ မင်္ဂလာတရားကို၊ နားမလည်သောကြောင့် အညတရဒေဝနေ့်ရထာ အမည်ရသော၊ စကားတောင်းစားနတ်သားကို၊စေခိုင်း၍–ဟုတွေ့ရှိရလေသည်။

(၇) ညောင်တုံးမြို့၊ ရွှေဟင်္သာတောရ၊ သိရိမဟာမင်္ဂလာရာမတိုက်၊စံကျောင်းဆရာတော်၊ ဦးဝါယာမ(အဂ္ဂမဟာပဏ္ဍိတ) ရေးသားစီရင်တော်မူသော၊ **မင်္ဂလာဖွင့်အကျယ်လက်စွဲကျမ်း** စာမျက်နှာ ၃–တွင်–

ဆဲ့နှစ်နှစ်တိုင်၊ မသိနိုင်မှ၊ လက်မှိုင်ချ၍၊ ဇမ္ဗူမြတ်စွာ၊ စေသတ္တာအား၊ ဒေဝါတယောက်၊ သန့်ကောင်လောက်မှာ၊ မေးလျှောက်လာမှ၊ ဟောဖော်ပြ၊သိရမိုးထိုက်စွာ- ဟု တွေ့ရှိရလေသည်။

(၈) ရန်ကုန်မြို့၊ ပညာအုပ်မင်း ဦးမိုးစိန် ရေးသားသော၊ **မင်္ဂလာအလင်းကျမ်း** စာမျက်နှာ ၆၀–မင်္ဂလသုတ်၊ ပရိတ်မွန်းတွင်–

သတ္တဝါတို့၊ မှီရာခိုရာ၊ တည်ရာစင်စစ်၊ မွေ့ရာဇာအား၊ မောင်နတ်သားက၊ လျှောက်ထားမေးလေ၊ တို့တထွေလည်း၊ မကွေတူကွ၊ နာမည်ပဟု၊ သက္ကသိကြား၊ စိမံငြား၍၊ နတ်သားပန်ထွာ၊ ဘဂဝါလျှင်၊ သေချာပြ့ပြ၊ ဟောဖော်ခဲ့သား၊ သုံးဆဲ့ရှစ်ဖြာ၊ မင်္ဂလာကို၊ ဟုတွေ့ရှိရလေသည်။

(၉) မန္တလေးမြို့၊ ဘုရားကြီးရှမ်းပွဲရပ်နေ၊ ပါဠိဆရာ၊ဆရာမြ ရေးသားစီရင်သော၊ **မင်္ဂလာသာရလက်စွဲကျမ်း** စာမျက်နှာ ၅–တွင်–

လောကထွတ်ထား၊ ဘုရားထံပါး၊ ယခုသွား၍၊ ထင်ရှားသိ အောင်၊အမောင်နတ်သား၊ သင်ရွှေဖျားက၊မျှောက်ထားမေးလေ၊ တို့တထွေမူ၊ အတူတကွ၊ သင့်နောက်ကသော၊ နာကြမည်ဟု၊ တစုတဝေး၊ မနှေးလျင်စွာ၊ နတ်ရွာကသော၊ ဆင်းခဲ့လာမှ၊ လော ကတန်ဆောင် * * * * သန့်ကောင်ယံတွင်၊ အကြင် နတ်သား၊ တယောက်အားကား၊ ဘုရားမြတ်စွာ၊ ရှိရာကြပ်ကြပ်၊ ချဉ်းလေကပ်မှ၊ ဟုတွေ့ရှိရလေသည်။

(၁၀) ဆင်ပေါင်ဲမြို့၊ ဘုရားကြီးကျောင်းတိုက်၊ ဦးကလျာဏ အရှင်သူမြတ်ရေးသားစီရင်တော်မူအပ်သော **မင်္ဂလဋ္ဌဒီပနီကျမ်း** စာမျက်နှာ ၄–တွင်–

သင်နတ်သားတို့၊မင်္ဂလာတရားတော်မြတ်ကို၊သိလိုလျှင်၊ဘုရား သခင်ကိုလျှောက်ကြချေဟု၊ နတ်သားကိုစေလွှတ်ရာ၊ စကြဝဠာ၌ နေကုန်သော နတ်သိကြား ဗြဟ္မာအပေါင်းတို့သည်လည်း၊ တရား တော်ကိုနာအံ့ဟု၊ စေလွှတ်လိုက်သော နတ်သားကို ခြံရံ၍လိုက် ကြကုန်သည်၊ ဟုတွေ့ရှိရလေသည်။

(၁၁) မန္တလေးမြို့၊ အရှေ့ဝိသုဒ္ဓါရုံတိုက်၊ အရှင်ပါသိတမဟာ ထေရ်ရေးသားစီရင်တော်မူသော၊ **ချမ်းသာကြီးပွါးကြောင်း လမ်းပြ-ခေါ်နရဒက္ခဒီပနီကျမ်း** စာမျက်နှာ ၂၅၂–တွင်–

သိလိုရေးနှင့်မေးလျှောက်ထား၊ ဒါယကာ နတ်သား * * ၏သုံးပါးသော တရားတော်သည်၊ ကဲလွန်ထူးမြတ်၊ ချိုးမွမ်းအပ် သော၊ အများသတ္တဝါ၊ ချမ်းသာကြီးပွါး၊ အကျိုးများသော၊ မင်္ဂလာတရားမည်၏ဟူ၍၊ သင်နတ်သားသည်၊ ကောင်းစွာနာယူ မှတ်သားလေလော့၊ ဟုတွေ့ရှိရလေသည်။

(၁၂) ဒိပဲရင်းမြို့၊ ရွာရှည်ရွာတွင်၊ သီတင်းသုံးတော်မူသော ကံပြုတိုက်သစ်ဆရာတော်၊ ဦးနေမိန္ဒရေးသားတော်မူအပ်သော၊ **ကဝိသာရကျမ်း** စာမျက်နှာ ၂၀၅–တွင်– "ပဋိသန္ဓာရအရာ၊ လိမ္မာသော နတ်သားအား၊ သိကြားမင်းအမိန့်ပေး၍၊ အရေးကုန်လွှဲအပ်သော်" ဟုတွေ့ရှိရပေ၏။

ပရိသတ်လေးပါး၊ အသုံးများလျှက်ရှိသော၊ ငါးစောင်တွဲ၊ ဆယ်စောင်တွဲ၊ ဆဲ့ငါးစောင်တွဲ၊ စာသဉ္စ၊ စာအုပ်များတွင်၊ နတ်သားဟုတွေ့ရှိရလေသည်။

(၁၃) ချောင်းဦးမြို့၊ ခန္တောဆရာတော်အရှင်သူမြတ် ရေးသားစီရင်တော်မူအပ်သော **ဗုဒ္ဓဝါဒမင်္ဂလာခွဲကျမ်း**။ စာမျက်နှာ ၁၉–တွင်–

"အကြင်ပါရမီ ပုညသမ္ဘာရနှင့်ပြည့်စုံတော်မူသောကြောင့် အကြွင်းမရှိ မင်္ဂလာပြဿနာကို ဟောတော်မူတတ်သော ထိုမြတ်စွာဘုရားကို လွှန်၍ ငါသိကြားကို မေးအပ်၏ဟု ထင်မှတ်ကြပါကုန်သလော–အချင်းတို့၊လာကြ သွားကြကုန်စို့၊ ထိုမြတ်စွာဘုရားအား မင်္ဂလာပြဿနာကို မေးလျှောက်ကြကုန်အံ့၊ ထိုမြတ်စွာဘုရား အထံတော်မှ မချွတ်ကေန် ကျက်သရေ မင်္ဂလာနှင့်ပြည့်စုံသည့်မင်္ဂလာ ပြဿနာကို ဖြေရှင်းနိုင်သော ဝိနိစ္ဆယအဆုံးအဖြတ်ကို နာကြားရကုန်လတ္တံ့"-ဟုပြောဆို၍၊တယောက်သော နတ်သားအား "သင်ကမြတ်စွာဘုရားအား ထိုမင်္ဂလာပြဿနာကို မေးလျှောက်လော့" ဟု တိုက်တွန်း နှိုးဆော်၏၊ ထိုနတ်သားသည် ထိုခဏအား လျှောက်ပတ်သော တန်းဆာဆင်အပ်သည့် နတ်တို့၏အဝတ်ဖြင့် ဝတ်ဆင်၍ လျှပ်စစ်နွယ်ပြက်သကဲ့သို့ နတ်အပေါင်းခြံရံလျက် ဇေတဝန်ကျောင်းတော်ကြီးသို့ သွားကြပြီး လျှင် မြတ်စွာဘုရားသခင်ကို ရှိခိုးကာ တင့်အပ်လျှောက်ပတ်သော အရပ်၌ရပ်၍ မင်္ဂလာ ပြဿနာကို မေးလျှောက်လိုရကား"–ဟုတွေ့ရှိရပေ၏။

(၁၄) မန္တလေးမြို့၊ အရှင်စန္ဒောဘာသ သူမြတ်ရေးသား စီရင်တော်မူအပ်သော"**မင်္ဂလာသုံးစောင်တွဲ**"၊ စာမျက်နှာ ၄-တွင်-

ဂုဏ်သတင်းအားဖြင့် ဆူဝေကျော်ကြားခြင်း မရှိခြင်းကြောင့် မထင်မရှား မကျော်မစောလှသော ချမ်းသာနှင့် ပြည့်စုံသည့် သိကြားမာဃစေလွှတ်သော နတ်သားတဦးသည်—

"ဗုဒ္ဓဘုရားထံ လျှောက်ထားရန်၊ သိကြားမင်း၏ အကြံပေးချက်အရ၊ နတ်သားတမန်ကလာ၍ လျှောက်ထားခြင်း ဖြစ်ချေသည်၊" ဟုတွေ့ရှိရပေ၏။

သိကြားနတ်သားဟုယူဆချက်များ

(၁) **မင်္ဂလသုတ်မိတ်လင်စုံ** စာမျက်နှာ ၂၁-တွင်—

သက္ကသိကြား၊ တောင်းပန်ငြား၊ လျှောက်ထားမြတ်ဗုဒ္ဓါ-ဟု တွေ့ရှိရလေသည်။

(၂) **အောင်မြန်မာဆယ့်စောင်တွဲ**။ စာမျက်နှာ ၂၂—မင်္ဂလာတရား(၃၈) ပါးသံပေါက်များတွင်—

သက္ကသိကြား၊ တောင်းပန်ငြား၊ ဟောကြားဒေသနာ-ဟုတွေ့ရှိရလေသည်။

(၃) ရန်ကုန်မြို့၊ ပဌမကျော်၊ ဦးကျော်လှရေးသားအပ်သော **မင်္ဂလသုတ်ပါဠ်အနက်** ၏ နိဒါန်းတွင်—

သိကြားလိမ္မာ၊ နတ်ဇာနန္ဒာသည်။ ဟုတွေ့ရှိရလေသည်။

(၄) ရန်ကုန်မြို့၊ ကြည့်မြင်တိုင်၊ ဥယျာဉ်ကျောင်းဆရာတော်၊ ရေးသားတော်မူအပ်သော၊ **မင်္ဂလာဂဏ္ဌိကျမ်း**စာမျက်နှာ ၁၄-၌ သိကြားမင်းသည်၊ အလွန်နှစ်လို ဘွယ်သော အဆင်း ရှိသည့် နတ်သား၏ အသွင်ကို ဖန်ဆင်းပြီးလျှင် သန်ကောင်ယံ၌ ဆင်း

လာ၍ ဇေတဝန်ကျောင်းတော် အတွင်းသို့ မိမိကိုယ်ရောင် ကိုယ်ဝါဖြင့် ထွန်းစေ၏။ ဟုတွေ့ရှိရလေသည်။

(၅) ကျုံပျော်မြို့နယ်၊သောင်ရွာဆရာတော် ဦးကုသလ၊ရေး သားစီရင်တော်မူသော၊ **မင်္ဂလတ္ထဒီပကကျမ်း။** တွင်—

ထိုရောအခါ၊ မကွာအရှိန်၊ သမ္ဘာဝထိန်လျက်၊ တာဝတိံနှန်း၊ စိန်ကြဋ္ဌနှင့်၊ ထိန်လျှမ်းဝေလျှံ၊ ထွေထွေရံသဖြင့်၊ တေဇံမြိုး ကြွ၊ အစိုးရသော၊ မိုးမာဆာ အရှင်သိကြားသည်၊ မထင်ရှား သော နတ်အသွင်ဖြင့်၊ မြတ်အရှင် သိန်ပရမေဟု ဒြဗ်ထင်ထင် အရှိန်ဝေပေသော၊အစိမ်ေ့နူ၏၊ ထံတော်ရင်းသို့-ဟု တွေ့ရှိရပေ၏။

(၆) ငါးရာ့ငါးဆယ်၊ ဒသနိပါတ်၊**မင်္ဂလဇာတ်** စာမျက်နှာ- ၅၇ဂတွင်၊

ထိုသိကြားမင်းသည်၊ ညဥ့်အဖို့၌၊ မြတ်စွာဘုရားသို့၊ ကပ်ပြီး လျှင် ရှိခိုး၍ လက်အုပ်ချီလျက်၊-ဟုတွေ့ရှိရလေသည်။

(၇) ရန်ကုန်မြို့၊ သိမ်ဖြူကျောင်း၊ဂဏဝါစကအရှင် အဂ္ဂဝံသ ရေးသားစီရင်သော**မင်္ဂလတ္ထပုစ္ဆာဝိသဇ္ဇနာကျမ်း။**စာမျက်နှာ- ၄၇-တွင်။

အညတြာတိ နာမဂေါတ္တ အပါကဋော၊ဟု ဖွင့်သော ဋီကာ ကိုထောက်သဖြင့်၊ အမျိုးအမည် မထင်ရှားသော ဟုဆိုပေ၏။

အညတရာ ဒေဝတာတိ သက္ကော ဒေဝရာဇာ- ဟုဒသနိပါတ် ဇာတ် အဋ္ဌကထာ၌ လာသဖြင့်၊ မထင်ရှားသော နတ်ဟူသည် သိကြားနတ်ကို ဆိုပေ၏။ ။ဟုတွေ့ရှိရလေသည်။

(၈) အရှင်မဟာ သဒ္ဓမ္မနန္ဒီ ဆရာတော် ရေးသားစီရင်သော **သင်ပုန်းကြီးဋီကာ**-စာမျက်နှာ-၁၂၆-တွင်။

အညတြာဒေဝတာတိသက္ကော ဒေဝရာဇာ၊ ဟူသော မဟာ မင်္ဂလသုတ်ဋီကာပါဠိတော်နှင့်အညီ၊ အမျိုးအမည်အားဖြင့်၊ မထင် ရှားသောနတ်သား၏ အသွင် အဟန်၊ ဖန်ဆင်းအပ်သောသိကြား မင်းသည်။ ။ဟုတွေ့ရှိရလေသည်။

(၉) စိန္တာ မဂဓ အမည်ရသောထေရ်သမဏ၏ယူဆချက်။

ဤမင်္ဂလသုတ် အဋ္ဌုပ္ပတ်၌၊ သိကြားမင်းသည် တယောက် သော နတ်သားကို၊ သင်သည် မြတ်စွာဘုရားအား မင်္ဂလာတရား တော်ကို မေးလျှောက်ပါ၊ ဟုစေခိုင်းသည်၊ဟုလာသည်။

အညတရာ ဒေဝတာတိ သက္ကော ဒေဝရာဇာ ဟူသော သံ ဝဏ္ဏနာ ပါဠိ၌လည်း မထင်ရှားသော နတ်သားဟူသည် နတ်တို့ ကို အစိုးရသော သိကြားမင်းတည်းဟု လာရှိသည်။

ဤကဲ့သို့ မညီမညွတ်သော အရာများကို ပညာရှင်တို့ဆင်ခြင် ၍ ယူငင်တော်မူကြပါကုန်။

[မင်္ဂလသုတ်နိသျ-၁၀]

(၁၀) ပခုက္ကူမြို့၊ မဟာဝိသုတာရာမ ဆရာတော်– ဦးပညာ အဂ္ဂမဟာ ပဏ္ဍိတ၏ ရေးသားချက်။

အညတရာ ဒေဝတာ၌ ဒသနိပါတ် မဟာမင်္ဂလဇာတ် အဋ္ဌ ကထာအလို၊ သိကြားကိုယူ၍၊ သိကြားမင်းကိုယ်တိုင် တောင်း ပန်လျှောက်ထားသည်ဟုဆို၏၊ သုတ္တနိပါတ် ခုဒ္ဒက ပါဠ အဋ္ဌက ထာတို့အလို၊ သိကြားစေခံ တမန်ယောကျ်ား၊ မထင်ရှားသော နတ်သားတယောက် တောင်းပန်လျှောက်ထားသည်ဆို၏။ယင်းသို့ အရှင်ဗုဒ္ဓဃောသ ဆရာတပါးတည်းဖြစ်လျက် အမျိုးမျိုး အထွေ ထွေဆိုထားခြင်းသည် ဇာတက ဘာဏက ပုဂ္ဂိုလ်၊သုတ္တနိပါတ– ခုဒ္ဒကပါဠ ဘာဏကပုဂ္ဂိုလ်တို့အလိုသို့လိုက်၍ အဋ္ဌကထာဆရာ မိန့်ဆိုဖွင့်ပြ ထားတော်မူသည်ဟု–ယူဆရန်ရှိ၏။ ။

ထို့ကြောင့်-သိကြားမင်းကိုယ်တိုင် တောင်းပန်လျှောက်ထား သည်ဖြစ်စေ၊ တမန်စေ၍ တောင်းပန်လျှောက်ထားသည်ဖြစ်စေ၊ သိကြားမင်းတောင်းပန် လျှောက်ထားခြင်းသာ မည်သောကြောင့် ၎င်း၊ ပဋိပတ်၏အကြောင်းဖြစ်သော လိုရင်းအဓိပ္ပါယ်၊ ချွတ်ယွင်း ပျက်ကွက်ခြင်းမရှိသောကြောင့်၎င်း၊ အရေးမကြီး၊ ဆန့်ကျင်ဘက် ငြင်းခုံပြောဆိုနေဘွယ်မလို။

[မင်္ဂလာဒီပနိဿယ-၉၉]

မင်္ဂလာအကွဲအပြား

အဋ္ဌကထာ သဋ္ဌ မင်္ဂလံအရ၊ သုံးဆဲ့ရှစ်ဖြာ မင်္ဂလာအရေအတွက်ကား အားလုံးသော ကျမ်းတို့၌ တညီတညွတ်တည်း ရှိကြပေ၏၊သို့သော်“မာတာပိတု” နှင့် “အာစရိယပိတုရိယ” စသည်တို့အတွက် အကွဲအပြားများ တွေ့ရှိရပေရာ၊ နောင်လာနောက်သားတို့ ဗဟုသုတပွါးကြစိမ့်သော၌၊ပညာရှင် အသီးသီးများ၊ယူဆသွားကြပုံကို၊ စုံလင်စွာခံတင်၍ ပြလိုက်ရကား၊ နှစ်ခြိုက်ရာကို၊ ယူတော်မူကြပါကုန်။

“မာတာပိတု” ကိုတမင်္ဂလာတည်း ယူဆသောကျမ်းများ

(၁) “ဇမ္ဗူမဏ္ဍ”ဟူ၍၊ ဆရာတို့မှည့်ခေါ်သည့်အမည်၊ စက္ကိန္ဒာဘိဓဇ“ဟူ၍၊ မင်းလှူတံဆိပ်တော် ခံယူရရှိသော ဆရာတော်၊ ရေးသားစီရင်တော်မူအပ်သော။—

မဟာပရိတ်တော်ကြီးပါဠိနိဿျ။

---

(၂) သက္ကရာဇ်၊ ၁၂၆၂-ခုနှစ်၊ မဏိမဥ္ဇူသထေရ် ရေးသားစီရင်တော်မူအပ်သော၊ “ဝက်ချတ်မူ”—

ပရိတ်ကြီးပါဠိတော်နိဿျ။

---

(၃) ရန်ကုန်မြို့ပဋ္ဌမကျော်၊ ဦးကျော်လှရေးသားသည့်၊ ပြည်ကြီးတမ်းခွန်၊ စာပုံနှိပ်တိုက်တွင် ရိုက်နှိပ်သော။—

မင်္ဂလသုတ်ပါဠိအနက်။

---

(၄) သက္ကရာဇ်၊ ၁၂၇၁-ခုနှစ်တွင်၊ ကျွန်းတောကုန်း ဦးအာသဘဘွဲ့မည်ရသော၊ မထေရ်မြတ်၊ ရေးသား စီရင်အပ်သည့်။—

မင်္ဂလသုတ်ဋီကာ။

(၅) သက္ကရာဇ်၊ ၁၂၁၀-ခုနှစ်၊ ဇေယျာပူရတိုင်း၊ စစ်ကိုင်းတောင်၊ ရွှေမင်းဝံ ဌက်တွင်းဆရာတော်၊ အရှင်ပညာဒီပ ကဝိဇေ ဒိသာပါမောက္ခ တိပိဋကာ လင်္ကာရထေရ်ရေးသားတော် မူအပ်သော။—

မင်္ဂလသုတ်နိသျ။

(၆) သက္ကရာဇ်၊ ၁၂၇၃-ခုနှစ်တွင်၊ အရှင်မိန္တာမဂဓေဘွဲ့မည်ရသော မထေရ်မြတ် ရေးသား စီရင်တော် မူအပ်သော။—

မင်္ဂလသုတ်နိသျ။

(၇) သက္ကရာဇ်၊ ၁၂၂၉-ခုနှစ်တွင်၊ ကြည့်မြင်တိုင်၊ ဥယျာဉ်ကျောင်း ဆရာတော် အရှင်သူမြတ်ရေးသားတော် မူအပ်သော။—

မင်္ဂလာဂဏ္ဌိ။

(၈) သက္ကရာဇ်၊ ၁၂၀၅-ခုနှစ်တွင်၊ ဆင်ပေါင်ဝဲမြို့၊ ဘုရားကြီးတိုက် ဦးကလျာဏ ရေးသား စီရင်တော် မူသော။—

မင်္ဂလတ္ထဒီပနီကျမ်း။

(၉) သက္ကရာဇ်၊ ၁၂၀၀-ခုနှစ်တွင်၊ ကျုံပျော်မြို့နယ်၊ သောင်ရွာဆရာတော်၊ ဦးကုသလ၊ ရေးသား စီရင်တော် မူအပ်သော။—

မင်္ဂလတ္ထဒီပကကျမ်း။

(၁၀) သက္ကရာဇ်၊ ၁၂၀၉-ခုနှစ်တွင်၊ ရန်ကုန်မြို့၊ မြန်မာပြည်စာပုံနှိပ် အလုပ်သမားများအသင်း ပုံနှိပ်တိုက်မှ ရိုက်နှိပ်သော။—

မင်္ဂလာသာရဒီပနီကျမ်း။

(၁၁) သက္ကရာဇ်၊ ၁၂၀၂-ခုနှစ်တွင်၊ ညောင်တုံးမြို့၊ ရွှေဟင်္သာတောရ သီရိမင်္ဂလာရာမတိုက်၊ အဂ္ဂမဟာပဏ္ဍိတဘွဲ့ရ စံကျောင်းဆရာတော် ဦးဝါယာမ ရေးသားစီရင်တော်မူအပ်သော။—

မင်္ဂလာဖွင့်အကျယ်လက်စွဲကျမ်း။

(၁၂) သက္ကရာဇ်၊ ၁၂၉၆-ခုနှစ်တွင်၊ မုံရွာမြို့နယ် အတွင်းက၊ ရိုးညွှန်းတောရဆရာတော်ဘုရားကြီး၊ရေးသားတော်မူအပ်သော။-

မဟာမင်္ဂလာတရားတော်ကြီး

(၁၃) သက္ကရာဇ်၊ ၁၂၉၃-ခုနှစ်တွင်၊ ရန်ကုန်မြို့ အမှုထမ်းကောင်း၊ တံဆိပ်ရ၊ ပညာဝန်ထောက်မင်း၊ ဦးဖိုးစိုးရေးသားအပ်သော။-

လောကုတ္တရာအခြေပြကျမ်း

(၁၄) သက္ကရာဇ်၊ ၁၂၇၀-ခုနှစ်တွင်၊ မန္တလေးမြို့၊ နေမျိုးမင်းကျော် ဇေယျသူဘွဲ့ခံ၊ သံတော်ဆင့်မင်း ဦးကျော်ဇ ရေးသားအပ်သော။-

မင်္ဂလာပျို။

(၁၅) သက္ကရာဇ် ၁၂၀၄-ခုနှစ်တွင်၊ ကော့ကရိတ်မြို့၊ မဏိကာရုံတိုက် ဦးတိလောက အရှင်သူမြတ်၊ ရေးသား စီရင်တော်မူအပ်သော-

မဏိကာရုံမင်္ဂလာအလင်းပြကျမ်း။

(၁၆) သက္ကရာဇ် ၁၃၀၀-ခုနှစ်၊ မန္တလေးမြို့၊ အရိယဝံသသာသနာပြု ဓမ္မကထိက ဆရာထွေး ရေးသားအပ်သော-

မင်္ဂလသုတ်ဘာသာပြန်မြန်မာဘတ်စာ။

(၁၇) သက္ကရာဇ် ၁၃၁၀-ခုနှစ်၊ ရန်ကုန်မြို့၊ပဌမကျော် ဦးကြီးပေ ရေးသားစီရင်သော-

သုံးဆဲ့ရှစ်ဖြာမင်္ဂလာ။

(၁၈) သက္ကရာဇ် ၁၃၁၀-ခုနှစ်၊ ရန်ကုန်မြို့၊ ပရိယတ္တိသာသနာ ဟိတ ဓမ္မာစရိယ၊ သာသန ဓဇသိရိပဝရ ဓမ္မာစရိယ ဦးအောင်မိုးနှင့် သုဓမ္မဝတီ ဦးပန်းမောင်တို့ စီစဉ်ထုတ်ဝေသော-

မင်္ဂလာပုံပြင်။

(၁၉) သက္ကရာဇ် ၁၃၁၁–ခုနှစ်၊ မုန်တော ဆရာတော်အရှင် အဂ္ဂဓမ္မ စီရင်ရေးသားတော်မူအပ်သော–

မင်္ဂလဂုဏ်ရည်။

(၂၀) သက္ကရာဇ် ၁၃၁၂–ခုနှစ်၊ ရန်ကုန်မြို့၊ မဟာသတိ ပဋ္ဌာန်ကျောင်း၊ နံ့ယောအရှင်ဇာဂရ ရေးသားတော်မူအပ်သော-

မင်္ဂလာကျင့်စဉ်။

(၂၁) သက္ကရာဇ် ၁၃၁၂-ခုနှစ်၊ မန္တလေးမြို့၊ စိန်တောင်အာ စိုးရကျောင်းအုပ်ဆရာကြီး ဦးကျော်လှိုင် ရေးသားအပ်သော–

ကျောင်းသုံးမင်္ဂလာ။

(၂၂) သက္ကရာဇ် ၁၃၁၂-ခုနှစ်၊ အမရ ပူရမြို့၊ အရှင်ဇနကာ ဘိဝံသ ထေရ်ရေးသားစီရင်တော်မူအပ်သော–

အခြေပြုမင်္ဂလသုတ်။

(၂၃) သက္ကရာဇ် ၁၃၁၂-ခုနှစ်၊ မြောင်းမြမြို့၊ သာသနဓဇသိရီ ပဝရ ဓမ္မာစရိယ ဦးထွန်းသိန်းရေးသား စီရင်သော–

မင်္ဂလသုတ်မြန်မာဋီကာ။

(၂၄) သက္ကရာဇ် ၁၃၁၂-ခုနှစ်၊ မန္တလေးမြို့၊ အရှင်စန္ဒောဘာ သ ထေရ်ရေးသားစီရင်တော်မူအပ်သော–

မင်္ဂလာသုံးဆောင်တွဲ။

(၂၅) သက္ကရာဇ် ၁၃၁၃-ခုနှစ်၊ ချောင်းဦးမြို့၊ ခန္တာဆရာ တော် အရှင်သူမြတ်စီရင် ရေးသားအပ်သော–

ဗုဒ္ဓဝါဒမင်္ဂလာခွဲကျမ်း။

မာတာပိတုကိုနှစ်မင်္ဂလာခွဲ၍ယူသောကျမ်းများ

(၁) စက္ကာဘိစက္က၊ တိလောကဂု တိသာသနပါလက အရှင် မဟာဗုဒ္ဓဃောသထေရ်ရေးသားစီရင်တော်မူသော-

ပရမတ္ထဇောတိကအမည်ရသည့်ခုဒ္ဒကပါဌ အဋ္ဌကထာပါဠ်။

(၂) ပုသိမ်မြို့၊ မိုလ်ကုန်းဆရာတော်ရေးသားသော-

ပရိတ်ကြီးဂဏ္ဍိ။

(၃) အမရပူရမြို့၊ မင်္ဂလာဘုံကျောင်တိုက်တွင်၊ သီတင်းသုံး တော်မူသော၊ ကဝိန္ဒာဘိသဒ္ဓမ္မဝရ သီရိဇ မဟာဓမ္မရာဇာ ဓိရာဇဂုရုနှင့် ကဝိန္ဒာဘိဝံသ သီရိသဒ္ဓမ္မဇ မဟာဓမ္မရာဇာဓိ ရာဇဂုရုဘွဲ့တံဆိပ်နှစ်တန်ကို အလှူခံရသော၊ ညောင်ကန်ဆရာ တော်ဘုရားရေးသားအပ်သည့်။

မင်္ဂလတ္ထဒီပနီ။

(၄) သက္ကရာဇ် ၁၂၈၅-ခုနှစ်တွင်၊ရန်ကုန်မြို့၊ သိမ်ဖြူကျောင်း ဂဏဝါစက အရှင်အဂ္ဂဝံသ ရေးသားစီရင်တော်မူအပ်သော-

မင်္ဂလတ္ထပုဏ္ဏဝိသဇ္ဇနာကျမ်း။

(၅) သက္ကရာဇ် ၁၂၈၄-ခုနှစ်တွင်၊ ရန်ကုန်မြို့၊ ပညာအရှင် မင်း၊ဦးဖိုးစိန်ရေးသားစီရင်အပ်သော။

မင်္ဂလာအလင်း။

(၆) ဂဏဝါဘိလင်္ကာရ သဒ္ဓမ္မဇ-မဟာဓမ္မရာဇဂုရု၊ ဘွဲ့ တံဆိပ်တော်ခံယူရရှိသော၊ လုံးတော်ဆရာတော်ဘုရားရေးသား စီရင်တော်မူအပ်သော-

ပကိဏ္ဏကဝိသဇ္ဇနာကျမ်း–ဒုတိယတွဲ။

(၇) မြင်းခြံမြို့၊ဂိုဏ်းထောက်၊ဇ-ဆောင်တိုက်၊အုတ်ကျောင်း ဆရာတော်၊ အရှင်ဝေပုလ္လာဘိဝံသ ရေးသား စီရင်တော်မူအပ် သော—

မဟာပရိတ်တော်ကြီးနိဿယသစ်။

(၈) ပခုက္ကူမြို့၊မဟာဝိသုတာရာမတိုက်၊ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့ရ၊ ဆရာတော်ဦးပညာရေးသားစီရင်တော်မူအပ်သော—

မင်္ဂလာဒီပနီနိဿယကျမ်း။

(၉) စစ်ကိုင်းတောင်၊ ရွှေဟင်္သာချောင် ဆရာတော် အရှင် ပဏ္ဍိတ မထေရ် ရေးသားစီရင်တော်မူအပ်သော-

(က) **ရှေးသွားမင်္ဂလာ။**

(ခ) **မင်္ဂလသုတ်လင်္ကာ။**

တနည်းကွဲပြားပုံ

၁—သက္ကရာဇ်၊ ၁၂၄၂—ခုနှစ်တွင်၊ မကွေးမြို့၊ ရာဇမတိက ဟူသော နာမံတံဆိပ်ဖြင့်၊ ခပ်နှိပ်ခြင်းခံရသော ဦးတေလုံး စီကုံး ရေးသားသည့်—

မင်္ဂလာသာရဒီပနီကျမ်း

ရှေ့ပိုင်းစာမျက်နှာ-၇၇-မင်္ဂလာခွဲ၌၊ မာတာပိတုကို တမင်္ဂလာ တည်း ပြသပြီးသကာလ၊ နောက်ပိုင်းစာမျက်နှာ ၂၅၆-တွင်မူ ကား၊ သုံးဆဲ့ရှစ်ဖြာ၊ မင်္ဂလာတို့ကို၊ ရရုံးကာပြသသော အခါဝယ် စတုတ္ထမြောက်ဂါထာ၊ မာတာပိတုပုဒ်၌၊ နှစ်မင်္ဂလာခွဲခြား၍၊ ယူ ငင်ထားသည်ကို တွေ့ရှိရပေ၏။

၂—သက္ကရာဇ်၊ ၁၂၁၆-ခုနှစ်တွင်၊ အမရပူရမြို့၊ မင်္ဂလာဘုံ ကျောင်းတိုက်၊ကဝိန္ဒာဘိ သဒ္ဓမ္မ ဇရ သိရိဓဇ မဟာဓမ္မရာဇဂုရုနှင့် ကဝိန္ဒာဘိဝံသ သိရိသဒ္ဓမ္မ ဓဇ မဟာဓမ္မရာဇာဓိပတိ ရာဇဂုရုဘွဲ့တံ ဆိပ်နှစ်ခုကို၊အလှူခံသောညောင်ကန် ဆရာတော်ရေးသားသည့်—

မင်္ဂလတ္ထဒီပနီကျမ်း

စာမျက်နှာ(၉)နှင့်၊ ၂၄၅-တို့တွင်၊ မာတာပိတုကို၊ တမင်္ဂလာ ဟုယူဆပြီးနောက်၊ စာမျက်နှာ၊ ၇၆၄-၉တာဒိသာနိစသော ဂါ ထာ၏ အနက်အဓိပ္ပါယ် ဘော်ပြချက်၌ မူကား၊ စတုတ္ထမြောက်၊ မာတာပိတု အစရှိသော ဂါထာမှာ၊ လေးမင်္ဂလာပြထားသည့်အ တွက်၊ မာတာနှင့်ပိတုဟု၊ နှစ်မင်္ဂလာခွဲယူထားသည်ကို တွေ့ရှိ ရပေ၏။

၃—သက္ကရာဇ်၊ ၁၂၀၆-ခုနှစ်၊ မန္တလေးမြို့၊ ဘုရားကြီး ရှမ်းပွဲ ရပ်နေ၊ ပါဠိဆရာ၊ ဆရာမြရေးသား စီရင်အပ်သော—

မင်္ဂလာသာရလက်စွဲကျမ်း

စာမျက်နှာ-၁၄၁-ကျမ်းအဆုံး၌၊ မာတာပိတုကို တမင်္ဂလာ ဟုယူဆပြီးနောက်၊ စာမျက်နှာ၊ ၁၉၄-ကျမ်း အဆုံး၌ကား၊ မာ

တာပိတု-အစချီသော၊ စတုတ္ထဂါထာအတွက်၊ မင်္ဂလာလေးပါး ပေါ်ပြထားသည်ကို၊ တွေ့ရှိရပေ၏။

တမျိုးတခြား အကွဲအပြား

(၁) သက္ကရာဇ်-၁၁၇၄- ခုနှစ်တွင်၊ စလင်းမြို့ ကိုးဆောင်တိုက်အတွင်း၌၊သီတင်းသုံးနေတော်မူသည့်၊ဂုဏာဝံသ ဓဇလင်္ကာရ မဟာဓမ္မရာဇာဓိရာဇဂုရု၊ တံဆိပ်ရ ပန်းလှသွားဆရာတော်ဘုရား ရေးသားစီရင်တော်မူအပ်သော။

လက်စွဲပရိတ်ကြီးနိသျ

တွင် မာတာပိတုကို တမင်္ဂလာတည်း ကောက်ယူပြီးသကာလ

ပုတ္တသင်္ဂဟ မင်္ဂလာတပါး၊

ဒါရသင်္ဂဟ မင်္ဂလာတပါး။

ခွဲခြား၍၊နှစ်မင်္ဂလာယူငင်ထားသည်ကို၊တမျိုးတခြားတွေ့ရှိရပေ၏။

(၂) သက္ကရာဇ်-၁၂၀၀-ခုနှစ်တွင်၊ကျုံပျော်မြို့နယ်၊သောင်ရွာ ဆရာတော်၊ ဦးကုသလ အရှင်သူမြတ် ရေးသားစီရင်တော်မူအပ်သော။

မင်္ဂလတ္ထဒီပကကျမ်း

တွင်လည်း အထက်ပါ နည်းအတိုင်း မာတာပိတုကို တမင်္ဂလာတည်း ယူထားပြီး နောက် ပုတ္တဒါရသကို နှစ်မင်္ဂလာ ခွဲခြား၍ ယူငင်ထားသည်ကို တွေ့ရှိရပေ၏။

၍ကဲ့သို့ယူဆကြခြင်းမှာ၊ခုဒ္ဒကပါဌ အဋ္ဌကထာတွင်–

ပုတ္တဒါရဿ သင်္ဂဟံဝါ ဒွိဓာကတွာပဥ္စ။

ပုတ္တဒါရဿ သင်္ဂဟံဝါ- သားအား သင်္ဂြိုဟ် ထောက်ပံ့ခြင်း၊ မယားအား သင်္ဂြိုဟ် ထောက်ပံ့ခြင်းတို့ကို၊ ဒွိဓာကတွာ-နှစ်ပါးပြု၍၊ပဥ္စ-ငါးပါးတို့တည်း၊–ဟု လာရှိသောကြောင့် ဖြစ်ဟန်လက္ခဏာရှိပေ၏။

ပုဏ္ဏဒါရဿကို၊ နှစ်မင်္ဂလာ ခွဲယူထားသည့်အတွက်၊ အာရတိ ဝိရတိကို၊ တမင်္ဂလာတည်း ယူပေတော့၏။

အာရတိဝိရတိပါပါ

မာတာပိတု-ကို၊ နှစ်မင်္ဂလာခွဲ၍၊ ယူကြသော ကျမ်းများနှင့်၊ ပုဏ္ဏဒါရဿကို၊ နှစ်မင်္ဂလာခွဲ၍၊ ယူကြသောကျမ်းတို့တွင်၊ အာရတိ၊ ဝိရတိပါပါဟု၊ တမင်္ဂလာတည်းသာ ယူကြပေ၏။

မာတာပိတုကို၊ တမင်္ဂလာတည်း၊ ယူကြသော အခြားအခြား ကျမ်းများအတွက်ကား၊ အာရတိပါပါ ဝိရတိပါပါဟူ၍၊ နှစ်မင်္ဂလာခွဲကာယူကြကုန်၏။

ပဋ္ဌမကျော် ဦးကျော်လှ၏ယူ ဆချက်

ရှေးရှေးသောနိသျ၊ ပေ၊ စက္ကူမူအစောင်စောင်တို့၌၊ ဤမာတာပိတုဟူသော စတုတ္ထဂါထာမှာ၊ မင်္ဂလာတရား သုံးပါးဟု ရေးသားတော်မူကြ၏။

ထိုကျမ်းခေါင်ကျမ်းဖျား ဆရာတော်ကြီးများသည်၊မည်သည့် အဋ္ဌကထာ၊ဋီကာ၊တို့ကိုမှီး၍၊ရေးသားတော်မူသည် မည်သို့ နှလုံး သွင်းတော်မူသည်ဟုမယူမဆတတ်။ပရမတ္ထဇောတိကမည်သော ခုဒ္ဒကပါဌ မင်္ဂလသုတ်အဋ္ဌကထာ၊ သုတ္တနိပါတ်မင်္ဂလသုတ်အဋ္ဌ ကထာတို့၌၊ဧဝံ့ဆမိဿာယ ဂါထာယမာတုဥပဋ္ဌာနံ၊ပိတုဥပဋ္ဌာနံ ပုတ္တဒါရဿသင်္ဂဟော အနာကုလာစကမ္မန္တာတိ စတ္တာရိမင်္ဂလာ နိ ဝုတ္တာနိ၊ ဟု ဖွင့်တော်မူသည်နှင့်အညီ မာတုဥပဋ္ဌာနံမင်္ဂလာ တပါး၊ပိတုဥပဋ္ဌာနံ မင်္ဂလာတပါး၊ပုတ္တဒါရဿသင်္ဂဟောမင်္ဂလာ တပါး၊ အနာကုလာစကမ္မန္တာ မင်္ဂလာတပါး ဤသို့ မင်္ဂလာတရား လေးပါးဟု ခုဒ္ဒကဌ် ဆိုတော်မူသည်။

ဆရာများနှစ်သက်ရာယူကြပါကုန်

[မင်္ဂလသုတ်ပါဠိအနက်]

ပညာအုပ်မင်း ဦးဖိုးစိန်၏ ချင့်ချိန်နှိုင်းဆချက်မှာ

မာတာပိတု ဥပဋ္ဌာနနှင့် မာတုဥပဋ္ဌာန မင်္ဂလာတပါး၊ ပိတုဥပဋ္ဌာနမင်္ဂလာတပါး ဟူ၍ မင်္ဂလာနှစ်ပါး ကောက်ယူခြင်း၊ အာရတိဝိရတိ ပါပါနှင့်၊ ပါပဝိရတိဟူ၍၊ မင်္ဂလာတပါးသာကောက်ယူခြင်းတို့မှာ၊ ပရမတ္ထ ဇောတိကမည်သော၊ ခုဒ္ဒက ပါဌအဋ္ဌကထာ၊ သုတ္တနိပါတ်အဋ္ဌကထာတို့၏၊ အလိုအတိုင်း ကောက်ယူသတည်း။

ပရိတ်ကြီးဂဏ္ဌိကို စီရင်သော၊ပုသိမ်မြို့ ဗိုလ်ကုန်း ဆရာတော်ပရိတ်ကြီး နိဿယသစ်ကိုစီရင်သော၊ မြင်းခြံမြို့၊ကိုးဆောင်ဂိုဏ်းချုပ်ဆရာတော်၊ ထိုနည်းတူစီရင်သော၊တွံတေးဆရာတော် ဂုဏာဝါဘိ၊ လက်ဝဲရသဒ္ဓမ္မဇောတိက မဟာဓမ္မရာဇဂုရုတံဆိပ်မင်းစံ အလှူတော်ခံရသော လုံးတေဆရာတော်တို့ကား ခုဒ္ဒကပါဌ အဋ္ဌကထာဆရာ၏၊ အဆုံးအဖြတ်ကို နှစ်သက်ကြကုန်၏။

နိဿယဟောင်းနှင့်ကား၊ မာတာပိတု ဥပဋ္ဌာနကို၊ မင်္ဂလာတပါးသာကောက်၍၊အာရတိ ဝိရတိပါပါနှင့်၊ပါပအာရတိ တပါး၊ ပါပဝိရတိတပါး ဤသို့နှစ်ပါးခွဲ၍ကောက်ယူ၏။

သဘောနှစ်သက်ရာယူကြပါကုန်။

[မင်္ဂလာအလင်းကျမ်း]

နိဂုံး

လပေါင်းများစွာ၊ သားသမီးများ၏၊ အကူအညီ၊ မိတ်ဆွေ သင်္ဂဟများ၏၊ အကူအညီနှင့်၊ ဆရာတော်ဘုရားများ၏၊ အကူ အညီဖြင့်၊ အပတ်တကုတ်၊ ကြိုးအားထုတ်ကာ၊ဤ **သုံးဆဲ့ရှစ်ဖြာ မင်္ဂလာပေါင်းချုပ်ကျမ်း**ကို၊စီစဉ်ရေးသားခဲ့ရာ၊ယနေ့ ၁၃၁၁ ခု၊တပို့တွဲလကွယ်နေ့တွင်၊အဆုံးခါးပတ်၊နိဂုံးသတ်ခဲ့ရကား များ စွာဝမ်းမြောက်ပေတော့၏။

ဤသို့လောကီ လောကုတ္တရာ မင်္ဂလာအဖြာဖြာတို့နှင့် ပြည့်စုံ လှသည့်၊ ဓမ္မဒါနကို ပြုလိုက်ရသည့်အတွက်၊ ယခုဘဝတွင်၊ကာ ယသုခ၊ စိတ္တသုခနှစ်ဌာနနှင့် ပြည့်ဝစုံလင်ကာ၊ သံသရာမှ ထွက် မြောက်ရာလုပ်ငန်းများကို၊ ကြိုးပမ်းနိုင်ပြီးသကာလ၊ ဘဝတပါး ပြောင်းသွားသည့်အခါ၊ ကောင်းရာသုဂတိသို့ လားပြီးလျှင်၊ နောင်ပွင့်လတ္တံ့သော အရိမေတ္တေယျ ဘုရားရှင် လက်ထက်တော် တွင်မင်္ဂလာတရားအတွက်၊ ထင်ရှားသော ပုဂ္ဂိုလ်တဦးအဖြစ်နှင့် ကျွတ်တမ်းဝင်နိုင်ရပါစေသောဝ်။

ဤဓမ္မဒါန ကုသိုလ်အတွက်၊ အမျှပေးဝေပါ၏။

သုံးဆဲ့ရှစ်ဖြာ မင်္ဂလာပေါင်းချုပ်ကျမ်းကို ပုံနှိပ်ခြင်းမပြုမီ၊ ဆရာတော်များ အကြိမ်ကြိမ် အဖန်ဖန်၊ သုတ်သင်ခြင်း၊ပြင်ဆင် ခြင်း၊ စစ်ဆေးခြင်းများ ပြုကြပါသော်လည်း၊ ပုထုဇဉ်သဘာဝ၊ အာသဝတရားမကင်းငြား၍၊ ပမာဒလေခ၊ ချွတ်ချော်ခြင်း၊ မှား ယွင်းခြင်း၊ လစ်ဟင်းခြင်း၊ ကျမ်းဂန်များနှင့် မညီညွတ်ခြင်းများ တွေ့ရှိခဲ့ပါလျှင်၊ ကောင်းမြတ်သော ယောနိသောမနသိကာရ ဖြင့်၊ သက်ဆိုင်ရာကျမ်းဂန်များကို၊ ကြည့်ရှုပြီးနောက်၊ ကောင်း ရာမှန်ရာများကို၊ မှတ်သားတော်မူကြပါကုန်။

သုံးဆဲ့ရှစ်ဖြာမင်္ဂလာနှင့် ပြည့်စုံကြပါစေသတည်း။

နောက်ဆက်တွဲ
မှီငြမ်းပြုသည့်ကျမ်းပေါင်းစု

(၁) "ခုဒ္ဒကပါဠပါဠိတော်"။

(၂) စက္ကာတိ စက္က တိလောကဂု တိသာသန ပါလက အရှင် မဟာ ဗုဒ္ဓဃောသထေရ် ရေးသား စီရင်တော်မူသော "ပရမတ္ထ ဇောတိက" အမည်ရသည့်–"ခုဒ္ဒကပါဌအဋ္ဌကထာ"။

(၃) ၎င်းထေရ်ပင် စီရင်ရေးသားတော်မူအပ်သော ပရမတ္ထ ဇောတိကအမည်ရ–"သုတ္တနိပါတအဋ္ဌကထာ–ဒုတိယတွဲ"။

(၄) သက္ကရာဇ်–၉၇၁–ခုနှစ်တွင်၊ အရှင်တေဇောဒိပ ရေးသား စီရင်တော် မူအပ်သော–"ပရိတ်ကြီးဋီကာ"။

(၅) သက္ကရာဇ်–၁၂၆၅–ခုနှစ်တွင်၊ ပုသိမ်မြို့၊ ဗိုလ်ကုန်း ဆရာတော်ရေးသားစီရင်တော် မူအပ်သော– "ပရိတ်ကြီးဂဏ္ဌိ"။

(၆) သက္ကရာဇ်–၁၁၇၄–ခုနှစ်တွင်၊ စလင်းမြို့၊ ဂုဏာဝံသဝဇ လင်္ကာရမဟာ ဓမ္မရာဇာဓိ ရာဇဂုရုဘွဲ့တော်ရ၊ ပန်းလှသားမဟာ ထေရ်ရေးသားစီရင်တော်မူအပ်သော"လက်စွဲပရိတ်ကြီးနိဿျ"။

(၇) သက္ကရာဇ်–၁၂၈၀–ခုနှစ်တွင်၊ မြင်းခြံမြို့၊ ဂိုဏ်းထောက် ၉–ဆောင်တိုက်၊ ဒုတ်ကျောင်းဆရာတော်၊ အရှင်ဝေပုလ္လာဘိဝံသ ရေးသား စီရင်တော် မူအပ်သော– "မဟာ ပရိတ်တော်ကြီး နိဿျသစ်"။

(၈) သက္ကရာဇ် ၁၂၇၀–ခုနှစ်တွင်၊ အရှင်မဟာသဒ္ဓမ္မနန္ဒီဆရာ တော်ရေးသားစီရင်တော်မူအပ်သော– "သင်ပုန်းကြီးဋီကာ"။

(၉) သက္ကရာဇ်–၁၂၁၆–ခုနှစ်တွင်၊ အမရပူရမြို့၊ မင်္ဂလာဘုံ ကျောင်တိုက်တွင်၊ သီတင်းသုံးတော်မူသော၊ ကဝိန္ဒာဘိသဒ္ဓမ္မဝရ

သိရိဝဇ္ဇမဟာ ဓမ္မရာဇဂုရုနှင့် ကဝိန္ဒာဘိဝံသ သိရိသဒ္ဓမ္မဝဇ္ဇမဟာ ဓမ္မရာဇာဓိ ရာဇဂုရု ဘွဲ့နှစ်ခုရ၊ ညောင်ကန် ဆရာတော်မြတ် ရေးသားတော် မူအပ်သော–"**မင်္ဂလဋ္ဌဒီပနီကျမ်း**"။

(၁၀) သက္ကရာဇ်-၁၂၁၅-ခုနှစ်တွင်၊ဆင်ပေါင်ဝဲမြို့၊ ဘုရားကြီး ကျောင်းတိုက်၊ အရှင်ဦးကလျာဏ ရေးသားသော–"**မင်္ဂလဋ္ဌဒီပနီကျမ်း**"။

(၁၁) သက္ကရာဇ်-၁၂၁၈-ခုနှစ်တွင်၊ပဉ္စမသင်္ဂါယနာတင်ဘာဝ ရှင်မင်းတရားကြီးလက်ထက်၊'ပညာဒီပကဝိဓဇ ဒိသာပါမောက္ခ တိပိဋကာလင်္ကာရ'တံဆိပ်နှာမံတော်ရသော၊စစ်ကိုင်း၊ ရွှေမင်းဝံ ဌက်တွင်းဆရာတော် ဘုရားကြီး၊ ရေးသားစီရင်တော်မူအပ်သော "**မင်္ဂလသုတ်နိသျသစ်**"။

(၁၂) သက္ကရာဇ် ၁၂၇၃-ခုနှစ်တွင်၊ ရန်ကုန်မြို့၊ ပြည်ကြီး မဏ္ဍိုင်ရိုက်၊ စိန္တာမဏိ မည်ရမထေရ်၊ ရေးသားအပ်သော- "**မင်္ဂလသုတ်နိသျ**"။

(၁၃) သက္ကရာဇ် ၁၂၂၆-ခုနှစ်တွင်၊ ကြည့်မြင်တိုင်၊ ဥယျာဉ် ကျောင်း ဆရာတော်ဘုရား၊ရေးသားတော်မူအပ်သော-"**မင်္ဂလာဂဏ္ဌိ**"။

(၁၄) သက္ကရာဇ် ၁၂၄၂–ခုနှစ်တွင်၊ မကွေးမြို့၊ ရာဇမတိက ဘွဲ့ခံ ပညာရှိ ဦးတေလုံး၊စီကုံးရေးသားအပ်သော-"**မင်္ဂလာသာရဒီပနီကျမ်း**။

(၁၅) သက္ကရာဇ် ၁၂၈၄-ခုနှစ်တွင်၊ ရန်ကုန်မြို့၊ လောကပါ လ ပိဋကတ် ပုံနှိပ်တိုက်ရိုက်၊ ပါဠိဆရာ- ဆရာဘိ တည်းဖြတ် သော-"**မင်္ဂလာသာရဒီပနီကျမ်း**"

(၁၆) သက္ကရာဇ် ၁၂၈၆-ခုနှစ်တွင်၊ မန္တလေးမြို့၊ ဘုရားကြီး ရှမ်းပွဲရပ်၊ ပါဠိဆရာ-ဆရာမြရေးသားစီရင်အပ်သော-"**မင်္ဂလာသာရလက်စွဲကျမ်း**"။

(၁၇) သက္ကရာဇ် ၁၂၇၁-ခုနှစ်တွင်၊ ကျွန်းတောကုန်း၊ အရှင်အာသဘ ရေးသားစီရင်တော်မူအပ်သော- “**မင်္ဂလသုတ်ဋီကာ**”

(၁၈) ဇင်းဆရာတော်ရေး-“**မင်္ဂလသုတ္တဝိဂ္ဂဟဒီပနီကျမ်း**”

(၁၉) သက္ကရာဇ် ၁၂၈၂-ခုနှစ်တွင်၊ ညောင်တုံးမြို့၊ ရွှေဟင်္သာတောရ၊ သိရိမဟာမင်္ဂလာရာမတိုက်၊ အဂ္ဂမဟာပဏ္ဍိတ စံကျောင်းဆရာတော်စီရင်ရေးသား တော်မူအပ်သော- “**မင်္ဂလာဖွင့် အကျယ်လက်စွဲကျမ်း**”။

(၂၀) သက္ကရာဇ် ၁၂၈၄-ခုနှစ်တွင်၊ ရန်ကုန်မြို့၊ ပညာအုပ်မင်း ဦးဖိုးစိန်စီရင်ရေးသားအပ်သော-“**မင်္ဂလာအလင်းကျမ်း**”။

(၂၁) သက္ကရာဇ် ၁၂၈၅-ခုနှစ်တွင်၊ ရန်ကုန်မြို့၊ သိမ်ဖြူကျောင်း၊ ဂဏဝါစက အရှင်အဂ္ဂဝံသ ရေးသား စီရင်တော်မူသော-“**မင်္ဂလသုတ္တပုဏ္ဏာဝိသဇ္ဇနာကျမ်း**။

(၂၂) သက္ကရာဇ် ၁၂၈၈-ခုနှစ်တွင်၊ ကျုံပျော်မြို့နယ်၊ သောင်ရွာ ဆရာတော် ဦးကုသလ စီရင်ရေးသား တော်မူအပ်သော- “**မင်္ဂလသုတ္တဒီပကကျမ်း**”။

(၂၃) သက္ကရာဇ် ၁၂၉၆-ခုနှစ်တွင်၊ အရှင်မိုးညှင်းဆရာတော်ဘုရားကြီး ရေးသားတော်မူအပ်သော- “**မဟာမင်္ဂလာတရားတော်ကြီး**”။

(၂၄) သက္ကရာဇ် ၁၁၉၀-ပြည့်နှစ်တွင် မုံရွေးမြို့၊ “ဇာနိန္ဒဝဇိရာဘိလင်္ကာရသိရိဓဇမဟာဓမ္မ ရာဇာဓိရာဇဂုရုဘွဲ့ရ” အရှင်အရိယဝံသအာဒိစ္စရံသီ-စီရင်ရေးသားတော်မူသော-“**မင်္ဂလသုတ်ပျို**”။

(၂၅) သက္ကရာဇ် ၁၂၇၈-ခုနှစ်တွင်၊ မန္တလေးမြို့၊ နေမျိုးမင်းကျော် ဇေယျသူ ဘွဲ့ခံ၊ မြန်မာသံတော်ဆင့်မင်း-ဦးကျော်ဇ ရေးသားအပ်သော-“**မင်္ဂလာပျို့**”။

(၂၆) သက္ကရာဇ် ၁၃၀၁-ခုနှစ်တွင်၊ ရန်ကုန်မြို့၊ "နံ့ယော အရှင်ဇာဂရ" ဆရာတော် ရေးသားသည့်- "**မင်္ဂလာသင်္ဂြိုဟ်ကျမ်း**"။

(၂၇) သက္ကရာဇ် ၁၃၁၁-ခုနှစ်တွင်၊ ရန်ကုန်မြို့၊ ဦးအောင်မိုး နှင့် သုခမ္မဝတီ ဦးပန်းမောင်တို့ စီစဉ်ထုတ်ဝေသော-"**မင်္ဂလာပုံပြင်**"။

(၂၈) သက္ကရာဇ် ၁၂၈၄-ခုနှစ်တွင်၊ ကော့ကရိတ်မြို့၊ မဏိကာရုံတိုက်၊အရှင်ဦးတိလောက ဆရာတော် ရေးသားစီရင်အပ်သော-"**မဏိကာရုံ-မင်္ဂလာအလင်းပြကျမ်း**"။

(၂၉) သက္ကရာဇ် ၁၃၀၇-ခုနှစ်တွင်၊ ပခုက္ကူမြို့၊ မဟာဝိသုတာရာမတိုက်၊ ဂဏဝါစက မဟာနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဦးပညာ အရှင်သူမြတ် ရေးသားစီရင်တော်မူအပ်သော-"**မင်္ဂလာဒီပနီနိဿယကျမ်း**"။

ဇေတဝန်ကျောင်းတော်

လူနတ်ဗြဟ္မာတို့၏ အရှင်သခင်ဖြစ်တော်မူသော သုံးလူ့ထွတ်ဘင် ဂေါတမရှင်တော်ဘုရား၏ သီတင်းသုံးရာဖြစ်သည့်၊ ဇေတဝန်ကျောင်းမြတ်မဟာမှာ အထပ်ပေါင်း-၃-ထပ်ရှိလေသည်။

ဇေတဝန်ကျောင်းတော်၏ ဒါယကာမြတ်ကား သာဝတ္ထိပြည်မှ ဂုဏ်ပေါင်းခသည့် အနာထပိဏ်မည်ရ၊ သူဌေးမင်းလှပင် ဖြစ်လေသည် ၊သာဝတ္ထိပြည်၏ ကျက်သရေကို ဆောင်သော လူနေအိမ်ခြေပေါင်းမှာ မြို့တွင်း ကိုးဆဲ့ကိုးကုဋေ၊ မြို့ပြင် ကိုးဆဲ့ကိုးကုဋေဖြစ်သည်။

ဇေတဝန်ကျောင်းတော်၏ ဆောက်တည်ရာဌာနသည်၊ မြို့နှင့် ကုလ လေးတာ၊ ပြန်ငါးရာကွာသည့်၊ ဇေတမင်းသား၏ ဥယျာဉ်တော်တွင်းဖြစ်သည်၊ ဇေတမင်းသားသည် ထိုဥယျာဉ်ကို၊-၁၄-ကုဋေသော ရွှေအသပြာဖြင့် ဝယ်ယူပြုစုထားခြင်း ဖြစ်လေသည်။

ဇေတဝန်ကျောင်းတော်၏ တည်ဆောက်ခမှာ-၁၈-ကုဋေ ကုန်ကျ၍၊ ၎င်းကျောင်းတော်ကြီး ပြီးမြောက်၊ ရေစက်သွန်းချ အမှုဝေရာတွင်၊ -၁၈-ကုဋေ ထပ်၍ ကုန်ပြန် လေသည်၊ စုစုပေါင်း ကျောင်းတော်အတွက် ကုန်ကျသည့် စရိတ်မှာ၊ရွှေအသပြာ ၅၅-ကုဋေဖြစ်လေသည်။

ဇေတဝန်ကျောင်းတော်၏ တိုင်ပေါင်းမှာ၊-၁၃၆၈၀၀-ရှိ၍ တတိုင်နှင့် တတိုင်-၇-တောင်စီ ခြားပြီး စိုက်ထူထားလေသည်၊ တိုင်တစည်းတွင် အရေအတွက်-၃၇၀-ရှိလေသည်၊ ထို-၃၇၀-သော တိုင်ပေါင်း၏ အချင့်အတွယ်မှာ အတောင်ပေါင်း ၂၅၈၀-ရှိလေသည်။

ဇေတဝန် ကျောင်း တော်၏ တိုင် စည် ပေါင်း -၃၇၀-ရှိ၏၊ ကျောင်း၏ တည်ဆောက်ပုံမှာ လေးထောင့်စတုရန်းပုံဖြစ်၍၊ မဇ္ဈိမတိုင်းသားတို့၏ အတိုင်းအထွာအားဖြင့် တိုင်တလုံး၏ ထိပ်အဝ

အကျယ်မှာ ၅-တောင်၊ တိုင်လုံးပတ် ၁၅-တောင်ဖြစ်၏၊ ထုပ်လျှောက်တိုင်နှင့် မျက်နှာကြက်များတွင် အမိုးအနဲ့ ထိုက်တန်သော ပန်းပွားကျောက်မျက်ရွဲများနှင့် စီခြယ်ထားလေသည်။

တိုင်တတိုင်ခြားတွင်၊ဆင့်ပေါင်း ၇-သွယ်ရှိ၍၊ကျောင်းတော်တဆောင်လုံး၏ ဆင့်ပေါင်းမှာ ၂၅၈၃-လုံးဖြစ်၍၊ ကျောင်း တော်ခါးပန်း၏ ဗျက်အတိုင်း အထွာမှာ-၅-တောင်ရှိ၍၊ ထုတုတောင်ရှိလေသည်။

တိုင်တတိုင်တွင်သံမှို ၃-ချက်စီဖြစ်သည်၊တိုင်ပေါင်း အားလုံး၏သံမှိုချက်ကား-၄၁၇၀၀-ဖြစ်၏၊

ဇေတဝန်ကျောင်းတော်၏ တည်ဆောက်ပုံမှာ၊ အလယ်မှာ အထပ်ပေါင်း-၃-ထပ်၊ ဘေးပတ်လည်တွင် နံရံအတွင်းမှ ဆင့်တွေထောင်ပြီး ပန်းပွားကျောက်တွေ စီခြယ်ကာ တင့်တယ်ခြင်းကို ဆောင်ထားလေသည်။

ကျောင်းတော်အတွင်း ထီးစိုက်ပြာသာဒ်ပေါင်း-၇၀၀-ရှိသည်၊ ထိုထီးစိုက်ပြာသာဒ်များမှာ ရဟန္တာများ၏ ကျိန်းစက်ရာများဖြစ်သည်။

သုံးလူ့ ထွတ်ချာ ရှင်တော် ဂေါတမ၏ ကျိန်းစက် ရာကား ဂန္ဓကုဋီတိုက် သိင်္ဂီအဆောင်တွင် ဖြစ်သည်၊ထိုကုဋီမှာ၊ နဝရတ်ကိုးပါး၊ ရောင်စုံဟပ်မှ ခြယ်လှယ် ထားအပ်လေသည်။

ကျောင်းတော်၏ မြောက် တောင် အနောက် မျက်နှာများတို့တွင် လှေကားပေါင်း-၈-စင်းစီ အညီအမျှရှိကြ၍၊ တစင်းနှင့်တစင်း ခဲတပစ်စီကွာလေသည်၊ ထိုလှေကားများမှ ရဟန္တာများ ဆင်းတက်ပြီးလျှင်၊ အရှေ့ဘက်မျက်နှာမှ တစင်းတည်းသော လှေကားများမှသာ ဂေါတမမြတ်စွာ ဆင်းတက်တော်မူသည်၊ ထိုလှေကားတွင် ပိဿနိုးခေါ် နတ်မင်းသည်၊သန်လျက်ထမ်းကာ အမြဲစောင့်လင့်လေသည်၊ လှေကားပေါင်းမှာ ၂၅-စင်းသာ ရှိသောဟူသတည်း။

[မင်္ဂလာ-ဒီပနီကျမ်း]

ရန်ကုန်မြို့၊ ဝိုင်-အမ်-ဘီ-အေ။

ဗုဒ္ဓဘာသာကလျာဏယုဝအသင်းမှ ကြီးမှူးကျင်းပသော

မင်္ဂလာတရားတော် စာမေးပွဲ။

၁၃၁၁ခု၊ နတ်တော်လပြည့်နေ့။ ခွင့်ပြုသည့်အချိန်၊ ၂-နာရီ။

ပဉ္စမဆင့် မေးခွန်း။

ပုစ္ဆာတခုလျှင် ၁၀-မှတ်စီပေးမည်။ အောင်အမှတ် ၃၀။

အောက်ပါပုစ္ဆာ ၈ ခုတို့တွင်ကြိုက်နှစ်သက်ရာ ၆ ခုကိုသာဖြေဆိုရမည်။

၁။ ။အောက်ပါ မြန်မာစကားဖြင့်ပြသော မင်္ဂလာတရားတို့ကို မင်္ဂလသုတ် ပါဠိလာအတိုင်း ရေးပြခဲ့ပါ။

(က) ရှိသေထိုက်မှ ရှိသေရတယ်။

(ခ) ရိုးရိုးနေ မမောက်မကြွားနှင့်။

(ဂ) ဖြစ်သလို နေတတ်ရတယ်။

၂။ ။အောက်ပါ မင်္ဂလာတရားတော်များကို ကျောင်းသားများနှင့်သင့်တော်အောင် မြန်မာလိုပြန်ခဲ့ပါ။

(က) ဝိနယောစ သုသိက္ခိတော။

(ခ) သုဘာသိတာစ ယာဝါစာ။

၃။ ။ကျောင်းတက်နေခိုက်၊ ကျောင်းသားများ လိုက်နာရမည်ဖြစ်သော မင်္ဂလာတရားတော်များကို ရေတွက်၍ပြခဲ့ပါ။

၄။ ။ကျောင်းဆင်းသွားသော်လည်း လိုက်နာရမည်ဖြစ်သော မင်္ဂလာတရားတော်များကို ရေတွက်၍ပြခဲ့ပါ။

၅။ ။အနဝဇ္ဇာနိကမ္မာနိ မင်္ဂလာအရ၊ ကျောင်းသားများ လက်တွေ့ လိုက်နာရအောင်၊ ဘယ်အလုပ် ဘယ်ကိစ္စများဟု ရုံလင်အောင် ညွှန်ကြားခဲ့ပါ။

၆။ ။လူမိုက်နှင့် ပညာရှိထူးခြားပုံကို မျက်မြင်သာကေပြ၍ ဖြေခဲ့ပါ။

၇။ ။ကျောင်းဆရာသည်၊ ပညာတတ်၏၊ အသင်အပြကောင်း၏၊ ကိုယ်ကျင့်တရား စာရိတ္တပျက်၏။ ၎င်းဆရာကို မှီဝဲဆည်းကပ်လျှင်၊ မင်္ဂလာတရားနှင့် ညီမညီ ဝေဘန်ခဲ့ပါ။

၈။ ။မိဘများ၊ ကျောင်းဆရာများ၊ အသက်သိက္ခာ ကြီးသူများအား၊ မြင်တိုင်းတွေ့တိုင်း ပြုလုပ်ရမည့် မင်္ဂလာတရား များကို ရေးခဲ့ပါ။

ရန်ကုန်မြို့၊ ဝိုင်-အမ်-ဘီ-အေ။

ဗုဒ္ဓဘာသာ ကလျာဏယုဝ အသင်းမှ ကြီးမှူးကျင်းပသော

မင်္ဂလာတရားတော်စာမေးပွဲ။

၁၃၁၁ ခုနှစ်၊ နတ်တော်လပြည့်နေ့။ ခွင့်ပြုသည့်အချိန် ၂-နာရီ။

ဒုတိယဆင့် မေးခွန်း။

ပုစ္ဆာတခုလျှင် ၁၀-မှတ်စီပေးမည်။ အောင်အမှတ် ၄၀။

အောက်ပါ ပုစ္ဆာ ၁၀ခုတို့တွင်ကြိုက်နှစ်သက်ရာ ၈ခုကိုသာဖြေဆိုရမည်။

၁။ အောက်ပါ မြန်မာစကားဖြင့်ပြသော မင်္ဂလာတရားတို့ကို ဆိုင်ရာ မင်္ဂလာသုတ်ပါဠိကို ထုတ်၍ရေးခဲ့ပါ။

(က) ပညာကိုကြိုးစားသင်ကြားခြင်း။
(ခ) စီးပွါးကို ကြိုးစားရှာခြင်း။
(ဂ) အများ ကောင်းစားရေးလုပ်ခြင်း။
(ဃ) ငါးပါးသီလ စောင့်ထိန်းခြင်း။

ဤကား မင်္ဂလာအရှိဆုံး လုပ်ငန်းစဉ်လေးပါးတည်း။

၂။ အောက်ပါ မြန်မာစကားဖြင့်ပြသောမင်္ဂလာတရားတို့ကို ဆိုင်ရာဆိုင်ရာ မင်္ဂလသုတ် ပါဠိများထုတ်၍ ရေးခဲ့ပါ။

(က) ဝွံ့သတ္တိမရှိသူ။
(ခ) သစ္စာဖေါက်တတ်သူ။
(ဂ) အပျော်အပါး ဝါသနာပါလွန်းသူ။

၃။ ပညာရှာသောအရွယ်၊ စီးပွါးရှာသောအရွယ်၊ တရားရှာသောအရွယ် သုံးပါးတို့၌ ကျင့်သုံးရမည့်"ဂါရဝ"သုံးပါးတို့တွင် တခုနှင့်တခု ထူးခြားပုံကို သိသာရုံဖြေခဲ့ပါ။

၄။ အောက်ပါ မင်္ဂလာတရားတော်များကို လူတိုင်းလူတိုင်း မလိုက်နာကြလျှင်၊ ယခုဘဝ၌ပင် မည်ကဲ့သို့ အပြစ် ဖြစ်ပေါ်လာမည်ဟု ဝေဘန်ခဲ့ပါ။

(က) မာတာပိတု ဥပဋ္ဌာနံ။
(ခ) ပုတ္တဒါရဿ သင်္ဂဟော။
(ဂ) အနာကုလာစ ကမ္မန္တာ။

၅။ ဆွမ်းပူသောင်းကျန်းမှု ငြိမ်းချမ်းရေး အတွက် သီးခြား ဟောတော်မူအပ်သော မင်္ဂလာတရားတို့တွင်၊ အရေးအကြီးဆုံး သုံးပါးမျှ ထုတ်ပြခဲ့ပါ။

၆။ အောက်ပါ ပုဂ္ဂိုလ်လူလေးမျိုးတို့တွင်၊အဘယ်လူမျိုးရက အဘယ် မင်္ဂလာတရားကို အမြဲတန်းလက်ကိုင်ထားမှ တိုင်းပြည် ချမ်းသာယာနိုင်မည်ဟု၊ တခုစီယှဉ်တွဲ၍ပြခဲ့ပါ။

(က) ဆင်းရဲသား။
(ခ) သူဌေးသူကြွယ်။
(ဂ) အစိုးရ။
(ဃ) သူတော်သူမြတ်။

၇။ ကျေးဇူးမသိတတ်သူများ ဒုက္ခရောက်ရပုံကို၊ မျက်မြင် သာဓကပြ၍ ဖြေခဲ့ပါ။

၈။ လူတို့သည် အဘယ် မင်္ဂလာတရားများကို လိုက်နာကြ၍ တိရစ္ဆာန်များနှင့် ထူးခြားရသည်၊ အဘယ် မင်္ဂလာတရားများ မရှိကတိရစ္ဆာန်များနှင့်တူမည်ဟု၊ သိသာရုံ တချက်ချမှတ်ရှင်းခဲ့ပါ။

၉။ သီလသမာဓိ ပညာဂုဏ်ကြီး၍အသက်ငယ်သောပုဂ္ဂိုလ် နှင့် သီလ သမာဓိ ပညာဂုဏ် ငယ်၍ အသက်ကြီးသော ပုဂ္ဂိုလ် ၂-ဦးတို့တွင် ''ဂါရဝေါစ'' မင်္ဂလာအရ မည်သူက မည်သူ့ကို ရိုသေလေးစားရမည်ဟု ဗုဒ္ဓဝါဒ အရဖြေခဲ့ပါ။

၁၀။ ကိုယ်ကျင့်တရား စာရိတ္တပျက်၍ ခေတ်ပညာတတ်သော ပုဂ္ဂိုလ်နှင့် ကိုယ်ကျင့်တရား စာရိတ္တကောင်း၍ ခေတ်ပညာမတတ် သော ပုဂ္ဂိုလ် ၂-ဦးတို့တွင်၊ ပူဇာစပူဇနေယျာနံ မင်္ဂလာအရ၊ မည်သူ့ကို ချီးမြှောက် ပူဇော်ထိုက်သည်ဟု မျက်မြင်သာဓက ပြ၍ဖြေခဲ့ပါ။

ရန်ကုန်မြို့၊ ဝိုင်-အမ်-ဘီ-အေ။

ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်းမှ ကြီးမှူးကျင်းပသော

မင်္ဂလာတရားတော်စာမေးပွဲ။

၁၃၀၁-ခုနှစ်၊နတ်တော်လပြည့်နေ့။ ခွင့်ပြုသည့်အချိန် ၃-နာရီ။

တတိယဆင့် မေးခွန်း။

ပုစ္ဆာတခုလျှင် ၁၀-မှတ်စီ ပေးမည်။ အောင်အမှတ် ၅၀။

အောက်ပါပုစ္ဆာ ၁၂ ခုတို့တွင် ကြိုက်နှစ်သက်ရာ ၁၀ ခုကိုသာဖြေဆိုရမည်။

၁။ မာတာပိတုဥပဋ္ဌာနံ မင်္ဂလာအရ၊မိဘတို့အား မည်ကဲ့သို့ လုပ်ကျွေးမှ မင်္ဂလာရှိမည်ဟု ပေါ်ပြ၍၊ မင်္ဂလာနှင့်အညီ မိဘကို ပြုစုသော သားသမီးတို့အား၊ ယခုဘဝ၌ပင် ပစ္စည်းဥစ္စာ ချမ်းသာ ရပုံကို ဝတ္ထုသာဓကပြ၍ ဖြေခဲ့ပါ။

၂။ သုဘာသိတာစယာဝါစာ မင်္ဂလာအရ၊ လောက၌ အဆိုးဆုံးသောစကား၊အကောင်းဆုံးသောစကား ၂ ခုကို ခွဲပြ၍၊ အဆိုးဆုံးသောစကားကြောင့် တိုင်းပြည်ပျက်တတ်ပုံကို ဝတ္ထုသာဓကပြ၍ ဖြေခဲ့ပါ။

၃။ ကတညုတာစ မင်္ဂလာအရ၊ ကျေးဇူးရှိဘူးသူကို ပြစ်မှားမိသောသူတို့အား၊ ယခုဘဝ၌ပင် တွေ့ကြုံရမည့် ဘေးဒုက္ခများကို ဝတ္ထုသာဓကပြ၍ ဖြေခဲ့ပါ။

၄။ ကာမ ၁၁ ဘုံတို့တွင် မင်္ဂလာတရား လုံးဝ မရှိသောဘုံ၊ အချို့အဝက်ရှိသောဘုံ၊အလုံးစုံရှိသော ဘုံတို့ကို ခွဲပြခဲ့ပါ။

၅။ တိရစ္ဆာန်ဘုံ၌ အဘယ်မင်္ဂလာတရားများ ရှိနိုင်သည်ဟု ဝတ္ထုသက်သေပြ၍ ဖြေခဲ့ပါ။

၆။ ပုထုဇန်မင်္ဂလာ၊ အရိယမင်္ဂလာ ၂ မျိုးတို့တွင်၊ အရိယမင်္ဂလာတို့ကိုသာ ရေတွက်၍ ပြခဲ့ပါ။

၇။ မင်္ဂလာတရား ၃၈ ပါးတို့တွင်၊ ရဟန္တာများနှင့် မသက်ဆိုင်သော မင်္ဂလာတရားများကို ထုတ်ရေးခဲ့ပါ။

၈။ ကာလေနဓမ္မသာကစ္ဆာ မင်္ဂလာမှဖြင့် "ဉာဏဒဿနဝိသုဒ္ဓိ" ဖြစ်ရပုံ ဝတ္ထုသာဓက အမည်မှပြ၍ ဖြေရှင်းခဲ့ပါ။

၉။ လူတို့သည် ငါးပါးသီလမြဲသျှင်၊ သီလဝိသုဒ္ဓိ ဖြစ် မဖြစ်၊ မင်္ဂလာသုတ်နှင့်ညီအောင်ဖြေပြ၍ ဗြဟ္မစရိယမင်္ဂလာဖြင့် အဘယ်ဝိသုဒ္ဓိကိုယူရမည်ဟု ရှင်းပြခဲ့ပါ။

၁၀။ အောက်ပါ ဌာနကြီး လေးခုတို့တွင်၊ တခုခု၌ မင်္ဂလာတရား မည်မျှရှိသင့်သည်ဟု ဖော်ပြခဲ့ပါ။

(က) ပညာရေးဌာန။
(ခ) စီးပွါးရေးဌာန။
(ဂ) ပြည်သူ့ဆက်ဆံရေးဌာန။
(ဃ) ကာကွယ်ရေးဌာန။

၁၁။ လူတို့သည်၊ အဘယ် မင်္ဂလာတရားများ စောင့်ထိန်းကြသောအခါ၊ တိုင်းပြည်နိုင်ငံ ကြေညာ ငြိမ်းချမ်းနိုင်သည်ဟု သုံးပါးထက် မများအောင်၊ ဝတ္ထုသာဓကတို့ဖြင့် ရှင်းပြခဲ့ပါ။

၁၂။ အရိယာသစ္စာနဒဿနံ မင်္ဂလာဖြင့် သစ္စာလေးပါးသိမြင်ပုံကို အကျဉ်းချုပ်မျှရှင်းပြခဲ့ပါ။

ရန်ကုန်မြို့၊ ဝိုင်-အမ်-ဘီ-အေ။

ဗုဒ္ဓဘာသာကလျာဏ ယုဝအသင်းမှ ကြီးမှူးကျင်းပသော

မင်္ဂလာတရားတော် စာမေးပွဲ။

၁၃၁၂ခုနှစ်၊ နတ်တော်လပြည့်နေ့။ ခွင့်ပြုသည့်အချိန် ၂ နာရီ။

ပဌမဆင့် မေးခွန်း။

ပုစ္ဆာတခုလျှင် ၁၀ မှတ်စီပေးမည်။ အောင်အမှတ် ၃၀။

အောက်ပါပုစ္ဆာ ၈ ခုတို့တွင် ကြိုက်နှစ်သက်ရာ ၆ ခုကိုသာဖြေဆိုရမည်။

၁။ တပေါဒ ပြဟ္မစရိယဥ္စ ဂါထာကို ဆုံးအောင်အနက်ပေးခဲ့ပါ—သို့မဟုတ်—မြန်မာသက်သက် ပြန်ခဲ့ပါ။

၂။ မင်္ဂလသုတ် အဆုံးဂါထာကို ပါဠိသက်သက် ရေးခဲ့ပါ။

၃။ ဝိနယောစ သုသိက္ခိတောမင်္ဂလာ၌၊ ဝိနယအရ တပည့်ဝတ် ငါးပါးကို ရေးပြခဲ့ပါ။

၄။ အောက်ပါ ကျောင်းသား ကျောင်းသူတို့သည်၊ အဘယ် မင်္ဂလာများနှင့် ပြည့်စုံသည်ဟု ရေးပြခဲ့ပါ။

(က) ကျောင်းသား ကျောင်းသူတို့သည်၊ နေပုံထိုင်ပုံ နည်းစံနစ်ရှိကုန်၏၊ ပြောပုံဆိုပုံ ယဉ်ကျေးကုန်၏၊ ဆရာမိဘ စကားကို လိုက်နာကြကုန်၏။

၅။ သင်စီးလာသော ဘတ်ကားၖ် လူတွေပြည့်ကြပ်ကာ ထိုင်စရာမရှိ၊ စပယ်ယာက နေရာရှိပါသည်ဆိုကာ ခေါ်တင်၍၊ ဘတ်ကားပေါ်ရောက်၍ ထိုင်စရာမရှိသော အဖွါးကြီးအား သင်ထိုင်သောနေရာကို ဖယ်ပေးလျှင်၊ သင်သည် မည်သည့်မင်္ဂလာကို ဖြည့်ကျင့်လိုက်သနည်း။

၆။ ဥပုသ်စောင့်ခြင်းသည်၊ ဓမ္မစရိယမင်္ဂလာ၊ အာရတိ ဝိရတိ ပါပါမင်္ဂလာ၊ ဗြဟ္မစရိယမင်္ဂလာ ၃ ပါးတွင် အဘယ်မင်္ဂလာဖြစ်သည်ဟု ရေးပြခဲ့ပါ။

၇။ စကားရည်လုပွဲများၖ် အနိုင်ရလိုလျှင်၊ မည်သည့်မင်္ဂလာများနှင့်ပြည့်စုံရမည်နည်း။

၈။ အောက်ပါ မြန်မာစကားပုံကို မင်္ဂလာပါဠိ ပြန်ဆိုခဲ့ပါ။

(က) မေတ္တာဖြဟ္မစိုရ် လက်ကိုင်သုံးလို့၊ သူမြတ်ကျင့်ထုံးယွင်းမသွေ။

(ခ) ဆင်းရဲချမ်းသာသဘာဝ၊ တွေ့ကြုံနေကြလူတိုင်းပေ။

ရန်ကုန်မြို့၊ ဝိုင်-အမ်-ဘီ-အေ။

ဗုဒ္ဓဘာသာ ကလျာဏယုဝ အသင်းမှ ကြီးမှူးကျင်းပသော

မင်္ဂလာတရားတော်စာမေးပွဲ

၁၃၁၂-ခုနှစ်၊ နတ်တော်လပြည့်နေ့။ ခွင့်ပြုသည့်အချိန် ၂ နာရီ။

ဒုတိယဆင့်မေးခွန်း။

ပုစ္ဆာတခုလျှင် ၁၀ မှတ်စီပေးမည်။ အောင်အမှတ် ၄၀။

အောက်ပါပုစ္ဆာ ၁၀ ခုတို့တွင် ကြိုက်နှစ်သက်ရာ ၈ ခု ကိုသာဖြေဆိုရမည်။

၁။ မင်္ဂလာတရား ၃၈ ပါးတို့တွင် အခြားမင်္ဂလာများကို ရှေးဦးစွာ မဟောဘဲ၊ “လူမိုက်ကို ဆရာမတင်ရ” မင်္ဂလာကိုမှ ရှေးဦးစွာဟောခဲ့ခြင်းအကြောင်းကို ရေးပြခဲ့ပါ။

၂။ ပညာရေး၌ တက္ကသိုလ်အမျိုးအစားမည်မျှထားသင့်သည်ဟုဖေါ်ပြ၍၊တဦးနှင့်တဦးဂုံးချောတတ်သော“ပြည်ခြောင့်ကောင်”တွေ ပပျောက်ရန် မည်သို့သော တက္ကသိုလ်မျိုး တည်ထောင်သင့်သည်ကို မင်္ဂလာတရားတော်အရ ဖေါ်ပြခဲ့ပါ။

၃။ လူ့ပြည်လောကကြီး၌ နေရသော သင်သည် လောကဓံတရားနှင့် ဧကန် ရင်ဆိုင် ရမည် ဖြစ်ရာ၊ သင်မနှစ်သက်သော မကောင်းသော လောကဓံတရားလေးပါးနှင့် ရင်ဆိုင်ရာ၌၊ မင်္ဂလာဖြစ်အောင်မည်သို့နှလုံးသွင်းရမည်နည်း။

၄။ ပူဇော်သင့်သူ မသင့်သူ၊ ရွေးချယ်သင့်သူမသင့်သူဟု ခွဲခြားသိနိုင်ရန်၊ အဘယ်မင်္ဂလာဖြင့် ဆုံးဖြတ်ရ မည်ဟုရေးခဲ့ပါ။

၅။ မာတာပိတု ဥပဋ္ဌာနံ မင်္ဂလာအရ၊ မိဘဂုဏ်ရည်ကို ညွှတ်စွမ်းရှိသမျှ ရေးပြ၍၊ “တိုင်းပြည်ပျက်ဆေး”ဆိုသည်မှာ၊ အဘယ်မင်္ဂလာပျက်သည်ကို ရည်ရွယ်၍ဆိုသည်ဟု ဖေါ်ပြပါ။

၆။ ကျောင်းသားခေါင်းဆောင်တယောက်သည်၊ ကျောင်းသားညီလာခံ၌“ကျွန်တော်တို့သည် တဦးနှင့်တဦး နေရာပေးလိုစိတ် မရှိကြလျှင်၊မိမိကိုယ်ကိုလူတတ်ကြီးဟု ထင်နေကြလျှင်၊တဦးအမှားကို တဦးမခံနိုင်ကြလျှင်၊ဘယ်အခါမှ ညီညွတ်မည်မဟုတ်”ဟု ပြောခဲ့သော်၊ ထိုခေါင်းဆောင်သည် အဘယ်မင်္ဂလာတရားတို့ကို ပြောနေသည်ဟု ဖေါ်ပြပါ။

၇။ ဝါစာလေးမျိုး၊ ကြွေးဟောင်းကြွေးသစ်များကို ရှင်းပြပါ။

၈။ ပညာသင်ကြားရာ၌ “ပညာချွန်တယောက်” ဖြစ်နိုင်ရန် ရှေးဦးစွာ ပြည့်စုံထားရမည့်မင်္ဂလာလေးပါးကို ရေးပြပါ။

၉။ အောက်ပါ မြန်မာစကားကို ပါဠိပြန်ဆိုခဲ့ပါ။

(၁) အလုပ်တာဝန်မလစ်ဟင်းနဲ့၊ အပြစ်ကင်းအောင် လုပ်ပါလေ။

(၂) သန့်စင်ပြစ်မျိုး၊ လူထုအကျိုး၊ သည်ပိုး ရွက်ဆောင်လေ။

(၃) မိမိကိုယ်ကို ကောင်းအောင် ထိန်းလို့၊ မတိမ်းစေနဲ့သောက်တည်လေ။

(၄) ပြောခဲ့ကြသော၊ ဆောင်သမျှ၊ အောင်ရမည်ကိန်းသေ။

၁၀။ မင်္ဂလာတရား ၃၈ပါးတို့တွင် လူယုတ်မာများကိုလူလိမ္မာဖြစ်စေနိုင်တယ်၊ မိမိအားရန်မူနေသော သူတို့ကိုလည်းချစ်ခင်လာစေနိုင်တယ် ဆိုသည်မှာ၊ အဘယ်မင်္ဂလာများ ဖြစ်သည်ဟု ဖော်ပြခဲ့ပါ။

ရန်ကုန်မြို့၊ ဝိုင်-အမ်-ဘီ-အေ။

ဗုဒ္ဓဘာသာကလျာဏယုဝအသင်းမှကြီးမှူးကျင်းပသော

မင်္ဂလာတရားတော် စာမေးပွဲ။

၁၃၁၂ ခုနှစ်၊ နတ်တော်လပြည့်နေ့။ ခွင့်ပြုသည့်အချိန် ၃ နာရီ။

တတိယဆင့် မေးခွန်း။

ပုစ္ဆာတခုလျှင် ၁၀ မှတ်စီပေးမည်။ အောင်အမှတ် ၅၀။

အောက်ပါပုစ္ဆာ ၁၂ ခုတို့တွင် ကြိုက်နှစ်သက်ရာ ၁၀ ခုကိုသာဖြေဆိုရမည်။

၁။ မင်္ဂလာတရား ၃၈ ပါးတို့တွင်၊ အဘယ်မင်္ဂလာတို့ဖြင့် သီလကို ပြုစင်စေနိုင်သည်၊ အဘယ်မင်္ဂလာတို့ဖြင့် သမာဓိကို တည်မြဲစေနိုင်သည်၊ အဘယ်မင်္ဂလာတို့ဖြင့် ဉာဏ်အမြင်ကို ပွင့်လင်းစေနိုင်သည်ဟု ခွဲပြခဲ့ပါ။

၂။ စကြာမင်းကျင့်ဝတ် ၁၂ ပါးရှိရာ၊ မင်္ဂလာတရား ၃၈ ပါးတို့တွင်၊ စကြာမင်းများကျင့်ရမည့် မင်္ဂလာတရားပေါင်း မည်မျှရှိသည်ဟု ရေတွက်၍ ပြခဲ့ပါ။

၃။ ပုဏ္ဏဒါရသ သင်္ဂဟောဋ္ဌဒါရအရ၊ မယားမျိုး ၂၀ ကို ရေတွက်ပြ၍၊ထို ၂၀ တို့တွင်၊ မည်သည့်မယားမျိုးကို မင်္ဂလာနှင့် အညီပြုရမည်ဟု ဆုံးဖြတ်ချက် ချခဲ့ပါ။

၄။ အာရတီဝိရတီပါပါအရ၊ ယုဘ်မာညစ်ပတ်မှုများသည်၊ ကမ္ဘာဦးအစက မရှိကြပါ၊၍တရားဆိုးတို့သည် တပြိုင်နက်တည်း ပေါ်လာသလော၊ သို့မဟုတ် မည်သည့်တရားဆိုးကစ၍ ပေါ်လာ ပါသနည်း ရှင်းပြခဲ့ပါ။

၅။ ယခုအခါ ကမ္ဘာပေါ်ရှိ ဥပဒေပြု အစိုးရမင်းတို့သည်၊ များသောအားဖြင့် ငါးပါးသီလတို့တွင် ရှေးလေးပါးကို လွန်ကျူး က တရားစွဲဆိုနိုင်ရန်၊ အပြစ်အားလျော်စွာ "ဥပဒေပုဒ်မ" အမျိုး မျိုး ပြုလုပ်ထားကြပါကုန်လျက် "အရက်သောက်စားမှု" ကိုအ ဘယ်ကြောင့် ဥပဒေတရပ် အနေဖြင့်မပညတ်ဘဲ ထားကြပါ သနည်း၊ "ကမ္ဘာ့ရှေ့နေချုပ်ကြီး အနေဖြင့်"ဝေဘန်ခဲ့စမ်းပါ။

၆။ ဘာသာရေး အဖွဲ့ဖြစ်စေ၊နိုင်ငံရေးအဖွဲ့ဖြစ်စေ၊စီးပွါးရေး အဖွဲ့ဖြစ်စေ၊ အဖွဲ့ဝင်တိုင်း မင်္ဂလာတရား ၉ ပါးကို မသိက်နာ မနေရ ဥပဒေမျိုး လုပ်ထားခဲ့သော်၊ သိကြားမင်းဆင်း၍ ခြေထိုး ခွဲသော်သည်း မပျက်နိုင်ဟု ပြောကြသည်။ရင်းမင်္ဂလာ ၉ ပါးကို ရေးခဲ့ပါ။

၇။ ဥပေက္ခာတရားနှင့် ခန္တီတရား ထူးခြားပုံကိုရှင်းပြ၍၊ မိမိ ဘာသာကိုရင်း၊ တိုင်းပြည်ကိုရင်း၊ စည်းစိမ်ကိုရင်း၊ ပျက်စီးရာ ပျက်စီးကြောင်း စော်ကားကျူးလွန် လာသောသူတို့အား အရှုံး ပေး၍ သည်းခံနေခြင်းကို ခန္တီမင်္ဂလာဆိုမည်လော၊ အနိုင်ရ အောင် စိတ်ရှည်လက်ရှည် ဆောင်ရွက်ခြင်းကို ခန္တီမင်္ဂလာခေါ် မည်လော။ လက်တွေ့နည်းနှင့်တကွ ရှင်းပြခဲ့ပါ။

၈။ သန္တုဋ္ဌိမင်္ဂလာ၌ ရောင့်ရဲပုံ ၁၂ မျိုးကို မြန်မာစကားဖြင့် အကျဉ်းချုပ် ရေတွက်ပြ၍၊ စီးပွါးရေး၊နိုင်ငံရေး၊ ဘာသာရေး၊ မည်သည့်ကိစ္စကိုမျှ ဆောင်ရွက်မှုမရှိဘဲ ဖြစ်သလို နေခြင်းကို၊ သန္တုဋ္ဌိခေါ်နိုင် မခေါ်နိုင် လက်တွေ့နည်းများဖြင့် ဖြေခဲ့ပါ။

၉။ မင်္ဂလာတရားတော် ၃၈ ပါးလုံးကို ဝါကျ တခုတည်း ဆက်စပ်၍၊ လူတယောက်၏ ဘဝတခုလုံး၌ လုပ်ငန်းစဉ်စီမံကိန်း ဖြစ်အောင် စာစီကုံးခဲ့ပါ။

၁၀။ မည်သည့်မင်္ဂလာများရှိမှ အောက်ပါ ရည်မှန်းချက်များ ပြည့်စုံမည်နည်း၊ တပိုဒ်စီ ခွဲခြား၍ ရေးခဲ့ပါ။

(က) လူပေါ်လူဇော် လုပ်လိုလျှင်၊
(ခ) စီးပွားရေးဝိဇ္ဇာကြီး ဖြစ်လိုလျှင်၊
(ဂ) မိမိစိတ်ကို နိုင်နင်းစေလိုလျှင်။

၁၁။ ရဟန်းကောင်းများကို ဖူးမြင်ရမှု၌ မင်္ဂလာရှိပုံ၊ လူနှင့် ရဟန်းတို့ကို ထူးခြားအောင်ပြုထားသော ဂုဏ်ပုဒ်များကိုရေးပါ။

၁၂။ ဤလူ့ပြည်လောက၌ "သတ္တိအကောင်းဆုံး" ပုဂ္ဂိုလ်ကို မင်္ဂလာတရားတော် အရပေါ်ပြ၍၊ ဘေးအဖုံဖုံ ရန်အမျိုးမျိုးတို့နှင့် ဘယ်လိုပင် တွေ့ကြုံငြားသော်လည်း ကြောက်လန့် ပူပန်ခြင်းမရှိ၊ ပကတိ တည်ငြိမ်စွာ ဆောင်ရွက်နိုင်အောင် "တကယ့်အာဇာနည်" သင်တန်းကို ညွှန်ကြားစွမ်း ရှိသမျှ ပေးခဲ့ပါ။

ရန်ကုန်မြို့၊ဝိုင်-အမ်-ဘီ-အေ။
ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်းမှ ကြီးမှူးကျင်းပသော

မင်္ဂလာတရားတော်စာမေးပွဲ

၁၃၁၃ ခုနှစ်၊ နတ်တော်လဆန်း ၁၁ ရက်နေ့။ ခွင့်ပြုသည့်အချိန် ၂ နာရီ။

ပဉ္စမဆင့်မေးခွန်း။

ပုစ္ဆာတခုလျှင် ၁၀ မှတ်စီပေးမည်။ အောင်အမှတ် ၃၀။

အောက်ပါ ပုစ္ဆာ ၈ ခုတို့တွင် ကြိုက်နှစ်သက်ရာ ၆ ခုကိုသာ ဖြေဆိုရမည်။

၁။ အောက်ပါ မင်္ဂလာတရား ပါဠိများကို မြန်မာအနက် ပြန်ဆိုခဲ့ပါ။

(က) အတ္တသမ္မာပဏိဓိ။
(ခ) ဝိနယောစသုသိက္ခိတော။
(ဂ) အနဝဇ္ဇာနိကမ္မာနိ။
(ဃ) အပ္ပမာဒေါစဓမ္မေသု။

၂။ အောက်ပါ မြန်မာစကား၏ မင်္ဂလာသုတ်ပါဠိများကို ရေးခဲ့ပါ။

(က) အရပ်ဒေသကောင်းမှာ နေရပါသည်။
(ခ) ဆရာကောင်းထံ မှီဝဲရပါသည်။
(ဂ) စာကိုကြိုးစား၍သင်နေပါသည်။
(ဃ) ဘုန်းကံပါသူများဖြစ်ကြပါသည်။

၃။ အောက်ပါ မြန်မာစကား၏ မင်္ဂလာသုတ် ပါဠိတို့ကို ရေးခဲ့ပါ။

(က) ကျွန်တော်စာဖတ်တတ်ပါပြီ။
(ခ) ကျွန်မ ဂဏန်းသင်္ချာတတ်ပါပြီ။
(ဂ) ကျွန်တော်အနေအထိုင်တတ်ပါပြီ။
(ဃ) ကျွန်မအပြောအဆိုတတ်ပါပြီ။

(၄) အောက်ပါမြန်မာစကားနှင့် ပါသောမင်္ဂလာတရားများကို ရေးခဲ့ပါ။

မိဘဝတ်တရားကို ထမ်းဆောင်၍၊ သားမယားကိုပြုစု ထောက်ပံ့ပြီးလျှင်၊ အလုပ်ဝတ်တရားကို အချိန်မှန်ကြိုးစား၍ နေသော သတ္တဝါကို"လူ"ဟုခေါ်ရပါသည်။

၅။ အာရုဏ်ဝိရတီပါပါ၌ ပါပ-အရ၊ယုတ်မာမှုတရားလေးမျိုးကို ရေးပြခဲ့ပါ၊

(၆) အသင်တို့ကျက်မှတ်ထားသော မင်္ဂလာ ကဗျာတို့တွင် အောက်ပါဂါထာ၏ မင်္ဂလာကဗျာကိုရေးခဲ့ပါ။

ဧတာဒိသာနိ ကတွာန၊ သဗ္ဗတ္ထ မပ္ပရာဇိတာ။
သဗ္ဗတ္ထသောတ္ထိံ ဂစ္ဆန္တိ၊ တံတေသံမင်္ဂလမုတ္တမံ။

၇။ အောက်ပါ အမှုတို့သည် အဘယ်မင်္ဂလာ တရားများ ပျက်ပါသနည်း။

(က) ဂုံးချောခြင်း။
(ခ) ဆဲဆိုခြင်း။
(ဂ) ဝါကြွားခြင်း။

၈။ မာတာပိတု ဥပဋ္ဌာနံ ဂါထာ၌ မင်္ဂလာ တရား သုံးပါး လေးပါးယူပုံကို ခွဲပြခဲ့ပါ။

ရန်ကုန်မြို့၊ ဝိုင်-အမ်-ဘီ-အေ။
ဗုဒ္ဓဘာသာ ကလျာဏယုဝ အသင်းမှ ကြီးမှူးကျင်းပသော

မင်္ဂလာတရားတော်စာမေးပွဲ။

၁၃၁၃-ခုနှစ်၊ နတ်တော်လဆန်း ၁၁-ရက်နေ့။ ခွင့်ပြုသည့်အချိန် ၂-နာရီ။

ဒုတိယဆင့်မေးခွန်း

ပုစ္ဆာတခုလျှင် ၁၀-မှတ်စီပေးမည်။ အောင်အမှတ် ၄၀။

အောက်ပါပုစ္ဆာ ၁၀-ခုတို့တွင် ကြိုက်နှစ်သက်ရာ ၈-ခုကိုသာဖြေဆိုရမည်။

၁။ အောက်ပါ လက္ခဏာ၌ပါဝင်သော မင်္ဂလာ တရားတို့ကို ပါဠိသက်သက်ရေးခဲ့ပါ။

ငယ်ခါကလျှင်၊ မသင်ပညာ၊ ဥစ္စာမရှာ၊ သူ့ကိုချစ်ဖျက်၊သူ့သက်သတ်စား၊ သူ့မယားနှင့်၊ဖြစ်မှားတုံဘိ၊ ပစ္စည်းယှိလျက်၊စိုးစိမလှူ၊ မွေးမြူမိဘ၊ မပြုရနှင့်၊ ဆုံးမမနာ၊ ပညာယှိထံ၊ နည်းခံမမှတ်၊ အမြတ်မကျင့်၊ ဤဆယ်ဆင့်ကား၊ ကြီးရင့်ဇရာ၊အိုသောခါ၌၊ ပူဆာနောင်တ၊ ရတတ်စွတည်း။

H.217-36

၂။ ပဏ္ဍိတာနဉ္စသေဝနာမှ သုဘာသိတာစယာဝါစာ တိုင်အောင် ၉-ပါးသော မင်္ဂလာတရားတို့ကို တပါးနှင့်တပါး ဆက်စပ်၍စာစီကုံးခဲ့ပါ။

၃။ ပဏ္ဍိတာနဉ္စသေဝန မင်္ဂလာအရ၊ ပညာရှိ စစ်စစ်ကို ခေါင်းဆောင် တင်ခြင်းကြောင့် ချမ်းသာသုခရဘူးပုံကို ဝတ္ထုသာဓက အကျဉ်းချုပ်ပြ၍ရေးခဲ့ပါ။

၄။ သုဘာသိတဝါစာ မင်္ဂလာအရ၊ စကားခြောက်ခွန်း၊ လျှို့ထွန်း၊ လေးခွန်းကိုမျှော၊ နှစ်ခွန်းပြောဟု စပ်ဆိုသောလင်္ကာ၌ သုဘာသိတ စကားနှစ်ခွန်းကိုရေးခဲ့ပါ။

၅။ ဓမ္မစရိယ မင်္ဂလာအရ၊ သုစရိုက် ၁၀-ပါးကို ရေတွက်ပြ၍၊ စီးပွါးရေးအတွက် မလိမ်မကောက်ဘဲ ဖဲကစားခြင်း မြင်းပွဲလောင်းခြင်းတို့သည် “အနာကုလကမ္မန္တ” မင်္ဂလာပျက်-မပျက် ဆုံးဖြတ်ခဲ့ပါ။

၆။ အနဝဇ္ဇကမ္မ မင်္ဂလာ၏၊ လက်တွေ့ လုပ်ငန်းများကို ငါးမျိုးမျှရေးပြ၍၊ ရာထူးယူသောနိုင်ငံရေးလုပ်ငန်းသည် အနာကုလကမ္မန္တ မင်္ဂလာလော၊အနဝဇ္ဇကမ္မ မင်္ဂလာလော၊သို့မဟုတ် မင်္ဂလာမရှိသော အလုပ်လော အကြောင်းပြ၍ ရှင်းခဲ့ပါ။

၇။ အာရတိ ဝိရတိ ပါပါ မင်္ဂလာအရ၊ ဝိရတိ သုံးပါး၏ အဓိပ္ပါယ်ကိုရေးပြ၍၊ ၎င်းဂါထာ၏မင်္ဂလာကဗျာကိုလည်း ရေးခဲ့ပါ။

၈။ ဂါရဝေါစမှ ကာလေနဓမ္မဿဝနံ တိုင်အောင် ၉-ပါးသော မင်္ဂလာတရားတို့ကို ကျောင်းသားများ လိုက်နာရန် စည်းမျဉ်း ၉-ချဖြစ်အောင် မြန်မာသက်သက် ရေးပြခဲ့ပါ။

၉။ ကာလေနဓမ္မဿဝန မင်္ဂလာအရ၊ တရားနာခြင်း၏အကျိုး ငါးပါးကိုရေး၍ ကျေးဖူးရှင်ကို ပြစ်မှား၍ ယခုပစ္စုပ္ပန်၌ ဒုက္ခခံစားရပုံကို ဝတ္ထုသာဓက အကျဉ်းချုပ်ပြ၍ ရေးခဲ့ပါ။

၁၀။ အောက်ပါလင်္ကာ၌ မျဉ်းသားထားသောပုဒ်သည့်အဘယ်သတ္တဝါဖြစ်သည်ဟု ဖော်ပြခဲ့ပါ။

ယယ်ခါစင်စစ်၊ မိုက်ရှုယ်သစ်က၊အချစ်တကျော၊ ဤသတ္တဝါကား၊ ပါရမီတရား၊ မဟုတ်ပြားဘူး၊ ကြိုးစား၍သာ၊ ပယ်အပ်စွာ၏။

ရန်ကုန်မြို့၊ ဝိုင်-အမ်-ဘီ-အေ။

ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်းမှ ကြီးမှူးကျင်းပသော

မင်္ဂလာတရားတော်စာမေးပွဲ။

၁၃၁၃ ခုနှစ်၊နတ်တော်လဆန်း ၁၁ ရက်နေ့။ ခွင့်ပြုသည့်အချိန် ၃ နာရီ။

တတိယဆင့်မေးခွန်း

ပုစ္ဆာ တခုလျှင် ၁၀ မှတ် စီ ပေးမည်။ အောင်အမှတ် ၅၀။

အောက်ပါပုစ္ဆာ ၁၂ ခုတို့တွင်ကြိုက်နှစ်သက်ရာ ၁၀ ခုကိုသာဖြေဆိုရမည်။

၁။ အောက်ပါ ဝါဒ ၂ ခုကို အမှားအမှန်ဆုံးဖြတ်၍၊တိကျမှန်ကန်သော ဗုဒ္ဓဝါဒကို မင်္ဂလာ တရားတော်နှင့် အညီ ဖော်ပြခဲ့ပါ။

(က) လူ့ပြည်လောက၌ ပညာတတ်မှု၊ စီးပွါးချမ်းသာမှု၊တန်းခိုးအာဏာရမှုတို့သည် အတိတ်ဘဝမှ ဘုန်းကံ ပါလာသော သူတို့သာလျှင် ဖြစ်နိုင်ကုန်၏။

(ခ) အတိတ်ဘဝမှ ဘုန်းကံကို ယုံကြည်သောသူတို့သည် လူပျင်း, လူအ, များသာဖြစ်ကုန်၏၊မဖြစ်မနေ, ရဲရဲတောက်သော ဉာဏ်ဝိရိယဖြင့် ကြိုးစားလျှင် ထိုအတတ်ပညာဥစ္စာအာဏာတို့သည် ဖြစ်နိုင်ကုန်၏။

၂။ အောက်ပါလင်္ကာ၌ပါဝင်သောမင်္ဂလာတရားများကိုပါဠိ သက်သက် ရေတွက်ပြခဲ့ပါ။

ကံရင်းမူလ၊ ဝီရိယနှင့်၊ ဉာဏထောက်ကူ၊ ဃိုသည့်သူမှ၊ လူတွင်လူလွန်၊ သွားတမ်းခွန်သို့၊ လူမွန်တယောက်၊ တစ်ခေါ်လောက်အောင်၊ ခါရောက်ချိန်ဆုန်း၊ တုမဲ့နှုန်း၍၊ ရွှေဘုန်းမော်ရမည်ကိုသောဝ်။

၃။ ဗာဟုသစ္စမင်္ဂလာ၊ သိပ္ပမင်္ဂလာ၊သုသိက္ခိတဝိနယမင်္ဂလာ၊ သုဘာသိတဝါစာမင်္ဂလာ၊လေးပါးစုံပါဝင်သောလူထုပညာ သင်ကြားရေး စီမံကိန်း မူတခုကို ဉာဏ်စွမ်းရှိသမျှ ရေးဆွဲပြခဲ့ပါ။

၄။ မာတာပိတုဉပဋ္ဌာန မိဘလုပ်ကျွေးပုံနှင့် ပုတ္တဒါရသင်္ဂဟ သားမယား လုပ်ကျွေးပုံ ထူးခြားအောင် လက်တွေ့လုပ်ငန်းများကို တရားတော်နှင့်အညီ ဖေါ်ပြခဲ့ပါ။

၅။ သေရည်သေရက် သောက်စားမှုသည်ယုတ်မာမှုမဟုတ် သောကြောင့် မဇ္ဇပါနကို အာရတီဝိရတီ ပါပါ၍ မထည့်သွင်းဘဲ သီးခြားဟောတော်မူရပါသလော၊ သဘာဝယုတ္တိနှင့် မဆန့်ကျင် အောင် ဝေဘန်ရေးသားခဲ့ပါ။

၆။ အောက်ပါဝါဒ ၂ခုကိုအမှားအမှန် ဆုံးဖြတ်၍ တိကျမှန် ကန်သော ဗုဒ္ဓဘာသာဝါဒကို ဖေါ်ပြခဲ့ပါ။

(က) စေတနာမရှိသော်လည်း ပစ္စည်းဝတ္ထုကို စွန့်ကြဲ ပေးကမ်းလျှင်ဒါနမင်္ဂလာမြောက်၏။ (ရုပ်ဝါဒ)။

(ခ) ပစ္စည်းဝတ္ထုကို စွန့်လွှတ်ပေးကမ်း စေကာမူ စေတနာမပါက ဒါနမင်္ဂလာမဖြစ်ပါ ။(နာမ်ဝါဒ)။

၇။ အောက်ပါ လင်္ကာ၌ပါဝင်သော မင်္ဂလာ တရား တို့ကို ပါဠိသက်သက် ရေတွက်ပြခဲ့ပါ။

ကြွေးဟောင်းဆပ်လစ်၊ ကြွေးသစ်ချခြင်း၊ မြေတွင်းနှံ့ ရိုး၊ သူမ ခိုးနိုင်၊ ရွှေအိုးမြုပ်ထ၊ ဤကိစ္စနှင့်၊ သောကဆယ်မျိုး၊ နောင်မစိုး အောင်၊ သတိုးသက်ဝေ၊ ကျင့်တဝ ေ စေလော၊ တက်နေသို့မြိုး၊ ဘုန်းရောင်တိုး၍၊ တန်းခိုးလျှံလိမ့်မည်ကိုသောစ်။

၈။ မင်္ဂလာတရားတော်နှင့် သမထဝိပဿနာ တရားကို တခြားစီဟု ထင်မှတ်နေသော မိစ္ဆာဝါဒီပုဂ္ဂိုလ်တို့အား သနား ငဲ့ညှာသောအားဖြင့် သမထဝိပဿနာလုပ်ငန်းသည် ၃၈ ပါးသော မင်္ဂလာတို့တွင်အဘယ်မင်္ဂလာတရားများဖြစ်သည်ဟု ဖော် ပြခဲ့ပါ။

၉။ သဗ္ဗတ္ထမပရာဇိတာအရ၊မင်္ဂလာတရားတော်တို့ကို လိုက် နာပြုလုပ်သောသူတို့သည် စစ်ပွဲအမျိုးမျိုးတို့၌ ကြေနှ် အောင်ရ မည်ဟုဆိုရာ၊ အဘယ်မင်္ဂလာတရားတိုင်အောင် ပေါက်ရောက် ပါမှကြေနှ်အောင်မည်ဟု ညွှန်ကြားခဲ့ပါ။

၁၀။ မင်္ဂလာတရား ဟောတော်မူရန် လာ၍ လျှောက်ထား သော နတ်သားသည် အဘယ့်ကြောင့် မတ်မတ်ရပ်၍ လျှောက် ထားရပါသနည်း။ ဥဏ်စွမ်းရှိသမျှ ရှင်းပြခဲ့ပါ။

၁၁။ မင်္ဂလာတရား ၃၈ ပါးတို့တွင် အသေဝနာစ ဗာလာနံ မင်္ဂလာကို ရှေးဦးစွာ ဟောတော်မူရခြင်းအကြောင်းကို ထင်ရှား အောင်ပြ၍၊ဗာလ လက္ခဏာ ပဏ္ဍိတလက္ခဏာကိုလည်း ခွဲပြခဲ့ပါ။

၁၂။ နိဗ္ဗာန သစ္ဆိကိရိယာမင်္ဂလာ၌ အရိယာပုဂ္ဂိုလ် ရှစ် ယောက်တို့သည် နိဗ္ဗာန်ကို မျက်မှောက် ပြုကြသောကြောင့် အရိယာပုဂ္ဂိုလ် ရှစ်ယောက်လုံး ယူသင့်ပါလျက်၊ ရဟန္တာပုဂ္ဂိုလ် တယောက်ထည်း ယူရခြင်းအကြောင်းကို ရှင်းပြခဲ့ပါ။

ရန်ကုန်မြို့၊ ဝိုင်-အမ်-ဘီ-အေ။

ဗုဒ္ဓဘာသာ ကလျာဏ ယုဝအသင်းမှ ကြီးမှူးကျင်းပသော

မင်္ဂလာတရားတော်စာမေးပွဲ။

၁၃၁၄–ခုနှစ်၊ နတ်တော်လဆုတ် ၆–ရက်နေ့။ ခွင့်ပြုသည့်အချိန် ၂–နာရီ။

ပဌမဆင့် မေးခွန်း

ပုစ္ဆာတခုလျှင် ၁၀-မှတ်စီပေးမည်။ အောင်အမှတ်–၃၀။

အောက်ပါပုစ္ဆာ ဂ–ခုတို့တွင် ကြိုက်နှစ်သက်ရာ ၆-ခုကိုသာ ဖြေဆိုရမည်။

၁။ အောက်ပါ ပါဠိမင်္ဂလာ တရားများကို မြန်မာ ပြန်ဆိုခဲ့ပါ။

(က) ပုဗ္ဗေစကတပုညတာ။
(ခ) မဇ္ဇပါနာစ သံယမော။
(ဂ) ကတညုတာ။
(ဃ) သောဝစဿတာ။
(င) ဝိရတိ။

၂။ အောက်ပါ မြန်မာမင်္ဂလာ တရားများကို ပါဠိပြန်ဆိုခဲ့ပါ။

(က) မာနမကြီးခြင်း။
(ခ) လောဘမကြီးခြင်း။
(ဂ) ဒေါသမကြီးခြင်း။
(ဃ) ကျေးဇူးသိတတ်ခြင်း။
(င) ဆိုဆုံးမလွယ်ခြင်း။

၃။ အောက်ပါ မြန်မာစကား၏ မင်္ဂလာသုတ် ဂါထာကိုရေးခဲ့ပါ။

ပေးကမ်းခြင်း၊ တရားကျင့်ခြင်း၊ ဆွေမျိုးထောက်ပံ့ခြင်း၊ အများအကျိုးဆောင်ရွက်ခြင်း၊ ဤကားမြတ်သော မင်္ဂလာတည်း။

၄။ အသင်တို့ ကျက်မှတ်ထားသော မင်္ဂလာ ကဗျာတို့တွင် အောက်ပါဂါထာ၏ မင်္ဂလာကဗျာကို ရေးခဲ့ပါ။

ဗာဟုသစ္စဉ္စ သိပ္ပဉ္စ၊ ဝိနယောစ သုသိက္ခိတော။
သုဘာသိတာစ ယာဝါစာ၊ ဧတံ မင်္ဂလမုတ္တမံ။

၅။ သုဘာသိတာစ ယာဝါစာ မဖြစ်သော စကားလေးမျိုးကိုရေးခဲ့ပါ။

၆။ အနဝဇ္ဇကမ္မ မင်္ဂလာ၏ လက်တွေ့လုပ်ငန်းတခုကို ရေးပြခဲ့ပါ။

၇။ ပူဇာစ ပူဇနေယျာနံ၌ ပူဇော်ထိုက်သော ပုဂ္ဂိုလ်တို့ကို ရေးပြခဲ့ပါ။

၈။ မင်္ဂလာတရား(၃၈)ပါးတို့တွင်၊ ဂါရဝေါစမှ ခေမံအထိ၊ မင်္ဂလာတရားပေါင်းမည်မျှရှိသည်ဟု ရေတွက်ပြခဲ့ပါ။

ရန်ကုန်မြို့၊ ဝိုင်-အမ်-ဘီ-အေ။

ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်းမှ ကြီးမှူးကျင်းပသော

မင်္ဂလာတရားတော်စာမေးပွဲ။

၁၃၁၄-ခုနှစ်၊ နတ်တော်လဆုတ် ၆-ရက်နေ့။ ခွင့်ပြုသည့်အချိန် ၂-နာရီ။

ဒုတိယဆင့် မေးခွန်း

ပုစ္ဆာတခုလျှင် ၁၀-မှတ်စီပေးမည်။ အောင်အမှတ် ၄၀။

အောက်ပါပုစ္ဆာ ၁၀-ခုတို့တွင်ကြိုက်နှစ်သက်ရာ (၈) ခုကိုသာဖြေဆိုရမည်။

၁။ အောက်ပါ မင်္ဂလာတရားများကို ပြုကျင့်ရန် လုပ်ငန်းတခုစီဖော်ပြခဲ့ပါ။

(က) ဗာဟုသစ္စ။
(ခ) သိပ္ပ။

(ဂ) အနဝဇ္ဇကမ္မ။
(ဃ) အနုကုလကမ္မန္တ။
(င) ပူဇာစပူဇနေယျ။

၂။ အောက်ပါ မင်္ဂလာတရားများကို လိုက်နာပါက အဘယ်သို့သော အကျိုးထူးများ ခံစားရမည်နည်း။ အကျိုးတခုစီ ဖော်ပြခဲ့ပါ။

(က) ဂါရဝ။
(ခ) နိဝါတ။
(ဂ) သန္တုဋ္ဌိ။
(ဃ) ကတညုတာ။
(င) ကာလေန ဓမ္မဿဝန။

၃။ အောက်ပါ မင်္ဂလာတရားများကိုမလိုက်နာပါကအဘယ်သို့သော အပြစ်များဖြစ်မည်နည်း။ အပြစ်တခုစီ ဖော်ပြခဲ့ပါ။

(က) ခန္တီ။
(ခ) သောဝစဿတာ။
(ဂ) သမဏာဒဿန။
(ဃ) ကာလေန ဓမ္မသာကစ္ဆာ။

၄။ အောက်ပါ ပညာရပ်လေးမျိုးကို တခုနှင့်တခုကွဲအောင် ရှင်းပြခဲ့ပါ။

(က) ဗာဟုသစ္စပညာ။
(ခ) သိပ္ပပညာ။
(ဂ) သုသိက္ခိတ ဝိနယပညာ။
(ဃ) သုဘာသိတဝါစာပညာ။

၅။ ပုတ္တဒါရဿ သင်္ဂဟော မင်္ဂလာအရ၊ သားသမီးကိုချီးမြှင့်ရမည့်ဝတ္တရား၊ မယားကို ချီးမြှင့်ရမည့် ဝတ္တရားများကို ရေးခဲ့ပါ။

၆။ အသင်တို့ ကျက်မှတ်ထားသော မင်္ဂလာ ကဗျာတို့တွင် အောက်ပါဂါထာ၏မင်္ဂလာကဗျာကို ရေးခဲ့ပါ။

အာရတိ ဝိရတိ ပါပါ၊ မဇ္ဇပါနာစ သံယမော။
အပ္ပမာဒေါစ ဓမ္မေသု၊ ဧတံမင်္ဂလမုတ္တမံ။

၇။ မာတာပိတုဥပဋ္ဌာနမှစ၍၊ အပ္ပမာဒေါစဓမ္မေသုတိုင်အောင် (၁၀)ပါးသော မင်္ဂလာတရားတို့ကို တခုနှင့်တခု ဆက်စပ်၍စာစီ ကုံးခဲ့ပါ။

၈။ အောက်ပါမင်္ဂလာသုတ်ဂါထာကို မြန်မာစကားပြေရေးပြ ခဲ့ပါ။

ဒါနဉ္စ ဓမ္မစရိယာ၊ ဉာတကာနဉ္စ သင်္ဂဟော။
အနဝဇ္ဇာနိ ကမ္မာနိ၊ ဧတံမင်္ဂလမုတ္တမံ။

၉။ အရိယသစ္စာန ဒဿနံ အရ၊ သစ္စာလေးပါးအမည်ကို ရေးပြခဲ့ပါ။

၁၀။ ဖုဋ္ဌဿလောက ဓမ္မေဟိ မင်္ဂလာအရ၊ လောကဓံတရား ရှစ်ပါးသရုပ်ကိုရေးပြခဲ့ပါ။

ရန်ကုန်မြို့၊ ဝိုင်-အမ်-ဘီ-အေ။

ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်းမှ ကြီးမှူးကျင်းပသော

မင်္ဂလာတရားတော်စာမေးပွဲ

၁၃၁၄-ခုနှစ်၊ နတ်တော်လဆုတ်-၆-ရက်နေ့။ ခွင့်ပြုသည့်အချိန် ၃-နာရီ။

တတိယဆင့်မေးခွန်း

ပုစ္ဆာတခုလျှင် ၁၀ မှတ် စီပေးမည်။ အောင်အမှတ်၅၀။

အောက်ပါပုစ္ဆာ ၁၂ ခုတွင် ကြိုက်နှစ်သက်ရာ ၁၀ ခုကိုသာဖြေဆိုရမည်။

၁။ ပူဇာစ ပူဇနေယျာနံ မင်္ဂလာအရ၊ ပူဇော်ကန်တော့ရခြင်း ၏ အကျိုးတရားများကို ရေးပြ၍၊ အဆင်း မလှသူတ

H.217-37

ယောက်သည် ပူဇော်ကန်တော့မှုနှင့် အဆင်းလှသူဖြစ်လာမည်လော၊ အဆင်း လှခြင်း အကျိုး ရရှိပုံကို ရှင်းပြခဲ့ပါ။

၂။ အောက်ပါ မင်္ဂလာတရားလေးပါး၏ ပညာရေး၌ အခြေခံဖြစ်ပုံကိုရင်း၊ဘာသာရေး၌ အခြေခံဖြစ်ပုံကိုရင်း၊ ရှင်းပြခဲ့ပါ။

(က) ပဏ္ဍိတာနဉ္စ သေဝနာ။
(ခ) ပဋိရူပဒေသဝါသော။
(ဂ) ပုဗ္ဗေစကတပုညတာ။
(ဃ) အတ္တသမ္မာပဏိဓိ။

၃။ မင်္ဂလာတရားနှင့်ပြည့်စုံသောသူကို၊ သိကြားမင်းက ရှိခိုးပါ၏ ဆိုရာ၊အဘယ်မင်္ဂလာတရားများနှင့် ပြည့်စုံသောသူကို ရှိခိုးပါသနည်း၊သိကြားမင်း ရှိခိုးခံထိုက်သော မင်္ဂလာများကို သရုပ်ရေးပြခဲ့ပါ။

၄။ အနာကုလ ကမ္မန္တမင်္ဂလာဟူသည်၊ ယခုလူတို့ ပြုလုပ်နေသောလုပ်ငန်းတို့တွင်အဘယ်လုပ်ငန်းမျိုးကိုခေါ် သည်၊ရင်းလုပ်ငန်းကို အဘယ်ကြောင့် မင်္ဂလာဟူ၍ခေါ် သည်-ဟု ရှင်းပြခဲ့ပါ။

၅။ မာတာပိတု ဥပဋ္ဌာန မင်္ဂလာအရ၊ မိဘလုပ်ကျွေးပုံ နည်း(၃)မျိုးကို အကျဉ်းချုပ်ရေးပြ၍၊ထိုသုံးမျိုးတို့တွင်အမြတ်ဆုံးနည်းကို ညွှန်ကြားခဲ့ပါ။

၆။ အောက်ပါမင်္ဂလာ တရားတို့ကို တခုနှင့်တခု မတူအောင် လုပ်ငန်းတခုစီပြ၍ ရှင်းခဲ့ပါ။

(က) ဝိနယောစ သုသိက္ခိတော။
(ခ) ဓမ္မစရိယာ။

(ဂ) အနဝဇ္ဇကမ္မ။
(ဃ) အာရတိဝိရတိပါပါ။
(င) ဖြဟ္မစရိယာ။

၇။ ပဝေဏိဓမ္မ၊ဝိနိဝဋ္ဋယဓမ္မ၊သုစရိတဓမ္မတို့၏ထူးခြားပုံကို ရှင်းပြ၍၊ ဓမ္မစရိယမင်္ဂလာ၌။ အဘယ်ဓမ္မကိုယူရမည်ဟု ဆုံးဖြတ်ခဲ့ပါ။

၈။ မဇ္ဇပါနသံယမ မင်္ဂလာကို လွန်ကျူးခြင်း ကြောင့်၊ ယခု ပစ္စက္ခခံစားရမည့် အပြစ်(၆)ပါးကိုရေး‌ပြ၍၊ အရက် သောက်မှ ဉာဏ်ထွက်သည်ဟု ပြောဆိုသူတို့၏ ဝါဒ, ဖြစ်နိုင် မဖြစ်နိုင်-ဆုံးဖြတ်ခဲ့ပါ။

၉။ အောက်ပါ တရားတို့ကိုမင်္ဂလာဟုခေါ် ရခြင်း အကြောင်း ကို ရေးခဲ့ပါ။

(က) အာရတိဝိရတိပါပ။
(ခ) နိဝါတ။
(ဂ) သောဝစဿတာ။

၁၀။ ဖြဟ္မစရိယ မင်္ဂလာ၌၊ ဖြဟ္မစရိယခေါ်နိုင်သော လုပ် ငန်းများကို ပြည့်စုံအောင် ရေးပြခဲ့ပါ။

၁၁။ အောက်ပါ သစ္စာတို့၏ အမည်ကို အသီးသီး တပ်ပြ ခဲ့ပါ။

(က) ပယ်အပ်သောသစ္စာ။
(ခ) ပွါးများအပ်သောသစ္စာ။
(ဂ) မျက်မှောက်ပြုအပ်သောသစ္စာ။
(ဃ) ပိုင်းခြား၍သိအပ်သောသစ္စာ။

၁၂။ အောက်ပါပုဂ္ဂိုလ်တို့၏ ပယ်အပ်သော ကိလေသာများကိုတဦးစီဖော်ပြခဲ့ပါ။

(က) သောတာပန်။
(ခ) သကဒါဂါမ်။
(ဂ) အနာဂါမ်။
(ဃ) ရဟန္တာ။

သုံးဆဲ့ရှစ်ဖြာ

မင်္ဂလာပေါင်းချုပ်ကျမ်း

စီစဉ်ရေးသားသူ-ဦးသိန်းမောင်

တရားမဝန်ထောက်မင်း

ချောင်းဦးမြို့

☆

ရန်ကုန်မြို့

ဟံသာဝတီပိဋကတ်ပုံနှိပ်တိုက်

၁၉၅၃